www.burmeseclassic.com


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ

တက္ကသိုလ်ဓော်ဓောင်နေလင်း .... သိုင်းသမားသစ္စာ
မျက်နှာဖုံးခွင့်ပြုချက်အမှတ် .... ၃၇၃/၂၀၀၁(၅)
စာမူခွင့်ပြုချက်အမှတ် .... ၃၅၀/၂၀၀၁(၄)
အုပ်ရေ .... ၅၀၀
တန်ဖိုး .... ၂၅၀ ကျပ်
ပုံနှိပ်မှတ်တမ်း .... ပထမအကြိမ်
၂၀၀၁၊ ဇူလိုင်

အဖုံးနှင့်အတွင်း.... ဒေါ်မြင့်မြင့်တင်(မြင့်သီရိပုံနှိပ်တိုက်)
ပုံနှိပ်သူ အမှတ် ၂၀၈၊ လမ်း ၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ .... ဦးတင့်လွင်(ခ)သော်က(သော်ကစာပေ)
အမှတ် ၆၀၅၊ သုဓမ္မာလမ်း၊
မ/ဥက္ကလာပ၊ ရန်ကုန်။

ဖြန့်ချိသူ .... ဗြိုတ်စာပေ
၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

စီစဉ်သူ .... ကိုလှဒိုင်

အထက်မြန်မာပြည်ဖြန့်ချိရေး .... နဂါးစာပေ၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဟေမန္တ ဆောင်းဦးကာလ
အခါသမယကား
နေဝင်ချိန်
မြို့ပြင်သုသာန် သစ်ပင်အိုကြီးတစ်ခုအောက်မှာ
မင်းရဲ့သက်တော်စောင့်အတူ လာခဲ့လေ
သွေးခြင်းခြင်းနီသွားစေရမယ်။

* * *

အချိန်ကာ၊ နေဝင်ချိန်။

ဆောင်းဦးတု သမယကာလ၊ အေးစိမ့်သော လေသည် တဟူးဟူးတိုက်လျက် ရှိသည်။ မြို့ပြင်ရှိ သုသာန်တစ်ခုအတွင်း၊ လူရွယ်တစ်ယောက်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူကား သိုင်းသမားတစ်ဦး။

ခြောက်သွေ့သော သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်ကာ အရှေ့ဘက်ဆီသို့ လှမ်းမျှော်လျက် ရှိသည်။ လွန်ကဲသော အအေးဓာတ်ကို သူက မမှုသလို ဂရုလည်းမစိုက်၊ လက်ပိုက်ကာ မတုန်မလှုပ်နှင့် ရပ်နေလျက်ရှိသည်။

ရင့်ကျက်သော၊ တည်ငြိမ်သောမျက်နှာထားနှင့် တောင့်တင်း သန်မာသော ခန္ဓာကိုယ်မှာ သိုင်းသမားကောင်းတစ်ဦး ဖြစ်ကြောင်း သိသာသည်။

အကြောင်းထူးကား ရှိပေမည်။

သူသည် သာမညသိုင်းသမား တစ်ဦး မဟုတ်ကြောင်းကို နောက်ကျောတွင် လွယ်ထားသော အဖိုးတန်ဓားက သက်သေခံနေသည်။ သက်တံရေး၊ နာမည်ကြီး ဓားတစ်လက်။ ဓားရိုးတွင် အကန့်ကိုးကန့်ရှိကာ ပတ္တမြားကိုးလုံး စီခြယ်ထားသည်။

သိုင်းလောကမှာ ယင်းဓားနှင့် ဓားပိုင်ရှင်ကို မသိသူမရှိ။

သူသည် တစ်ဦးဦးအား စောင့်မျှော်နေခြင်း ဖြစ်သည်။ ဆယ်နှစ်သားအရွယ်မှစပြီး ဓားကို ကိုင်စွဲခဲ့၏။ အသက်(၁၇) နှစ်အရွယ်တွင် သိုင်းလောက၏ နာမည်ရ ထိပ်တန်းသိုင်းသမားကြီး ဖြစ်ခဲ့သည်။

ယခု အသက် (၃၀) ပြည့်တော့မည်။ သူ့ ဓားကို စွန့်လွှတ်ရမှဖြစ်တော့ချေ။ မည်သူကမျှ သူ့ကို ဓားစွန့်လွှတ်ခွင့်ဖြစ်တော့မှာ မဟုတ်ချေ။



အကြောင်းကတော့...

ဓားကို စွန့်လွှတ်သောနေ့သည် သူသေရမည့် နေ့ပင်ဖြစ်သောကြောင့်ပင်။

* * *

သူ့ကို ချိန်းဆိုထားသည့်အတိုင်း သိုင်းသမား မာလူးသည် သစ်ပင်အိုကြီးအောက်မှာ ရပ်ကာ ဒိန်ခေါ်သူကို အဆင်သင့် စောင့်ဆိုင်းနေလျက်။

ယင်းအချိန်တွင်...

မှုန်ပျပျ လခရောင်အောက်မှာ လူရိပ်ပုံသဏ္ဌာန်တစ်ခုက မပီဝိုးတဝါးနှင့် တစ်လှမ်းချင်း လျှောက်လာလျက်ရှိ၏။

တဖြည်းဖြည်းနှင့် ထိုသူ့မြင်ကွင်းမှာ နီးကပ်လာသည်။

ဝတ်ရုံဖြူနှင့် သိုင်းသမား တစ်ဦး၊ ခါးကြားတွင် ဓားရှည်တစ်ချောင်း။ (၁၅) ပေခန့်အကွာတွင် ရုတ်တရက် ရပ်တန့်လိုက်ပြီး...

'ခင်ဗျား သိုင်းသမား မာလူး ...မာလူး မဟုတ်လား'

'ဟုတ်တယ်၊ ကျုပ် မာလူးပဲ'

'ခင်ဗျားရဲ့ သက်တံဓားဟာ သိပ်ပြီး နာမည်ကြီး ဆိုလား'

'ဓားက အဓိကမဟုတ်ဘူး၊ လူက ပဓာနပဲ'

မာလူး၏စကားကို ဝတ်ရုံဖြူနှင့် သိုင်းသမား သဘောကျကာ တစ်ချက်ပြုံးလိုက်သည်။

www.burmeseclassic.com



'ကျုပ်နာမည် ဒီကျုံဖ၊ အသက်ခြွေ ဒီကျုံဖ'

'ကျုပ်ကို ချိန်းတွေ့တဲ့အကြောင်းက...'

ခင်ဗျားဟာ နာမည်ကြီးဟော့ ခင်ဗျားရဲ့အသက်ကို ခြွေယူနိုင်မယ်ဆိုရင် ကျုပ် ချက်ချင်း နာမည်ကြီးသွားမှာပေါ့'

'သိပ်မှန်တာပေါ့၊ ဒါပေမယ့်ခင်ဗျားဆာတွေးက ကလေးဆန်လွန်းတယ်၊ ကျုပ်ကို သတ်ချင်တဲ့လူတွေကတော့ ခင်ဗျား တစ်ယောက်တည်း မကဘူး၊ အများကြီးပဲ၊ ခက်တာက ဟုနေ့အထိ ကျုပ်အသက်ကိုနှုတ်ယူနိုင်မယ့်လူ မရှိသေးဘူး'

'သိပါပြီ၊ အပြောမကြီးပါနဲ့ဦး၊ ယိင်းလောကမှာ ချက်ချင်း နာမည်ကြီးချင်ရင် ဒီနည်းဟာ အမြန်ဆုံးနဲ့ အကောင်းဆုံးပဲ'

'ဒါဖြင့်လဲ ကိုင်း...'

ဓားရောင်တ ချက် လက်သွားသည်။ မာလူး၏ရင်ဝဆီသို့ တန်းခနဲ ရာ လာသည်။

ဓားချက်မှာ လျှင်မြန်သလောက် ကြောက်စရာ ကောင်းသည်၊ ထက်မြက်သည်၊ သူသည် သည်ဓားဖြင့် သိုင်းသမား မြောက်မြားစွာ၏ အသက်ဇီဝိန်ကို ခြွေခဲ့ဖူးသည်။

'အား'

နက်ကြောစွာဖြင့် အော်လိုက်သောအသံ။

ဓားချက်မိသွားသူမှာ သိုင်းသမား မာလူးမဟုတ်။ ဒီကျုံဖသာလျှင်ဖြစ်သည်။

မာလူး၏ သဘက်ဓားဖျားသွင် သွေးများ စွန်းပေါ်လာသည်။



'နာမည် ကြီးချင်တယ်ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူး၊ ဒါကို ခင်ဗျားနားလည်ရင် အသေဖြောင့်ပါလိမ့်မယ်'

အသက်ခြွေ ဒီကျုံဖ စကားမပြောနိုင်တော့ချေ။

နှလုံးသွေးရပ်သွားလေပြီ။

* * *

မာလူးသည် သွေးစွန်းသော ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

သူ မနားနိုင်သေး။

အဘယ်ကြောင့်ဆိုသော် ...

နောက်ထပ် လူလေးယောက် ပေါ်လာပြန်သည်။

ဓားလေးလက်၊ သိုင်းသမားလေးယောက်။

မည်သူတွေမှန်းမသိပေမယ့် လာရင်းကိစ္စကိုတော့ မာလူး နားလည်လိုက်သည်။

သနားစရာ ဖောင်းသည့် လူတွေပဲ။

အသက်ကို လှူရန် ရောက်လာသူတွေပဲ။

မတတ်နိုင်၊ သွေးစွန်းသော ဓားပင် မခြောက်သေး။

ဓားကို ထပ်ပြီး ကိုင်ရပေဦးမည်၊ ရှောင်ချင်သော်လည်း မဖြစ်။ ကိုယ်က သဘောမဲ့သောင်းခဲ့လျှင် ရန်သူက မိမိအသက်ကို ခြွေယူသွားပေမည်။

သိုင်းသမားလေးဦး၏ စူးရှထက်မြက်သော မျက်လုံးအစုံသည် မာလူး၏ ဓားဆီသို့ စူးစိုက် ကျရောက်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်မှ လူသေအလောင်းကို လုံးဝဂရုစိုက်ဟန် မတူကြ။ မည်သူ သေသေရှင်ရှင် ဂရုမစိုက်သည့် မျက်နှာထားတွေ။

မာလူး တစ်ချက်ပြုံးလိုက်သည်။

'ခင်ဗျားတို့ လေးယောက် တစ်ခါတည်း ဝင်တိုက်ကြမလို့လား'

'မဟုတ်ဘူး၊ လူများစုနဲ့ အနိုင်ရတာမျိုး ကျုပ်တို့ မသိုချင်ဘူး၊ တစ်ယောက်ချင်းပြိုင်မယ်၊ ဒါမှ ဘယ်သူက ခင်ဗျားကို အနိုင်ယူသလဲဆိုတာသိနိုင်မယ်၊ ကဲ...ဘယ်သူပွဲဦး စထွက်မလဲ'

ဝတ်ရုံနက်ကိုဝတ်ဆင်ထားသူ ယိကျင်းက အဖော်ကို မေးလိုက်သည်။

'ဒီလိုတိုက်ရင် ခင်ဗျားတို့ရဲ့ အသက် ကြွေသွားတာ ပိုမြန်သွားလိမ့်မယ်'

မာလူး၏ လေသံ အေးအေးက သိုင်းသမား လေးဦး၏ အမျက်ဒေါသကိုပို၍ထကြွစေသည်။ သူ၏စကားက အတော်ပင် ထိရောက်သွား၏။

'ဘယ်သူ့ အသက် အခြေခံရမလဲ ဆိုတာ ကြည့်ကြသေးတာပေါ့'

ဓားရောင် လေးချက် လက်သွားသည်။

ဓားအိမ် လေးခုမှ ဓားလေးလက် တစ်ပြိုင်တည်း ထွက်လာခြင်းပင် ဖြစ်သည်။

မာလူး အကြိုက် တွေ့သွားသည်။ ဤသို့သော ပွဲမျိုးကိုမသူက နှစ်ချင်သည်။



တစ်ကြိမ်တည်း တစ်ခါတည်းနှင့် လေးယောက် စလုံးကို ကိစ္စတုံးပစ်နိုင်မှ သူ့အတွက်ပို၍အချိန်ကုန်သက်သာသွားမည်။

နာစည်ဂုဏ်သတင်းကြီးမည်ဆိုလျှင် ဘာမဆို လက်မနှေးတမ်းလုပ်ရဲသော ဟိုကျင်း၏ဓားချက်မှာ အသွက်ဆုံး၊ အထက်ဆုံး၊ ကြောက်စရာအကောင်းဆုံး၊ သူတစ်ဦးတည်း၏ ဓားချက်ဖြင့် မာလူး၏ အသက်ကို ခြွေယူချင်သည်။

သို့သော် အခြေအနေက သူထင်သလို ဖြစ်မလာ။ ဟိုကျင်းအတွက် မောရှိသာ အဖတ်တင်သည်။ မျက်နှာရှုံ့ကာ ဖြူရော်သွားသည်။

ဟိုကျင်း ကြောင်အမ်းအမ်းဖြစ်သွား၏။ သို့ရှိစဉ်...

ကြောက်မက် အသည်းထိတ်ဖွယ်ဖြစ်ရပ် ပေါ်ပေါက်လာသည်။

မြေပေါ်တွင် လူသေအလောင်းက ထပ်မံ တိုးသွားသည်။

မာလူး ၏ ဓားတွင် သွေးစွန်းသွားပြန်သည်။

ဖြစ်ရပ်များက သိပ်ကို မြန်ဆန်လွန်းခဲ့သည်။

ဟိုကျင်း ဇောချွေးတွေ ပြန်ကာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။

အတန်ကြာမှ ခေါင်းကို မော့ကြည့် လိုက သောအခါ၊ အဝေးဘက် တောင်ကုန်းရှိ အုတ်ဂူပျက် တစ်ခု ပေါ်တွင် မားမားကြီး ရပ်နေသော မာလူးကို မြင်တွေ့လိုက်ရ၏။

ဟိုကျင်း၏ မျက်နှာ ဖြူရော်ကာ သွေးပင်မရှိတော့ချေ။

'ခင်...ခင်ဗျား'

www.burmeseclassic.com

www.burmeseclassic.com



ပါးမြင်မပေါ်မှ စီးကျသော သွေးကို လက်ဖြင့် သုတ်ကာ စကားဆက်မပြောနိုင်တော့ချေ။

'ခင်ဗျားကို ကျုပ် အခုမသတ်ချင်သေးဘူး၊ နောက်ထပ် အခွင့်အရေးတစ်ခုပေးလိုက်မယ်၊ ဆယ်နှစ်အထိဓားသိုင်းပညာ လေ့ကျင့်ပြီးမှ ကျုပ်နဲ့လာတွေ့ပါ'

ဟိုကျင်း မတတ်နိုင်၊ အားမတန် မာန်လျှော့လိုက်ရပေသည်။

မိုးနက် အံတကြိတ်ကြိတ်နှင့် အခဲမကျေဖြစ်ကာ ကျန်ရစ်လေသည်။

မာလူး၏စကား ထိုးချက်မှာ ဟိုကျင်းအတွက် ရသည့် ထက်ပင် ခံရခက်သည်၊ အရှက်ရစေသော စော်ကားမှုယစ်ရပ်ပင် မဟုတ်ပါလား။

ခါခြမ်းကွေးကလေးက မိုးတိမ်ထဲသို့ တိုးဝင်ပုန်းလျှိုး ဝင်ရောက်သွားသည်နှင့်တစ်ခဏ…

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ဆန်းသွားကာ တိတ်ဆိတ် သွားသည်။

သူသခင်၏ တုန့်လှုပ်ချောက်ချားစရာ မြင်ကွင်းကို ပိုပြီး အားဖြည့်နေယင်း…

သူသခင်ကိုမကျောမိုင်း၍ထွက်လာသော မာလူး ရှက်ဘရက် ခြေတုန့်ကာ တစ်ချက်ပြုံးလိုက်ပြီး…

'မိတ်ဆွေ – မြင်ကွင်းကို ထွက်လာခဲ့လေ'



အတန်ကြာမှ ချုံတွယ်တစ်နေရာမှ လူတစ်ဦး ထွက်လာသည်။

ဓားကို သိုင်းလွယ်ထားသော အဘိုးအိုတစ်ဦး။

မာလူး မျက်မှောင် တစ်ချက်ကြုတ်မိလိုက်ပြီး…

'လက်စသတ်တော့ ဦးလောင်ဖန်းပါလား'

'ဟုတ်တယ်၊ ကျုပ်တို့ ပြန်တွေ့ကြပြီ ဆိုပါတော့'

လောင်ဖန်းနှင့် တွေ့ဆုံခြင်းသည် ကောင်းသော အတိတ် နိမိတ်မဟုတ်၊ မည်သည့်အခါမျှ ကောင်းကျိုး မပေးသော လောင်ဖန်းနှင့်ဆုံတွေ့ခြင်းသည် မာလူးအတွက် အမင်္ဂလာ တစ်ခုပင် ဖြစ်လေသည်။

'မတွေ့တာကြာပြီ၊ ခင်ဗျားရဲ့ပညာ အတော်မြင့်မားနေပြီထင်တယ်'

'ခင်ဗျားရဲ့ သက်တမ်းဟာ နာမည်ပိုပြီး ကြီးသထက် ကြီးနေတယ် မဟုတ်လား'

'ဓားနာမည်ကြီးတယ်ဆိုတာ ကိုင်တဲ့လူအပေါ်မှာလဲ မူတည်သေးတယ်လေ ဦးလောင်ဖန်းရဲ့'

'စောစောက ခင်ဗျား အသုံးပြုလိုက်တဲ့ ဓားချက်နဲ့ သိုင်း ကွက်ဟာ သိပ်ပြောင်တယ်၊ ဘယ်တုန်းက ထီထွင်လိုက်တာလဲ'

'မကြာသေးဘူး၊ (၁၁) နှစ်ပါတ် သိုင်းကွက်လို့ အမည် ပေးထားတယ်၊ အစမ်းသဘောနဲ့ သုံးကြည့်တာပါ၊ ထိုင်တို့ သိုင်းသမား စိန်နဂါး ချွန်းလီနဲ့ ချိန်းဆိုပွဲမှာ သုံးဖို့ ချုပ်ရည် ရွယ်ထားတယ်'

www.burmeseclassic.com



'ခင်ဗျားရဲ့ သိုင်းကွက်ဟာ နာမည်ကြီးတယ်ဆိုပေမယ့် စိန်နဂါးဓား ချန်းလိကိုတော့ နိုင်လိမ့်မယ်လို့ ကျုပ်မထင်မိဘူး'

'ခင်ဗျားရဲ့စေတနာကို ကျုပ်လေးစားတယ်၊ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်'

'အနိုင်မရမှန်း သိရက်နဲ့ ကိုယ့်ရဲ့အသက်ကို ဘာဖြစ်လို့ အကြောင်းမဲ့ အသေခံမှာလဲ'

'ဓားကိုင်တဲ့ သိုင်းသမားတွေဟာ တစ်နေ့ကျရင် ဓားနဲ့ပဲ အသက်ပျောက်ကြရတယ်၊ သေခြင်းတရားကို ဓားသမားတိုင်း ရှောင်ရှားလို့ မရပါဘူး'

'ဘယ်နေ့ ဘယ်နေရာမှာ ချိန်းပွဲလုပ်ထားကြတာလဲ'

'ခင်ဗျားက ဘာလို့ သိချင်ရတာလဲ'

'ထိပ်တန်း သိုင်းရည်ယှဉ်ပွဲဆိုတာ ကြည့်ရခဲတယ်၊ ကျုပ်အနေနဲ့ ခင်ဗျားတို့ရဲ့ ပျော့ကွက်ကို အကဲခတ်မြင်တွေ့နိုင်တာပေါ့'

'ခင်ဗျားရဲ့ စိတ်ကူးက ဘယ်ဆိုးလို့လဲ'

'ဒါပေါ့၊ ဒီလိုရတောင့်ရခဲတဲ့ အခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်ဘူးလေ'

'ဟုတ်တာပေါ့၊ ဒါပေမယ့် ခင်ဗျားတစ်ခုမေ့နေတယ်'

'ဘာမေ့တာလဲ ချန်းလိ'

'စိန်နဂါးရဲ့ ဓားကွက်ဟာ ပျော့ကွက်ဟာကွက် လုံးဝမရှိဘူးဗျ'

## အခန်း ( ၂ )

နံနက်လင်းအားကြီးကာစ အချိန်၊

နှင်းတွေက ကျနေဆဲ၊

နှင်းဖြူ မသဲမကွဲထဲတွင် လူတစ်ယောက် မြင်းတစ်စီးနှင့် ခရီးနှင်လျက် ရှိ၏၊

၎င်းကား သိုင်းသမား မာလူးပင် ဖြစ်သည်၊

မကြာမီ....

နေမင်းထွက်လာ၍ နှင်းမြူများ တဖြည်းဖြည်း ပျောက်ကွယ်သွားလေပြီ၊ မြင်းကိုလည်း တရကြမ်း နှစ်လာခဲ့လေသည်၊

မြင်းခွာသံများ တစ်ဖောလုံး ညံနေလျက်၊

တောစပ်တစ်ခုအနီးသို့ အရောက် မိန်းမပျိုတစ်ဦးကို သိုင်း

www.burmeseclassic.com

www.burmeseclassic.com





သမားယောကျ်ား ငါးယောက်က အရှက်မဲ့စွာ ဝိုင်းတိုက်နေကြသည်ကို လှမ်းမြင်လိုက်ရပါ၏။

မိန်းမသားပင် ဖြစ်သော်လည်း အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယောကျ်ား ငါးယောက်ကို ရှပ်ရှပ်ချွံချွံ ပြန်လည်တွန်းလှန် လိုက်ခိုက်လျက်ရှိ၏။

တိုက်ပွဲမှာ ပို၍ပြင်းထန်လာသည်။ မိန်းမပျို၏ ဓားချက်မှာလည်း ပို၍သွက်လာ၏။ ရန်သူ၏ထိုးချက်များကို ကာကွယ်ထိန်းထားနိုင်သည်။

မိန်းမပျိုချက်ချင်း မရှုံးနိုင်သေးကြောင်းကို သိသာသည်။ သူ မြင်းကို ရပ်တန့်ကာ ခပ်လှမ်းလှမ်းမှနေ၍ အကဲခတ်ကြည့်နေလိုက်၏။

ချောမောလှပသည့် မိန်းကလေးသည် ဝတ်ရုံနီကို ခြုံလွှမ်းထား၏။ အသက်မှာ နှစ်ဆယ်ကျော်ခန့်သာ ရှိပေလိမ့်ဦးမည်။ မည်သည့်အတွက်ကြောင့် တောခေါင်ခေါင် လူခြေပြတ်သော နေရာမျိုးမှာ „အဖော်မပါ" တစ်ယောက်တည်း" လာခဲ့သော သူ၏ သတ္တိကိုတော့ ချီးကျူးလောက်ပေသည်။

ရုတ်တရက် အော်သံတွေ ကြားလိုက်၏။

'အား....'

အင့်...

ရန်သူနှစ်ယောက်မှာ မိန်းမပျို၏ ဓားချက်မိကာ သေသွား၏။

အဖော်နှစ်ယောက် ကျဆုံးသွားကြောင်း တွေ့ရှိသဖြင့် ကျန်ရန်သူသုံးဦးမှာ ဒေါသထွက်လာပြီး မိန်းမပျိုအား မနားတမ်း ပြင်းထန်စွာ တရစပ် တိုက်ခိုက်ပါလေတော့သည်။

သုံးယောက် တစ်ယောက် အားချင်းမမျှသည့် အတွက် အချိန်ကြာသော်အခါ မိန်းမပျိုမှာ အရေးနိမ့်စပြုလာသည်။ မောပန်းနွမ်းနယ်လွန်းလှသဖြင့် တစ်ကိုယ်လုံးလည်း ချွေးများ ရွှဲရွှဲစိုနေသည်။

ထို့နောက် မိန်းမပျို လဲကျသွားသည်။

ရန်သူတစ်ဦး၏ဓားချက်မှာ မိန်းမပျို၏ ရင်ဝဆီသို့ တန်းခနဲ ဝင်ရောက်သွားသည်။

သို့သော် 'ဒန်...' ဟူသော အသံနှင့်အတူ ရန်သူ၏ဓားမှာ လွင့်ထွက်သွားလေသည်။

မိန်းမပျို၏အသက်ကို အချိန်မီ ကယ်တင်လိုက်သူကား မာလူပင်။

'ဒီမှာ...ခင်ဗျားတို့ အားနည်းတဲ့မိန်းမသားတစ်ယောက်ကို ဝိုင်းတိုက်ကြတာ မရှက်ဘူးလား၊ ဒါဟာ လူစွမ်းကောင်းတွေ မဟုတ်ဘူး'

မာလူး၏စကားမှာ သိုင်းသမားသုံးဦးကို အထိနာသွားစေသည်။ ရှက်စိတ်ကြောင့် ဒေါသအမျက်ထွက်ကာ မာလူးအား မဲရန် တိုက်ခိုက်ရန် လှည့်လာကြ၏။

'မင်းသား လူစွမ်းကောင်းလုပ်ချင်တဲ့ကောင်၊ ကိုင်း.... သေဖို့ပြင်ပေတော့'

ဓားသုံးလက် မာလူးဆီသို့ တစ်ပြိုင်တည်းလိုလို ထိုးခိုက်ဝင်ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားနှင့်အတူ ကြီးပြင်းလာခဲ့သော မာလူးအဖို့ ထိုသို့သော တိုက်ကွက်မျိုး ရှိနေလေပြီ။

မာလူး မြင်းပေါ်မှ လှပစွာရှောင်ရှားကာ မြေပေါ်သို့ ခုန်ဆင်းရင်း ရန်သူအား တန်ပြန်တိုက်ခိုက်လိုက်လေသည်။

ရန်သူ့ခမျာ အော်ချိန်ပင် မရလိုက်ချေ။ မြေပေါ်တွင် နောက်ထပ် အလောင်းနှစ်လောင်း တိုးသွားပြန်သည်။

ကျန်တစ်ဦးကတော့ လက်မောင်းတွင်ဒဏ်ရာရရှိကာ ထွက်ပြေးလွတ်မြောက်သွားလေသည်။

တကယ်တော့ မာလူး သူ့ကို အသက်ချမ်းသာပေးလိုက်ခြင်းသာ ဖြစ်၏။

မိန်းမပျိုမှာ မာလူးအား ကျေးဇူးတင်သော မျက်လုံးဖြင့် ကြည့်ရင်း...

'ကျေးဇူးတင်ပါတယ် အစ်ကို၊ လင်းလင်းတော့ သေပြီလို့ ထင်မိတာ၊ အစ်ကို ကယ်ပေလို့ပေါ့'

'နာမည်က လင်းလင်းတဲ့လား'

'ဟုတ်ပါတယ်၊ လင်းနာမည် ဖုန်လင်းပါ၊ လင်းလင်းလို့ ခေါ်ပေါ့'

'ညီမက ဘာဖြစ်လို့ ဒီနေရာမျိုးကို တစ်ယောက်လာတာလဲ...'

မာလူး၏အမေးကို ဖုန်လင်းမဖြေနိုင်၊ ဖြေနိုင်စွမ်းလည်း မရှိ၊ အတိတ်၏ဖြစ်ရပ်များက သူမ၏ဘဝကို အမည်းစက် စွန်းထင်စေခဲ့သည်။ ပြန်ပြောင်း၍ စဉ်းစားမိလေတိုင်း နာကြည်းမဆုံး၍ မုန်းစိတ်မပြေ ဖြစ်ခဲ့ရသည်။



ဖုန်လင်း၏ ဝိုင်းစက်သော မျက်လုံးအစုံတွင် မျက်ရည်ဥများ ဝဲနေလာသည်။ အံကို တစ်ချက်ကြိတ်လိုက်ကာ...

'လင်းရဲ့ဘဝဟာ ဆိုးပါတယ်၊ အပစ်ပယ်ခံထားရတဲ့ ဘဝပါ၊ လင်း အမှန်ကို ဖွင့်ပြောပါမယ်'

'လင်းဟာ အပျိုတစ်ယောက် မဟုတ်ပါဘူး၊ ခုနစ်နှစ်သားအရွယ် ကလေးတစ်ယောက် ရှိပါတယ်၊ ဒါပေမယ့်... သူ့မှာ အဖေခေါ်နိုင်စွမ်း မရှိခဲ့ဘူး၊ အဖေကိုတောင် မမြင်ဖူးတဲ့ ဘဝပါ အစ်ကို'

ဖုန်လင်းမှာ မျက်ရည်စကို ပဝါဖြင့်သုတ်ကာ စကားကို ထပ်၍ ပြောပြန်သည်။

'လင်းအသက် ဆယ့်ခြောက်နှစ်မှာ သူနဲ့ သိကျွမ်းခဲ့ရပြီး ချစ်သူဘဝ ရောက်ခဲ့တယ်ဆိုပါတော့၊ လင်းကိုက မိုက်ပါတယ်၊ သူ့ကို အထင်ကြီးပြီး သူ့ရဲ့အချစ်ကို လွယ်လွယ်နဲ့ လက်ခံခဲ့တာ လင်းရဲ့မဟာအမှားပဲ၊ ချစ်ခြင်းမေတ္တာကို တန်ဖိုးမထားတဲ့ သူ့ရဲ့အကျင့်က တဖြည်းဖြည်း ပေါ်လာတယ်၊ လင်း နောင်တရမိတယ်၊ ဒါပေမယ့် နောက်ကျသွားပြီ'

'...တစ်နေ့မှာ အကြောင်းပြချက်တစ်ခုနဲ့ သူ ခရီးထွက်သွားတယ်၊ 'တစ်နေ့ပြန်လာနိုး ပြန်လာနိုးနဲ့ မျှော်ပေမယ့်လဲ သူ ပြန်မလာတော့ဘူး အစ်ကို၊ မျှော်ပေမယ့်... မောရုံသာ အဖတ်တင်ခဲ့တယ်၊ လင်းကို သူ လိမ်ညာသွားပြီဆိုတာ သိလိုက်ရတော့တယ်၊ သူ့ကို နာကြည်းခံပြင်းစိတ်နဲ့အတူ လင်း သူ့ကို ကလဲ့စားချေဖို့ဆုံးဖြတ်ပြီး အရှာထွက်ခဲ့တယ်၊ ခုနစ်နှစ်ကျော်ကျော် ကြာသွားပေမယ့် သူ့သတင်း အစအနကို မရခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါပေမယ့်…. လင်း စိတ်မပျက်ခဲ့ဘူး၊ လက်လဲမလျှော့ဘူး၊ ယနေ့ထိ သူ့ကို ရှာနေဆဲပဲ၊ သူဟာ နာမည်ကြီးသိုင်းသမားတစ်ယောက်ပဲ၊ သူ့ကို သတ်ဖို့ မလွယ်မှန်း သိပေမယ့် လင်း သူ့ကို သတ်ရမှ ကျေနပ်မယ်၊ သူနဲ့ယှဉ်ပြိုင်နိုင်တဲ့ သိုင်းသမားတစ်ဦးတော့ ရှိတယ်လို့ လင်းကြားဖူးတယ်၊ သူ့နာမည်က မာလူးတဲ့၊ အခု… လင်း သူ့ကို လိုက်ရှာနေတယ်၊ သူကသာ လင်းကို အကူအညီပေးမယ်ဆိုရင် ဒင်းကိုသတ်ဖို့ မခဲယဉ်းတော့ဘူး'

မာလူးအျပာ်နှာ တစ်ချက်ပြုံးလိုက်ပြီး….

'ညီမ သူ့ကို သိလို့လား၊ မြင်ဖူးလို့လား'

ဖုန်လင်းက ခေါင်းကို ခါယမ်းလိုက်ပြီး….

'မသိပါဘူး၊ နာမည်ကိုသာကြားဖူးတာပါ၊ သူ့ကို လင်း အကူအညီတောင်းရင်တော့ ရနိုင်လိမ့်မယ်လို့ လင်း မျှော်လင့်ပါတယ်လေ'

'ဒါနဲ့…. ညီမ မကျေနပ်လို့ သတ်ချင်နေတဲ့သူဟာ ဘယ်သူလဲ'

ဖုန်လင်းမှာ မာလူး၏ အမေးကို ချက်ချင်း မဖြေသေးဘဲ လေ ဆာအကဲခတ်သော မျက်လုံးဖြင့် မာလူးအား တစ်ချက် စိုက်ကြည့်လိုက်သည်။

သူမသည် စောစောပိုင်းက မာလူး၏ သိုင်းပညာစွမ်းကို မြင်တွေ့ထားပြီး ဖြစ်သည့်အတွက် အကူ အညီ ရလိုရငြား မာလူးအား ပြန်မေးလိုက်၏။

* * *

# အခန်း (၃)

'အစ်ကိုက လင်းကို အကူအညီပေးမလို့လား'

'ဒါက အကြောင်းစုံသိပြီးမှ အဖြေပေးလို့ရနိုင်မယ်'

'သူ့နာမည်က ချန်းလီ'

မာလူး သက်ပြင်းတစ်ချက်ချလိုက်မိပြီး….

'အင်း….လက်စသတ်တော့ သူကိုး'

'ဟာ၊ အစ်ကိုက ချန်းလီကို သိနေလို့လား'

'သူဟာ သိုင်းလောကရဲ့ အဆင့်မြင့် သိုင်းသမားပဲ၊ သူ့ သိုင်းကွက်နဲ့ ဓားချက်ဟာ အစွမ်းထက်လွန်းတဲ့အတွက် ဘယ်သူမှ ခြေဖျက်လို့မရနိုင်ဘူးလို့ သိုင်းလောက တစ်ခွင်လုံးက ယုံကြည် လက်ခံထားတယ်၊ နာမည်ကြီးတယ် ဆိုပေမယ့် သူ့ကို ကနေ့အထိ သေသေချာချာမြင်ဖူးတဲ့လူ မရှိသေးဘဲ'

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ဒါကိုလင်းလဲကြားဖူးပါတယ်၊ ဒါပေမယ့် သူ့ကိုသတ်နိုင်ဖို့ ကလဲ့စားချေနိုင်ဖို့ကိစ္စမှာ သိုင်းသမား မာလူး ကို တွေ့အောင်ရှာပြီး အကူအညီတောင်းဖို့ လူတစ်ယောက်က လင်းကိုပြောလိုက်တယ်၊ အစ်ကိုက သိုင်းသမား မာလူးကို သိသလားဟင်'

မာလူး မည်သို့ပြန်ပြောရမည်နည်း။ မိန်းမပျိုကို သူသနား မိသည် မှန်သော်လည်း ကူညီရမှာက လူသတ်ရမည့် ကိစ္စ၊ ပြီးတော့ သတ်ရမည့်သူမှာလည်း တကယ့်ထိပ်တန်းသိုင်းသမား တစ်ဦး။

မလွယ်ပါ။ မာလူး ရင်မောရတော့သည်။

သူ လိမ်ရျ၍လည်း မပြောချင်။ ကူညီရမှာလည်း အခက်။ မာလူး အခက်အခဲဖြစ်နေရသည်။

မည်သို့ပင်ဖြစ်စေ၊ သူသည် မိန်းမပျို၏အမေးကို ဖြေကြား ရပေမည်။

မာလူး စကားကိုစလိုက်သည်။

'အစ်ကို အမှန်အတိုင်းပြောပါမယ်၊ ညီမသိပ်တွေ့ချင်နေတဲ့ သိုင်းသမားမာလူးကို အထူးလိုက်ရှာနေစရာ မလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ညီမရှေ့မှောက် ရောက်နေပြီပဲ'

ဖုန်လင်းမှာ အံ့ဩဝမ်းသာမှုနှင့်အတူ မယုံနိုင်လောက်သော မျက်လုံးအစုံနှင့် သိုင်းသမား မာလူးအားကြည့်ရင်း မျက်နှာ မှာ ဝင်းလက်သွားသည်။

'ဟယ်...သိုင်းသမား မာလူးဆိုတာ အစ်ကို ဟုတ်လား၊ လင်း ဝမ်းသာလိုက်တာ အစ်ကိုရယ်'



မိန်းမပျို၏ အံ့ဩဝမ်းသာမှုကိုကြည့်ပြီး မာလူး တစ်ချက် ပြုံးလိုက်သည်။

'သိပ်လဲဝမ်းသာမနေပါနဲ့ဦးလေ၊ ညီမကိစ္စအကူအညီပေးနိုင် မပေးနိုင်ဆိုတာကို နားထောင်စမ်းပါဦး'

မာလူး၏ စကားကြောင့် လင်းလင်း၏ ပြုံးရွှင်နေသော မျက်နှာမှာ ရုတ်တရက် ရပ်တန့်သွားသည်။

'အစ်ကိုက လင်းကို အကူအညီ မပေးနိုင်ဘူးပေါ့ ဟုတ် လား'

'မကူညီနိုင်ဘူးလို့ အစ်ကို မပြောရသေးပါလား၊ အစ်ကို အမှန်အတိုင်းကို ခန့်ခဲပြောမယ်၊ ညီမ ကလဲ့စားချေသတ်ချင် နေတဲ့ ချန်းလီဟာ လက်ရှိသိုင်းလောက ရဲ့ ထိပ်တန်း သိုင်း သမားတစ်ဦးဆိုတာ ညီမသိဘယ်နော်၊ သူနဲ့ လက်ရည်တူယှဉ် ပြိုင်နိုင်တဲ့သူ၊ သူ့ကိုသတ်နိုင်မယ့်သူ ယနေ့ထိ မပေါ်သေးဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ သူ့ရဲ့သိုင်းကွက်နဲ့ ဓားချက်ဟာ ပျော့ ကွက်ဟာကွက် လုံးဝမရှိတဲ့အတွက် ချေဖျက်နိုင်ဖို့ မလွယ်ဘူး၊ သူ့ကို အတူယှဉ်ပြိုင်နိုင်တဲ့သူဟာ ကျိန်းသေတာကတော့ ကိုယ့် သေတွင်းကိုယ်တူးရာ ရောက်သွားကြတာပဲ'

မာလူးအတွက် စဉ်းစားရာဖြစ်လာသည်။ သူသည် ချန်းလီ ၏ ယှဉ်ပြိုင်ဖက် မဟုတ်ကြောင်းကို သူကိုယ်တိုင် အသိဆုံးပင် ဖြစ်သည်။

မိမိတို့တွင်ထားသော (၁၃)နံပါတ်သိုင်းကွက်မှာ ချန်းလီ နှင့် ယှဉ်ပြိုင်ရာတွင် အကျိုးသက်ရောက်မှု ရှိမရှိကို မသိနိုင်သေး ချေ။

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ အသုံးပြုကြည့်မှသာလျှင် သိနိုင်ပေမည်။ ယင်းအတွက်ကြောင့် ယခုကိစ္စမှာ မာလူးအတွက်အသက်နှင့်ရင်းပြီး စွန့်စားရမည့် ကိစ္စတစ်ခု ဖြစ်နေသည်။

'အစ်ကိုပြောတာ လင်းသက်ခံပါတယ်၊ ဒါပေမယ့် အစ်ကိုသူ့ကို ယှဉ်ပြိုင်နိုင်မယ်ဆိုတာ လင်း ရဲရဲကြီး အာမခံပါတယ်၊ အစ်ကို့ ပညာအစွမ်းကိုလဲ လင်း မြင်ထားပြီးပါပြီ'

ပြောရခက်တဲ့ မိန်းကလေးပါလား။ စွယ်အတင်း အကူအညီတောင်းခံနေတာကို မာလူး ကျားမြီးဆွဲယုံကို ရှေ့ထိုးလည်းခက်၊ နောက်ဆုတ်လည်းမလွယ် ဖြစ်နေသည်။

မာလူး အကျပ်တွေ့နေမှန်းရိပ်မိသော မိန်းမပျိုမှာမျက်နှာတစ်ချက်ပြုံးလိုက်ပြီး....

'သူ့ကို အနိုင်မရမှာတော့ မပူနဲ့၊ လင်းက အစ်ကို့ကိုအကူအညီပေးမှာပေါ့'

မိန်းမပျိုမှာ ပြောရင်းဆိုရင်းမှ အိတ်ထောင်ထဲတို့ လက်ထည့်ကာ စာအုပ်တစ်အုပ်ကို နှိုက်ထုတ်လိုက်ပြီး မာလူးအားထောင်ပြလိုက်သည်။

'အစ်ကို ဒီစာအုပ်ကို ဖတ်ကြည့်ပြီးမှ လင်းကို အကူအညီပေးနိုင် မပေးနိုင်ဆိုတာ ပြောပါ'

'ခါးကုက်ချေဖျက်နည်း လျို့ဝှက်ချက်'ဟု ရေးသားဖော်ပြထားသည်။

မာလူး အံ့သြသွားရသည်။ မယုံနိုင်သော မျက်လုံးဖြင့်မိန်းမပျိုအား ကြည့်ရင်း မေးလိုက်သည်။

* * *



'ဒီစာအုပ်ကို ညီမ ဘယ်ကရတာလဲ'

'ဒါ အရေးမကြီးပါဘူး၊ အစ်ကို လင်းကို အကူအညီပေးနိုင် မပေးနိုင်ဆိုတာကို အရင် အဖြေပေးပါ'

'အစ်ကို ညီမကို မညာချင်ဘူး၊ အမှန်အတိုင်းပဲ ဖွင့်ပြောမယ်၊ အစ်ကိုနဲ့ ချုန်းလီ ချိန်းပွဲလုပ်ထားတယ်၊ ဒါဟာ အစ်ကိုရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပဲ၊ ဘယ်သူနိုင်မလဲ ဆိုတာတော့ အဲဒီ အချိန်ကျမှ အဖြေပေးနိုင်မယ်၊ ရှုံးတဲ့သူ တစ်ယောက်ကတော့ အသက်ရှင်ဖို့ လမ်းမမြင်ဘူး၊ တကယ်လို့ညီမဆီက စာအုပ် လေ့လာခွင့် ရမယ်ဆိုရင်တော့ ချုန်းလီကို နိုင်ဖို့ မခဲယဉ်းတော့ဘူး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို ညီမရဲ့ဆန္ဒလဲ ပြည့်ဝပြီး အစ်ကို့အတွက်လဲ အကျိုးရှိသွားမယ်'

'ဘယ်လိုပဲဖြစ်ဖြစ် လင်းအတွက်ကတော့ သူ့ကိုသတ်ပြီးကလဲ့စား ချေရရင် ကျေနပ်ပါပြီ'

ဖုန့်လင်း၏ စကားမှာ နာကြည်းစိတ်ကြောင့် လွန်စွာတင်းမာ ခက်ထန်နေသည်။

'ကောင်းပြီလေ၊ ညီမရဲ့ စာအုပ်ကို အစ်ကို့ ပေးထား၊ လေ့လာကြည့်ရမယ်'

ဖုန့်လင်းက လက်ထဲမှ စာအုပ်ကို မာလူးအား ကမ်းပေးလိုက်သည်။

'သူ့ကို သတ်ချင်လွန်းတဲ့စိတ်နဲ့ လင်းစာအုပ်ကို လေ့လာကြည့်ပါသေးတယ်၊ ဒါပေမယ့် လင်းရဲ့ ပညာအမြင်က နိမ့်လွန်းတော့ သိပ်ပြီး နားလည် သဘောမပေါက်ဘူး'

www.burmeseclassic.com



မိန်းမပျို ကမ်းပေးသော စာအုပ်ကို လှမ်းယူပြီး မာလူးမှာ အတွင်းမှ စာသားများနှင့် ရုပ်ပုံများကိုလှန်ကြည့်လိုက်သည်။

'သိပ်ပြီး ခက်ခဲနက်နဲတဲ့သိုင်းပညာရပ်ကိုနားလည်သဘောပေါက်နိုင်ဖို့ဟာ တော်ရုံပညာအခြေခံနဲ့မရနိုင်ဘူး၊ဒါကြောင့်လဲ ညီမ လေ့လာလို့ သဘော မပေါက်နိုင်တာပေါ့၊ ကဲ.... အခု အစ်ကိုတို့ လေ့လာကြည့်ရအောင်'

သို့နှင့် မာလူးနှင့် ဖုန်လင်းတို့မှာ 'ခေါင်းကွက်ချေဖျက်နည်းမျိုးဝှက်ချက်' စာအုပ်ပါအကြောင်းအရာများကို လက်တွေ့ဖတ်ရှုလေ့ကျင့်မှုပြုကြလေတော့သည်။

လေ့ကျင့်မှုတွင် အာရုံ စူးစိုက်ကြည့်နေသောကြောင့် ချုံတယ်တစ်နေရာတွင်တစ်စုံတစ်ယောက်သောသူ ချောင်းမြောင်းကြည့်ရှုနေသည်ကိုတော့ မာလူးနှင့် ဖုန်လင်းတို့ လုံးဝ မသိလိုက်ကြချေ။

* * *

အခန်း (၄)

လွန်စွာကျယ်ပြောသောကွင်းပြင်တစ်လျှောက် မြင်းတစ်စီးအပြင်းမောင်းနှင်လျက်ရှိသည်။

မြင်းပြေးသွားရာလမ်းတစ်လျှောက်တွင် ဖုန်လုံးကြီးများကာတထောင်းထောင်းထလျက် ကျန်ရစ်ခဲ့သည်။

မြင်းကလည်း ကောင်း၊ မြင်းပေါ်မှလူကလည်းကျွမ်းကျင်သည့်အတွက် ခရီးအတော်ပေါက်ခဲ့သည်။

မြင်းစီးသမားမှာ အခြားသူမဟုတ်၊ မာလူးပင် ဖြစ်သည်။

မကြာမီ ထင်းရှူးတောတန်းတစ်ခုဆီသို့ ဝင်ရောက်လာခဲ့၏။

မာလူးသည် မရပ်မနားဘဲ ထင်းရှူးတောထဲသို့တရကြမ်းမောင်းနှင်သွား၍ ဝင်သွားသည်။

www.burmeseclassic.com



ယင်းသည် မာလူး၏အမှားပင်။

အန္တရာယ်တစ်ခုသည် သူ့အား ဖုက္ခပေးရန် စောင့်ကြိုလျက်ရှိသည်ကိုတော့ မာလူးတစ်ယောက် မသိရှာချေ။

ဝင်ရောက်လာသည့် ထင်းရှူး တောတန်း တစ်နေရာသို့ ရောက်သောအခါ သူ့အတွက် ကံဆိုး မိုးမှောင် ကျလာခဲ့သည်က သူ စီးလာသော မြင်းမှာ ကြိုတင် စီစဉ် ထားဟန်တူသော ကြိုးတန်းတစ်ခုကို ဝင်တိုက်မိပြီး ကျွမ်းပြန် လဲကျသွားတော့သည်။

မြင်းအပေါ်တွင် စီးနင်းလိုက်ပါလာသော မာလူးမှာ သတိကောင်းသည့် သိုင်းသမားမို့ မြင်းပေါ်မှ လွင့်စဉ် ထွက်သွားသည်နှင့် တစ်ပြိုင်နက် လေထဲတွင် ကျွမ်းနှစ်ပတ်သုံးပတ် ထိုးလိုက်လေသည်။

ထိုအချိန်မှာ 'ရှီ' ဟူသော အသံနှင့် အတူ ခါးမြှောင်တစ်ချောင်းက မာလူးထံသို့ တန်းတန်း မတ်မတ် ဝင်ရောက်သွားသည်။

ခါးမြှောင်က မာလူးအား ထိမှန်လုဆဲ အချိန်မှာ 'ရှီ' ဟူသော အသံနှင့်အတူ အခြားခါးမြှောင်တစ်ချောင်းက အရှိန်အဟုန် ပြင်းစွာ ရောက်ရှိလာကာ ပထမ ခါးမြှောင်ကို ရိုက်ထုတ်လိုက်လေသည်။

'လန့်' ဟူသော အသံနှင့်အတူ မီးပွားများ ဖြာထွက်သွားသည်။

တစ်ဆက်တည်းမှာပင် 'အား' ...'ဒုတ်' ဟူသော အသံ



ပေါ်ထွက်လာပြီး သစ်ပင်ထက်မှ လူတစ်ယောက် အောက်သို့ ထိုးကျလာသည်။

မာလူး ကျော့ချမ်းသွားမိသည်။ ကုသိုလ်ကံနှင့်ကောင်းလို့သာ ရန်သူရှိနေပြီကို ချက်ချင်းသိလိုက်ခဲ့လေတော့သည်။

မြေပေါ်သို့ပြန်အကျတွင် အသင့်အနေအထားဖြင့်ပတ်ဝန်းကျင်ကို မျက်စိတစ်ချက်လှည့်ကြည့်လိုက်သည်။

သို့သော်...မည်သည့်လှုပ်ရှားမှုကိုမျှ ထပ်မံမတွေ့ဘဲ အားလုံး တိတ်ဆိတ်ငြိမ်သက်မှုသာ လွှမ်းမိုးနေသည်။

တစ်စုံတစ်ဦးက ဒိမိအသက်ကို ကယ်တင်လိုက်ကြောင်း သိသာနေသော်လည်း မြင်ကွင်းသို့ထွက်ကာ မျက်နှာမပြခြင်းကို မာလူးစဉ်းစားမရ ဖြစ်နေသည်။

မာလူးသည် ခါးမြှောင်ထားသော ရန်သူရှိရာဆီသို့ တစ်လှမ်းချင်း လျှောက်သွား၏။

ထိုသူမှာ မလှုပ်မယှက် ရင်ဝခါးစိတ်လျက် အသက်ပျောက်နေသည်ကို တွေ့လိုက်ရသည်။

မျက်နှာကို အသေအချာ ကြည့်လိုက်သောအခါ မာလူး အံ့အားသင့်သွားသည်။

ဟိုကျင်း။ မိမိနှင့် မကြာသေးခင်ရက်ပိုင်းက လက်ရည်စမ်းခဲ့ဖူးသော ဟိုကျင်းပင် ဖြစ်သည်။

ဓိုက်မဲ့သူတို့၏ စွားရောလမ်းမှာ ကျိုသို့သာဖြစ်ရပေမည်။ မာလူးသဘောပေါက်လိုက်သည်။

သူသည် သစ်ပင်တစ်ပင်ဆီသို့ လျှောက်လှမ်း သွားသည်။ ပင်စည်မှာ အသွားမြုပ်အောင် ဝင်နေသော ခါးမြှောင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ဆွဲနုတ်ယူလိုက်သည်။ ဓားမြှောင်တွင် နဂါးရုပ်ရေးထားသည်ကို မြင်တွေ့လိုက်ရာ မာလူးမျက်လုံးပြူးကာ တုန်လှုပ်သွားသည်။

'ဟင်...သူ ဓားချွန်းလိပါလား'

မိမိ၏အသက်ကို ကယ်တင်လိုက်သောသူသည် ဓားချွန်းလိသာဖြစ်ရမည်ဟု မာလူးယူဆလိုက်သည်။ ဓား တစ်ချောင်းတည်းဖြင့် မိမိ၏အသက်ကိုကယ်တင်ရုံသာမက ရန်သူ၏အသက်ပါခြွေယူနိုင်လိုက်သော သူ၏ ပညာစွမ်းမှာ အံ့မခန်းအောင်ဖြစ်သည်။

သည်လိုပညာမျိုး ရရှိနိုင်သူမှာ ဓားချွန်းလိသာ ဖြစ်ရလေမည်။ သူ ဘာကြောင့်မိမိ၏အသက်ကို ကယ်တင်ရသနည်း။

မာလူစဉ်းစား၍မရ။

လူသိမခံလိုသူအား လိုက်လံရှာနေ၍လည်း တွေ့မည်မဟုတ်ကြောင်း သိလိုက်ရသည်။ မာလူးသည် မြင်းပေါ် တက်ကာခရီးဆက်၍ထွက်ခဲ့လေသည်။

ကိုက် တစ်ရာခန့်သာ သွားလိုက်ရသည်။ မြေပေါ်တွင်သွေးသံရဲရဲနှင့် လဲနေသော လူတစ်ယောက်ကို အမှတ်မထင်လှမ်းမြင်လိုက်သည့်အတွက် မာလူးမြင်းပေါ်မှ ဆင်းလိုက်လေသည်။

အသက်မျှင်မျှင်လေးနှင့် ညည်းတွား နေသော အသံကိုကြားလိုက်ရသည်။

အသေအချာ ကြည့်လိုက်သောအခါ မာလူးမျက်လုံးပြူးသွားရပြန်သည်။



'ဟင်...လောင်ဖန်း ပါလား၊ ဘယ်လိုများ ဖြစ်သွားရတာလဲ'

မှန်သည်။ သူက လောင်ဖန်းပင်တည်း၊ ဒဏ်ရာ [illegible] ထန်လွန်းသည့်အတွက် အသက်ကိုပင် အနိုင်နိုင် ရှူနေရသည်။ စကားကို တစ်လုံးချင်း ကြိုးစား၍ ပြောလိုက်လေသည်။

'ဟို...ဟိုကျန်း၊ သူ...သူ့ ဓားချက် သိပ် သိပ် ထက်တယ်၊ မလွယ်ဘူး'

စကားသံတိတ်သွားလေသည်။ လောင်ဖန်း စကားမပြောနိုင်တော့ချေ။ နှလုံးခုန်ရပ်သွားလေပြီ။

မာလူးစဉ်းစားစရာအချက်ပေါ်လာပြန်သည်။ ဟိုကျင်းမှာ လောင်ဖန်း၏ ပြိုင်ဘက် လုံးဝမဟုတ်။ မိမိနှင့်ဟိုကျင်း တွေ့ခဲ့ကြသည့်မှာလည်း ရက်ပိုင်းပင် မကြာသေး။ ပညာချင်းလည်း အင်မတန် ကွာခြားနေသော ဟိုကျင်း။ ဟိုကျင်း၏ ဓားချက်အောက်တွင် ပုံပျက်ပန်းပျက်နှင့် လောင်ဖန်း တစ်ယောက် အသက် ပျောက်သွားရသည်မှာ မယုံနိုင်စရာပင် ဖြစ်နေလေသည်။

ဤမျှတိုတောင်းသော ရက်ပိုင်းကလေးအတွင်း ဟိုကျင်းပညာ တစ်ဟုန်ထိုး မြင့်မားတိုးတက်လာခြင်းအတွက် ဖြစ်လာနိုင်သည့်အကြောင်းအချက်များကို မာလူး စဉ်းစားတွေးတောကြည့်သည်။

မည်သို့မျှစဉ်းစား၍မရ။ ခေါင်းထဲမှာမပေါ်၊ စိတ်မောရုံသာအဖတ်တင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဖြစ်နိုင်သော အကြောင်းတစ်ခုကို စဉ်းစားမိလေသည်။

'ဒေးကွက်ချေဖျက်နည်း လျှို့ဝှက်ချက်စာအုပ်ကို လှော့ယူလာနေတုန်း သူခိုးပြိုးခြင်းတွေဘာတွေများဖြစ်နေမလား'

ဤအကြောင်းအချက် တစ်ခုတည်းသာ အဖြစ်နိုင်ဆုံးဟု မာလူးယူဆမိလိုက်လေသည်။ လျှို့ဝှက်အပ်သော ကိစ္စတို့မည်သည် လျှို့ဝှက်စွာ လုပ်ဆောင် သင့်ကြောင်း မာလူးအတွက် သင်ခန်းစာပေးလိုက်ခြင်းပင်ဖြစ်သည်။

ချုန်းလီနှင့် ချိန်းဆိုပွဲမှာလည်း အချိန် အတော်လိုသေးသည်ကတစ်ကြောင်း၊ မိမိ၏ကျေးဇူးရှင် ဆရာမိကျွန်းအား အောက်မေ့သတိရသည့်အတွက် မာလူး၏ခြေလှမ်းမှာ နဂါးတောင်ဆီသို့ ဦးတည်ထွက်ခွာလာခဲ့လေတော့သည်။

## အခန်း (၅)

ည...

အလည်းခိုက်အောင်အေးပြီး လေထန်သောညတစ်ည။

လေအေးက တဟူးဟူးတဟဲဟဲဖြင့် တိုက်လျက်ရှိလေတော့သည်။

လောကကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ - အိပ်မောကျနေသည်။

သို့သော်တစ်ယောက်သောသူသည် ဆောင်းလေနှင့်အမှောင်ထုကိုဂရုမပြုဘဲအနှီတုကာ လမ်းမကြီး တစ်ခုပေါ်ဝယ် တစ်ယောက်တည်း လျှောက်သွားနေလျက်ရှိ၏။

သူ့အတွက် သွားစရာလမ်း၊ အိပ်စရာနေရာ၊ သုံးစရာငွေကြေးလည်း တစ်ပြားတစ်ချပ်မျှမကျန်၊ အားလုံးနှင့်၊ ဤအထိ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲလိုက်သည်မှာ သူကိုယ်တိုင်ကလည်း ဘဝကို ရေစုန်လေဟုန်စီး၍ သူမလိုက်လို၊ ဓရဆန်လေထန်ဘဝမျိုးကိုမှ သူလိုလားတောင့်တလျက်ရှိသည်။

မိမြေ့ရာတွင် ဇိမ်ခံကာပန်းခင်းသောလမ်းတွင်လျှောက်နေသူများကို သူကြည့်၍မရ။ ဆူးလွှမ်းနေသော ခရီးကြမ်းကိုလျှောက်လှမ်းနေရမှသာ သူပျော်သည်၊ ကျေနပ်သည်။

ဒုက္ခ၏လမ်းအဆုံးတွင် သုခ၏လမ်းအစရှိသည်ဟု သူလက်ခံယုံကြည်ထားသည်။ သည်တော့ သူ ဒုက္ခကို တမင်လိုက်ရှာကြည့်သည်။

ဒုက္ခ၏ အရသာအမျိုးမျိုးကိုလည်း တမင်မြည်းစမ်းကြည့်ခဲ့သည်။ အချိန်ကြာလာသောအခါ ဒုက္ခသည်ပင် သူ၏ မိတ်ဆွေကောင်းသဖွယ် ဖြစ်လာခဲ့ရသည်။

ဘဝ၏ လေးနက်သော အဓိပ္ပာယ်ကို သူသဘောပေါက်နားလည်ခဲ့ရလေတော့သည်။ ဒုက္ခကိုအောင်နိုင်သူအဖြစ် ကြေးကြော် ဝင့်ကြွားလိုသောဆန္ဒ ရှိလေသည်။

သူသည် ဦးတည်ချက်မဲ့လျက် ခြေဦးတည့်ရာသို့ တစ်လှမ်းချင်း လျှောက်လှမ်းနေလျက်ရှိသည်၊ ဘဝ၏အဓိပ္ပာယ်ကို စဉ်းစားတွေးတောနေရင်းမှာပင် မမေ့နိုင်သော သူ၏အတိတ်ဘဝကဖြစ်ရပ်ကို ပြန်ပြောင်း သတိရလာမိလေတော့သည်။



ထည်ဝါသော ရွှေနဒီစားသောက်ဆိုင်ကြီးမှာစားသောက်သူများဖြင့် လူအထူး စည်ကားလျက်ရှိသည်။ ဟင်းမျိုးစုံနှင့် အဖျော်ယမကာများ စိတ်ကြိုက်လိုဘ ရနိုင်သည့်အတွက် စားသောက်သူများ ထိုးမပေါက်အောင် ရှိနေကြခြင်းပင် ဖြစ်ပေသည်။

ဆိုင်ထောင့် တစ်နေရာရှိစားပွဲတစ်လုံးတွင် လူတစ်ယောက်အရက်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်လျက် ရှိလေသည်။ စိတ်ရှိလက်ရှိ သောက်နေသည်မှာ မည်မျှ ကြာသွားခဲ့သည်မသိ။

သူ အတော်မူးလာပြီဖြစ်သည်။ သူ ခေါင်းကိုပင် မထူနိုင်တော့။ နောက်ဆုံး စားပွဲကို နဖူးနှင့်ထိကာ မေ့သွားလေတော့သည်။

အချိန်မည်မျှ ကြာသွားသည်ကိုတော့ မသိ။ သူ၏ခေါင်းပေါ်သို့ရေနှင့်ပက်လိုက်သော အအေးဓာတ်ကြောင့် ရုတ်တရက်လန့်နိုးသွားသည်။

ခေါင်းကိုထူမ၍ ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ လက်တစ်ဖက်တွင်ရေပုံးကိုကိုင်၍ ခါးထောက်ကာရပ်နေသော ဆိုင်ရှင်မိန်းမကြီးကို မြင်တွေ့လိုက်ရသည့်အတွက် လူရွယ်မှာ ကြောင်အမ် အမ်းဖြစ်သွားသည်။

ဆိုင်သိမ်းချိန်ဖြစ်ပြီမို့ စားသောက်သူများ လုံးဝရှင်းသွားပြီဖြစ်သည်။

မိန်းမကြီးမှာ လူရွယ်အား အထင်သေးသော အကြည့်မျိုးဖြင့်ကြည့်လိုက်ပြီးပါးစပ်ရှုံ့ကာ ဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့သောက်တော့ကော မူးအောင် သောက်ရသလား၊ ဘယ်အချိန်နီးလဲ၊ ဆိုင်သိမ်းတော့မယ်၊ အရက်ဖိုးလဲရှင်းပါဦး၊ အားလုံး ငွေခင်္ဂါး တစ်ကျပ်ကျတယ်'

ထိုအခါမှ လူရွယ်မှာ အရက်ဖိုး ရှင်းပေးရန်အတွက် အိတ်ထဲသို့ လက်နှိုက်ကြည့်လိုက်သည်။

စုစုပေါင်း သုံးပြားသာရှိ၏။ စိတ်ရှိလက်ရှိ သောက်မိတာပြီးမှတော့ မကာတ်နိုင်တော့ချေ။ ရှိသမျှငွေ မူးစေ မျှသော နှိုက်ထုတ်ပြီး စားပွဲပေါ်သို့ ပုံချလိုက်၏။

ငွေမူးခေ့ သုံးပြားကိုသာ မြင်လိုက်ရသော ဆိုင်ရှင် မိန်းမကြီးမှာ မကျေမနပ်ဖြစ်ကာ မျက်နှာထားမှာ ပို၍ တင်းမာသွားသည်။

'ဒါပဲလား၊ နောက်ထပ်ပေးဖို့ ကျန်သေးတယ်'

လူရွယ်မှာ တောင်းပန်သောမျက်နှာနှင့် မိန်းမကြီးအား မော့ကြည့်လိုက်ကာ....

'ကျွန်တော့်မှာ ပိုက်ဆံ ဒါအကုန်ပဲဗျာ၊ နောက်ထပ်ပေးစရာလဲ တစ်ပြားမှ မရှိတော့ဘူး'

မိန်းမကြီးက ကျေနပ်ပုံမရ။

'တော်တော် ဆောက်တန်းကျတာပဲ၊ ပိုက်ဆံမရှိရင်ဘာ မသောက်နဲ့ပေါ့'

'ကျွန်တော့်မှာ တကယ်ပိုက်ဆံမရှိလို့ပေါ့ဗျာ၊ တကယ်လို့ အစ်မကြီးက မကျေနပ်ရင်လဲ ကြိုက်သလိုလုပ်ပါ'

လူရွယ်၏စကားကြောင့် ဆိုင်ရှင်မိန်းမကြီးမှာ အမျက်ခြောင်းခြောင်းထွက်ပြီး....



'အောင်မယ်... နင်က လူပါးဝလို့ လူများ အရက်ထဲ သောက်သေးတယ်၊ သူကပြန်ပြီး စိုက်ကန်းကန်းစကား ပြန်ပြောတယ်၊ မှတ်ထား၊ ဘာမဆို အလကားမရဘူး၊ ပိုက်ဆံ မပေးနိုင်ရင် ဆိုင်ရဲ့ထုံးစံအတိုင်းပဲဟေ့ ...'

စကားဆုံးသည်နှင့် ဆိုင်ရှင်မိန်းမကြီးမှာ လက်ခုတ်နှစ်ချက် တီးလိုက်၏။

ချက်ချင်းပင်အခန်းထဲမှအရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့် လူနှစ်ယောက်ထွက်လာသည်။

ဆိုင်ရှင်မိန်းမကြီးမှာ မျက်စပစ်ကာ အမိန့်ပေးလိုက်၏။

'ဟဲ့....ဒီဖွတ်မဲ့ကောင်ကိုကြည့်ပြီး ဆုံးမလိုက်စမ်း'

တစ်ယောက်က လူရွယ်ထံ လျှောက်သွားပြီး လက်သီးနှင့် တစ်ချက်ထိုးလိုက်၏။ လူရွယ်မှာ ခုံပေါ်မှ ပက်လက်လန်ကာ လဲကျသွားလေသည်။

လဲနေသော လူရွယ်ထံသို့ နောက်တစ်ယောက်က ခြေဖြင့် ဝင်ရောက်ခတ်လိုက်ပြန်သည်။ လူရွယ်မှာ မှောက်လျက်သား လဲကျသွား၏။

လူရွယ်မှာ မသက်မသာ အခတော်ခံလိုက်ရသည်။ အားတင်းကာ ခေါင်းထူပြီး လက်ဖြင့်ပါးစပ်တွင် စမ်းကြည့်လိုက်သောအခါ သွေးများ ယိုစီးကျလာသည်ကို တွေ့ရှိလိုက်ရသည်။

သွေးမြင်လိုက်သော် ဆိုင်ရှင်မိန်းမကြီးမှာ လူရွယ်အား သနားသွားပြီး လေသံလည်း ပြောင်းသွားလေသည်။

'မင်းကိုအခွင့်အရေးထပ်ပေးမယ်၊ မင်းဟာ သန်သန်မာမာ

www.burmeseclassic.com

www.burmeseclassic.com



ရှိယှက်နဲ့ လုပ်အားကို အရင်းအနှီးပြုပြီး အကြွေးမဆပ်ချင်ဘူးလား'

'ကျွန်တော် စောစောက ပြောပြီးပြီပဲ၊ အစ်မကြီး ကြိုက်သလို လုပ်ပါလို့'

မိန်းမကြီး၏မျက်နှာထားမှာမူ လျော့ကျသွားခဲ့ပြီး...

'ကောင်းပြီ၊ မင်းကို ထမင်းကျွေးမယ်၊ (၅) ရက်အလုပ်လုပ်ပြီး အကြွေးဆပ်ရမယ်၊ ဒီနေ့တော့မိုးချုပ်ပြီ၊ မနက်ဖြန်ကစပြီး အလုပ်ဆင်းရမယ်၊ ကဲ...သူ့ကို မီးဖိုချောင်မှာ နေရာချပေးလိုက်'

ဆိုင်ရှင်မိန်းမကြီးမှာ ပြောဆိုပြီးသည်နှင့် အိမ်ချင်း လှည့်ထွက်ကာ ဆိုင်အပေါ်ထပ်သို့ တက်သွားလေတော့သည်။

လူငယ်မှာလည်း သူခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

## အခန်း (၃)

လူရွယ်မှာ အိပ်ရာထက်မှာ တော်တော်နှင့် အိပ်မပျော်၊ ချမ်းချမ်းစီးစီးမှာ စောင်မရှိ၊ ခေါင်းအုံးမရှိ၊ ဖျာတစ်ချပ်နှင့် ဖြစ်သလိုသာ စခန်းသွားရပေမည်။

မျက်စိမှိတ်ကာ အတွေးကမ္ဘာတွင် ချာချာလည်ကာ မည်သည့်အချိန်က အိပ်ပျော်သွားသည်မသိ၊ တစ်စုံတစ်ယောက်က ခြေဖြင့်ကန် လှုပ်နှိုးလိုက်တော့မှ အိပ်ရာမှ လန့်နိုးသွားခဲ့ရ၏။

မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ မှုန်တေတေ မျက်နှာထားနှင့် 'ဘုကြည့်ကြည့်နေသော လူထွားကြီးကို တွေ့လိုက်ရသည်။

'ဟေ့ကောင်... မင်း ဒါလောက် အအိပ်ကြီးရသလား၊ ထတော့လေ၊ မိုးလင်းနေပြီ၊ အလုပ်ဆင်းရမယ် မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းပြီဆိုသော်လည်း လင်းကြက်အွန်သံကိုလည်း မကြားရသေးပါ။

တစ်ရေးတစ်မှေးသာ ရလိုက်သေးသည်။ အိပ်ရာပေါ်မှ ပြန်ထရတော့မည်။

‘ဇောတ်နိုင်ရွေး

သူ့အပြစ်နှင့်သူ၊ သူ့အမှုထမ်းရမည်ဆိုတော့ ဖော့ဒက တက်ရှာစမလို့။ အိပ်ရာမှချက်ချင်း ထလိုက်ရသည်။

ရေတစ်မှုတ်ခပ်ကာ မျက်နှာသစ်ရန်ပြုနေစဉ် ခြေထောက် တစ်ဖက်က ပုံးနားဆီသို့ရောက်လာပြီး ကန်လှဲ ချလိုက်သော အခါ....

‘ဟား... ဟား...ဟား’

ဆံပင်ရှည်၊ မုတ်ဆိတ်မွေး ထူထူနှင့် လူတစ်ယောက်ကို မြင်လိုက်ရသည်။

လူရွယ်က ဒေါသပွခြင်းမရှိဘဲ လုပ်စရာ အလုပ်များကိုသာ မေးလိုက်၏။

‘ကျွန်တော် ဘာအလုပ်တွေ လုပ်ပေးရမလဲ’

‘မင်းရဲ့အလုပ်ကတော့ စားပွဲထိုး၊ ပြီးတော့ လိုအပ်တာ မှန်သမျှ လိုအပ်သလို ဝင်လုပ်ပေးရမယ်၊ အခုလောလော ဆယ်မှာ လုပ်ရမှာကတော့ ဆိုင်ခန်းကို သန့်ရှင်းအောင် လှဲကျင်း၊ ရေကန်တွေ ရေပြည့်အောင်ဖြည့်၊ အိုးခွက်ပန်းကန် တွေကို ဆေးကြောရမယ်၊ ကဲ...သွားလုပ်ပေတော့’

ဤသို့ဖြင့် လူရွယ်သည် လုပ်ငန်းခွင် ဝင်ရတော့သည်။



အရုဏ်ကျင်း မိုးလင်းစပြုသည်နှင့် ဆိုင်တွင် လူစည်ကားစ ပြုလာလေသည်။

အခြားစားပွဲထိုးများလိုပင် စားသောက်သူများ၏ မှာ ကြားသမျှကို လိုက်လံဆောင်ရွက်ပေးလျက် ရှိ၏။

‘ဟေ့...ဘဲငယ်၊ အမြည်းတစ်ခုခုနဲ့ အရက်တစ်ပုလင်း မြန် မြန်ယူခဲ့စမ်းဟေ့’

လူတစ်ယောက်က လူရွယ်အား လှမ်းအော်၍ မှာကြား လိုက်သည်။

လူရွယ်သည်လည်း အထဲသို့လှည့်ဝင်ကာ အမြည်း တစ် ပန်းကန်နှင့် အရက်ပုလင်းကို ယူဆောင်ကာ ပြန်ထွက်လာ သည်။

ထိုစဉ်မှာပင် စားပွဲထိုးတစ်ဦး၏ ထိုးခံလိုက်သော ခြေ ထောက်ကို ခလုတ်တိုက်မိပြီး လက်ထဲမှ အရက်ပုလင်းများ နှင့် ပန်းကန်များ အောက်သို့ ကျကွဲသွားသည်။

‘ခွမ်း....ချလွမ်း’

‘ဟား....ဟား....ဟား’

‘အသုံးမကျတဲ့ကောင်၊ ကဲ...’

‘ဟေ့ကောင်...ဒါလောက် ရှမ်းလှတာ မျက်စိမပါဘူး လား’

စားပွဲထိုးများ၏ လှောင်ပြောင်ပြက်ရယ်ပြု၍ ပြစ်တင်ပြော ဆိုသံများ ထွက်ပေါ်လာသည်။

လူရွယ်မှာ မည်သို့မျှပြန်မပြောဘဲ ကျကွဲသွားသော အကွဲ များကို လိုက်လံကောက်ယူလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကြောင့် ပန်းကန် ကျကွဲသွားတာလဲ'
ဆိုင်ရှင် မိန်းမကြီး၏ အသံ ဖြစ်သည်။

'ဟို... ဖွတ်မည်းကောင်ပေါ့ဗျာ'
စားပွဲထိုးတစ်ယောက်က ပြန်၍ ဖြေကြားလိုက်သည်။

'အေး...မင်း နာမည်ကို ဖွတ်မည်းလို့ပဲ မှည့်လိုက်တာပဲ ကောင်းတယ်၊ တကယ်အသုံးမကျတဲ့ ဖွတ်မည်းကောင်ပဲ'

ထိုအချိန်မှစပြီး လူရွယ်၏အမည်မှာ ဖွတ်မည်း၊ အသုံးမကျတဲ့ ဖွတ်မည်းဟူ၍ ခေါ်စမှတ်ပြုလာကြလေတော့သည်။

* * *

## အခန်း (၇)

နောက်တစ်နေ့။

စရိုက်ခပ်ကြမ်းကြမ်း လူတစ်သိုက် ဆိုင်ထဲသို့ဝင်လာကြ၏။ ဖွတ်မည်းကိုမြင်သည်နှင့် လှမ်း၍ အမိန့်ပေးလိုက်သည်။

'ဟေ့... ငါတို့အတွက် အကောင်းဆုံး အမြည်းတွေနဲ့ အကောင်းဆုံး အရက် မြန်မြန်ယူခဲ့စမ်း'

ဖွတ်မည်းက မည်သို့မျှ ပြန်မပြောဘဲ မှာကြားသည့်အတိုင်း အကောင်းဆုံး အရက်နှင့် အကောင်းဆုံး အမြည်းများကို ယူဆောင်ကာ လာရောက်ချပေးလိုက်လေသည်။

ဓားလွယ်ထားကြသည်မို့ သိုင်းသမားများ ဖြစ်ကြောင်းကို အလိုလိုပင် သိနိုင်သည်။

www.burmeseclassic.com



ရှပ်နည်းနှင့် အမူအရာတွေ ခပ်ကြမ်းကြမ်းတွေ ဖြစ်သည်မို့ လူမိုက်သိုင်းသမားများဖြစ်လိမ့်မည်။

ခါးချင်း သေဘာက်ရင်း ထွေရာလေးပါး ခပ်ကြမ်းကြမ်း ရှိမ်းရှမ်းနှင့် ပေါက်တတ်ကရ ပြောဆိုရယ်မောနေကြ၏။ တဖြည်းဖြည်းနှင့် မူးမထူလာကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသောလူက ထိုင်ရာမှထလိုက်ပြီး....

'ကဲ...ဒီနေ့အတွက်တော့ ရေချိန်ကိုက်သွားကြပြီ၊ သွားစို့ ရောင်းရင်းတို့ရေ'

အားလုံးမှာ ထိုင်ရာမှ ထလိုက်ကြကာ ဆိုင်အပြင်ဘက် တံခါးပေါက်ဆီသို့ ဒယီးဒယိုင်နှင့် လှမ်းထွက်သွားကြသည်။

သို့သော် ဆိုင်အပြင်ဘက်သို့ ထွက်မသွားနိုင်ကြပါ။

လူတစ်ယောက် ဆိုင့်တံခါးဝတွင် ပိတ်ဆို့ကာဆီးထားသည်။

ထိုသူကား တခြားသူမဟုတ်။

ဖွတ်မည်းပင်ဖြစ်သည်။

'အရက်ဖိုးလေးတော့ ရှင်းသွားပါဦး မိတ်ဆွေကြီးတို့ ခင်ဗျာ'

ဖွတ်မည်း၏အပြုအမူကို မြင်ယောင်သောအခါ ဆိုင်အမှုထမ်းအားလုံး မျက်လုံးပြူးသွားကြလေသည်။

ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲပြဿနာကို အသည်းတထိတ်ထိတ် ရင်တမမနှင့် စောင့်ဆိုင်းကြည့်ရှုလျက် ရှိနေကြသည်။



'အမယ်...မင်းက ငါတို့ကို ဘာကောင်လဲဟ မှတ်လို့ ပိုက်ဆံတောင်းနေရတာလဲ၊ ဟဲ...တောင်းဦးကွာ'

လူမိုက် သိုင်းသမား ခေါင်းဆောင်ဖြစ်သူက ဖွတ်မည်း၏ အင်္ကျီစကိုချုပ်ကိုင်ပြီး လက်သီးစွမ်းတစ်ချက် ပြလိုက်လေ၏။

ဖွတ်မည်းမှာ နောက်သို့ယိမ်းယိုင်ကျသွားသည်။

ထိုအချိန်မှာပင် ကျန်သိုင်းသမားတစ်ဦးက လှမ်းတက်ပြီး ခြေထောက်ဖြင့် ဖွတ်မည်း၏မေးစေ့ကို လှမ်းကန်လိုက်ပြန်သည်။

ဖွတ်မည်း ပုံလျက်လဲကျသွား၏။ နှာခေါင်းနှင့်ပါးစပ်မှ သွေးများယိုစီးကျလာသည်။

ဖွတ်မည်းအတွက် ဒုတိယအကြိမ် သွေးစွန်းထင်ခဲ့ရခြင်းပင် ဖြစ်သည်။

'မှတ်ထားဦး၊ အဲဒါ အရက်ဖိုးပဲကွ၊ နောက်တစ်ခါဆိုရင် ဒီထက်ပိုနာသွားလိမ့်မယ်၊ ဟား... ဟား... ဟား'

ဖွတ်မည်းအား ကြိမ်းမောင်းပြက်ရယ်ပြုသံများပေါ်ထွက်လာသည်။

ဆိုင်ထဲမှ လူဆိုးများ ထွက်သွားကြလေတော့သည်။

ထိုအခါမှ ဆိုင်အမှုထမ်းများ၏ ဆဲဆို လှောင်ပြောင်သံများ ပေါ်လာသည်။

'လူစွမ်းကောင်း သီပ်လုပ်ချင်တဲ့ကောင် ခံရတာစောင်နည်းသေးတယ်'

'ဒီကောင်တွေ အရက်ဖိုး ဘယ်တုန်းကများ ပေးလို့လဲ၊ အမ်းကောင်း ဝင်လုပ်တော့ သေမသွားတာတဲ့ ကံကောင်း'

www.burmeseclassic.com

www.burmeseclassic.com



'အစကတော့ ဟုတ်မလိုလိုနဲ့၊ အဖျားကျတော့ ရှုံးသွားတယ်၊ ဖွတ်မည်းနာမည်နဲ့တော့ လိုက်ပါပေတယ်ကွာ'

နှိမ့်ချပုတ်ခတ်သံများဖြင့် ဖွတ်မည်းအား ဝိုင်း၍ကောင်းချီးသြဘာပေးကြလေသည်။

ဖွတ်မည်းက မဖြုံ။ သည်းခံခြင်းတရားဖြင့် နှလုံးပိုက်ကာ ပတ်ဝန်းကျင်၏ ထိုးနှက်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။

ဤသို့ဖြင့် ဖွတ်မည်းနာမည်မှာ တစ်နေ့တခြား နိမ့်ကျလာပြီး အနှိမ်ခံဘဝသို့ ရောက်သည်ထက် ရောက်လာသည်။

အနိုင်ကျင့်ရန်စသူများလည်း ပေါ်များလာသည်။ နောက်ဆုံး ဖွတ်မည်းအား ယောကျ်ားမှ ဟုတ်ပါလေစဟု သံသယဖြစ်လာရလေတော့သည်။

မည်သို့ပင်ဆိုဆို၊ မည်သို့ပင်ပြုပြု ဖွတ်မည်းကတော့ ဂရုမစိုက်။ သူ့စရိုက်နှင့်သူ ခံယူချက်ကတစ်မျိုး။ အများ၏အမြင်မှာတော့ ထူးခြားပြီး သူ့အတွက်မခံချင်ကြ၊ အားမလို အားမရ ဖြစ်လာကြသည်။

အများနှင့်မတူ ကိုယ့်သဘောကိုယ်နေသူအား လူထူးဆန်းဟု ခေါ်ဆိုစမှတ်ပြုကြ၏။

အချို့က အရူးဟုပင် ပြောကြသည်။

ယင်းအနက် ဖွတ်မည်းဆိုသူမှာ အရူးထဲက အရူးတစ်ဦးတစ်ယောက်အပါအဝင် ဖြစ်သည်။

လူထူးပဲခေါ်ခေါ်၊ လူရူးပဲဆိုဆို ဖွတ်မည်းကတော့ တုံ့ပြန်မှုမပြု။ သူ့သဘော၊ သူ့စိတ်ကြိုက်၊ သူ့ခံယူချက်အတိုင်း နေရလျှင် ကျေနပ်နေသူပင် ဖြစ်သည်။



ဤကား အံ့သြယူရသော ဖွတ်မည်းပင် ဖြစ်သည်။

ယနေ့ ဖွတ်မည်းအတွက် အလုပ်ဖြင့် အရက်ကြေးဆပ်ရမည့် နောက်ဆုံးနေ့။

ဆိုင်ပိုင်အလုပ်သိမ်း၍ ဖွတ်မည်းတစ်ယောက် အိပ်ခန်းတွင် အနားယူ လဲလျောင်းလျက်ရှိ၏။

တောင်တွေးမြောက်တွေးနှင့် ဖွတ်မည်း တော်ရုံနှင့် အိပ်မပျော်။ မိမိအတွက် အကြွေးငွေများကျေပြီဖြစ်သောကြောင့် ဤဆိုင်မှ ထွက်ခွာသွားရပေတော့မည်။

သွားစရာ ဦးတည်ချက်မရှိ။ အလုပ်ကလက်မဲ့၊ သုံးစရာပိုက်ဆံဟူ၍ နတ္ထိ။ ရှေ့ဆက် ဘဝခရီးကို မည်သို့စခန်းသွားရမည်နည်း။

ဦးနှောက် အခြောက်ခံပြီး ဖွတ်မည်း ရှည်ရှည်ဝေးဝေး မတွေးတော့ပေ။

လောက၏ ဖြစ်သမျှကို ရင်ဆိုင်ကာ ဖြေရှင်းသွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် အိပ်ရာမှ ထလိုက်လေ၏။

သူ့အတွက် ပစ္စည်းပစ္စယ အထူး ကောက်သိမ်းစရာမလို၊ အင်္ကျီတစ်ထည် ကိုယ်တစ်ခုထက် သူ့တွင် အပိုပစ္စည်းဟူ၍မရှိ။ ခြေလှတ်လက်လှတ်သမား။

ဤနေရာ ဤအိပ်ရာထက်တွင် သူ့အတွက် အိပ်စက် အနားယူပိုင်ခွင့် ကုန်ဆုံးသွားလေပြီ။ သူ ဆိုင်မှ ထွက်ခွာသွားရပေတော့မည်။

ဖွတ်မည်း တံခါးပေါက်ဆီသို့ မျက်နှာပြုကာ ခြေလှမ်းမိစဉ်မှာ....

www.burmeseclassic.com

www.burmeseclassic.com



တံခါးတစ်ချပ်ပွင့်သွားပြီး ဆိုင်ရှင်မိန်းမကြီး ဝင်လာလေသည်။

'ဖွတ်မည်း...မင်းဘယ်သွားမလို့လဲ'

လေသံမှာ ယခင်ကလို မာကျောခက်ထန်မှု မရှိတော့ဘဲ ကရုဏာသက်ယယောင် ရှိသည်ဟုထင်ရသည်။

'ကျွန်တော် အကြွေးကျေပြီ၊ သွားတော့မယ်'

ဖွတ်မည်းက ခပ်ပြတ်ပြတ်ပင် ပြန်ဖြေလိုက်သည်။

'မင်းအတွက် အလုပ်ကြိုးစားခ အပိုဆုငွေကို ပေးဖို့ အခေါ်လာခဲ့တာ၊ ရော့ မင်းယူသွားပါ'

မိန်းမကြီးမှာ လက်ထဲ၌ ကိုင်ဆောင်ထားသော ငွေဒင်္ဂါးပြားများကို ဖျာပေါ်သို့ပစ်ပေးလိုက်၏။

ဖွတ်မည်းက ခေါင်းကိုခါယမ်းလိုက်၏။

'ကျွန်တော် ရသင့်ရထိုက်တဲ့လုပ်အားခကလွဲပြီး ကျွန်တော် ဘာကိုမှမယူချင်ဘူး၊ ကျွန်တော် သွားမယ်'

ဖွတ်မည်း လှည့်ပင်မကြည့်။ စားသောက်ဆိုင်မှ တစ်ခါတည်းလှည့်ကာ ထွက်ခွာလာခဲ့လေတော့သည်။

## အခန်း (၈)

ဖွတ်မည်း၊

သူ့နာမည် ဖွတ်မည်းဟု အမည်တွင်ခဲ့ရလေပြီ။

စားသောက်ဆိုင်၏ ဖြစ်ရပ်များကို ပြန်လည် တွေးတောရင်း ဖွတ်မည်းတစ်ယောက် လူခြေတိတ်ဆိတ်သော လမ်းမကြီးပေါ်တွင် ခြေဦးတည့်ရာ လျှောက်သွား နေလျက် ရှိလေသည်။

ဤသို့ ညမျိုးမှာ ဆောင်းလေကို အန်တုပြီး သွားနေသူတစ်ယောက်ကို ရှိပါလေစ ဟု အိမ်နွေးနွေးတွင် ကွေးကာကွေးပြီး အိပ်နေကြသူ များကတော့ သိကြမည် မဟုတ်ပါချေ။

အချိန်သည် တဖြည်းဖြည်း ကုန်လွန်သွားသည်။

လင်းကြက်တွန်သံကိုပင် ကြားလိုက်ရလေပြီ၊ ဖွတ်မည်း၏ ခြေလှမ်းတွေမှာ လျှောက်နေဆဲ၊ လှုပ်ရှားနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ ရောက်သောအခါ စျေးသည်တစ်ဦး၏ မုန့်အော်ရောင်းသံကို ရုတ်တရက် ကြားလိုက်ရလေသည်။

'မုန့်ဖက်ထုပ်... မုန့်ဖက်ထုပ်...ပူပူနွေးနွေး'

အသံမှာ သူနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

မုန့်သည်အသံကို ကြားလိုက်ရတော့မှ ဗိုက်ဆာမှန်း သိလာတော့သည်။ တစ်ကိုယ်လုံးမှာလည်း အအေး ဒဏ်ကြောင့် တောင့်တင်း ခဲအေးစက်ပြီး မထူနိုင် မသယ်နိုင် ဖြစ်နေလေသည်။

စျေးသည်အဘိုးအိုမှာ သူ့ရှေ့မှာ လူတစ်ယောက် လျှောက်လာသည့်အတွက် ဝမ်းသာအားရနှင့်....

'ဟော.... လူလေး၊ မုန့်ဖက်ထုပ် ပူပူ နွေးနွေး ဝယ်စားဦးလေ'

အဘိုးအို၏ စကားကြောင့် ဖွတ်မည်း၏လက်မှာ အိတ်ထဲသို့ နှိုက်လျက်သား ဖြစ်သွား၏။ တစ်ပြား တစ်ချပ်မျှ မရှိ။ ဆိုင်ရှင်က စေတနာနှ ပေးခဲ့သော ငွေစများကို ဖြင်းဆန်ခဲ့သည့်အတွက် နောင်တရမိသလိုဖြစ်သွားတည်။

'ဝယ်တော့ စားချင်ပါတယ် ဘဘရယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ပေးစရာပိုက်ဆံတစ်ပြားမှ မရှိဘူး'

အအေးဒဏ်ကို တစ်ညလုံး မိခဲ့သည့်အတွက် ဖွတ်မည်း၏ အသံမှာ တုန်တုန်ရီရီ ဖြစ်နေသည်။ ခန္ဓာကိုယ်ထဲ လည်ပတ်နေသော သွေးများပင် ခဲသွားလေသလား ဟုပင် ထင်မှတ်ရ၏။



စျေးသည်အဘိုးအိုမှာ ဖွတ်မည်း၏ ရိုးစင်းမှုကို ကြည့်ပြီး သနားသွားဟန်တူသည်။

'ပိုက်ဆံမရှိရင်လဲ အလကားပဲ စားသွား လူလေး ရော့.... ရော့....'

အဘိုးအိုမှာ စေတနာ အပြည့်နှင့် တောင်းထဲမှ ပူပူနွေးနွေး မုန့်ဖက်ထုပ်ကို နှိုက်ယူပြီး ဖွတ်မည်းအား လှမ်းပေးလိုက်သည်။

သူတစ်ပါး ပစ္စည်းကို ဖွတ်မည်းက အလကားယူစားလေမရှိ။ မတရားမှုကို ဖွတ်မည်း အမုန်းဆုံး၊ ဆင်းရဲ မွဲတေ သော်လည်း ရိုးသား ဖြောင့်မတ်၏။ မဆောက်ကျစ်။ ကြိုးစားပြီး ရိုးသားစွာ လုပ်ကိုင် စားသောက် လိုသော်လည်း ဖွတ်မည်း အတွက် အလုပ်ရှားသောကာလတွင်အလုပ်တစ်ခုရရန် မလွယ်ပါတကား။

အဘိုးအို ကမ်းပေးသော မုန့်ဖက်ထုပ်ကို ကြည့်ရင်း ဖွတ်မည်း မလှုပ်မယှက် ရပ်နေမိ၏။ အဘိုးအိုက ထပ်၍ တစ်ဖန် မုန့်ဖက်ထုပ်ကို ထိုးပေးရင်း ပြောပြန်၏။

'ဟော....လူလေး၊ ဘာ ကြောင်ကြည့် နေတာလဲ အဘက စေတနာနဲ့ ကျွေးတာပါကွ၊ မင်း ပိုက်ဆံ မပေးရပါဘူး'

'ကျွန်တော် သူများ ပစ္စည်းကို အလကား မစားတတ်လို့ပါ'

အဘိုးအိုမှာ သူစေတနာဖြင့် အတင်းပေးပြီး ကျွေးနေသော်လည်း စားသူက ကာင်းခံပြီး ငြင်းဆန်နေခြင်းကို ကြ

www.burmeseclassic.com



တစ်ဦးကိုသာ တွေ့ဖူးသည်၊ သူ့အား လူထူး လူဆန်း တစ်ယောက်ဟု မြင်မှတ်ပြီး စိတ်ဝင်စားသွား၏။

'အေး...မင်းလို လူမျိုးတော့ ဘဘ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ၊ ဘယ်မှာနေလဲ'

'ကျွန်တော့်မှာ နာမည် မရှိဘူး၊ ဒါပေမယ့် သူများကတော့ ဖွတ်မည်းလို့ ခေါ်ကြတယ်၊ နေစရာအိမ်မရှိဘူး၊ ဘယ်သွားရမှန်းလဲ မသိဘူး၊ အခု ခြေဦးတည့်ရာ လျှောက်သွားနေတာပဲ'

'ဒါဆို မင်းမှာ မိဘတော့ မရှိဘူးလား'

မရှိဘူး၊ ငယ်ငယ်ထဲက ဆုံးသွားကြပြီ'

'အင်း.... လူလေးက တစ်ကောင်ကြွက်ပဲကိုး၊ ကဲ... လော လောဆယ် အချမ်းပြေသွားရအောင် မုန့်ဖက်ထုပ်ကလေး တော့ စားလိုက်ပါဦး၊ မင်းက အလကား မစားချင်ဘူးဆိုမှ တော့ ဘဘနဲ့အတူ မုန့်ဖက်ထုပ် လိုက်ရောင်းပေး နေစရာမရှိ ရင်လဲ ဘဘတို့အိမ်မှာ လိုက်နေပေါ့ကွာ'

'ဒီလိုဆိုရင်တော့ ကျွန်တော် စားပါ့မယ် ဘဘ'

ဖွတ်မည်းက အဘိုးအိုကမ်းပေးသောမုန့်ဖက်ထုပ်ကို လှမ်း ယူလိုက်သည်။ ဆာလောင်မွတ်သိပ်နေသည့်အတွက် မုန့်ဖက် ထုပ်နှစ်ထုပ်မှာ ဖွတ်မည်းအတွက် နှစ်လုတ်နှင့်ပင် ကုန်သွား လေသည်။

မဝသေးမှန်းသိသဖြင့် အဘိုးအိုကနောက်ထပ် မုန့်ဖက်ထုပ် နှစ်ထုပ်ကိုနှိုက်ယူကာ ဖွတ်မည်းအားပြုံး၍ကမ်းပေးလိုက်လေ သည်။



'လူလေး...မဝသေးဘူး မဟုတ်လား၊ ရော့... ယူ၊ ထပ်စား ဦး၊ ဘာမှအားမနာနဲ့ကွနော်'

ဆင်းရဲသော်လည်း ဖော်ရွေမှု အပြည့်နှင့် ရက်ရောစွာ ပေးကမ်းကျွေးမွေးနေသော အဘိုးအိုအစေတနာကို မြင်တွေ့ သောအခါ ဖွတ်မည်းစိတ်ထိခိုက်သွား၏။

စားသောက်ဆိုင်၏ဖြစ်ရပ်ကို ချက်ချင်းပင် ပြေး၍သတိရ သွားမိလေသည်။

'မှတ်ထား၊ သာမဆို အလကားတော့မရဘူး၊ ပိုက်ဆံမပေး နိုင်ရင် ဆိုင်ရဲ့ထုံးစံအတိုင်း လုပ်ရမှာပဲ'

ဆိုင်ရှင်မိန်းမကြီး၏ အော်ငေါက် မာန်မဲသံကို ပြန်လည် ကြားယောင်နေမိ၏။

အဘိုးအို ထပ်ပေးလာသော မုန့်ဖက်ထုပ်နှစ်ထုပ်ကို ဖွတ် မည်းစားလိုက်ပြန်သည်။

မုန့်ဖက်ထုပ်လေးထုပ် ဝမ်းထဲသို့ဝင်သွားခဲ့မှ ဆာလောင် မွတ်သိမ်းမှုဒဏ်မှ အစော်ပင်သက်သာသွားလေသည်။ အဘိုး အိုအား ကျေးဇူးတင်မိ၏။

'ကျွန်တော်ဝပါပြီ အဘ၊ မုန့်ဖက်ထုပ်တောင်း ကျွန်တော့် ကိုပေး၊ ကျွန်တော်ထမ်းပေးမယ်'

ဖွတ်မည်း၏သဘောထားကို သိသွားပြီ ဖြစ်သည့်အတွက် အဘိုးအိုမှာ ကြည်ကြည်ဖြူဖြူပင် ဖွတ်မည်း ထောင်းသော မုန့်ဖက်ထုပ်တောင်းကို လှမ်းပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲ .. ဘဘ၊ အချိန်ရှိတုန်း လျှောက်ရောင်းကြရအောင်'

သို့ဖြင့် အဘိုးအိုက ရွှေ၊ ဖွတ်မည်းကနောက်မှ မုန့်ဖက်ထုပ် တောင်းကိုထမ်းကာ တစ်လမ်းဝင် တစ်လမ်းထွက်ဆိုသလို မုန့် ဖက်ထုပ်များကို အော်ရောင်းကြလေတော့၏။

....

## အခန်း(၉)

နံနက်အရုဏ်ကျင်း၍ မိုးလင်းစအချိန်သို့ ရောက်ခဲ့လေပြီ။ ဖွတ်မည်းတို့၏ မုန့်ဖက်ထုပ်မှာ ရောင်းကုန်သွားပြီ ဖြစ်သည့် အတွက် အိမ်သို့ပြန်လာကြလေသည်။

သမီးဖြစ်သူက အိမ်ဝမှနေပြီး အဘိုးအိုကို ကြိုဆိုစောင့်စား နေသည်ကို တွေ့လိုက်ရလေသည်။ ဤသည်က သူမ အတွက် ထုံးစံပမာ ဖြစ်နေသည်။

ဘဘပြန်လာမှ ဆန်ဝယ်ပြီး ဖြစ်သလိုဟင်းနှင့်တစ်နေ့စာ ဝမ်းစာရေးအတွက် ဖြေရှင်းသွားရမည်ပင်။

တစ်နေ့ရှာမှ တစ်နေ့စားရမည့်ဘဝ၊ ထို့ကြောင့် ဘဘ ပြန်အလာကို စောင့်မျှော်ရခြင်းပင် ဖြစ်သည်။ သူမ၏ နေ့စဉ် ပြုနေကျအလုပ်ပင်။

သူ၏ဖခင် ပြန်လာသည်ကို မြင်လိုက်ရသောအခါ မိန်းမပျို မှာ ဝမ်းသာပျော်ရွှင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော အော ပြန်လာ…ဟင်'

မိန်းမပျိုမှာ သူ၏ ဖခင်အား ဝမ်းသာအားရလှမ်းကြိုနှုတ်ဆက်ရာမှ သူစိမ်းယောကျ်ားတစ်ဦးကို ရုတ်တရက် လှမ်းမြင်လိုက်သည့်အတွက် စကားမှာမဆုံးဘဲ လမ်းလယ်မှာရပ်သွားသည်။

အဘိုးအိုက ပြုံး၍မိတ်ဆက်ပေးလိုက်၏။

'ဒါနဲ့ သမီးကို မိတ်ဆက်ပေးရဦးမယ်၊ ဒီသူငယ်ဟာ ဒီနေ့ ငဲဟာဘာနဲ့စပြီး သိကျွမ်းခဲ့တယ်၊ သူ ဗိုင်းကူရောင်းပေးလို့ ဗီကာ ခနေ့ ဘဘအိမ်ကို စောစော ပြန်လာတာပေါ့'

မိန်းမပျိုက ဖွတ်မည်းအား တစ်ချက်ကြည့်ကာ ပြုံးလိုက်သည်။

'အိမ်ထဲကိုဝင်ပါ အစ်ကို'

ကြည်လင်စွာဖြင့် ညွှတ်ပြလိုက်ရာ မထေမရိုးစင်းပြီး ဟန်ဆောင်မှုကင်း၏။ ဖွတ်မည်း၏စိတ်ထဲတွင် နွေးထွေးသွားခဲ့ရသည်။

ဖွတ်မည်း အိမ်ထဲသို့လှမ်းဝင်လိုက်၏။ မိန်းမပျိုက တံခါးကို ပြန်ပိတ်လိုက်၏။

ခက်ခဲစွာအသက်ရှူသံနှင့်အတူ တဟွတ်ဟွတ် ပေါ်ထွက်လာသောချောင်းဆိုးသံများက သူ့အားဆီးကြိုလိုက်သည်။

ရင်ကြပ်ပန်းနာ လူမမာတစ်ဦး ဖွတ်မည်း၏မျက်လုံးထဲမှာ ကြိမ်းပြင်ပေါ် လဲလျောင်းနေသော လူမမာဆီသို့ ရောက်ရှိသွား၏။

သမီးဖြစ်သူမှာ မိခင် လူမမာ၏ အပြေးကလေးရောက်ရှိ



သွားပြီး လူမမာအား ယူမကာ၍ ထိုင်လျက်အနေအထားသို့ ပြောင်းလဲပေးလိုက်လေ၏။

ပြီးတော့ ရေနွေးကလေးတစ်ခွက်ကို မိခင်လူမမာအား တိုက်လိုက်သည်။

ဆင်းရဲမွဲတေသူများသည် တော်ရုံတန်ရုံ ရောဂါများကို သူတို့မမှု၊ ကုစရာဆေးဖိုးဝါးခလည်း မရှိ။

တစ်နေ့ရှာမှ တစ်နေ့ စားရသည့်ဘဝ၊ အဘယ်မှာလျှင် ဆေးဖိုးဝါးခပေးနိုင်မှာလဲ။

ဆရာသမားတော်များကို ပင့်ရန် စိတ်ကူးထဲပင် သိုးဝ မထည့်နိုင်ပေ။

သူတို့အဖို့ ကံစီမံရာ ခံကြရသည်၊ အဘယ်သို့တတ်နိုင်မည်နည်း။

မိန်းမပျိုကဖို့ မိခင်အိုအား တိုက်ကျွေးစရာဟူ၍ ရေနွေးမှအပ အခြားဟာမျှမရှိ

လူမမာမှာ ရင်ထဲတွင်နွေးထွေးသွားသောကြောင့် ရောဂါအခြေအနေ ခေတ္တမျှသက်သာသွားသယောင်ရှိသည်။

သို့သော်လည်း ခဏသာ၊ ရောဂါ သက်သာမှုမရဘဲ ပြန်ဖောက်လာလေသည်။

ရေနွေးသည် ဆေးမဟုတ်ပါ၊ ထို့ကြောင့် ရောဂါကို မည်သို့ သက်သာစွမ်းပေးမည်နည်း။

လူနာ ချောင်းဆက်တိုက်ဆိုးလာသည်၊ အသက်ရှူရသည်မှာလည်း ပို၍ကျပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူမှာ မျက်ရည်စက်လက်နှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

ဖခင် မချိမဆံ့ ခံနေရခြင်းကိုကြည့်ပြီး မိန်းမပျို၏ ရင်ထဲတွင် ခံစားနေရသည်။ တတ်နိုင်လျှင် ဖခင်၏ဝေဒနာကို လွှဲပြောင်းယူပြီး မိမိသာ ခံစားလိုက်ချင်သည်။

ရင်ကြပ်ပန်းနာရောဂါတို့မည်သည် လူနာရှင်အား အချိန်မရွေး သေမင်းလက်သို့ ပို့ပေးနိုင်၏။

ရောဂါသည်ဇနီးနှင့် အရှုံးမီးဝိုင်းနေသလို ဖြစ်နေသောသမီးကိုကြည့်ပြီး အဘိုးအိုမှာ အံကိုတင်းတင်းတစ်ချက်ကြိတ်လိုက်သည်။

'သမီး....သမားတော်ကိုသွားပင့်၊ ရော့....ဒီမှာပိုက်ဆံတွေယူသွား'

အဘိုးအိုသည် မုန့်ဖက်ထုပ်ရောင်းခဲ့ရသောငွေအားလုံးကို သမီးဖြစ်သူအား ကမ်းပေးလိုက်၏။

မိန်းမပျိုမှာ အံ့သြတွေဝေသောမျက်လုံးဖြင့် ဖခင်ဖြစ်သူအား ကြည့်နေမိသည်။

ထိုခေတ် ထိုအခါတွင် သမားတော်ပင့်ခေါ်ခြင်းမှာ ကုန်ကျငွေ လွန်စွာများပြားသည်။ တော်ရုံတန်ရုံနှင့် သမားတော်ကို မပင့်နိုင်ကြချေ။

အထူးသဖြင့် ဆင်းရဲသား လက်လုပ် လက်စားများမှာ သမားတော်ပင့်ခေါ်ခြင်းကိစ္စကို စိတ်ကူးထဲတွင်သော်မှမထည့်ံကြချေ။



ယခု အဘိုးအိုက သူ၏သမီးအား သမားတော်ကို ပင့်ခေါ်ရန် စေခိုင်းလိုက်လေပြီ။

ဝမ်းစာရေးကို ဥပေက္ခာပြုကာ ရောဂါကုသမှုကို ဦးစားပေးလိုက်သည့် ဖခင်၏ ဆုံးဖြတ်ချက်ကို မိန်းမပျို နားလည်သဘောပေါက်မိသည်။

ဖခင်၏ဆုံးဖြတ်ချက် မှန်ကန်သည်ဟု ယူဆမိသောကြောင့် မိန်းမပျိုမှာ ဖခင် ကမ်းပေးသော ငွေစများကို လှမ်းယူကာ သမားတော်ပင့်ခေါ်ရန်အတွက် အိမ်မှထွက်ခွာလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

အချိန်မှာ ယိုသာစွာဖြင့် တရွေ့ရွေ့ တဖြည်းဖြည်း ကုန်သွား၏။

မွန်းတည့်ချိန်ပင် ရောက်ခဲ့လေပြီ။ သမီးဖြစ်သူက ပေါ်မလာသေး။

ပေးလိုက်သောငွေ မလုံလောက်၍ သမားတော်က မလိုက်ဘဲ ဖြစ်နေရလေသလော၊ ဒါမှမဟုတ် လူနာများနေ၍ မလိုက်နိုင်ရှိနေသလား။

သို့လော သို့လောနှင့်တွေးပြီး သမီးပြန်အလာကို လည်တငံ့ငံ့နှင့် စောင့်မျှော်နေသော ဖခင်အဘိုးအိုမှာ ရင်မောခဲ့ရလေသည်။



ယခုအချိန်ထိ သမီးပြန်မလာသေးပုံရ အနှောင့်အယှက် သို့မဟုတ် တစ်ခုခုတော့ ဖြစ်နေပြီဟု အဘိုးအို တွက်ဆမိလိုက်သည်။

မကြာပါ။

အိမ်ဝသို့ မြင်းရထားတစ်စီး ထိုးဆိုက်လာသည်၊ သမားတော်ပင့်၍ သမီးပြန်ရောက်လာလေပြီ။

မိန်းမပျိုမှာ ရထားပေါ်မှ အလျင်စလို ဆင်းလိုက်သည်။

အိမ်ဝတွင် မျက်စိမျက်နှာပျက်ကာ ရပ်နေသော ဖခင်ကို မြင်လိုက်သည့်အတွက် မိန်းမပျို၏ ခြေလှမ်းမှာ တုံ့ဆိုင်းသွားသည်။

'သမီးအလာ နောက်ကျသွားပြီကွယ်၊ မင်းအမေဆုံးပြီ သမီးရဲ့'

ဆို နှင့်ကြေကွဲစွာ ပြောလိုက်သော ဖခင်၏ စကားကြောင့် မိန်းမပျိုမှာ နားထဲ သံရည်ပူ အခဲလောင်းခံလိုက်ရသည့်အလား ခံစားလိုက်ရသည်။

မိန်းမပျိုမှာ သွေးရူးသွေးတမ်းနှင့် အိမ်ထဲသို့ ပြေးဝင်သွားလေသည်။

'တောက်၊ လူသေတော့မှ လာခေါ်တာ နာမည်ပျက်သကွာ'

သမားတော်၏ မကျေမနပ်ဖြင့် ပြောဆိုလိုက်သံကိုတော့ မိန်းမပျို ကြားနိုင်တော့မှာ မဟုတ်ပါ။ အိမ်ခန်းထဲမှာ စိတ်မချမ်းသာစရာ ဖြစ်၏။

အရှိုးမီးရိုင်းသည့်အတိုင်း တရှုံ့ရှုံ့ဖြင့် ငိုကြွေးမြည်တမ်း

www.burmeseclassic.com

www.burmeseclassic.com



နေသော မိန်းမပျိုကိုကြည့်ပြီး ဖွတ်မည်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

၁။ မည်သို့တတ်နိုင်မည်နည်း။ ဖွတ်မည်းအတွက် မည်သည့် နေရာပဲရောက်ရောက် ဆင်းရဲဒုက္ခနှင့်သာ ရန်ဆိုင်ကြုံတွေ့နေရ သည်။

မရှောင်လွှဲ၍မရ။ မလွှတ်ကင်းနိုင်။ ဒုက္ခဝဋ်နှင့် ပက်ပင်းတိုး နေရသော ဖွတ်မည်း၏ ဘဝ။

တကယ်တော့ ဒုက္ခနှင့် ဖွတ်မည်းလို ကံဇာတ်ဆရာက တမင်ဆက်စပ်ထားလေရော့သလားဟု ထင်စရာပင်ဖြစ်လာလေ တော့သည်။

မိန်းမပျိုမှာ တော်တော်နှင့် အငိုမရပ်၊ မိခင်၏အသက် မမီ လိုက်သည့်အတွက်လည်း ရင်ထုမနာ ဖြစ်၍နေရသည်။

သမီးကို ခွင့်လွှတ်ပါ မေမေရယ်၊ သမီး သမားတော်ကို ပေးဖို့ ငွေကပ်ပြီးလိုနေလို့ လိုက်ရှာနေတာနဲ့ နည်းနည်း ကြာ သွားရတာပါ၊ သမီး ငွေရအောင်ရှာမပေမယ့် ခုတော့ မေမေ ဆုံးပြီ၊ သမီး ဒီငွေ ဘာလုပ်တော့မှာလဲ၊ မလိုချင်တော့ဘူး

မိန်းမပျိုမှာ မိမိ ရှာကြံခဲ့ရသော ငွေစများကို ကြမ်းပေါ် သို့ လွှင့်ပစ်လိုက်လေသည်။

ထိုမျှများပြားလှသော ငွေစများက အထပ်လိုက် ကြမ်း ပြင်ပေါ် ပြန့်ကျဲသွားသည်ကို မြင်တွေ့သော ဖခင်ဖြစ်သူ အဘိုး အိုမှာ မျက်လုံးပြူးသွားသည်။

'မာင်...ဒါလောက်များလှတဲ့ ငွေတွေကို သမီး ဘယ်က ရခဲ့သလဲ'



မိန်းမပျိုမှာ မည်သို့မျှ ပြန်မဖြေ။ ထူ ဖြေနိုင်စွမ်းလည်း မရှိ။

သူမ၏ ဘဝတစ်သက်တာတွင် တစ်ခါမှ မလုပ်ခဲ့ဖူးသော အလုပ်ကို သူမ လုပ်ခဲ့လေပြီ။

ဖခင်၏အမေးကို သူမ မည်သို့ဖြေကြားရမှာလဲ။

ဖခင်၏ရင်ခွင်ထဲသို့ ပြေးဝင်ကာ ငိုကြွေးမိသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှခြေသံ ကြားလိုက်မိသည်။စား လယ်ထားသော လူသုံးယောက် အိမ်ထဲသို့ ဝင်လာ၏။

မိန်းမပျိုကို မြင်လိုက်သည်နှင့် ရှေ့ဆုံးမှ ဓားလွယ်ထားသူက အသံခပ်မာမာနှင့်....

'ဟေ့...ကလေးမ၊ မင်းကို သူဌေးမင်းက ခေါ်နေတယ်၊ ကောပြန်လိုက်ခဲ့ဦး'

ထိုစကားကြားလိုက်ရသည်နှင့် မိန်းမပျိုမှာ ဒေါသကြီးစွာ ထွက်သွား၏။ အသားတဆတ်ဆတ်တုန်ကာ အံကို တစ်ချက် ကြိတ်လိုက်ပြီးမှ....

'အာ...ဘာပြောတယ်၊ သူဌေးမင်း မောက်လို့ ဘယ်သူကမှ ခေါ်ခေါ် ကျွန်မ မလိုက်နိုင်ဘူး၊ ရှင်တို့ရဲ့ ပိုက်ဆံတွေကိုလဲ မလိုချင်တော့ဘူး၊ ကြမ်းပေါ်မှာ တွေ့သား၊ အားလုံး ပြန် ယူသွား'

ဓားသမားက မချိုမချဉ်မျက်နှာဖြင့် တစ်ချက်ပြုံးလိုက် ပြီး....

'မင်းမလိုက်လို့ မဖြစ်ဘူး၊ မင်းမ ပါရင် ငါတို့လဲပြန်ပြီးမပြစ် ဘူး၊ ကဲ...ပြောနေကြာတယ် လိုက်ခဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည် ဆုံးနေသည့်အမြင် သမီးဖြစ်သူကပါ တပ်ပြီး အစော်ကားခံလိုက်ရသည်ကို မြင်တွေ့သောအခါ ဖခင်အဘိုးအိုမှာ ဒေါသမထိန်းတော့ဘဲ ရှန်းကန်ပေါက်ကွဲလာလေတော့သည်။

ချက်ချင်းပင် နံရံပေါ်တွင် ချိတ်ဆွဲထားသောဓားကို ဆွဲယူလိုက်ပြီး ရန်သူအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

နာကြည်း ခံပြင်းစိတ်ဖြင့် ဒေါသထွက်ကာ ရန်သူအား တိုက်ခိုက် လိုက်ရသော်လည်း ပညာချင်းက ကွာခြားလွန်းနေသည့်အတွက် အဘိုးအိုခမျာ မရှုမလှ ခံလိုက်ရလေတော့သည်။

'အား'

အော်သံနှင့်အတူ အဘိုးအိုမှာ ရန်သူ၏ ဓားချက်မိကာ သွေးအိုင်ထဲတွင် လဲကျသွားလေလေတော့သည်။

ဖခင်၏ဖြစ်အင်ကို မြင်တွေ့လိုက်ရသောအခါ မိန်းမပျိုမှာ ရန်သူ့လက်ထဲမှရုန်းထွက်ကာ ဖခင်ထံသို့ ပြေးသွားလေသည်။

'ဖင် ဘာဘ...ဘာဘ၊ ဒေါ်လို့ပဲ မရတော့ဘူး၊ အစ်ကို လုပ်ပါဦး'

မိန်းမပျိုအတွက် ထွက်စရာမျက်ရည်မရှိတော့ချေ။ အားကိုးစရာခုယ်လို့ ဖွတ်မည်း တစ်ယောက်သာ ရှိတော့သည့်အတွက် အကူအညီ တောင်းလိုက်ခြင်းပင် ဖြစ်သည်။



'ဟား...ဟား...ဟား၊ နင်တို့ ငါ့တို့ကိုအန်တုရင် ဘယ်လိုဖြစ်မယ်ဆိုတာ သိ...သိ'

သူ၏စကားသံပင် မဆုံးလိုက်ရ၊ ခွပ်ဟူသော ခေါင်းချင်းရိုက်သံပစ်ချက် မြင်းထန်စွာ ပေါ်ထွက်လာပြီး ဓားသမားနစ်ယောက် လဲကျကာ အသက်မျောက် သွားသောတော့သည်။

ကြီးမားသော အင်အားနှင့် လျင်မြန်မှုများမှာ မကြုံစဖူးအံ့အားသင့်ဖွယ်ရာပင်။

လက်စွမ်းပြလိုက်သူကတော့ အခြားသူမဟုတ်၊ ဖွတ်မည်းပင်။ ထိုမျှသာသယ်ရှိစရာမလို၊ မယုံနိုင်စရာကောင်းလှသည်။

ကျန်ဓားသမားတစ်ဦး မျက်လုံးပြူးကာထိတ်လန့်သွား၏။ သူ၏တစ်သက်တာတွင် ဤလိုပညာစွမ်းမျိုး တစ်ခါမျှမမြင်ဖူးခဲ့။ ချက်ချင်းပင် ခေါင်းထဲအသိတရားဝင်လာပြီး နောက်ကြောင်းပြန်လှည့်ပြေးပါလေတော့သည်။

သနားစရာကောင်းလိုက်သည့် ငနဲ၊ သေရမှာတော့ကြောက်ကြသည်။ ကိုယ် အလှည့်ကျတော့ တစ်မျိုး။

ဖွတ်မည်း ဆက်မလိုက်ချေ။ ဓားသမား တစ်ယောက်ကိုတော့ သူ့အသက်ချမ်းသာပေးလိုက်သည်။

သည်းခံခြင်းတရားသည် အထိ[illegible]ထက် ကျော်လွန်လာရင်တော့ တုံ့ပြန်မှုကစ်ခုခုတော့ ရှိရပေမည်။

ဖွတ်မည်းအတွက် သည်းခံခြင်းတရားသည် အဆုံးသို့ရောက်သွားလေပြီ။

သည်တော့ ဖွတ်မည်း လက်စွမ်းပြလို ရခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်အတွက် ရန်သူ၏ အသက်ကိုခြွေကာ ကလဲ့စားချေ လိုက်သည့်အတွက် မိန်းမပျိုမှာ ကျေနပ်သွား၏။

သို့သော် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ပြဿနာတစ်ရပ်ကို စဉ်းစားမိသောအခါ ဖွတ်မည်းအတွက် စိုးရိမ်မကင်းဖြစ်မိလေသည်။

'အစ်ကို ဒီကနေထွက်သွားရင်ကောင်းမယ်၊ သူတို့မကြာခင် ဒီကိုအုပ်စုနဲ့ပြန်လာကြမှာ သေချာတယ်'

'အစ်ကို့အတွက် ညီမမပူနဲ့၊ ညီမအတွက် ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားပါ'

'မိဘမရှိတော့တဲ့ ညီမ ဘဝအတွက် အသက်ရှင်နေရလို့ ဘာမှမထူးဘူး၊ သေတော့ကော ထပ်ပြီး ပိုမဆိုးသွားပါဘူး'

'ညီမအတွက် အစ်ကိုလဲ စိတ်မကောင်းဖြစ်မိတယ်၊ ခုကွဲ ဆင်းရဲခြင်း အကုသိုလ်ဆိုတာအဖော်ပြုပြီး နေတတ်ကြတယ်၊ ကံနိမ့်လာပြီဆိုရင် အစုလိုက်အပြုံလိုက် ဝင်ရောက်နှိပ်စက်ကြတယ်၊ ခံနိုင်ရည်ရှိသူတွေက ဘဝကိုအောင်နိုင်သူအဖြစ် ဆက်လက် ရပ်တည်သွားကြပေမယ့် ခံနိုင်ရည် မရှိသူတွေကတော့ ဘဝကို လက်မြှောက် အရှုံးပေးသွားကြတယ်၊ တကယ်တော့ ညီမနဲ့ အစ်ကိုဟာ ဘဝကံတူ အကျိုးပေးတူတွေပါ၊ ဘာမှ အားမငယ်နဲ့၊ ရှေ့ဆက် ဘဝတိုက်ပွဲ ရင်ဆိုင်ဖို့အားတင်းစမ်းပါ'

ဖွတ်မည်းမှာ လေးနက်သောစကားကို ပြောဆိုရင်း မိန်းမပျိုအား နှစ်သိမ့်အားပေးနေရှာသည်။



'အစ်ကိုပြောတာ မှန်ပေမယ့် ညီမမှာ ဘဝကို ရင်ဆိုင်ဖို့ သတ္တိမရှိဘူး၊ အင်း... မေယန်... မေယန်၊ နင့် လူပြည်ကို ရောက်လာတာ ဝဋ်ဒုက္ခခံဖို့ သက်သက် ရောက်လာတာများ လား'

ငှကြေးမပြည့်ကိုသော်လည်း မိဖမွေနှင့် လောက အလယ် တွင် ချက်နှာ မငယ်ခဲ့ရသော မေယန်၏ ဘဝ၊ ယခု မိဆုံး ဖဆုံး ဘဝတစ်ခုလုံး အမှောင်ဖုံးခဲ့ရလေပြီ၊ တစ်ဒင်္ဂအချိန် လေး အတွင်းမှာပင် သူ၏ ဘဝကို အကြီးအကျယ်ပြောင်းလဲ မှုဖြစ်သွားခဲ့သည်က ရင်နာစရာကောင်းလှသည်။

မေယန့်အတွက် အဆိုနာလှန်းသည်ဟု ဆိုကြမလား၊ မည် သို့ပင်ဆိုစေ ဘာဘဝ ခေလှန်းလှပါသည်။

ထိုစဉ်...

'ဝုန်း'

ဟူသောတံခါးရွက်ပွင့်သွားခဲ့ပြီး လူတစ်ယောက် အိမ်ဝ တွင် ဘားခနဲ ပေါ်လာသည်။

ပြင်းထန်လိုက်သည့် လက်သီးတိုးချက်ကြောင့် တံခါးရွက် အောင်ပင်ပြုတ်ထွက်သွားနိုင်သည်၊ လက်သီးရှမ်းက အံ့မခန်း ကြုပင်၊

သူ နောက်ဖက်မှာတော့ ဓားလွယ်ကိုင်ရင်နေသောလူတစ်စု ကို တွေ့ရသည်။

ရှင်းနေသည်၊ ဖွတ်မည်းကို ဖမ်းဆီးရန် ရောက်လာသူ တွေ။

လက်သီးရှမ်းပြလိုက်သူ ခေါင်းဆောင် ဖြစ်ပုံရသော

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်က ဖွတ်မည်းအား တစ်ချက် အကဲခတ် ကြည့်ရှုလိုက်ပြီး....

'မင်းလား... ငါ့လူ နှစ်ယောက်ကို သတ်လိုက်တာ'

'ဟုတ်တယ်၊ ငါပဲ'

'မင်းနာမည်ကရော'

'ဖွတ်မည်း'

'လက်စသတ်တော့ အသုံးမကျတဲ့ ဖွတ်မည်း ဆိုတာ မင်းကိုး၊ မှတ်ထား... ကျုပ်နာမည် ကျောင်ပန်း၊ သံလက်သီး ကျောင်ပန်း'

'နာမည့်ကြ ဘာခေါ်ခေါ် မဆိုင်ဘူး'

'ဒါပေမယ့် ကျုပ် လက်သီးက လူမရွေးဘူး'

'ဟုတ်လား'

'လက်သီးချက် အရသာ သိသွားအောင် မင်း တစ်ချက်လောက် မြည်းကြည့်စမ်းပါလား'

စကားဆုံးသည်နှင့် သံလက်သီး ကျောင်ပန်း၏ ညာဘက်လက်သီးတစ်လုံး ဖွတ်မည်း၏ ရင်ဝတည့်တည့်ဆီသို့ ရောက်ရှိသွားသည်။

ဖွတ်မည်းက မည်သို့မျှ တုံ့ပြန်မှုမပြု၊ ရှောင်ရှားခြင်းမရှိ။

မေယန်-မျက်လုံးစုံမှိတ်ကာ အလန့်တကြား အော်မိလေသည်။

အရိုးအဆက်ကျိုးသလို ဝီဝီပြင်ပြင် ကြားလိုက်ရ၏။ ရင်ညွန့်ရိုးတို့ ကျိုးသံတော့ မဟုတ်၊ လက်သီးရိုး ကျိုးအက်သံ၊



သံလက်သီး ကျောင်ပန်း၏ လက်သီးရိုးကျိုးအက်ကြေမွသွားခြင်းပင် ဖြစ်လေသည်။

ရန်သူ၏လက်သီးချက် မိမိအား ထိမှန်တော့မည့် တဒင်္ဂ အချိန်ကလေးမှာပင် ဖွတ်မည်း၏ လျှင်မြန်သောလျှပ်တစ်ပြက် တန်ပြန်လက်သီးချက်ကြောင့် အပြောစကားကြီးသည့် သံလက်သီး ကျောင်ပန်း မရှုမလှ ခံသွားရခြင်းပင် ဖြစ်သည်။

နာကျင်လွန်းသည့်အတွက် တဆတ်ဆတ်တုန်ကာ သံလက်သီးခမြာ အလူးလူးအလှိမ့်လှိမ့် ဖြစ်နေရှာတော့သည်။

ခရီးသွားတစ်စုမှာ မည်သူမျှ မလှုပ်ဝံ့၊ မရှားဝံ့။

ဖွတ်မည်းက မျက်စိတစ်ချက်ဝေ့ကာ ကြည့်လိုက်ပြီး ...

'ခင်ဗျားတို့ရဲ့ သူဌေးမင်းကို ပြောလိုက်စမ်းပါ၊ ကျုပ်အသက်ကိုလိုချင် နောက်ထပ် သိုင်းသမားကောင်းကောင်း တစ်ယောက်ကို ထပ်ရှာလိုက်ပါဦးလို့၊ ဒါလောက် လက်ရည်မျိုးနဲ့တော့ ကျုပ်ကို လာစမ်းလို့ မရဘူးမှတ်'

* *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကယ်ပိုင်ရှင် သူဌေးကြီးဆောင်မင်း၏ အိမ်ခန်းမဆောင်တွင် သံလက်သီးကျောင်းပန်းနှင့် တပည့်သိုင်းသမားများ ရောက်ရှိနေကြသည်။ အထိနာခဲ့ရသဖြင့် သူဌေးကြီးဆောင်မျက်နှာထားမှာ မကြည်မသာနှင့် အမျက်ပေါက်နေပုံရ၏။ မည်သူမျှ သူဌေးကြီးကို မော်၍မကြည့်ဝံ့ဘဲ ခေါင်းကို ငုံ့ထားကြ၏။

'မင်းတို့ပြောတဲ့ ကောင်လေးရဲ့နာမည်က ဘာတဲ့လဲ'

ရုပ်မျက်ခေါင်းပျက်ခံခဲ့ရသော တပည့်များကို အားမလို အားမရကြည့်ပြီး သူဌေးဆောင်မင်းက ရုတ်တရက် မေးလိုက်၏။

'ဖုတ်မည်း၊ အသုံးမကျတဲ့ ဖုတ်မည်း'

သံလက်သီး ကျောင်းပန်းက မဝံ့မရဲ ဖြေကြားလိုက်သည်။



'ဖုတ်မည်း၊ အသုံးမကျတဲ့ ဖုတ်မည်း'

ဆောင်မင်း၏မျက်နှာထားမှာ ရုတ်တရက် တင်းမာသွားပြီး သံလက်သီး ကျောင်းပန်းအား စူးစိုက်စွာ တစ်ချက် ကြည့်လိုက်၏။

'သူက အသုံးမကျတဲ့ဖုတ်မည်း၊ မင်းက သံလက်သီး ကျောင်းပန်း ဟုတ်လား'

'ဟုတ်ပါတယ်'

'မင်း လက်သီးထက် သူ့လက်သီးက ပိုပြီး စွမ်းသွားသလား'

သံလက်သီးကျောင်းပန်း မဖြေကြားနိုင်၊ ခေါင်းငိုက်စိုက် ချကာ အ[illegible]ဖြူစီးတားသောလက်ကို ကြည့်ရင်း ဝန်ခံလိုက်သည်။

'သူ့လက်သီးက ပိုပြီး စွမ်းပါတယ်'

'မင်းနဲ့သူ ဘယ်သူက လူစွမ်းကောင်းလဲ'

'သူက လူစွမ်းကောင်းပါ'

'ဒါဖြင့် အသုံးမကျတာ မင်းလား သူလား'

'ကျွန်တော်ပါ'

'ဒါဖြင့် မင်း သံလက်သီးကျောင်းပန်းလို့ မှည့်တာ မှားနေပြီပေါ့'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဒီကနေ့ကစပြီး မင်းရဲ့နာမည်ကို အသုံးမကျတဲ့ ခွေးခြေး လို့ ပြောင်းလိုက်ဖို့ ကောင်းတယ်'

ဆောင်မင်း၏ စကားကြောင့်၊ သံလက်သီး ကျောင်းပန်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် အဆောင်ပင် အသိနာ အခံရက်ခက်သွားသည်။ မျက်နှာ အကြီးအကျယ်ပျက်ကာ အများရှေ့မှာသို့ ရှက်လည်း အဆောင်ပင် ရှက်သွား၏။

အခြေအနေ တော်တော်ဆိုးရွားနေသည့်အတွက် ထောင်မင်း၏ ညာလက်ရုံး ကူးလောင်က ဝင်ရောက် ဖေးကူပြောလိုက်ရသည်။

'သူ့ အစွမ်းကုန်တော့ ကြိုးစားပါတယ် ခင်ဗျာ'

မည်သူက မည်သို့ပင် ချောင်းဖျဖျ ပြောဆိုပေမယ့် ထောင်မင်းဆိုသူကတစ်မျိုး၊ လူခိုင်းသောအလုပ် အောင်မြင်မှုရှိမှ ကြိုက်၏။ ယခု အာမဟုတ်သည့် ဖွတ်မည်းလိုလူကို သူ၏ တပည့်ကျော် သံလက်သီး ကျောင်းပန်းဆိုသူက ရှုံးခဲ့ရသည့်အတွက် အားမကို အားမရ ဖြစ်သွား၏။

'ဒီကောင်ကို အနားပေးပြီး ဆေးကုပေးလိုက်'

'ဟုတ်ကဲ့...သူဌေးကြီး၊ ကဲ...ကျောင်းပန်းလိုက်ခဲ့ မင်း ဆေးဝါးကုသပြီး အနားယူရမယ်'

သံလက်သီးကျောင်းပန်းမှာ ညှိုးငယ်သောမျက်နှာထားနှင့် ကူးလောင်နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *



သူဌေးကြီး၏ ရုံးခန်းတွင် သူဌေးကြီး ထောင်မင်း၊ သူ၏ ညာလက်ရုံး အကြံပေးပုဂ္ဂိုလ် ကူးလောင်တို့ ခေါင်းချင်းဆိုင် အရေးတကြီးကိစ္စတစ်ခုကို ဆွေးနွေးနေကြ၏။

အရေးတကြီးကိစ္စဆိုသည်မှာ ဖွတ်မည်း၏ကိစ္စသာ ဖြစ်၏။ ကြာရှည်မှာ လွှတ်ပေးထားပါက မိမိအတွက် အကြီးအကျယ် အန္တရာယ်ဖြစ်မှာ သေချာသည်။

သည်တော့ ပေါ့ပေါ့နေ၍ မဖြစ်၊ ဖွတ်မည်းကို ရှင်းပစ်ရန် နည်းလမ်းရှာကြံရပေမည်။

'ဒီကောင်ဟာ အသုံးမကျတဲ့ ဖွတ်မည်းဖြစ်ပြီး ဘာလို့ ဒီလောက်တောင် အစွမ်းထက်နေရတာလဲ'

ထောင်မင်းက နားမလည်နိုင်အောင် ဖြစ်သည့်အတွက် မေးလိုက်သည်။

'ဒီကောင်ဟာ မထင်မရှား ဇာတ်မြှုပ်ထားခဲ့တဲ့ လူတစ်ယောက်ဖြစ်ရမယ်'

ကူးလောင်က သူ၏ထင်မြင်ယူဆချက်ကို သူဌေးမင်းအား တင်ပြလိုက်သည်။

ကူးလောင်း၏စကားမှာ မှန်နိုင်သည်။ အသုံးမကျသူ တစ်ယောက်မှာ အသုံးကျသည့်လူအဖြစ်သို့ ချက်ချင်း ကူးပြောင်းလာသည်ဆိုတော့ ဘဝဇာတ်မြှုပ်ထားသူပင် ဖြစ်သည်။

ကူးလောင်က...

'သံလက်သီး ကျောင်းပန်းဟာ ပေါ့ပေါ့တန်တန် လူတစ်ယောက် မဟုတ်ဘူး၊ သူ့ပညာနဲ့သူတော့ ...၊ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



အခကျော်အရမ်ော အချို့ဟာ သို့လက်အောက်မှာ အသက်ပျောက်ခဲ့ရသေးတာပဲ'

'ဒါကို ကျုပ်သိသားပဲ၊ ဒါကြောင့်မို့လဲ ငွေခင်ါး ငါ့ရဲ့ လစာငွေမြှုး ကျေးမွေးထားရမ်းထားတာပေါ့'

'ဟုတ်ပါတယ် သူဌေးကြီး၊ ဒါပေမယ့် ဟို အသုံးမကျတဲ့ ဖွတ်မည်းဟာ ဒီကောင့်ကို တစ်ချက်တည်းနဲ့ အပြတ်အနိုင်ယူသွားတယ်ဆိုတော့ ဖွတ်မည်းရဲ့ပညာဟာ မခေသေးဘူးလို့ ဆိုရမယ်'

ဖွတ်မည်းရဲ့ပညာစွမ်းကို အသိအမှတ်ပြုစွာဖြင့် ထောင်မင်းကလေးရဲ့ ချီးမြှုးလိုက်သည်။

'ခက်တာက ဒီကောင့်ရဲ့ဘဝမှန်ကို မသိသေးတာပဲ'

'ဟုတ်ပါတယ် သူဌေးမင်းကြီးရဲ့ မိန့်ကြားချက် အတိုင်း ကျွန်တော်တို့ လူပေါင်း ခြောက်ဆယ့်သုံးယောက်တိတိ စေလွှတ်ပြီး သတင်းထောက် လှမ်းနိုင်းထားပါတယ်၊ ပြန်ပို့လာတဲ့ သတင်းမှာ အခုထက်ထိ ဘယ်သူမှ စုံစမ်းထောက်လှမ်းလို့ မရနိုင်ကြသေးဘူး'

'ဘယ်လိုဖြစ်ဖြစ် ဒီကောင့်ကိုအကြာပြီး ကြာရှည်လွှတ်ထားရင်တော့ အန္တရာယ်ဖြစ်လာမယ်'

'ဒီလိုဆိုရင် မြန်မြန်ရှင်းပစ်လိုက်ရင် ကောင်းမယ်'

'ဘယ်သူ့ကို ရှင်းခိုင်းရမှာလဲ'

လောလောဆယ်မှာတော့ သံမဏိခေါင်း ချွန်းတိန်ကိုပဲ လွှတ်ရမှာပေါ့။ သူ့ရဲ့ခေါင်းဟာ တော်တော် အစွမ်းထက်တယ်၊ မာတယ်၊ သစ်ပင်တစ်ပင်ကို ခေါင်းနဲ့ တိုက်လိုက်တာနဲ့ နှစ်ပိုင်းကျိုးသွားတာပဲ'

'ခက်တာက ဖွတ်မည်းဟာ သစ်ပင်မဟုတ်ဘူး၊ ပြီးတော့ လဲ သံမဏိခေါင်း ချွန်းတိန်နဲ့ သံလက်သီး ကျော်ပန်းတို့ဟာ ပညာချင်းကတော့ သိပ်မကွာကြဘူး၊ သာရင် နည်းနည်းစီပဲ ရှိကြမယ်၊ ဒီတော့ ဖွတ်မည်း ရင်ဆိုင်အနိုင်ယူဖို့ မလွယ်ဘူး....'

'သူဌေးမင်းပြောတာ မှန်ပါတယ်၊ သံမဏိခေါင်း အနေနဲ့ ဖွတ်မည်းကို အနိုင်ယူဖို့မလွယ်ပါဘူး၊ ဒီတော့ သူဌေးကြီး မိန့်ကြားဖူးတဲ့စကားအတိုင်း မပိုင်တဲ့အလုပ်ကိုမလုပ်တာ ကောင်းပါတယ်'

ကူးလောင်၏စကားကို သူဌေးကြီး လွန်စွာ သဘောကျသွားသည်။

မိမိမိန့်ကြားပြောဆိုခဲ့ဖူးသော စကားများကို မှတ်သားလိုက်ခြင်းမှ ကြိုက်နှစ်သက်သော သူဌေးကြီး ဖြစ်နိုင်လျှင် တစ်လုံးချင်း တစ်လုံးချင်း ခေါင်းထဲတွင် သံမှိုနှက်ထားသလို စွဲစွဲမြဲမြဲမှတ်ထားစေချင်ပေသည်။

'ဖွတ်မည်းကို အကောင်းဆုံးရင်ဆိုင်နိုင်မယ့် လူတစ်ယောက်ရှိတယ်'

ကူးလောင်က အကြံပြုတင်ပြလိုက်၏။

'မင်း ပြောချင်တဲ့ လူဟာ ပေါက်ချန်းမဟုတ်လား'

'ဟုတ်ပါတယ်၊ သူတစ်ယောက်ပဲ ဖွတ်မည်းကို ယှဉ်ပြိုင်ဖို့ အနီးစပ်ဆုံးရှိတယ်၊ သူဟာ လက်စွမ်းလက်စ ရှိရုံမကဘူး၊ ဥာဏ်



www.burmeseclassic.com

www.burmeseclassic.com



ရည်လဲသာတယ်၊ ဟိုနှစ်ကောင်နဲ့တော့ ပညာစွမ်း အများကြီး သာတယ်'

'ခင်တာက ပေါက်ချုန်းကိုနိုင်ထားတဲ့ အလုပ်ဟာ နောက်ထပ် တစ်ပတ်ဆယ်ရက် ကြာဦးမယ်ဆိုတော့ သူ ပြန်အလာ စောင့်ရဦးမယ်'

'ဒီအတောအတွင်းမှာ ဖွတ်မည်းရဲ့အသွားအလာ လှုပ်ရှားမှုကို မျက်ချည်မပြတ် စောင့်ကြည့်နေဖို့ လူတွေ လွှတ်ထားလိုက်ပါတယ်'

* * *

အခန်း (၁၂)

မှောင်မိုက်သောညး

လကွယ်ညဏ် အမှောင်၊

ဆောင်းလေအေးက အညှာအတာကင်းမဲ့စွာ တိုက်ခတ်လျက်ရှိ၏။

တစ်ခုသော လက်လုပ်လက်စား ဆင်းရဲသားရပ်ကွက်၊

ဖွတ်မည်းနှင့် မေယန်တို့နေထိုင်ရာ ထိုရပ်ကွက်မှာ အထူးတိတ်ဆိတ်နေလျက်ရှိ၏။

တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှ နှစ်ခြိုက်စွာအနားယူအိပ်စက်နေကြပြီသင်သည်၊

အဝတ်တစ်ထည်ကို ခေါင်းမြီးခြုံကာ ပေါက်စီအော်ရောင်းသော မိန်းမကြီးတစ်ဦး၏ အသံကို ရုတ်တရက် ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းထောင့် တစ်နေရာတွင်သည်း သူဖုန်းစား အဘိုးအို
တစ်ယောက် ခိုနားကာ ခိုက်ခိုက်တုန်နေသည်။

အိမ်တစ်အိမ်မှ တံခါးပွင့်လာ၏။

ထွက်လာသူမှာ ဖွတ်မည်း။

သူသည် ဈေးအော်ရောင်းသူထံသို့ လျှောက်သွား၏။

'ဟိုး...ဒီမှာ ခင်ဗျား ဘာရောင်းသလဲ'

'ပေါက်စီပါရှင်၊ ပူပူနွေးနွေးနဲ့ အရသာရှိတယ်၊ ဝယ်စားပါလားရှင်'

'တစ်လုံး ဘယ်လောက်လဲ'

'နှစ်ပြားပါရှင်'

'တန်တယ်၊ ဝယ်မယ်'

'ဒါဖြင့် ဘယ်နှစ်ခုဝယ်မလဲ'

'အလုံး ၁၁၀'

ပေါက်စီသည် မိန်းမကြီး မျက်လုံးပြူးသွားသည်။

'အလုံး ၁၀၀ တော့မရှိဘူး၊ ၁၀ လုံးလောက်ပဲ ရှိမယ်'

'လိုးရေလိုနေရင် ခင်ဗျားကိုယ်ကိုပါ ထည့်ပေါင်းလိုက်ပေါ့၊ ပစ္စည်းရောလူပါ ကျုပ်တစ်ခါတည်း ဝယ်လိုက်မယ်'

ဈေးသည်မိန်းမကြီး ယိုတ်သန့်သွားပြီး နေ့ဥက်သို့ခြေလှမ်း ဆုတ်မိလျက်သား ဖြစ်သွား၏။

'ကျွန်မ ပေါက်စီပဲ ရောင်းတယ်၊ လူကိုရောင်းတာ မဟုတ်ဘူး'

'ကျုပ်ကတော့ ပေါက်စီလဲဝယ်မယ်၊ လူလဲဝယ်မယ်'



ပြောဆိုရင်းမှ ဖွတ်မည်း၏ လျှင်မြန်သောလက်တစ်ဖက်က ဈေးသည်မိန်းမကြီး၏ ရင်ဝမှအင်္ကျီစကို ချုပ်ကိုင်ထားပြီး ဖြစ်သည်။

မိန်းမကြီးက အော်ဟစ်ရန်ကြိုးစားလိုက်သော်လည်း အသံ ထွက်မလာ၊ လည်ဝတွင် တစ်ဆို့ဆို့ဖြစ်ကာ အသက်ငင်ရှူရ ခက်သွားသည်။

ဖွတ်မည်း၏ အေးစက်စက်ခနဲ့သံက ပေါ်ထွက်လာ၏။

'ခင်ဗျားဟာ မိန်းမသား တစ်ယောက်မှန်ရင် မုတ်ဆိတ် ကျင်စွယ်တော့ မပေါက်တန်ကောင်းပါဘူး'

မှန်သည်။ ဖွတ်မည်း၏စကားမှာ မှန်နေသည်။

မိန်းမသားတစ်ယောက်ဆိုက 'မုတ်ဆိတ်ကျင်စွယ် မပေါက် နိုင်။ ထိုသူသည် မုတ်ဆိတ်ကျင်စွယ်အား ကြိုးစား ရိတ်ထား သော်လည်း ဖွတ်မည်း၏ စူးရှထက်မြက်သော မျက်လုံးအစုံကို မလှည့်စားနိုင်။

'ခင်ဗျားဟာ လူလိမ်လူညာတစ်ယောက်ပဲ၊ လိမ်ညာတယ် ဆိုရင် ဘယ်လိုအပြစ်ဒဏ် ခံရမယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား'

ပေါက်စီသည်မှာ မျက်နှာပျက်ကာ ကြောက်ရွံ့တုန်လှုပ် သွား၏။ ခေါင်းကို တွင်တွင်ခါယမ်းရင်း...

'မ...မဟုတ်ပါဘူး၊ ကျွန်တော် လူလိမ်မဟုတ်ပါဘူး'

'ခင်ဗျား လူလိမ်မဟုတ်ဘူးဆိုရင် ယောကျ်ားဖြစ်လျက်နဲ့ မိန်းမဟန်ဆောင်တာ ဘာသဘောလဲ၊ ပြီးတော့ ကောင်းနှင်မှန် အောင်တောင် မစားနိုင်ကြတဲ့ ဒီလိုဆင်းရဲသား ရပ်ကွက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုင်းထွက်လာတဲ့ ခင်ဗျားမှာ ဘယ်နည်းနဲ့မှ သဘောရိုး မဖြစ်နိုင်ဘူး၊ ခင်ဗျား ဘာဖြစ်ချင်သေးလဲ'

ဖွတ်မည်း၏ စကားထိုးချက်မှာ အကွက်ကျလှ၏မိသည့်အတွက် ပေါက်စီသည် မည်သို့မျှ စကားပြန်မပြောနိုင်တော့ချေ။

ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်းဖြင့်သာ ဖွတ်မည်းအား ငေးကြည့်နေမိ၏။

'ခင်ဗျားအသက်ရှင်ချင်တယ်ဆိုရင်တော့ ဘယ်အနိုင်းဆီ သွားတယ်ဆိုတာကို မှန်မှန်ပြော'

ထိုသူစကားပင်မဟာရသေး၊ လမ်းထောင့်တွင် အချိမ်းဒတ်ကြောင့် ကွေးပြီး ခိုက်ခိုက်တုန်နေသော သူဖုန်းစားအဘိုးအိုမှာ ရုတ်တရက်ထပြီး လစ်ပြေးလေတော့သည်။

ဆင်းရဲသားရပ်ကွက်မှာ မိမိဘို၏ဝမ်းရေးတစ်ထွာအတွက်ပင် ခက်ခဲနေရသည်။

ထမင်းကိုပင်နပ်မှန်အောင် မစားနိုင်သည့် အခြေအနေမျိုးတွင် မည်သူက ပေးကမ်းစွန့်ကြဲနိုင်စွမ်း ရှိနိုင်မည်နည်း။ ဤသို့ ရပ်ကွက်မျိုးကိုမှ ရွေးချယ်ပြီး တောင်းစားရန်ရောက်လာသော သူဖုန်းစားမှာ သဘောရိုးမဖြစ်နိုင်။

ဖွတ်မည်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

'တွေ့လား...၊ ခင်ဗျားရဲ့ အဖော်တော့ လစ်ပြေးသွားပြီ၊ ခင်ဗျား က ခေါင်းမာပြီး မှန်တဲ့စကားကို မပြောနိုင်ဘူးဆိုရင်တော့ ခဒနခေသသွားရင်တောင် အကောင်း သိမ်းပေးမယ့်လူ ရှိမှာမဟုတ်ဘူး'



သေရမည်ကိုတော့ လူတိုင်း ကြောက်ကြသည်၊ ပေါက်စီသည် ဆက်လက် တင်းမခံနိုင်တော့ချေ။ အမှန်ကိုဖွင့်ပြောလိုက်ရလေတော့သည်။

'ဟုတ်...ဟုတ်ပါတယ်၊ ကျွန်တော့်ကို ကူးလောင် ခိုင်းစေလို့ ရောက်လာရတာပါ'

'ကူးလောင်ဆိုတာ ဘယ်သူလဲ'

'သူဌေးကြီးထောင်မင်းရဲ့ အားကိုးရဆုံး ညာလက်ရုံး နှစ်ဦးအနက် ... တစ်ဦးပေါ့'

'နောက်တစ်ဦးက ဘယ်သူလဲ'

'ပေါက်ချန်း လို့ ခေါ်တယ်၊ သိုင်းပညာစွမ်းရည် သိမ်မောက်ခေါင်းချန်းတိန်နဲ့ အများကြီးသာတယ်၊ သူနဲ့ ကူးလောင်ဟာ သူဌေးကြီးရဲ့ ညာလက်ရုံးနှစ်ဦးပေါ့၊ တစ်ဦးက လက်ရုံးရည်မှာ စွမ်းသလို၊ တစ်ဦးက နှလုံးရည်မှာကျွမ်းတယ်'

'ပေါက်ချန်းဆိုတဲ့လူ ဘယ်မှာရှိနိုင်သလဲ'

'သူဌေးကြီးရဲ့ စေခိုင်းချက်နဲ့ အပြင် ကိစ္စတစ်ခု သွားဆောင်ရွက်နေတယ်လို့ ကြားရတယ်၊ နောက်ထပ် တစ်ပတ်အတွင်းလောက်မှ ပြန်ရောက်လာနိုင်မယ်'

'သိမ်မောက်ခေါင်းချန်းတိန်ကကော'

'သူက ရွှေနဒီစားသောက်ဆိုင်ရဲ့ အပေါ်ထပ် ကစားဝိုင်းမှာ ရှိတတ်ပါတယ်၊ ဆိုပ်ရှင် မိန်းမကြီးနဲ့ဆိုရင် ကစားဖော်ကစားဖက်တွေပေါ့'

'ခင်ဗျားရဲ့အိမ် ဘယ်မှာလဲ'

ဖွတ်မည်း၏ အမေးကြောင့် ထိုလူ လန့်ဖျပ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကိုမေးတာ ဘာအကြောင်းကိစ္စများရှိလို့ပါလဲ ခင်ဗျာ'

'ကျုပ်မေးတာကိုဖြေပါ၊ ပြန်မမေးနဲ့၊ ခင်ဗျားအိမ်ဘယ်မှာလဲ'

ထိုသူ၏မျက်နှာ မသာမယာဖြင့် ရှုံ့မဲ့သွားလေသည်။

'ဟိုဘက်ရပ်ကွက် မရမ်းချောင်လမ်းမှာနေပါတယ်'

'ခင်ဗျားရဲ့အိမ်သား ဘယ်နှစ်ယောက်ရှိသလဲ'

'မိန်းမရယ်၊ ကလေး နှစ်ယောက်ရယ် ပေါင်းလိုက်ရင် လေးယောက်ရှိပါတယ်'

'မှတ်ထား၊ အခု လေးယောက် မဟုတ်တော့ဘူး၊ ငါးယောက် ဖြစ်သွားပြီ'

'ဘာ...ဘာကြောင့်ပါလဲ့ ခင်ဗျာ'

ထိုသူ နှားရှုပ်ကာ ဒေါ်ကြောင်သွား၏။

'ကျုပ် လူတစ်ယောက် ခင်ဗျားရဲ့အိမ်မှာ ဧည့်သည် ခဏလာလုပ်မယ်၊ ခင်ဗျားနှုတ်မလုံလို့ သတင်းပေါက်ကြားပြီး၊ ဒါမှမဟုတ် ကျုပ်လူ တစ်ခုခု ဖြစ်သွားရင်တော့ ခင်ဗျားတို့ မိသားစုအားလုံး သေပြီဆိုတာမှတ်'

အခန်း (၁၃)

ညတစ်ည။

ထိန်လင်းသောမီးရောင်အောက်ဝယ် ရွှေနဒီစားသောက်ဆိုင်တွင် လူစည်ကားလျက်ရှိ၏။

ဆိုင်ရှင်မိန်းမကြီးကို အောက်ထပ်တွင်မတွေ့။ အပေါ်ထပ်စားပွဲဝိုင်းတွင် သိမ်ဏီခေါင်းချန်းတိန်နှင့် ဧည့်သည်တော်များအား အဖော်ပြု၍ သောက်နေလျက် ရှိလေတော့သည်။

ယနေ့ညတွင် ဧည့်သည်စည်ကား၏။ ဝိုင်းတွေက သုံးလေးဝိုင်းအထိပင် တိုးချဲ့လိုက်ရသည်။

စားပွဲဝိုင်းခုံပေါ်တွင် ငွေ့စများ စုပုံလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ဝိုင်းမှာ ကြီးသည်ထက်ကြီးလာ၏၊ စားပွဲပေါ်မှာ စုပုံထားသော ငွေစများမှာလည်း များသည်ထက် များလာသည်။

နိုင်သူတွေက ပြုံး၊ ရှုံးသူတွေကတော့ မဲ့လာကြသည်။

ချန်းတိန်၏မျက်နှာ ပြုံးပန်းပွင့်နေသည်။ သူ့ရှေ့တွင် စုပုံထားသောငွေစများမှာ များသည်ထက်များလာသည်။ ချန်းတိန် လက်ဖွေ့သောနေ့ပင်ဖြစ်သည်။

ဆရာသမားနိုင်နေသည့်အတွက် နောက်ဘက်မှာ ပည့်များ မျက်နှာရွှင်ပြုံးနေကြသည်။

ကံကောင်းရှိလော၊ ဉာဏ်ကျွဲလော ဒါမှမဟုတ် ရော ဉာဏ်ပါကြောင့်လော။ ချန်းတိန်မှအပ ပည့်သူမျှ မသိနိုင်ချေ။

မကြာခင် ပွဲပြီးသွားသည်။ သိမ်ကော်ခေါင်းချန်းတိန် မတ်တတ်ရပ်လိုက်၏။ သူသည် စားပွဲဝိုင်းပေါ်မှ ငွေစများကို အသင့်ပါလာသောအိတ်ကြီးထဲတို့ ကျုံးထည့်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်.....

ရှ… ဒုတ်

ဓားမြှောင်တစ်ချောင်း ကသုတ်ကရက် အရှိန်ပြင်းစွာဖြင့် စားပွဲခုံပေါ်တွင် လာရောက်ထိုးစိုက်၏။

မမျှော်လင့်ဘဲ လျှပ်တစ်ပြက်ဖြစ်ပေါ်လာသည့် ကိစ္စရပ်ကြောင့် အားလုံး မျက်လုံးပြူးကာ ကြောင်သွားကြသည်။ ချက်ချင်းပင် မျက်လုံးများမှာလည်း ဓားလာရာဘက်ဆီသို့ ရောက်ရှိသွားကြသည်။



သိမ်ကော်ခေါင်းချန်းတိန်အား ခန့်တုမှက်ပြိုင်ရဲသူမှာ ဘယ်သူလဲ။

လှေကားဝတွင် အဝတ် ခပ်နွမ်းနွမ်းနှင့် ယက်ပိုက်ကာ ရပ်နေသူ လူရွယ်တစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

'ဟင်… ဖွတ်မည်း၊ မင်း ဖွတ်မည်းမဟုတ်လား'

အံ့ဩ တုန်လှုပ်စွာ ထွက်ပေါ်လာသော အသံသည် ဆိုင်ရှင်မိန်းမကြီး၏ အသံပင် ဖြစ်သည်။

ဖွတ်မည်းကို မမြင်ဖူးကြရသော်လည်း နာမည်သတင်းကိုတော့ ကြားဖူးနေကြပြီ။ ပွဲကြီးပွဲ ငင်း ... ... ဟု နားလည်သဘောပေါက်သွားကြသည်။ ... ... ဆိတ်သွား၏။ မည်သူမျှ မလှုပ်ရှားရဲဘဲပေ။

သိမ်ကော်ခေါင်းချန်းတိန် မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

'လက်စသတ်တော့ ဖွတ်မည်းဆိုတာ မင်းကိုး ... ချင်နေတာနဲ့ အတော်ပဲ'

'ကျုပ်လဲ ခင်ဗျားဒီမှာရှိတယ်ဆိုလို့ လာခဲ့တာပဲ'

'မင်းက ငါ့ကို ပညာစမ်းချင်လို့လား'

'သိမ်ကော်ခေါင်းတော့ ဘာကယ်သိမ်ကော် ဟုတ်မဟုတ် ... စမ်းကြည့်ချင်လို့ပါ'

သိမ်ကော်ခေါင်းချန်းတိန်က ဟ ဟား ဟား ရယ်မောလိုက်သည်။

'ကောင်းပြီလေ၊ အမြင်မကျယ်သေးတဲ့ကောင်ကို ငါလက်စမ်းပြရသေးတာပေါ့'

www.burmeseclassic.com



အသက်ကြီးသော တည်းခိုတစ်ဦး၏ အခန်းတွင်းမှ သစ်သား စားပွဲခုံအခြေကို မ ထုတ်လာကာ ထောင်လျက်အနေအထား သို့ ပြုလိုက်၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် သံမဏိခေါင်းချွန်းတိုန်မှာ ဦးခေါင်းဖြင့် စားပွဲကို ဝင်တိုက် လိုက်၏။

'ဖြောင်း...'

ဟူသောအသံတစ်ချက် ပေါ်ထွက်လာပြီး ခိုင်မာသော စားပွဲမှာ ကွဲအက်ကြေမွသွားလေတော့သည်။

သံမဏိခေါင်း ချွန်းတိုန်၏ ဦးခေါင်းမှာ တကယ်ပင် ကြောက်ခမန်းလိလိ မာကျောလှသည်။

လက်ခုပ်သြဘာသံများ ဆူညံစွာ ပေါ်ထွက်လာသည်။ လူတွေက အထင်သေးသောမျက်လုံးများဖြင့် ဖွတ်မည်းအား ဝိုင်း၍ကြည့်ကြသည်။

ဖွတ်မည်းကတော့ မျက်နှာထားမပျက်၊ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ဖြင့် ပက်ခွန်းကျောင်ကို မျက်စိတစ်ချက် မှေ့ ကစားလိုက်သည်။ သြဘာသံများ ချက်ချင်း ရပ်စဲသွား သည်။

'သိပ်ကို သနားစရာကောင်းတဲ့ လူပဲ'

ဖွတ်မည်းက ခနဲ့တဲ့တဲ့ ဆို၏။

မိမိ၏ပညာစွမ်းကို အများရှေ့တွင် ပြလိုက်ရသည့်အတွက် ပီတိဖြစ်ကာ သူ့ကိုယ်သူ သဘောကျနေသော ချွန်းတိုန်မှာ ဖွတ်မည်းစကားကြောင့် မျက်နှာပျက်ကာ ဒေါသ ထွက် သွား၏။



'ဘာ...မင်းဘာတာလဲ'

'ခင်ဗျားဟာ သိပ်သနားစရာကောင်းတဲ့လူလို့၊ အသိဉာဏ် မရှိတဲ့ သတ္တဝါကလို့ပြီး ဘယ်သူကမှ အမိန့်ခိုင်းပြီး ခေါင်းနဲ့ စားပွဲကို သွားတိုက်မှာ မဟုတ်ဘူး'

'ဒါဖြင့် ဒါက ဘာကိုတိုက်ရမှာလဲ၊ မင်းကိုလား'

'ဟုတ်တယ်'

သံမဏိခေါင်း ချွန်းတိုန်မှာ ကျားအသွင် ခုန်အုပ်ကာ ဖွတ်မည်းအား သူ့ခေါင်းဖြင့် ဝင်ရောက် တိုက်ခိုက်လေ သည်။

ချွန်းတိုန်၏ သံမဏိခေါင်းမှာ အစွမ်းထက်ရုံမက လက်မှာ လည်း လျင်မြန်သွက်လက်လွန်းလှသည်။ သို့သည် ဖွတ်မည်း ၏ ပခုံးနှစ်ဖက်ကို လက်ဖြင့်ဖမ်းချုပ်ကာ ဦးခေါင်းဖြင့် တစ် ရှိန်ထိုး ဝင်ဆောင့်လိုက်၏။

ချွန်းတိုန်၏ သန်မာသော လက်နှစ်ဖက် ချုပ်ကိုင်ခြင်းကို မည်သူမျှ လွန်းလွန်နိုင်စွမ်းမရှိ၊ သံမဏိခေါင်းနှင့်အတိုက် ခံရ လျှင် ပွဲချင်းပြီး အသက်ပျောက်သွားမည်မှာ မလွဲ။

ဖွတ်မည်းအတွက် အသက်အန္တရာယ် စိုးရိမ်ရသော အခြေ အနေသို့ ရောက်သွား၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ဖွတ်မည်းမှာ သက်ရှိဘဝမှ သက်မဲ့ဘဝသို့ ချက်ချင်း ရောက်သွားပေတော့မည်။

သံမဏိခေါင်း ချွန်းတိုန်အား ကောင်းချီး သြဘာပေးသံ များ ထွက်ပေါ်လာသည်။

'ခုပ်'

www.burmeseclassic.com

www.burmeseclassic.com



'အား...'

မထင်မှတ်ဘဲ ဦးခေါင်းနှင့် လက်သီး ထိပ်တိုက်တွေ့ဆုံ၏။

ချွန်းတိန်ကို ဩဘာပေးသံများ ချက်ချင်း ရပ်စဲသွားသည်။

အောင်သံနှင့်အတူ လဲကျသွားသူမှာ ဖွတ်မည်းမဟုတ် သိမာကိုခေါင်း ချွန်းတိန်သာ ဖြစ်လေသည်။

ဖြစ်ပျက် ပြောင်းလဲမှုမှာ မထင်မှတ်ဘဲ မြန်ဆန်လွန်းလှ၏။

စောစောက ဆူညံနေသလောက် တစ်ခန်းလုံး တိတ်ဆိတ်သွား၏။

ချွန်းတိန်၏တပည့် သိုင်းသမားများနှင့် ငေးကြောင်ကာ ဖွတ်မည်းအား စူးစိုက်ကြည့်နေကြ၏။ မည်သူမျှ မလှုပ်ရှားဝံ့ကြပေ။

ဖွတ်မည်းမှာ မည်သူ့ကိုမျှ ဂရုမစိုက်၊ အောက်ထပ်သို့ တစ်လှမ်းချင်းဆင်းကာ ရွှေနဒီစားသောက်ဆိုင်မှ ထွက်သွားခဲ့လေတော့သည်။

## အခန်း ( ၁၄ )

သူဌေးကြီးထောင်မင်း ဖဲမွေ့ရာထက်တွင် လဲလျောင်းကာ လောဟာ၏စည်းစိမ်ကို အပြည့်အဝခံစားလျက်ရှိ၏။ အနားမှာ အပြုအစုကောင်းသော မိန်းမပျိုချော ငါးယောက်က [illegible] ပြုနေသည်။

ရုတ်တရက် တံခါးခေါက်သံ တစ်ချက် ကြားလိုက်ရပြီး အပါးစေ မိန်းမပျိုတစ်ဦး ဝင်လာသည်။ သူဌေးကြီးအား အရိုအသေ တစ်ချက်ပြုလိုက်ပြီး....

'အရေးတကြီးကိစ္စရှိလို့ ကုလောင်က သူဌေးကြီးနဲ့ တွေ့လိုကြောင်းပါ'

သူဌေးကြီး၏ အိပ်ခန်းမှာ အထူးပိတ်ပင် တားမြစ်ချက်ထားရှိသည်။ မည်သူမျှ သူ့ခွင့်ပြုချက်မရှိဘဲ ဝင်ခွင့်မရှိပေ။ အလုပ်ကိစ္စနှင့် ပတ်သက်လျှင် သူဌေးကြီး၏ရုံးခန်း၌သာ တွေ့နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခိုင်းအစေ မိန်းမပျိုလေး၏စကားကြောင့် သူဌေးကြီးမှာ အိပ်ရာဆက်မှ ထရန် ဟန်ပြင်လိုက်ပြီးမှ ပြန်အိပ်ချလိုက်ကာ...

'သူ့ကို အထဲဝင်ခွင့်ပေးလိုက်'

သူဌေးကြီး၏ မိန့်ကြားချက်ကို သူ၏ အချစ်တော် မိန်းကလေးငါးယောက်က ချက်ချင်းဝင်ရောက် ကန့်ကွက်ကြလေသည်။

'ဒီလိုအခြေအနေမျိုးနဲ့ တခြားယောကျ်ားကို အတွေ့ခံလို့ ဘယ်ဖြစ်မလဲ'

သူဌေးကြီး သဘောကျကာ တဟားဟား ရယ်မောလိုက်ပြီး...

'ဒီယောကျ်ားက တခြားလူ မဟုတ်ဘူး၊ ကိစ္စ မရှိပါဘူး....'

'ဘာဖြစ်လို့လဲ'

မိန်းမပျိုတစ်ဦးက မကျေမနပ်ဟန်ဖြင့် ဝင်မေးလိုက်လေသည်။

'ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ ခင်းတို့ ငါးယောက်လုံး ပေါင်းတာထက်ငါ့အတွက် ပိုပြီးအသုံးကျလို့'

သူဌေးကြီး၏ ခွင့်ပြုချက်ရသည့်အတွက် ကူးလောင် အခန်းထဲသို့ ဝင်ရောက်လာသည်။ ခမ်းနားသစ်လွင်သော သူဌေးကြီးတောင်မင်း၏ အိပ်ခန်းမှာ အရောင်တဖိတ်ဖိတ် တဝင်းဝင်း တောက်ပလျက်ရှိသည်။



သူဌေးကြီး၏ ခုတင်သေး ပတ်ပတ်လည်တွင် ရပ်လျက်ရှိသော မိန်းမပျို ငါးယောက်ကို မတွေ့သန်ဖြင့် ကူးလောင်မှာ သူဌေးကြီး၏ ရှေ့မျက်နှာတွင် ရပ်ကာ ခေါင်းကို ငုံ့ထားလျက်ရှိ၏။

ထိုပြုမူချက်မျိုးကို သူဌေးကြီး လွန်စွာမှ သဘောကျ နှစ်သက်မိသည်။ ကူးလောင်အား ထိုင်ရန် မိန့်ကြားပြီးနောက် စကားကို မေးလိုက်၏။

'ကဲ... ကူးလောင်၊ ဘယ်လို အရေးတကြီး ကိစ္စရှိတယ် ဆိုတာ ပြောစမ်းပါဦး'

ကူးလောင်မှာ ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်ပြီးနောက် ချက်ချင်းပင် ပြန်လည်ထလိုက်ကာ ခေါင်းကိုငုံ့လျက်...

'ဖွတ်မည်း ဆိုတဲ့ကောင်ဟာ ကျွန်တော်တို့ တိတ်တဆိတ် နောက်ယောင်ခံမှုကို ရိပ်မိသွားလို့ သူ့ ကောင်မလေးကို ခေါ်ထုတ်သွားပြီ'

ကူးလောင် ငုံ့ထားသော ခေါင်းမှာ ပို၍ပင် နိမ့်ကျသွားပြီး.....

'ဒါဟာ ကျွန်တော့် အပြစ်၊ အသုံးမကျတဲ့ ဖွတ်မည်း အပေါ် အထင်သေး ပေါ့ဆမိတဲ့ ကျွန်တော် အပြစ်ပါပဲ၊ ဒီအတွက် သူဌေးကြီး ကျွန်တော့်ကို ကြိုက်နှစ်သက်သလို အပြစ်ပေးပါ'

သူသည် မိမိလုပ်ရပ်နှင့်အဖြစ်အပျက်အမှန်ကို ထုတ်ဖော်ပြောပြီး အပြစ်ကို ဝန်ခံရုံမက အပြစ်ပေးချက်ကိုလည်း ခံယူရန် တောင်းဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ လုပ်ဆောင်ပြမှုချက်ကို သူဌေးကြီး အလိုလား အကြိုက်နှစ်သက်ဆုံးဖြစ်သည်။ လုပ်ငန်းတစ်ခု မအောင်မြင်၍ မျက်မှောင်တစ်ချက် ကြုတ်သွားသော်လည်း လေသံမှာ ခက်ထန် တင်းမာမှု မရှိလှပေ။

'ဒါပေါ့ကွာ၊ ဘယ်သူမဆို အမှားအယွင်းဆိုတာ ရှိစမြဲပဲ၊ ဆဲ... အေးအေး ဆေးဆေး ထိုင်ပြီး တခြား နည်းလမ်း ရှာကြစေပေါ့'

'ဟုတ်ကဲ့'

'သူတို့ လွတ်သွားတာ ဘယ်တုန်းကလဲ'

'မနေ့ညနေကပါ'

'ခုထက်ထိ သူတို့နှစ်ယောက်ကို မရှာကြဘူးလား'

'ဖိုကောင်ကိုတော့ နောက်ယောင်ခံထားမိပါပြီ၊ ကောင်မလေးကိုတော့ လုံးဝ ရှာမတွေ့သေးဘူး'

'ဖွတ်မည်း အခု ဘယ်မှာလဲ'

'စောစောတုန်းက ရွှေနဒီ စားသောက်ဆိုင်ကို ရောက်လာပြီး ချွန်းတိန်ကို ခေါ်သွားသေးတယ်'

'ချွန်းတိန် အသက်ပါ ခြွေသွားတယ် ဆိုပါတော့'

'ဟုတ်ပါတယ် သူဌေးကြီး'

သူဌေးကြီး၏မျက်နှာ ရှုံ့မဲ့ကာ အကျည်းတန် အရုပ်ဆိုး သွားသည်။

'တောက်... ဘာမဟုတ်တဲ့ ကောင်ကို အရှုံး ပေးရတာ ရှက်ဖို့ ကောင်းတယ်၊ မင်းတို့ရဲ့ မျက်စိအောက်မှာ ကောင်မ



တစ်ယောက်လုံးကို ဖွက်ထားလိုက်တာကြောင့် မင်းတို့ တွေ့အောင် မရှာနိုင်ကြဘူးလား'

ကျူးလောင် မသိတတ်ချင်ကာ ခေါင်းငုံ့ ဖြေလိုက်ပြန်သည်။

'ကောင်မလေးကို ဒီကောင် ဖွက်ထားနိုင်မယ့် နေရာ မရှိပါဘူး၊ သိသာဖြစ်နိုင်မယ့် နေရာမှန်သမျှ လှည့်လှည့်ပြီး ရှာကြပေမယ့် မတွေ့ဘူးတဲ့'

သူဌေးကြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

'အင်း... ဘာမဟုတ်တဲ့ ချောင်ကြိုချောင်ကြားက ဖွတ်မည်းကောင်ကို တပည့်ကျော် ကျူးလောင်က အနိုင် မယူနိုင်ဘူး ဆိုတော့'

သူဌေးမင်းထောင်မင်းက စကား ဆက်မပြောဘဲ ရပ်ထားလိုက်၏။

ကျူးလောင် စကား တုံ့ပြန်မှု မလာတော့ချေ။

ကြာ အကြိမ်တွင် ထောင်မင်းက သူ၏ တပည့်ကျော်အား အိုင်ရန် မပြောတော့ဘဲ တစ်စုံတစ်ခုအား စဉ်းစား တွေးတောပြီး အတန်ငယ်ကြာမှ စကားစကာ မေးလိုက်ပြန်လေသည်။

'ချွန်းတိန်ဟာ ဘယ်လိုဖြစ်ပြီး သူ့ လက်ချက်နဲ့ သေသွားရတာလဲ'

'မျက်မြင် ကိုယ်တွေ့ မြင်ခဲ့တဲ့ လူတွေရဲ့ ပြောပြချက်အရ ဆိုတော့ ချွန်းတိန်က ခေါင်းနဲ့ ဝင်တိုက်တာကို ဖိုကောင်က

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးနဲ့ တစ်ချက်ရိုက်လိုက်တာနဲ့ ပွဲချင်းပြီး သေဆုံးသွားတာပဲ'

သူဌေးကြီး၏ မျက်နှာ ပျက်သွားပြန်သည်။

'သူအဆုံးဖြုလိုက်တဲ့သိုင်းပညာဟာ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့ကလဲ မင်းတို့ သိကြလား'

'မသိဘူး သူဌေးကြီး၊ သူလှုပ်ရှားမှုဟာ သိပ်ပြီး လျှင်မြန်လွန်းတဲ့ အတွက်လဲ သဲသဲကွဲကွဲ မမြင်လိုက်ကြဘူး'

'ခုတစ်လော သိုင်းလောကမှာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတဲ့ သိုင်းဆိုပ်သီးတွေ ဘယ်သူရှိလဲ'

'ကျွန်တော်လဲ ဒီအချက်ကို စဉ်းစားမိလို့ စုံစမ်းထောက်လှမ်းမှု ပြုခိုင်းခဲ့ပါတယ်၊ ခုတလော ရှတ်တရက် ဇာတ်မြုပ်ပြီး ပျောက်နေတဲ့ သိုင်းဆိုပ်သီး တွေကတော့ သုံးဦးရှိတယ်၊ မဒီပြုဗိုလ် ကျင်းကဲ၊ ခါးသမားထားလူး၊ ပြီးတော့ ကိုးကန့်ခါး မာလူး ဒီ သုံးယောက်ပဲရှိတယ်'

ယင်း သိုင်းသမား သုံးဦး၏ နာမည်ဂုဏ်သတင်းကို သူဌေးမင်း ကောင်းကောင်းကြားဖူးထားသည်။

ကူးလောင်က စကားကို ဆက်လိုက်ပြန်သည်။

'ဒါပေမယ့် ဒီသုံးယောက်စလုံးရဲ့ ပုံပန်းသဏ္ဌာန်နဲ့အသက်အရွယ်ဟာ ဖွတ်မည်းနဲ့ တစ်စက်မှ ကိုက်ညီမှုရှိတာ မတွေ့ရဘူး'

'ဒါဖြင့်ရင် ဒီဖွတ်မည်းကောင်ဟာ မြေလျှိုးပြီး ထွက်လာတာလား၊ ဒါမှမဟုတ် မိုးပေါ်က ကျလာတာလား'



သူဌေးမင်းမှာ ကျေနပ်မှုရှိဟန် မပေါ်ဘဲ လက်သီးကိုဆုပ်ကာ လက်ဝါးပေါ်သို့ ဆောင့်ထိုးလိုက်သည်။

'ဒီကောင် ဘယ်ကပဲ ရောက်လာလာ၊ ဘယ်သူပဲဖြစ်ဖြစ် အကြောင်းမဟုတ်ဘူး၊ သူ့ကိုအရင်အပြတ်ရှင်းလိုက်ရင် ဒီကိစ္စ ပြေလည်သွားမယ်၊ သူသေသွားရင်နောက်ထပ်သူ့အကြောင်း ဘာအကြောင်းမှ စုံစမ်းမေးမြန်းနေစရာ မလိုတော့ဘူး'

'ဟုတ်ပါတယ် သူဌေးကြီး'

'ဘယ်နည်းနဲ့ဖြစ်ဖြစ်၊ ငွေဘယ်လောက်ကုန်ကုန် ဒီကောင့်အသက်ကို အမြန်ဆုံးခြွေပစ်ရမယ်'

'ဟုတ်ကဲ့'

သူဌေးကြီးအမိန့်ထုတ်လျှင် ချက်ချင်းဆောင်ရွက်မှ ကြိုက်သည်။ မည်သူမျှ ထောင်မင်း၏ အမိန့်အာဏာကို မလွန်ဆန်ဝံ့ကြပေ။

ထိုသဘောကိုသိထားသော လူယုံတော်တစ်ယောက်အနေဖြင့် ထောင်မင်း၏ အကြိုက်ကိုလိုက်၍ မဆိုင်းမငံ့ဆောင်ရွက်ပေးရမြဲပင်ဖြစ်သည်။

သို့သော် ယခုတစ်ကြိမ်တွင်မူ ကူးလောင် တုံ့ဆိုင်းကာ သူဌေးကြီး၏ရှေ့မှောက်၌ ရပ်မြဲရပ်ခနေလျက်ရှိ၏။

ထိုအပြုအမူမျိုးမှာ ယခု ပထမဆုံးအကြိမ်ဖြစ်သည်။

သူဌေးကြီး အံ့မျက်ဒေါသ ထွက်လာသည်။

'မင်း နောက်ထပ် ဘာများ စောဒက တက်ချင်သေးသလဲ'

ကူးလောင် စကားကို ချက်ချင်း ပြန်မဖြေကြားသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ခဏ္ဍာရှု ဒေါ်စားတာနိုင်ပြုံပြီးမှ ဘုရားရှိခိုးတာ စကားကို ဆိုလိုက်သည်။

'ဒီအောင်ဟာ တစ်ကိုယ်ရေသမား ဖြစ်တဲ့အတွက် သူ့အသက်ကိုသတ်ရမှာ မခဲယဉ်းပါဘူး၊ ဒါပေမယ့် ကျွန်တော်ဆီအောက်ကလဲ အဆုံးရှုံးများရမှာမို့ မထိုက်တန်ဘူးလို့ ထင်ပါတယ်'

'ဒါဖြင့် မင်းက ဘယ်လိုဆန္ဒရှိလို့လဲ'

'ဒီကောင့်ကို တစ်စုံတစ်ယောက်က ကြိုးဆွဲချုပ်ကိုင်ထားရတယ်'

'မင်းသဘောက ငါတို့လက်ထဲရောက်အောင် လုပ်ချင်တယ် ဆိုပါတော့'

'ဒီကောင်ဟာ ဘာမှမပြောပလောက်တဲ့ ကျေးဇူးနဲ့ မုန့်ဖက်ထုပ်သည် သားအဖကို အကာအကွယ် ပြုပေးနေတယ် ဆိုတော့ သူဌေးကြီးကသာ သူ့ကို ကျေးဇူးတစ်ခုခု ပြုပေးလိုက်မယ်ဆိုရင် သူဌေးကြီးအတွက် ဘယ်လောက် အသက်ပေးပြီး စွမ်းဆောင် ကြိုးပမ်းမလဲဆိုတာ....'

ကိုးမ သောင် စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားကာ သူဌေးကြီး၏မျက်နှာကို အကဲခတ်လိုက်သည်။

ယောင်မင်း၏ မျက်နှာအမူအရာမှာ ခက်ထန်ခြင်းမရှိတော့ဘဲ သိသိသာသာ ပြောင်းလဲပျော့ပျောင်းသွားသည်။

'မင်းက ဒီကောင့်ကို ငါတို့ဘက် သိမ်းသွင်းလို့ရမယ် ထင်လို့လား'

'လူတိုင်းဟာ သူ့ထိုက်သင့်တဲ့တန်ဖိုးတော့ ရှိကြတယ်၊ သူ့အတွက်ပေးနိုင်ရင် ငွေမမက်တဲ့လူတော့ မရှိပါဘူး၊ စမ်းကြည့်ကြတာပေါ့'



'မင်းက ဘယ်သူ့ကို သွားခိုင်းမလဲ'

'ကျွန်တော် ကိုယ်တိုင်ပဲသွားမှာပါ'

'ဖြစ်ပါမလား၊ မင်းအတွက် အန္တရာယ်များတယ်၊ တခြားလူတစ်ယောက်ကို ခိုင်းလိုက်ရင်လဲရပါတယ်၊ ဘာဖြစ်လို့ကိုယ်တိုင် စွန့်စားမှ လုပ်ချင်ရတာလဲ'

'ကျွန်တော် သွေး၊ ကျွန်တော် သား၊ ကျွန်တော့် ... အသက်ကို သူဌေးကြီးအတွက် ပေးဆက်ထားပြီးပါပြီ၊ သူဌေးကြီးအတွက်သာဆိုရင် အသက်ပင်သေသွားလဲ ကျေနပ်ပါတယ်'

သူဌေးကြီး အိပ်ရာထက်မှထကာ တပည့်ကျော်ကိုးသောင်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

'ငါ့မှာ သားရယ်လို့ တစ်ယောက်မှမရှိဘူး၊ မင်းကိုပဲသားတစ်ယောက်လို သဘောထားတယ်၊ သတိထားပြီးတော့သာ သွားပေတော့'

ကိုးသောင်၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲလာသည်။ ယောင်မင်း၏ မေတ္တာစေတနာကို မျက်ရည်သို့ တုံ့ပြန်ရသည်နှင့်။ ယောင်မင်းထံမှ ထွက်ခွာလာခဲ့လေသည်။

ယောင်မင်းမှာ တပည့်ကျော်၏ နောက်ကျောပြင်ကို ကြည့်၍ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အင်း...ကိုးသောင် ကိုးသောင်၊ မင်းဟာ ငါ့အပေါ် သစ္စာရှိပေသားပဲ'

ယောင်မင်း၏မျက်နှာမှာ ကျေနပ်နှစ်သက်မှုကြောင့် ပီတိ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လွှမ်းနေသည်။ သူ၏လုပ်ပျိုဖြူများအား ဂုဏ်ယူဝင့်ကြွား စွာဖြင့် တစ်ချက်ကြည့်လိုက်ပြီး....

'တွေ့တယ်မဟုတ်လား၊ သူဟာ မင်းတို့ငါးယောက်ထက် ကျုပ်အတွက် ပိုပြီးအသုံးကျတယ် မဟုတ်လား'

'ကျွန်မ တစ်ခုပဲ သူ့ဆီက မြင်တွေ့လိုက်တယ်'

ထောင်မင်းက သိလိုဇောဖြင့် မေးလိုက်သည်။

'သူဟာ ကျွန်မတို့ ငါးယောက်ထက် သူဌေးကြီးကို ပိုပြီး ဖားတတ်တယ်ဆိုတဲ့ အချက်ပဲ'

ထောင်မင်း သဘောကျကာ တဟားဟား ရယ်မောလိုက်သည်။

'မင်း အကဲခတ်တာ ဘယ်ဆိုးလို့လဲ'

ထောင်မင်းသည် ရယ်မောရာမှ ရုတ်တရက်ရပ်ကာမိန်းမပျို များကို တစ်ချက်ကြည့်လိုက်ပြီး....

'မင်းကို အလုပ်တစ်ခုခိုင်းချင်တယ်၊ လုပ်နိုင်မှာလား'

'သူဌေးကြီးက ကျွန်မကို ဘာများခိုင်းချင်လို့လဲ'

'ဒီကနေ့ညကစပြီး မင်း သူ့ဆီမှာ အဖော်ပြုပြီး သွားနေ ပေးရမယ်လေ'

## အခန်း (၁၅)

တံခါးခေါက်သံက ရုတ်တရက်မြည်လာသည်။

'ဒေါက် ဒေါက် ဒေါက်'

ဖွတ်မည်း အိပ်ရာမှနိုးလာသည်။

အင်္ကျီအဝတ်အစားကို ဝတ်၍ တံခါးထဖွင့်ပေးလိုက်လေ သည်။

သားသားနားနားနှင့် အထက်တန်းလွှာမှ လူတစ်ယောက် ဝင်လာသည်။

'ကျွန်တော့်ကို အထဲဝင်ခွင့်ပြုပါခင်ဗျာ'

'ခင်ဗျားက ဘယ်သူလဲ'

'ဗျူးလောင်၊ သူဌေးကြီးထောင်မင်းရဲ့ လူယုံတော် ဆိုပါ တော့'

www.burmeseclassic.com

www.burmeseclassic.com



ကူးသောင်က ရယ်ပြုံးပြီး ပြောလိုက်၏။

'ခင်ဗျားကို သူဌေးကြီးက လွှတ်လိုက်တာလား'

'ဟုတ်ပါတယ်၊ သူဌေးကြီးထောင်မင်းက ခင်ဗျာ ရဲ့အစွမ်းအစကို သဘောကျလို့ လက်ဆောင် ချီးမြှင့်ခိုင်း လိုက်လို့ပါဗျာ'

သူသည် ပြောဆိုရင်းမှ အလုံပါလာသော ငွေထုပ်များပါသည့် အိတ်ကြီးလုံးကို စားပွဲခုံပေါ်သို့ ပစ်တင်လိုက်လေသည်။

'ခင်ဗျားအတွက် သူဌေးမင်း ပေးလိုက်တဲ့ ငွေဒင်္ဂါး ငါးထောင်...'

'ခင်ဗျားကို ကျုပ်တစ်ခု သတိပေးချင်တယ် ကူးသောင်'

'ခင်ဗျား ဘာကိုသတိပေးမလို့လဲ'

'ငွေတွေ အသက်ရှင်ရေးအတွက် ရှုန်းကန် လှုပ်ရှားနေကြတာ ဖုံနွမ်းနာမည်ကြောင့်လို့ ခင်ဗျားတစ်ယောက်ထဲ မှတ်မှုရင် မှားလိမ့်မယ်ဆိုတာကို'

'ဒါဖြင့် ကျုပ်နောက်က ဘယ်လိုမှတ်ရမလဲ'

'ငွေတော့ လောကမှာ အရေးအကြီးဆုံးဆိုတာ မှန်ပေမယ့် ဘာရာရာကို ငွေနဲ့ဖန်တီးလို့ မရနိုင်လဲအရာတွေ ရှိနေသေးတယ်ဆိုတာ ခင်ဗျားသဘောပေါက် နားလည်ထားပါ၊ ငွေရှိလို့ ချမ်းသာပြီး စိတ်ပျော်ရွှင်မှု ရချင်မှရနိုင်မယ်၊ တစ်ဝက် မပေးလို့ ဆင်းရဲပေမယ့် စိတ်ပျော်ရွှင်မှု ရတဲ့သူတွေလဲ ရှိကြတယ်၊ ဆိုလိုတာက ငွေဟာ လူသားတစ်ယောက်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို



ဖန်တီးပေးတဲ့နေရာမှာ တစ်စိတ်တစ်ဒေသ အထောက်အကူ ပြုတယ်ဆိုပေမယ့် လုံးဝဖန်တီးပေးတယ်လို့ မဆိုနိုင်ဘူး'

'ခင်ဗျားစကားဟာ သိပ်ကိုအနှီးကြွယ်နေပါလား'

'ခံယူချက်၊ ရပ်တည်ချက်ချင်း မတူညီကြတဲ့ လူတန်းစား နှစ်ခုဟာ အမြင်ချင်း ကွဲပြားကြလေတော့ မဆန်းဘူးပေါ့၊ ခင်ဗျားတစ်ခုနားလည်ထားဖို့က လူတွေဟာ သူတို့ဘဝမှာ အေးချမ်းသာယာတဲ့ဘဝကို ဖန်တီးလိုကြတယ်...

'ဆင်းရဲသားတွေအများစုဟာ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်ကြတယ်၊ အရှင်းပြောရရင် သူတို့ရဲ့ မတရားချယ်လှယ် ညှင်းဆဲတာကို မခံနိုင်ကြဘူး'

'ဒါဖြင့် မင်းက ငါ့တို့ကိုဘယ်လိုဖြစ်စေချင်'

'ခင်ဗျားတို့ရဲ့ လုပ်ရပ်ကို အမြန်ဆုံး ရပ်လိုက်ဖို့ပဲ၊ ဆင်းရဲသားလူအများစုရဲ့ လူ့အခွင့်အရေးနဲ့ ပိုင်ခွင့်များကို ပေးပါ၊ ကျုပ်ကဒီနယ်မြေက ထွက်သွားစေချင်ရင် ဒီနည်းပဲရှိတယ်'

ကူးသောင် မဲ့ပြုံးကာ ချက်ချင်း ပြန်ပြောလိုက်သည်။

'နောက်ထပ် ငွေဒင်္ဂါးငါးထောင် ထပ်ပေးဦးမယ် ဆိုရင် ခင်ဗျားရဲ့သဘောထားကို ပြောင်းလဲမလား'

'မပြောင်းလဲနိုင်ဘူး၊ ကျုပ်နဲ့ တောင်းဆိုချက်ကို ခင်ဗျာ တို့သူဌေးကြီး လက်ခံမယ်ဆိုတာ ဘာကိုမှ တိုက်ပွဲ မဖြစ်ကြဘူး ကျုပ် လိုချင်တယ်'

'မင်းက သူဌေးကြီးထောင်မင်းနဲ့ ကိုယ်တိုင် တွေ့ချင်တယ် ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊' သူ့နောက်က 'အခုဖြေပေးတာကိုပဲ ကျုပ်ကြားမှင်တယ်'

'ဘယ်တော့ တွေ့ချင်လို့လဲ'

'ကျုပ် ဒီကနေ့ပဲတွေ့ချင်တယ် ဆိုပါတော့၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်ပေါ့ဗျာ'

'ကောင်းပြီ၊ ဒါဖြင့် ရွှေနဒီစွာ့းသောက်ဆိုင် အပေါ်ထပ်မှာ ညနေ(၆)နာရီတိတိအချိန်မှာ ဆုံကြမယ်'

'ရတယ်၊ ကျုပ်လာခဲ့မယ် ဗိုက်ချ'

ကူးလောင် ထိုင်ရာမှထကာ ပြန်ရန် ဟန်ပြင်လိုက်၏။ သို့သော်လည်း ခြေလှမ်းကို ရုတ်တရက်ရပ်တန့်ကာ ပြုံးရယ်သောမျက်နှာထားဖြင့် လှမ်းမေးလိုက်၏။

'ပင်းရဲ့ နာမည်ကိုတောင် ကျုပ်မသိရသေးဘူး'

'ကျုပ်နာမည် ဖွတ်မည်း၊ အသုံးမကျတဲ့ဖွတ်မည်း'

# အခန်း (၁၆)

သူဌေးကြီး ထောင်မင်းမှာ ရုံးခန်း ကုလားထိုင်ပေါ်တွင် ထိုင်ကာ ဆေးလိပ်ဖွာရှိုက်လျက် ရှိ၏။

သူ၏ရှေ့မှောက်တွင် တပည့်ကျော် ကူးလောင် ရောက်နေသည်။

ကူးလောင်မှာ သူဌေးကြီး၏ အားအကိုးရဆုံးသော ညာလက်ရုံး ဖြစ်သည်။ ထောင်မင်းအတွက်ဆိုလျှင် အရိုးကြေကြေ အရေခန်းခန်း အသက်စွန့် ဆောင်ရွက်ပေးမည့် တပည့်ကျော်တစ်ဦး။

သူ့သမီးမှာ (၁၀)နှစ်ရှိလေပြီ၊ အလှပ်ကို ကြီးစားလှ သလောက် အကျိုးခံစားခွင့် အများတကာထက် ပိုသည်လ မရှိချေ။

ယင်းအတွက်ကြောင့်လည်း သူဌေးကြီး၏ တပည့်ကျော် အဖြစ် (၁၀) နှစ်တိုင် ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'ကုးလောင်...ဟိုကောင်ကို တွေ့ခဲ့လား'

သူဌေးကြီးက စကားကို မေးလိုက်၏။

'တွေ့ခဲ့ပါတယ်၊ ဒီကောင်ဟာ ထက်ယို့ကို ပါးနပ်တဲ့ကောင်၊ မြန်လဲမြန်တယ်၊ ထက်လဲထက်တယ်'

'မင်း သူ့ကိုသိမ်းသွင်းနိုင်ပြီဆိုပါတော့'

'တင်းတင်း... မသိမ်းသွင်းရသေးဘူး သူဌေးကြီး'

'သူ့ကောင်းကိုတာလေ့ သိမ်းများနေလို့လား'

'မဟုတ်ဘူး သူဌေးကြီး၊ သူဟာ ငွေကို မက်မောတဲ့ပေါ်ဘူး၊ နောက်ထပ် ငွေအယ်ယ်ကို ပေးလို့ သူ့ကိုသိမ်းသွင်းလို့ မလွယ်ဘူး'

'ဘာ...ဘာကြောင့်လဲ'

'ကျွန်တော်လဲ ဒါကို စဉ်းစားလို့မရအောင် ဖြစ်နေတယ်၊ ဆင်းရဲနေပြီး ထမင်းနပ်မှန်အောင်တောင် မစားနိုင်တဲ့လူရဲ့ ပါးစပ်က ဒီလိုစကားမျိုး ထွက်နေတယ် ဆိုတော့ အတော် ထူးဆန်းတာပဲ'

'ဖုတ်ခြင်းက ငွေကိုမမက်ဘူးဆိုရင် ဘာကို လိုချင်လို့လဲ'

'သူလိုချင်တာက တောင်းဆိုချက်တစ်ခု ဖြစ်နေတယ်'

'ဘာတောင်းဆိုချက်လဲ၊ ပြောစမ်းပါဦး'

'ဆင်းရဲသား လူတန်းစားတွေရဲ့ လွတ်လပ်ခွင့်ကို ပေးလိုက်ပါလို့ တောင်းဆိုတယ်၊ ဒါကိုလိုချင်တယ်တဲ့'

'ဒါက ဘာအဓိပ္ပာယ်လဲ၊ ဘာသဘောလဲ'

'အဓိပ္ပာယ်ကတော့ ကျွန်တော်တို့လုပ်တဲ့ လုပ်ငန်းတွေ ရပ်ဆိုင်း[illegible]ပါလို့'



မောင်မင်း၏မျက်နှာ ပျက်သွား၏။

ကုးလောင်က စကားကို ဆက်ဆိုလိုက်၏။

'ပြီးတော့ သူက သူဌေးကြီးကိုယ်တိုင် သူ့တောင်းဆိုချက်ကို အမြန်ပေးတာ ကြားချင်တယ်လို့ ပြောတယ်'

'ဟုတ်လား၊ မင်းက ဘယ်လို ပြန်ပြောလိုက်လဲ'

'သူဌေးကြီးကိုယ်တိုင် ကျွန်တော် သူ့ကို ချိန်းလိုက်တယ်၊ ဒီကနေ့ညနေ ခြောက်နာရီထိုးမှာ ချောင်းဘီဆိုင်အပေါ်ထပ်မှာ တွေ့ဖို့ ပြောလိုက်ပါတယ်'

မောင်မင်း၏မျက်နှာမှာ ဒေါသရောင် လွှမ်းသွား၏။

'မင်း ဘယ်လွန်းတာ ငါ့အမိန့်မရဘဲ ဒီလိုအကြီး အမှား အဆုံးအဖြတ် လုပ်ဖူးလို့လဲ'

ကုးလောင် ခေါင်းငုံ့သွားသည်။

'သူဌေးကြီးရဲ့ အမိန့်မရဘဲ ဘယ်သူမှ အဆုံးအဖြတ်ပေးလုပ်ရပါဘူး'

'ဒါဆိုတော့ မင်းက ငါ့အမိန့်ရလို့ ဆုံးဖြတ်ခဲ့တာလား'

'ကျွန်တော် သူဌေးကြီးအတွက် အကောင်းဆုံးပြီး ဖရိုဖရဲ ကောင်းမျှော်လို့ လုပ်ပေးတဲ့သဘောပါ၊ သူဌေးကြီးကို လွှမ်းဆန့်ပြီး ကျော်လွန်တဲ့သဘော မဟုတ်ပါဘူး'

ထိုအခါ မောင်မင်း၏ ဒေါသ ပြေသယောင် ရှိသွားသည်။

'ဒါ... ဟိုကောင်မလေး ဘယ်မှာရှိသလဲဆိုတာ အကြောင်း ထောက်လှမ်းလို့ ရပြီလား'

'ဒီကိစ္စကို ကျွန်တော် အစီရင်ခံမလို့ပါ၊ အဲဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးကို မကြာခင်ကဘဲ ဖမ်းမိထားပါပြီ၊ ဇော်ဇော်ဉာဏ် များတဲ့ ကောင်ပဲ'

'ကောင်းတယ်၊ မင်းတို့က ဘယ်လိုကြောင့် ရှာဖွေလိုက်တာလဲ'

'အရပ်က ကောင်မလေး ပုန်းနိုင်မယ့် နေရာမှန်သမျှကို လိုက်လှတ်ပြီး လိုက်ရှာပေမယ့် မတွေ့ခဲ့ဘူးလေ'

'ဒါနဲ့ မင်းက မဖြစ်နိုင်ဆုံး၊ မထင်ဆုံးနေရာမှာ လိုက်ရှာတွေ့ခဲ့တယ် ဆိုပါတော့'

ထောင်မင်း၏ တွေးခေါ် မြော်မြင် ဉာဏ်စွမ်းကို ကူးလောင် အမှန်ပင်ချီးကျူးလေးစားသွား၏။

'ကျွန်တော် စဉ်းစားမိတာဟာ လူငွေးကြီး အကွက်ချထားတဲ့အတိုင်းပါပဲ'

ထောင်မင်းက သူတော်ကျကာ ရယ်လိုက်လေ၏။

'ဆက်ပြောပါဦး၊ မင်းက ကောင်မလေးကို ဘယ်မှာတွေ့တာလဲ'

'ကျွန်တော် လူ နှစ်ယောက်ကို ဒီထောင့် အိမ်အနီးမှာ အရိပ်အကဲကြည့်ဖို့ လွှတ်ထားခဲ့ပါတယ်။ အဲဒီညမှာပဲ ကောင်မလေးက ပျောက်သွားတယ်လေ၊ ဒီလောက် မြန်ဆန်ပြီး ပိရိအောင် အစဖျောက်နိုင်တယ်ဆိုတော့ ကိုယ့်လူ သူ့ဖက်သား ဖြစ်သွားတာပဲ ဖြစ်ရမယ်လို့ စဉ်းစားမိတာယ်'

ဖွတ်မည်းကောင်က ဒီနေရာမှာ သူ့ တွေးခေါ်ဉာဏ်က မဆိုးဘူး၊ ဒါပေမယ့် ငါတို့ဆီမှာ သူ့ ထက်တွေးခေါ် မြော်မြင်



ဉာဏ်သာတဲ့လူ ရှိနေတယ်ဆိုတော့ ဒီကောင် ခံသွားရတာပေါ့'

စကားမရှိသောယ်ဖြင့် သူယ်ဘိုက်ဖြီး မိမိအား ချီးကျူးလိုက်ကြောင်းကို သိသည့်အတွက် ကူးလောင် အနေရ ခက်သွားသည်။

'ဒါကတော့ ၁ူငွေးကြီး နေ့စဉ် သွန်သင်ဆုံးမတဲ့ စကားတွေကို မှတ်သားနာယူတဲ့ ကျေးဇူးကြောင့်ပါပဲ'

ထောင်မင်း၏အပြုံးမှာ ဝိုရှိတောက်ပသွားသည်။

'ကောင်မလေးကို ငါတို့လက်ထဲ ရောက်လာပြီဆိုတော့... ဒီကောင် အညံ့ခံလာအောင်လုပ်ဖို့ မခဲယဉ်းတော့ဘူး'

'သိပ်မှန်တာပေါ့၊ ဒီကောင် မကြာခင် လူငွေးကြီးဆီ အောက်ကြို့ခံပြီး ရောက်လာပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ခုအင်ထက်တွင် မှတ်မည်းတစ်ယောက်တည်း လဲလျောင်း
လျက်ရှိသည်။

အိပ်မပျော်နေခြင်းမဟုတ်ပါ။

မြို့ထဲသက်ရှာ အနားယူကာ စဉ်းစားနေခြင်းပဲဖြစ်ပါ၏။

ယနေ့ ခြေဆက်နာရီတိတိအချိန်တွင် အောင်မင်းနှင့် တွေ့ဆုံ
ရန် ရှိသည်။

မီမီ့ထံက ဖခင်ကြီးကိုတိ အောင်မင်း ထံး ဝလက်ခံမည်မဟုတ်
ကြောင်းကို သူ ကြိုတင်တွက်ထားသည်။ အမြင်းအထန်တိုက်ပွဲ
နှရမည်ဟု သဘောရသည်။

လူ့ ယက်တန်းသည် လူ့ရှိသမျှကို တောင်းသည်။

အလူးလူးမြင် သင်းသမား တစ်ယောက်၏ အထိတာမ်းမ
ဖိုးရှုမင်ကိုတောင်းသည်။

ထိုတိုတောင်းသော လူ့ အတသက်တမ်းတွင် အကျိုးရှိသည့်



လုပ် နိုးတစ်ခုကို လုပ်ဆောင်သွားမှ မြတ် သောသေခြင်းဖြင့်
ပြီး လူဖြစ်ရကျိုးနပ်မည်။

ဘဝတူ ဆင်းရဲသားများအတွက် အသက်ပေးချင် ရနိုင်ပါ
စေ၊ သူကျေနပ်ပါသည်။ သေပျော်သည်။

အချိ၊ ကောင်းစား မနေအတွက် မီမီအသက်ကို စတေး
ခံမည်။

အခင်းရှင်တို့၏ တရားမဲ့ ဖိနှိပ် ချုပ်ချယ်မှုကို တွန်းလှန်
တိုက်ခိုက်မည်။

မှတ်မည်း ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

တိဘ်ဆိတ် ငြိမ်သက်လျက် အခန်းတစ်ခုလုံး ငြိမ်သက်နေ
သည်။

အပ်ကျသံပင် ကြားရနိုင်လောက်သည်။

ထိုစဉ် အောင်မင်းအသံ ရုတ်တရက် ထွက်ပေါ်လာသည်။

'ကူးလောင်၊ မင်း ဟိုကောင်နဲ့ ချိန်းထားတာ ခုညနေ
လား'

'ဟုတ်ပါတယ် သူဌေးကြီး'

'ဒါဆို...မင်း အခု အဲဒီအစဉ်အတိုင်း သွားတွေ့လိုက်'

'ဟုတ်ကဲ့'

'ဒေါင်းမကြီး အားအားမင်းချင်တဲ့ လူစွမ်းကောင်းတော
...ခေါ်သိချင်တယ်'

...ဆိုးရိမ်ပုံရသည်။

အောင်မင်း၏ဆုံးဖြတ်ချက်ကို မည်သူမျှ ဟန့်တားပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲရှိမရှိကြောင်း သူတောင်းကောင်းနားလည်သဘောပေါက်သည်။

ကျားလောင် မည်သို့ဆိုရမည်နည်း၊ အခက်အခဲဖြစ်နေရလေသည်။

ထောင်မင်းက ဆက်၍မေးလိုက်ပြန်သည်။

'မင်းက ဘာယ်လိုဖြစ်ချင်လို့လဲ'

ကျားလောင် ဖြေကြားရန် ခက်ခဲနေသည်။

အရေးကြီးသည့်ကိစ္စမို့ သူ့ချက်ချင်း မပြောကြားလိုပေ။ တစ်ချက်မှားသွားလျှင် ဒုက္ခရောက်သွားလိမ့်မည်။ စဉ်းစားချင့်ချိန်၍လုပ်မှဖြစ်မည်။

'ဒီကိစ္စ အန္တရာယ်များမယ်ဆို မင်းထင်နေသလား'

ထောင်မင်းက ထပ်၍မေးလိုက်ပြန်သည်။

ဤအကြိမ်တွင် ကျားလောင် မဖြေ၍မဖြစ်တော့ချေ။ သက်ပြင်း တစ်ချက်ချလိုက်ပြီး....

'အောင်မယ်လေး၊ ကျွန်တော်တို့ လက်ထဲမှာ ရှိနေတယ်မဟုတ်လား၊ သူအရှမ်းမဲ့ မလုပ်ရပါဘူး'

'အဲဒီအချက်ကို ငါလဲ စဉ်းစားမိပါတယ်'

'ဒါပေမယ့် ဒီကောင်က သူများနဲ့မတူဘူး၊ သူ့ စိတ်သဘောကို မှန်းဆဖို့က မလွယ်ဘူး'

'မင်း ဆိုလိုတာက ဘာလဲ'

'သူဟာ လူတစ်မျိုးပဲ၊ သူ့ စိတ်ကမှန်တယ်ထင်ရင် ဓားလုပ်တတ်တဲ့ကောင်၊ ကိုယ်ကျိုးထက် အများအကျိုးကို လိုလားတတ်ပုံရတယ်'



'မင်း ပြောချင်တာက ကောင်မလေးရဲ့အသက်ကို ဆုံးရှုံးခံချင်မယ်၊ သူ့ တောင်းဆိုချက်နဲ့ ခံယူချက်ကိုတော့ မပြောင်းလဲဘူးပေါ့ ဟုတ်လား'

'ဟုတ်ကဲ့'

'ငါတို့မှာရှိတဲ့ သိုင်းသမားအားလုံးရဲ့ အင်အားနဲ့ ဆိုရင်ရော အန္တရာယ်ရှိနိုင်ဦးမှာလား'

'ဒါဆိုရင် ဖြစ်ချင်ဖြစ်နိုင်ပေမယ့် စိတ်တော့ မချရသေးဘူး၊ အန္တရာယ်ဆိုတာ နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ သူဌေးကြီးကို မခံစားစေချင်ဘူး'

'ထိပ်တန်းသိုင်းသမားအကျော်အမော်တွေ အကာအကွယ်ပေးထားတယ်ဆိုရင် ကျုပ်အဟုတ် ရင်ဆိုင်ရတာ မခဲယဉ်းပါဘူး'

'သူဌေးကြီးပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကောင်လက်စွမ်းဟာ သိပ်ကြောက်ဖို့ကောင်းတာတော့ အမှန်ပဲ၊ ပြီးတော့ သူ့ရဲ့ပစ်မှတ်ဟာ သူဌေးကြီး တစ်ယောက်တည်း ဖြစ်နေတယ်ဆိုတော့ သတိတစ်ချက်လစ်သွားရင် မစဉ်းစားစရာ ဖြစ်သွားနိုင်ပါတယ်'

'ဘာကြောင့်လို့ ပေါက်ချွန်းတစ်ယောက် ပါခဲ့ရင်ရော'

'ဒါဆိုရင်တော့ အခြေအနေ တစ်မျိုးဖြစ်မှာပေါ့'

'မင်းသတ္တောက ငါမသွားသင့်ဘူးပေါ့'

'ဒီလိုလဲ မဟုတ်ပါဘူး၊ သူဌေးကြီး သွားချင်တယ် ဆိုလဲ သွားနိုင်ပါတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲ၊ ရှင်းရှင်းပြောစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့ငွေကြေးကိုတော့တိုင် မျက်နှာပြခွင့် မသိပါဘူး'

ဟူးသောအသံဆိုသော စကား အဓိပ္ပာယ်ကို ဆောင်မင်း နားသည်သွားသည်။

'မင်းပြောတာ မှန်တယ်၊ သူ့ငါ့ကို မြင်ဖူးတာ မဟုတ်တော့ ငါ့နေရာမှာ တစ်ယောက်ယောက်ကို လူစားထိုးပြီး ငါက နောက်ကနေ လိုက်သွားရင်လော သူ ငါ့ကိုမြင်ဖူးနိုင်တယ်'

'တကယ်လို့ အမှတ်မထင် ကိုက်ခိုက်လာသည့်တိုင် သူ့ငွေကြေးလွှတ်ရာကို တိမ်းရှောင်နိုင်တာ မဟုတ်ဘူးလား'

'ကောင်းတယ်၊ မင်းအကြံကောင်းတယ်'

'မကောင်းဘူး၊ နည်းနည်းမှမကောင်း'

ထိုခါးအပြင်ဘက်မှ ရှုတ်တရက် ထွက်ပေါ်လာသော အသံ။

ဆောင်မင်း၏ နောက်ဘက်ခန်းမှ လျှို့ဝှက်သော ကိစ္စရပ်များ တိုင်ပင်သည့်နေရာ ဖြစ်သည်။ ဆောင်မင်း၏ ခွင့်ပြုချက် မရဘဲ မည်သူမျှ အခန်း အပြင်ဘက် အနီး အနားသို့ မလာဝံ့ကြပေ။

ယခုလူတစ်ယောက်မှာ အခန်းတံခါးအပြင်ဘက်မှာ ရောက်ရှိနေခဲ့ပြီးပြီးတော့ ဆောင်မင်း၏ စကားကို ဆန့်ကျင်ကာ ပြောဆိုလိုက်လေသည်။

ဆောင်မင်း၏ အမိန့်စကားကို မည်သူမျှ မလွန်ဆန်နိုင်။ ဆောင်မင်းက ဟုတ်သည်မှန်သည်ဆိုလျှင် မည်သူမျှ စောဒက မတက်ရဲကြပေ။

ယခုထိုသူသည် မည်သူနည်း။



ဆောင်မင်း၏ ရှေ့မှောက်တွင် ဆိုသူသည်လျှင် အများ မလုပ်ရဲသောအလုပ်ကို လုပ်ခဲ့သည်။ အများမပြောရဲ၊ မဆိုရဲသောစကားကို ပြောဆိုရဲသည်။

အမှုအခြေအနေ ရင်းတစ်ယောက် သူသည် ဆောင်မင်းအတွက် အသက်စွန့်၍ အလုပ်လုပ်သူတစ်ယောက်။

ခက်ခဲသော၊ မည်သူမျှမလုပ်နိုင်သော အလုပ်ကို ဆောင်မင်းအတွက် ဆောင်ရွက်ပေးသည်။

အဲသည်သူကား အခြားသူမဟုတ်။

ဆောင်မင်း၏လက်ရုံးတော် ပေါက်ချွန်းမှင် ဖြစ်လေတော့သည်။

ပေါက်ချွန်း၏အသံကို ကြားလိုက်ရသည့်အတွက် ဆောင်မင်း၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

'ဟော…ပေါက်ချွန်းပါလား၊ မင်းဘယ်တုန်းက ပြန်ရောက်လာတာလဲ၊ အထဲဝင်လာခဲ့လေကွာ'

အခန်းတံခါး ပွင့်သွားသည်။

အရပ်မြင့်မြင့်၊ နဖူးပြောင်ပြောင်၊ ဗလကောင်းကောင်းနှင့် လူတစ်ယောက် ဝင်လာသည်။

ပေါက်ချွန်းပင် ဖြစ်လေသည်။

'မင်းပြန်ရောက်လာတာ ငါတို့ မှန်းထားတာထက်တောင် စောနေပါလား၊ ဘယ်လိုလဲ၊ အဆင်ပြေခဲ့ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဆောင်ရွက်တဲ့ကိစ္စဟာ အဆင်မပြေဘူးဆိုတာ မရှိပါဘူးခင်ဗျာ'

'အေး...ငါလဲ ဒီစကားမျိုးပဲ ကြားချင်တာကွ'

ထောင်မင်း သဘောကျစွာ ရယ်မောလိုက်သည်။ ပေါက်ချွန်း၏လုပ်နည်းလုပ်ဟန်ကို သဘောကျသည်။ မြန်ဆန်သွက်လက်သည့် ပီရိသည်။ အမှားအယွင်း မရှိသလောက်။

'သူဌေးကြီး၊ ဒီကနေ့ည လူတစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတယ်ဆို'

ပေါက်ချွန်းက ရုတ်တရက် မေးလိုက်သည်။

'ဟုတ်တယ်၊ သူ့နာမည်က ဖွတ်မည်း'

'ဖွတ်မည်း ဟုတ်လား'

'မင်းကတော့ ဒီနာမည်ကို ခုမှကြားဖူးတာ မဟုတ်လား။ နာမည်ဂုဏ်သတင်း လုံးဝမရှိတဲ့အဖြင့် သူ့နာမည် ကိုတောင် လူမှေ့က အသုံးမကျတဲ့ဖွတ်မည်းလို့ ပြောဆိုပြီး ခေါ်လေ့ရှိတယ်'

'ခုတော့ သူက သိပ်အသုံးကျနေလို့လား'

'အသုံးကျရုံတင်မကဘူး၊ ငါ့အထင်တော့ နာမည် ဂုဏ်သတင်းလဲ ကြီးလိမ့်မယ်၊ သူ့နာမည်ရင်းနဲ့ ဇာတိရုပ်ကို လူမသိအောင် မြုပ်ထားတာပဲ ဖြစ်ရမယ်'

'ဒါ ဖြစ်နိုင်တယ် သူဌေးကြီး'

'ခုည သူနဲ့တွေ့ဖို့ချိန်းဆိုထားတယ်၊ ဒါပေမယ့် ကူးလောင်က ငါ့အတွက် စိုးရိမ်စိတ် ပိုနေတယ်'

'ကူးလောင်ကတော့ နေရာတကာ စိုးရိမ်တတ်တာပဲ'



'ဒါကတော့လဲ သူ့ကို အပြစ်တင်လို့မဖြစ်ဘူး၊ စိုးရိမ်ပြီး သတိရှိခဲ့ရင် အလုပ် လုပ်တဲ့နေရာမှာ အမှားအယွင်း နည်းနိုင်တာပေါ့'

ကူးလောင်မှာ သူဌေးကြီးနှင့် ပေါက်ချွန်း စကား အချီအချ ပြောနေသည်ကို တိတ်တဆိတ် ငြိုးလျက် နားထောင်နေသည်။

နှစ်ယောက် စလုံး စကား ရပ်သွားတော့မှ ကူးလောင်က –

'ကျွန်တော် စိုးရိမ်မပူပန်လို့ မဖြစ်ဘူးလေ၊ အဲဒီတုန်းက ပေါက်ချွန်း ရှိတာမှ မဟုတ်တဲ့'

'အခုတော့...'

'အခုတော့ အခြေအနေက ဘယ်သူတွေ့တော့မလဲ၊ ပေါက်ချွန်းကို အနိုင်တယူ ယှဉ်ပြိုင်နိုင်မယ်သူ မပေါ်သေးဘူးဆိုတော့'

မိမိ၏ ဂုဏ်ကို ထုတ်ဖော် ချီးကျူးလျှင် မကြိုက်သူ မရှိ။ ပေါက်ချွန်း၏ မျက်နှာကြီးမှာမူ ပီတိဖြစ်ရှိနေသည်။

'အခု ပေါက်ချွန်း ပြန်ရောက်လာပြီဆိုတော့ မင်း ခဏ အနားသွားယူလိုက်ဦး'

ထောင်မင်းက ကူးလောင်အား ပြောလိုက်သည်။

'ဟုတ်ကဲ့ ခင်ဗျ'

'မင်းကို ပြုစုပေးမယ့်သူ အခန်းထဲမှာ အဆင်သင့်နေတယ်။ အားဖြစ်အောင် သွားလိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ကိုးလေးခင် ထွက်သွားပြီးနောက် အခန်းထဲတွင် ထောင်မင်းနှင့် ပေါက်ချွန်းတို့ နှစ်ယောက်တည်းသာ ကျန်ခဲ့၏။

ထောင်မင်းမှာ ပေါက်ချွန်းကို စူးစိုက်စွာ တစ်ချက်ကြည့်ပြီး ရုတ်တရက် မေးလိုက်၏။

'မင်း ငါ့ဆီမှာ အမှုထမ်းတာ ဘယ်လောက် ကြာသွားပြီလဲ'

'ငါးနှစ်'

'ဘယ့်နှာတ်မလဲ…၊ လေးနှစ် ဆယ်လနဲ့ ဆယ့်တစ်ရက်ပဲ ရှိသေးတယ်'

ပေါက်ချွန်း မျက်လုံးပြူးကာ ကြောင်သွား၏။ ထောင်မင်း၏ မှတ်ဉာဏ်နှင့် တိကျမှုကို သူ မချီးကျူး၍ မနေနိုင်အောင် ဖြစ်သွားသည်။



ဤမျှ သေးငယ်သည့် ကိစ္စလေးကိုပင် တိကျစွာ မှတ်သားထားနိုင်သည်ဆိုတော့ မည်သူမျှ မချီးကျူး၍ မနေ့နိုင်ဘဲ မနေနိုင်။

'ကိုးလေးခင်ရဲ့ အမှုထမ်းသက်တော့ ဘယ်လောက်ကြာပြီ ဆိုတာ မင်းသိရဲ့လား'

ထောင်မင်းက ဆက်၍မေးလိုက်ပြန်သည်။

'ကျွန်တော့်ထက်တော့ ကြာပြီပေါ့'

'မင်းရဲ့ အမှုထမ်းသက်ထက် နှစ်ဆ ပိုတယ်၊ အစစ်ဆိုရင် ဆယ်နှစ်နဲ့ ဆယ့်တစ်ရက်ရှိသွားပြီ'

ပေါက်ချွန်း ဘာမှ ပြန်မပြော။

ထောင်မင်းက…

'မင်း ဒီငါးနှ အတွင်းမှာ ငွေဒင်္ဂါး(၆၀၉၀၀)သုံးဖြုန်းပြီး မိန်းမပျို (၃၃)ယောက် အလဲအလှယ် ပြုခဲ့တယ်၊ သိကြားတော့တော'

ပေါက်ချွန်း မသိပေ။

သိလိုစိတ်လည်း မရှိ။

'သူကတော့ လုပ်သက်ကြာပေမယ့် ငွေသုံးစွဲတဲ့နေရာမှာ မင်းလောက် မများဘူး၊ ဒီ ဆယ်နှစ်အတွင်း စုစုသုံးစရိတ်ဟာ (၆၀၀၀၀)ထက် မကျော်သေးဘူး'

ပေါက်ချွန်း စိတ်ကို မနည်းကြီးချုပ်ကာ ငြိမ်သက်မြဲ ရှိ၏။

'သို့သော်လည်း မနေနိုင်တော့သောအခါ…

www.burmeseclassic.com



'ငွေသုံးစွဲမှုဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မတူကြ ဘူးလေ'

'အေးလေ… ထားပါတော့၊ ဒါပေမယ့် အလုပ်လုပ်တဲ့ နေရာမှာ သူဟာ မင်းထက်တော့ ရှော့နည်းလိမ့်မယ် မထင် ဘူး'

ပေါက်ချွန်း၏စိတ်ထဲတွင် အတော်လေးကို အောင့်သက် သက် ဖြစ်သွားသည်။

မခံချင်စိတ်ဖြစ်မိသော်လည်း မငြင်းဆန်ရဲပါ။

ထောင်မင်းက စကားကိုဆက်လိုက်ပြန်သည်။

'ငွေနှင့်မိန်းမထက် ယောကျ်ားတစ်ယောက်ရဲ့ စိတ်နှလုံးကို လှုပ်ရှားပြောင်းလဲနိုင်စွမ်းရှိတာ ဘယ်အရာလဲ'

ပေါက်ချွန်း နှုတ်ဆိတ်သွားသည်။

သို့သော် မပြောရဲ။

'ရာထူးပေါ့တာ'

ထောင်မင်းကိုယ်တိုင် ဖြေကြားလိုက်သည်။

လောကတွင် ရာထူးကို မမက်မောသော ယောကျ်ားဟူ၍ မရှိ။ ရာထူးရှိလျှင် အမိန့်အာဏာကို အသုံးချပြီး လိုတာဖန်တီး ယူနိုင်သည်။

သူ့အတွက် ငွေမရှား၊ မိန်းမမရှားပေ။

ထောင်မင်း မျက်နှာတစ်ချက် ပြုံးလိုက်ပြီး…

'သူဟာ ငွေလဲမမက်ဘူး၊ မိန်းမလဲမမက်ဘူး၊ သူမက်တာ တစ်ခုပဲရှိတယ်၊ ငါ့ရဲ့နေရာ၊ ငါ့ရဲ့ရာထူးပဲ'

ပေါက်ချွန်း၏မျက်လုံး ဝင်းလက်သွားသည်။



'သူ့ဆွေကြီးသာ တစ်ခွန်းပြောလိုက်ရင် သူ့ကို ကျွန်တော် အချိန်မရွေး ရှင်းပစ်လို့ရပါတယ်'

'မင်း သေချာရဲ့လား ပေါက်ချွန်း'

'သူ့ဆွေကြီးက ကျွန်တော့်ကို မယုံဘူးလား'

'မယုံလို့ တော့ မဟုတ်ဘူး၊ မင်းရဲ့ ညာဉ်စွမ်း ဘယ်လောက် ရှိတယ်ဆိုတာပဲ၊ သိုင်းအကျော်အမော်တွေလဲ မင်းလက်ချက်နဲ့ အသက်စတေး ခံသွားရတာလဲ ငါသိပြီးသား'

ပေါက်ချွန်း ငြိမ်သက်လျက်ရှိ၏။

ထောင်မင်းက စကားကိုဆက်တော့…

'သူဟာ ဆယ်နှစ်ထဲ အမှုထမ်းလာတာ တစ်လျောက်လုံးမှာ လက်ရုံးရည်ယှဉ်ပြိုင်ပွဲမျိုးကို တစ်ကြိမ်တစ်ခါမှ ဝင်ခဲ့တာမရှိ ခဲ့ဘူး၊ သူဟာ နှလုံးရည်သမား သက်သက်ပဲ၊ လက်ရုံးရည် မရှိဘူးလို့ ငါကထင်နေတာ'

'သူ့ဆွေကြီး… ဒီကောင်ဟာ နှလုံးရည်သမားပဲ၊ လက်ရုံး ရည် ဘယ်ရှိမလဲ'

'ဒီလိုဆိုရင် မင်းမှားပြီ၊ ငါလဲမှားခဲ့တယ်'

'ဘယ်လိုမှားတာလဲ ခင်ဗျာ'

'တကယ်တော့ သူဟာ နှလုံးရည်သမားသက်သက် မဟုတ်ဘူး၊ အဆင့်မြင့်မားတဲ့ လက်ရုံးရည်သမား တစ်ယောက်လဲဖြစ် တယ်'

'သူ့ဆွေကြီးက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

'သူဟာ သိပ်ဟန်ဆောင်ကောင်းတဲ့ လူတစ်ယောက်ပဲ၊ သူ့ ပညာကို လူမသိအောင် ဖုံးဖိကွယ်လျှိုးထားနိုင်တယ် ဆိုတော့

www.burmeseclassic.com



တော်ရုံပညာမျိုးနဲ့ဆိုရင် မလွယ်ဘူး၊ ငါ့ သူ့ကို အကဲခတ် လေ့လာနေတာကြာပြီ၊ သူ့ရဲ့လှုပ်ရှားသွားလာပုံကအစ ဖင်း ထိုင်ပုံကိုင်ပုံအဆုံးပေါ့၊ သူဟာ ဓားသမားကောင်း တစ်ယောက် ဖြစ်ရမှာဘဲ၊ အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ရမယ်လို့ ငါ ယူဆတယ်

ဒါဟာကိုမဖြစ်ဖြစ် သူ့ကို ကျွန်တော် အခွန် သားလိုက်မှာ

မင်း သူ့ကို ရှင်းပစ်နိုင်တယ်ဆိုတာ ငါယုံတယ်

ခုလဲ အချိန်မရွေး ရှင်းပစ်နိုင်ပါတယ်

ဒါပေမယ့် အခုတော့ ချက်ချင်းကြီး လုပ်အပ်သေးဘူး ရေသဲ

သူဌေးကြီး အန္တရာယ်ဆိုတာ ကြာကြာထားရင်မကောင်းဘူးနော်

ဒါကို ငါသိတယ်၊ ခုထိတော့ သူ ငါ့အပေါ် သစ္စာဖောက်တာ မရှိသေးဘူး

နောင်တစ်ချိန်ကျမှဆိုရင် နောက်ကျ မသွားနိုင်ဘူးလား

ဒီအတွက်တော့ စိတ်ချ၊ နောက်မကျစေရဘူး ပေါက်ချွန်

ယောကျ်ား တစ်ယောက်ဟာ ဆုန်စိုက်သော် သစ္စာသူ့တဲ့ အသျှင်းသခင်တစ်ယောက်ကို သူ့လျှို့ဝှက်ချက် အကြံအစည်ကို မကုန်ကြိုးနိုင်ကြဘူး၊ အဲဒါဟာ ယောကျ်ားတွေရဲ့ အားနည်းချက်ပဲ

မှောင်မင်း၏ အကြောင်းပြချက်ကို ပေါက်ချွန်း လက်ခံ



သည်၊ လျှို့ဝှက်အပ်သော ကိစ္စရပ်များသည် မိန်းမကြောင့် ပေါက်ကြားခဲ့ရသည်တာ များသည်။

ဤနေရာမျိုးတွင် မိန်းမများ၏ စွမ်းရည်သည် ယောကျ်ားများထက် အဆပေါင်းများစွာ သာလွန်ခဲ့ရသည်။

ယောကျ်ားများမှာလည်း ထိုအချက်ကိုသိလျက် သတိထားလျက်နှင့်ပင် မှောင်ချောက်ညွှတ်ကွင်းထဲ ဆင်းသက်ခဲ့ရသည်မှာ အကြိမ်ပေါင်း မနည်းလှ။

မည်သို့ပင်ဆိုစေ မှောင်မင်းအတွက် အကျိုးအမြတ် ဖြစ်ထွန်းသွားသည်မှာမူ အမှန်ပင်ဖြစ်သည်။

သူသည် ပေါက်ချွန်းအား အကြောင်းနှစ်ချက်ကို ကောင်းကောင်း သိသွားစေသည်။

ပထမအချက်က မှောင်မင်းသည် ရင်ဆိုင်ရန်လွယ်ကူသော ပုဂ္ဂိုလ်တစ်ယောက်မဟုတ်၊

မည်သည့်အခါမျှ သူတစ်ပါး၏ လှည့်ဖြားကောက်ကျစ်မှုကို ခံမည့်သူမဟုတ်ကြောင်း၊

ဒုတိယအချက်၊ မှောင်မင်း၏ ယုံကြည်အားကိုးရဆုံးသော လူယုံမှာလည်း တစ်ယောက်တည်းသာ ဖြစ်ကြောင်း၊ ဆိုသည့် အချက်ကို ပေါက်ချွန်းတစ်ယောက် နားလည် သဘောပေါက်ပြီး မိမိအပေါ် ပိုမိုယုံကြည်ကိုးစားကာ သစ္စာရှိလာခြင်း ဖြစ်သည်။

ပေါက်ချွန်း အခန်းမှထွက်လာခဲ့လေသည်။

ပေါက်ချွန်းတစ်ယောက် ဖွတ်မည်းကို မရှင်ခင် အနိုင်ယူလိမ့်မည်ဟု မှောင်မင်း ယုံကြည်ထားသည်၊ ပထမဦးဆုံး သူ

www.burmeseclassic.com

www.burmeseclassic.com



သည် သီလကတ်သီးနှင့် ကျောင်းပန်းထဲသွားပြီး ဖွတ်မည်း၏ ပညာရှမ်းကို စနည်းနာလိမ့်မည်ဟု ထွက်ဆိုလိုက်သည်။

သူသည် မြိုင်ဖက်အကျော်အမော်တစ်ဦးနှင့်တွေ့ဆုံသည့်အခါ လျော့ရဲမယ်ခြင်းမရှိ၊ ထို့ကြောင့်ပင် သူ၏ဆက်တမ်းတစ်လျှောက်တွင် အရေးနိမ့်ခဲ့သည့်ပွဲ ဘယ်သောအခါမျှ မရှိသေးသောက်ပင်။

## အခန်း (၁၉)

သီလကတ်သီး ကျောင်းပန်းဒက်ရှာနှင့် အနားယူလျက်ရှိသော အခန်းသို့ ပေါက်ချွန်းရောက်လာ၏။ အခန်း တံခါးမခေါက်ဘဲ ဝင်လာဝံ့သူမှာ ပေါက်ချွန်းမှလွဲ၍ တခြားသူမဖြစ်နိုင်၊ ကျောင်းပန်း၏လက်ရှိ ဒက်ရှာမှာ မသက်သာ၊ ပေါက်ချွန်း အခန်းထဲသို့ ဝင်လာချိန်တွင် ကျောင်းပန်းမှာ ခုတင်ထက်၌ အနားယူလဲလျောင်းလျက် ရှိ၏။

ယခုလိုအချိန်မျိုးတွင် ပေါက်ချွန်းကဲ့သို့သော မိတ်ဆွေကို သူလိုလားနေသည်မှာတော့ အမှန်ပင်။ သို့သော် ပေါက်ချွန်း အခုခန ချက်ချင်း သေဆုံးသွားခဲ့လျှင်တော့ သူ မျက်ရည်ကျမှာတော့ မဟုတ်။

ပေါက်ချွန်းမှာ ကျောင်းပန်း၏ အဝတ်စည်းတားသော လက်ကိုကြည့်ကာ မျက်မှောင်တစ်ချက်ကြုတ်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှယ်လဲ၊ မင်းရဲ့ဒဏ်ရာက အခြေအနေ'

ကျောင်းပန်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

သူရရှိခဲ့သော ဒဏ်ရာမှာကြီးသည်။ မတ်တီး ညှိုးထား သောလက်မှာ နောက်ထပ်အဆုံးချိန်ရန် လမ်းစမမြင်ရချေ။ ဤကား သူ့အတွက် လျှို့ဝှက်ထားရမည့် အခြေအနေမှ ဖြစ် သည်။

အသိမဝင်၊ အကျိုးမပြုနိုင်တော့သည့် လက်ကျိုးနေသော လက်တစ်ဖက်ကို ဆောင်မင်း ရေရှည် ကျေးဇူးလိုင် မည် မဟုတ်ကြောင်း သူနှင့်လည်းသဘောပေါက်သည်။

'မင်းကို ဒဏ်ရာရအောင်လုပ်တဲ့ကောင်က ဘယ်သူလဲ'

ပေါက်ချွန်းက မေးလိုက်သည်။

ပေါက်ချွန်း သိလျက်နှင့် မေးမြန်းခြင်းဖြစ်သည်။ သို့သော် သူက အောင်သက်သက်နှင့် မေးလိုက်ရ၏။

'ဖွတ်မည်း၊ အသုံးမကျတဲ့ ဖွတ်မည်းဆိုတဲ့ကောင်'

'သူက အသုံးမကျဘူးလို့သာ ဆိုတယ်၊ မင်းကို ဒဏ်ရာ ရအောင်လုပ်တဲ့အပြင် ချန်းတိန်ရဲ့အသက်ကိုတောင်ယူသွားနိုင် တယ်ဆိုတော့...'

ကျောင်းပန်း တစ်ချက်ပြုံးလိုက်ပြီး...

'ဒီကောင်က၊ အခြားဖက်မှာသာ အသုံးမကျတာ၊ သိုင်း ပညာမှာတော့ တကယ်ကို စွမ်းတယ်ကွ'

'သူက မင်းကို ဘယ်ကိုကြောင့် ဒဏ်ရာရအောင် လုပ်ရ တာလဲ'

'သူ့ရဲ့လက်သီးနဲ့၊ သူ့ရဲ့လက်သီးက မြင်းတယ်ကွ'





အာသင် အမားသွင်းတာခဲ့သည့် ထိခိုက်မိကြောင်းလည်း နှိပ်မိ ... အမှားသွန်မှာလည်းတင် ဖြစ်ပျက်တာသည့် ကိစ္စရပ်မှီ လိမ်ညာလို့ မရ။

ပေါက်ချွန်း၏မျက်နှာ အကျည်းတန် အရုပ်ဆိုးသွားသည်။ ကျောင်းပန်း၏ သံလက်သီးစွမ်းကသည်း မည်သို့ ရှိ၍ သူ၏လက်တံ ကို ဖက်ပြိုင်အနိုင်ယူရန်မှာ လွယ်ကူသည့်ကိစ္စရပ်မျိုး မဟုတ်။

'ဒင်းဟာ... ကျုပ်ဆီ ရောက်လာတဲ့ဟာ တိတော့ ကျုပ် ကို ဘယ်လိုပညာမျိုးနဲ့ အသုံးပြုအနိုင်ယူလိုက်တာကို သိချင် ပေါ့ မဟုတ်လား'

ကျောင်းပန်းက ခိုက်ရိုက်ဝင် မေးလိုက်၏။

ပေါက်ချွန်း မငြင်းပေ။ သူသည် လူနာ့ထံတင်း မေး၍ သက်သက်ရောက်လာခြင်း မဟုတ်ချေ။

ကျောင်းပန်းက...

'စက်တာက သူ ဘယ်ပညာမျိုးနဲ့ တိုက်ခိုက်လိုက်သလဲ ဆိုတာ ကျုပ်လဲ မပြောတတ်ဘူး'

ပေါက်ချွန်း၏ မျက်လုံးမှာ ဒေါသရောင်သန်းသွား၏။

'မင်း...သိုင်းပညာကို နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ် နီးပါး လေ့ကျင့်ခဲ့ပြီး လူတော်လဲ သတ်ခဲ့တာ အများကြီး သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တဲ့ အတွေ့အကြုံရှိ နည်းလားကွာ၊ အခု...သူများက ကိုယ့်ကို ပိုမျက် ပွန်းပျို ဖြစ်လောက်အောင် ရိုက်လိုက်တာ မင်းက သူဘယ်လိုပညာ မျိုးသုံးပြီး တိုက်ခိုက်လိုက်တယ်ဆိုတာ မသိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'တုတ်ထယ်၊ သူ့ရဲ့ လှုပ်ရှားမှုဟာ မယုံနိုင်လောက်အောင် သိပ်ကို မြန်လွန်းတယ်'

ပေါက်ချွန်းက တစ်ချက်ပြုံးရယ်ပြီး ကျောင်ပန်း၏ ဒဏ်ရာရသောလက်ကို ရုတ်တရက် ချုပ်ကိုင်ကာ ပတ်တီးကို လှမ်းဖြေလိုက်သည်။

ကျောင်ပန်း မျက်နှာပျက်သွား၏။

'ခင်ဗျား ဘာလုပ်တာလဲ'

'ငါ...မင်းဒဏ်ရာကို ကြည့်မလို့'

ကျောင်ပန်း မချိပြုံး ပြုံးလိုက်၏။

'ငါ့လက်ကို ဘာများကြည့်စရာရှိလို့လဲ'

'သိဖို့ရှိတာ ပါကွာ'

'မဖြစ်ဘူး၊ ဆရာက ဒီပတ်တီးကို တစ်ပတ်ကြာမှ ဖြေရမယ်လို့ မှာကြားထားတယ်'

'သွားစမ်းပါ'

ကျောင်ပန်း ပါးစပ်ပိတ်သွား၏။ ပတ်တီးမှာ ဒဏ်ရာပေါ်မှ လုံးဝ ကင်းကွာသွားလေပြီ။

ကျောင်ပန်း၏ ဒဏ်ရာရသောလက်ကို မြင်တွေ့လိုက်သောအခါ ပေါက်ချွန်း၏မျက်နှာမှာ သိသိသာသာ ပျက်သွား၏။

အနှစ်နှစ်ဆယ်ကျော် လေ့ကျင့်ခဲ့သောလက်မှာ ခုတော့ သုံးမရအောင်ပင် ကြေမွသွားခဲ့လေပြီ။

ဖွတ်မည်း မည်သည့် ပညာမျိုးကိုအသုံးပြုကာ ထိုက်ခိုက်လိုက်သနည်း။ စဉ်းစား၍ မရနိုင်အောင်ပင်။ ပေါက်ချွန်း သက်ပြင်းတစ်ချက် ချလိုက်၏။



'မင်း...စိတ်ချ၊ ဒီအကြောင်း ငါ ဘယ်သူ့ကိုမှ မပြောဘူး'

'ဘာကို ပြောတာလဲ'

'မင်းရဲ့လက်ဟာ တစ်သက်လုံး ဘယ်တော့မှ အသုံးမပြုနိုင်တော့ဘူးဆိုတဲ့ အကြောင်းပေါ့'

'ကျေးဇူးတင်ပါတယ်ကွာ'

'ဒါပေမယ့် သူဌေးကြီးထောင်မင်းက အနေးနဲ့အမြန်တော့ သိသွားမှာပါ။'

'ငါ့မှာ လက်တစ်ဖက် ကျန်ပါသေးတယ်။ ဒီလက်တစ်ဖက်နဲ့ သူဌေးကြီး အတွက် လူသတ် ပေးနိုင်ပါသေးတယ်'

'မင်းက ဘယ်သူ့ကိုသတ်မှာလဲ၊ မင်းထက်ပိုပြီး အသုံးမကျတဲ့ ဒုက္ခိတသည်တွေကို သတ်မယ်လား'

သူသည် ရုတ်တရက် အိတ်ထဲမှ ငွေအချို့ကို နှိုက်ထုတ်ကာ ကျောင်ပန်းအား ပစ်ပေးလိုက်၏။

'ဒီငွေတွေကို မင်းသိမ်းထား၊ တစ်နေ့ အသုံး ဝင်လာလိမ့်မယ်၊ အရမ်းဖြုန်းမပစ်လိုက်နဲ့ဦး'

ပေါက်ချွန်းသည် စကားဆုံးသည်နှင့် ချက်ချင်းပင် အခန်းထဲမှ ထွက်သွားသည်။

ပေါက်ချွန်း ထွက်သွားပြီးနောက် အခန်းတွင်းသို့ ဝင်လာသူမှာ ကူးလောင်ဖြစ်သည်။

ကျောင်ပန်း ငေးကြောင်ကာ ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေများ စားပွဲပေါ်တွင် ခုနရာမပျက်ရှိနေ၏၊ ကူးလောင် မျက်နှာသာလျက် ပြုံးရယ်လိုက်သည်။

'ကျုပ် ငွေများကို သယ်ချင်းပေးဖို့ ရောက်လာတာ၊ မင်း တို့ စကားပြောနေကြလို့ တမင်စောကာမဝင်ဘဲ ခဏစောင့်နေ တာ...'

'ဒါဖြင့် ငါတို့ပြောနေတဲ့ စကားတွေအားလုံး မင်းကြား သွားပြီပေါ့၊ ကောင်းတယ် သိစေကောင်းတယ်ကွာ'

'ဒီအတွက် မင်းစွာမှုစိုက်မပူနဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် ပေါင် ချုပ်တာ မင်းအပေါ် မဆိုးရပါဘူး'

'ဟုတ်တယ် မဆိုးဘူး၊ ငါ့ကိုငွေပေးပြီး ကောင်းကောင်း သိမ်းသွားဖို့လဲ မှာသွားသေးတယ်လေ'

သူသည် ပြောရင်းမှ ရုတ်တရက် တဟားဟား ရယ်မော မိလိုက်ပြီး -

'ဒီငွေတွေ သိမ်းထားပြီး ဘာလုပ်ရတော့မှာလဲ၊ ဒီမဖြစ် စလောက်ငွေနဲ့ ကျုပ်အားစီးပွားရေး လုပ်လို့ရမှာလဲ'

သူသည် ရယ်မောကာ စားပွဲခုံပေါ်မှ ငွေများကို ရုတ် တရက်လှမ်းဆွဲပြီး လွှင့်ပစ်လိုက်လေသည်။

ပြီးတော့ ခုတင်ထက်တွင် ပစ်လှဲချကာ မျက်စိကိုမှိတ်ထား လိုက်လေသည်။

ကူးလောင် ကိုယ်ချင်းစာမိသည်။ ယခုအချိန်မျိုးတွင် ကျော ဝန်း၏ခင်ထဲ၌ မည်သို့ခံစားနေရမည်ကို နားလည် သဘော ပေါက်မိ၏။



သူသည် စကားကိုမပြောဘဲ ခေတ္တငြိမ်လျက်ရှိရာမှ နှစ်သိမ့် အားပေးစကား ပြောကြားလိုက်လေသည်။

'မင်း စိတ်အေးအေးနဲ့ အနားယူ၊ ခုကျရာမျှော်ကော်အောင် ကြိုးစားကြပါ၊ နောက်ပိုင်း ပြဿနာတွေကို ငါတာဝန်ယူ တယ်'

## အခန်း (၂၀)

လူပြတ်သော လမ်းကြား အရက်ဆိုင်တစ်ခုတွင် ဖွတ်မည်း တစ်ယောက် အရက်သောက်လျက်ရှိ၏။

သူသည် မည်သူ့ကိုမျှ ဂရုစိုက်ပုံမရ။ အမြည်းကစလေးနှင့် အရက်ကိုသာ အာရုံရှိနေပြီး စားလိုက် သောက်လိုက် ရှိနေ သည်။

ရုတ်တရက်....

ဖွတ်မည်း လက်တွင် ကိုင်ထားသော အရက်ဖန်ခွက်မှာ အရက်နှင့်အတူ ရုတ်တရက် မြောက်တက်သွား၏။

ပြီးတော့....

'ဝှန်း'

ဟူသောအသံနှင့်အတူ လူတစ်ယောက် ခေါင်မိုး အပေါက် မှနေ၍ အောက်သို့ပစ်ကျလာ၏။

ဖွတ်မည်း မော့ကြည့်၍ပင်မကြည့်။ ပြန်ကျလာသော အရက်ခွက် ကို လက်ဖြင့်ဖမ်းကာ အရက်ခွက်ကိုသာ မြှောက်ကာ ဆက်သောက် နေလိုက်၏။



ဆိုင်ရှင် အဘိုးကြီးနှင့်စားပွဲထိုးလုလင် မျက်လုံးပြူးသွား ကြသည်။

ဖွတ်မည်း ထိုင်ရာမှရုတ်တရက်ထကာ ထိုလူထံ လျှောက် သွားသည်။

တော်ရုံနှင့် ထိုလူမထနိုင်။ အသတိလစ်ကာ မေ့မြောနေလေ သည်။

ဖွတ်မည်း တစ်ချက်ပြုံးလိုက်ပြီး အရက်ဖြင့် ထိုသူ၏ မျက် နှာပေါ်သို့ လှမ်းပက်လိုက်၏။

ထိုလူသည် ထိုအချိန်ကျမှ လူးလွန့်ကာ သတိရလာသည်။ ကြောက်ရွံ့တုန်လှုပ်သော မျက်လုံးအစုံနှင့် ဖွတ်မည်းအား စိုက် ကြည့်နေမိ၏။

ဖွတ်မည်း စကားတစ်ခွန်းမှမဆို မလှုပ်မယှက် မျက်တောင် အခတ်မခတ်ဘဲ ထူးခြားတောက်ပြောင်သည့်မျက်လုံးအစုံဖြင့် စူးစိုက် စွာပြန်လည်ကြည့်လိုက်၏။

ထိုသူမှာ ချွေးစေးများ ပြန်လာသည်။

ကြက်သီးမွေးညှင်းများထကာ ဖွတ်မည်း၏မျက်လုံးစူးစူးကြီး များကို မခံနိုင်တော့ချေ။

ဖွတ်မည်း တစ်ချက်ပြုံးလိုက်၏။

'မင်း ယောက်ျားတစ်ယောက်ဖြစ်ပြီး ဘာလို့ ခိုးကြောင် ခိုးဝှက်အလုပ်ကို လုပ်ရတာလဲ'

'ကျွန်တော်...ကျွန်တော့်သဘောနဲ့ လုပ်ချင်လို့လုပ်ရတာ မဟုတ်ပါဘူး'

www.burmeseclassic.com



'ဒါဖြင့် မင်းကို ဘယ်သူက ခိုင်းတာလဲ၊ မှန်မှန် ဖြေစမ်းကွာ'

'ကျွန်တော် အမှန်အတိုင်းပြောရင် မင်းအသက်ကို ချမ်းသာပေးမှာလား'

'အေး...မင်း အမှန်အတိုင်းပြောရင် ကျွန်တော် အသက်ကို ချမ်းသာပေးမယ်'

'ကျွန်တော့်ကို ဆရာကြီးဆောင်းက ခိုင်းလို့ ရောက်လာရတာပါ'

မင်းအောင်ရွှေကို ပြောလိုက်စမ်း ဖူကီမည်းဆိုတဲ့ ကောင်ကို ခိုင်းလွှတ်ပြီး ငါ့ကိုမိန်းမဥာဏ်မျိုးနဲ့ စမ်းလို့ မရဘူးလို့...

အခန်း(၂၁)

သူဌေးကြီး ဖအောင်မင်း မျက်စိမှိတ်ကာ အိပ်ရာထက်မှာ လဲလျောင်းနေသည်။

နူးညံ့သိမ်မွေ့သော လက်ကလေးများက သူဌေးကြီး၏ ကိုယ်ပေါ်တွင် ငြင်သာစွာလှုပ်ရှားလျက်ရှိ၏။

ဖအောင်မင်းက အညောင်းခံပြီး အနှိပ်ခံနေခြင်းပဲ ဖြစ်လေသည်။

သူဌေးမင်းနှင့် လှမျိုးပြုံးတစ်ယောက်။

အခန်းထဲတွင် နှစ်ယောက်တည်း ရှိနေကြသည်။

'ဘူးလေ့ာင်တစ်ယောက် အိပ်ရာတွဲ နိုးပြီလား'

ဖအောင်မင်းက ရုတ်တရက်မေးလိုက်ရာ...

'အခန်းထဲက ထွက်လာတာတော့ မတွေ့သေးဘူး သူဌေးကြီး...'

'ဒါနဲ့ ပေါက်ချွန်းရော ဘယ်သွားနေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူ စောစောတုန်းက ကျောင်းမန်းကို သွားကြည့်တယ်လို့ ကြားတယ်၊ အခု ရွှေနဒီစားသောက်ဆိုင်က မိန်းမကြီးနဲ့သွား တွေ့တယ် ထင်တယ်'

ပေါက်ချွန်း၏ အကြံအစည်ကို သူဖွေးကြီး ချက်ချင်း နားလည်လိုက်၏။

မိန်းမ ကိစ္စအတွက်တော့ မဟုတ်နိုင်။

ဖွတ်မည်း ပထမဆုံး အကြိမ် ကျိုးမြို့သို့ ရောက်လာပြီး တည်းခိုမည်ကို ရသွားခြင်းမှာ ရွှေနဒီစားသောက်ဆိုင်မှ ဖြစ်သည်။

ထို့ကြောင့် ဖွတ်မည်း၏သဘောင်းကို သိလိုချင်သွားခြင်းပင်။ သူသည် ဖွတ်မည်း အကြောင်း တစ်စုံတစ်ဦးထက် ပိုမို သိရှိမည်သာ ဖြစ်သည်။

ယင်းအချက်ကိုစဉ်းစားမိသည်ပင်၊ ပေါက်ချွန်း၏ လုပ်ငန်းအပေါ် ရေစပ်သေချာမှုရှိကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။

ယင်းအတွက် ထောင်မင်း၏မျက်နှာ ပြုံးရွှင်သွား၏။

သူ တပည့်ကျော်များမှာ အားကိုးလောက်ပါပေသည်။

ထောင်မင်းကို အနိုင်တူပြီး ရန်ပြုလျှင် ထိုသူဟာ အရှုံးနှင့် ရင်ဆိုင်ပြီး မရဏလမ်းသို့ ရောက်ရမည်သာဖြစ်သည်။



ရွှေနဒီစားသောက်ဆိုင် အပေါ်ထပ်သို့ ပေါက်ချွန်းရောက် ရှိနေသည်။

သူသည် ဆိုင်ရှင်မိန်းမကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်ကာ စကားမပြောဘဲ စူးစိုက်ကြည့်နေလျက်ရှိ၏။

မိန်းမကြီးမှာ ငေးကြောင်ကာ အနေရခက်သွား၏။

အတန်ငယ် ကြာသော အခါ ပေါက်ချွန်းက စကားကို စ လိုက်သည်။

'ကျုပ် ဒီဆိုင်ကို ဘာအတွက် ရောက်လာတယ်ဆိုတာ ခင်ဗျား သိမှာပေါ့ကောင်းတယ်'

ထိုအခါမှ မိန်းမကြီး၏မျက်နှာ ပြုံးပြုံး ရွှင်ရွှင် ဖြစ်သွားနိုင်သည်။

'ရှင့်အတွက် ပစ္စည်းကောင်း အထူး အစီအစဉ် တစ်ရပ် လုပ်ထားပါတယ်၊ ဒီလောက်တော့ ကျွန်မ အလိုက် သိတတ်ပါတယ်'

'ကျုပ်လိုချင်တာ အဲဒါ မဟုတ်ဘူးဗျ'

သူမ အံ့အားသင့်သွားပြန်သည်။ ပေါက်ချွန်းတစ်ယောက် စိတ်ပြောင်းသွားသေပြီလော။

မဖြစ်နိုင်၊ ဘယ်နည်းနဲ့မျှ မဖြစ်နိုင်။

မိန်းမကို မကြိုက်နှက်သက်သောယောကျ်ားဟူ၍မရှိနိုင်ပေ။ ရှိလျှင်လည်း ထိုသူသည် ယောကျ်ားမဖြစ်နိုင်။ စိတ်ပိုင်းရော ကိုယ်အင်္ဂါပိုင်းဆိုင်ရာ ချွတ်ယွင်းချက် ထစ်ခုခုရှိသူသာ ဖြစ်ရမည်။ သို့မဟုတ်လျှင်လည်း အသက်အရွယ် ကုန်ခန်းသော ပုဂ္ဂိုလ် ဖြစ်သူမှ သာ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက ယင်းသို့သာ ထောက်ဆပြီး မျက်ရည်ချလိုက် မိသည်။

'ရှင် ဘယ်လို ပြောင်းလဲသွားလေသလဲ အရက် မူးလာတာ ဘော့ မဟုတ်ပါဘူးနော်'

ပေါက်ချွန်း ယှဲ့ယှဲ့ ပြုံးလိုက်သည်။

'ကျုပ် အရက်မမူးဘူး၊ မူးတော့ ခင်ဗျား ဖြစ်ချင်တောင်းဖြစ် လိမ့်မယ်'

သူမ ခေါင်းတရမ်းရမ်းသွား၏။ ဤမျှ စိတ်အပြောင်းအလဲ မြန်လေသော ပေါက်ချွန်း၏သဘောကို သူ လုံးဝ နားမလည်နိုင် အောင် ဖြစ်သွား၏။

သူမသည် ရုတ်တရက် အကြောင်းတစ်ခုကိုစဉ်းစားမိလိုက် သည်။ ထို့အတွက် ချက်ချင်းပင် မျက်နှာမှာ ပြန်လည် ကြည် လင်သွားသည်။

'မဟုတ်မှလွဲရော၊ ရှင် ယခု ရောက်လာတဲ့ ကိစ္စက ဟို ဖွတ်မည်းဆိုတဲ့ကောင်း ပတ်သက်လို့ ဖြစ်မယ်'

'ဒီကောင် ခင်ဗျားဆီမှာ အလုပ်လုပ်သွားသေးတယ်လို့ ပြောနေကြပါလား'

'သူ အရက်ဖိုး မရှင်းနိုင်လို့ လုပ်ခနဲ့ နှိမ်တဲ့သဘောပါ'

'ဖွတ်မည်းဆိုတဲ့ကောင်က ဘယ်သူ့ကနေ ဘယ်လိုဖြစ်ပြီး ဒီဆိုင်ရောက်လာတာလဲ'

'ဘယ်သူမှမသိကြဘူး၊ ဒီဆိုင်ကို သူလာ အရက်သောက်ပြီး လူမှန်းမသိအောင် မူးနေတော့မှ သတိထားမိကြတာပဲ'

သူမ၏ အဖြေစကားကို ကြားလိုက်ရသောအခါ ပေါက်



ချွန်း၏ မျက်နှာမှာ ရုတ်ခြည်းပင် တင်းမာခက်ထန်သွား၏။ မည်သည့်စကားကိုမျှ မပြောတော့ဘဲ မိန်းမကြီး၏မျက်နှာကို အကဲခတ်သော မျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်၏။ အတန်ကြာအောင် ကြည့်နေလိုက်သည်။

နောက်မှ သူမသည် ထိမ်ညာ ပြောခြင်း မဟုတ်ကြောင်း ယုံကြည်လာတော့မှ စကားကိုဆက်ပြောသည်။

'သူ သောက်တဲ့ အရက်ဖိုး မပေးနိုင်လို့ ဆိုင်မှာ အလုပ် သမားအဖြစ် ထားလိုက်ပြီး လုပ်ခနဲ့ နှိမ်လိုက်တယ်ပေါ့' ဟုတ်… လား'

'ဟုတ်ပါတယ်၊ ပြီးတော့… သူက ရှိနေသားပဲ ရှိလဲ ရတယ်… သနားစရာလဲ ကောင်းပါတယ်'

'ဒီကောင်ဂဲလား၊ အသက်ကလဲငယ်ပြီး ရုပ်ကလဲမဆိုးလှဘူး ဆိုတာတော့'

ပေါက်ချွန်း၏ ခနဲ့တဲ့တဲ့ ပြောလိုက်သော စကားကြောင့် သူမ၏မျက်နှာမှာ နှင်းဆီရောင်သန်းသွားသည်။

'ဒါတော့ ကျွန်မ ဂရုမစိုက်မိပါဘူး၊ နောက်ပြီး သူ့ကို ကျွန်မနဲ့ ဘယ်လိုမှ ပတ်သက်တာမှ မဟုတ်တာ'

'မရှိရင် ပြီးတာပဲလေ၊ ကျုပ်က ဖြစ်တတ်တဲ့ သဘော… ပြောတာပါ'

ပေါက်ချွန်းက စကားကို ခေတ္တ ရပ်လိုက်ပြီး … ဆက်၏။

'ခင်ဗျားဆီမှာ နေနေတုန်းက ဘာတွေများ ပြောတာတွေ လုပ်… သေးသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချွန်း၏ ရုတ်တရက် မေးလိုက်သော မေးခွန်းမှာ တကယ်ပင် အကွက်ကျသော မေးခွန်းဖြစ်သည်။ အငိုက်ဖမ်း၍ အချော်တွင် မေးလိုက်ခြင်းမျိုး။

သူမအတွက်မူ ပေါက်ချွန်းက အမေး သွက်သလောက် အဖြေကို သွက်သွက်ကလက် မပေးနိုင်ပေ။ ပေး၍လည်း မဖြစ်၊ စဉ်းစား၍ ဖြေရပေဦးမည်။

အဖြေတစ်ချက်မှားပါက မိမိအတွက် ကံအဆိုးဆုံးဖြစ်သွားနိုင်သည် မဟုတ်ပါလား၊ သို့အတွက် သူမသည် ပေါက်ချွန်း မေးခွန်းကို ချက်ချင်းမဖြေဘဲ ခေတ္တမျှ စဉ်းစားလိုက်သေးသည်။

'ဘာထူးထူးခြားခြားမှ မရှိပါဘူး၊ စားပွဲထိုး၊ ပန်းကန်ဆေး၊ တံမြက်လှည်းနဲ့ အခြား ဆိုင်ဗာဟီရ အလုပ်တွေလောက်ပါပဲ'

'အနေအထိုင်ကော၊ ဘာမှ ထူးထူးခြားခြား မရှိဘူးလား'

ပေါက်ချွန်းက သူမကို စူးစိုက်ကြည့်ရင်း မေးသည်။ စူးရှလှသော အကြည့်ကြောင့် သူမရင်ထဲတွင် ဒိတ်ခနဲပင် ဖြစ်သွားသည်။

'အင်း...သတိရပြီ၊ ထူးတယ်လို့ ပြောနိုင်တာ တစ်ခုတော့ ရှိတယ်'

'ဒါဖြင့် ပြောစမ်း၊ ဘာများလဲ'

'သူက သိပ်ပြီးတော့ကို သည်းခံနိုင်တယ်၊ သူများတွေက ဘယ်လောက်နှိမ်နှိမ်၊ ဘယ်လောက်ရန်စစ၊ တစ်ချက်လေးမှ မတုံ့ပြန်ဘူး၊ အမြဲခေါင်းငုံ့ခံနေတာပဲ၊ သည်းခံတဲ့နေရာမှာ



တော့ သူလိုလူမျိုး ကျွန်မ မတွေ့ဖူးသေးဘူး၊ ဒါကြောင့် သူ့ကို လူတွေက ဖွတ်မည်းလို့ ခေါ်ကြတာပေါ့၊ နောက်ဆုံးတော့ အသုံးမကျတဲ့ ဖွတ်မည်းလို့တောင် နာမည်တွင်သွားတော့တာပဲ'

သူမ ပြောသမျှကို ငြိမ်သက်စွာ နားထောင်နေသည်။

သူ၏ခေါင်းထဲတွင်တော့ ဖွတ်မည်းကို မည်သို့ရင်ဆိုင်ရမည် ဆိုခြင်းကို အကြံထုတ်လျက်ရှိသည်။

ဖွတ်မည်းသည် မည်သည့်လူစားမျိုးနည်း။

သူမကတော့ လူတကာ့စော်ကားသမျှ ခေါင်းငုံ့ ခံသာခံခဲ့သူဟု ဆိုသည်။

သို့သော်...

သံလက်သီးကျောင်းပန်းကို ဒုက္ခိတဘဝသို့ ရောက်အောင် ပို့ဆောင်လိုက်သည့်သာမက သံမဏိခေါင်း ချန်းတီန်လိုလူတစ်ယောက်ကိုပင် အပြတ်ရှင်းပစ်နိုင်ခဲ့သည့် ဖွတ်မည်း၏အရည်အသွေးမှာ သာမည မဟုတ်နိုင်။

မည်သည့်ရည်ရွယ်ချက်နှင့် မည်သည့်အကြောင်းကြောင့် လူတကာ၏ နှိမ်ချစော်ကားခြင်းကို လက်တုံ့ပြန်ခြင်း မပြုဘဲ ခံခဲ့သလဲ။

အကျိုးအကြောင်း ဆက်စပ်တွေးတော၍ မရလောက်အောင်ပင် ဖြစ်နေတော့သည်။

သူမက သက်ပြင်းတစ်ချက် ချလိုက်ပြီး စကားဆက်ပြန်သည်။

'ကျွန်မလဲ ဘယ်လိုမှ တွေးလို့ မရအောင် ဖြစ်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်ပေါ်အနီးကျောင်းသားမျှခံခဲ့တဲ့ လူဟာ အခုတော့ ပညာစွမ်း မသေးမှန်း ကြားနေရပြန်ပြီ'

'သူ ဒီကိုလာတာဟာ အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ သူမှာ နက်ကြည်းချက်တစ်ခုခု ရှိနေရမယ်။ ဒါကြောင့် ဘာဝ ကို စောတိမြှုပ်ပြီး သိုင်းပညာ မတတ်ချင်ယောင်ဆောင် နေခဲ့တာပေါ့'

'အစ်ကိုပေါက်ချွန်း စဉ်းစားတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ... ကျွန်မ တစ်ခု နားမလည်တာရှိနေတယ်၊ သူက ဘာ ကြောင့် ဟို မုန့်ဖက်ထုပ်သည် သားအဖနဲ့ ဆော်ရဲသားတွေ ကို အကာအကွယ်ပေး ရပ်တည်နေရတာလဲ'

'စဉ်းစားစရာပဲ၊ ဒါ... ကျုပ် မေးမယ်၊ ဒီလိုလုပ်တဲ့အတွက် သူ့မှာ ဘာအကျိုးကျေးဇူး ရနိုင်မလဲ'

'ဘာအကျိုးမှ ခံစားခွင့် မရှိနိုင်ဘူး'

'အေး...ဟုတ်တယ်၊ အကျိုးမရှိရုံမကဘူး၊ ကံမကောင်း အကြောင်းမလှရင် အသက်တောင် ဆုံးရှုံးသွား နိုင်တယ်၊ ကျုပ်ဆိုရင် ဒီလို အကျိုးမရှိတဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူး'

ပေါက်ချွန်းက အသေးအနက်ဆိုကာ မှတ်ချက် ချသည်။

သူမသည် ပေါက်ချွန်းနှင့် ရင်းနှီးခင်မင်ခဲ့သည်မှာ ကြာပြီ ဖြစ်၏။

ယခုလို အသေးအနက် ဆင်ခြင်တွေးတော တတ်သော အနေအထားမျိုးဖြင့် သူ့ ကို တစ်ကြိမ်မျှ မတွေ့ဖူးခဲ့ပေ။ သူမ သိထားခဲ့သော ပေါက်ချွန်းမှာ တုံးဆိုတိုက်၊ ကျော ဆိုကိုက်၊



မိုက်ရိုက်ရိုက် ဘုန်းကန်း လုပ်တတ်သော လက်ရုံးရည်သမား သက် သက် တစ်ယောက်သာ ဖြစ်သည်။

ယခုတော့ မိမိ၏ အထင်မှားနေခြင်း ဖြစ်ကြောင်း သူမ ကောင်းစွာ သိခဲ့ပြီ။

အမှန်စင်စစ် ပေါက်ချွန်းမှာ အနေဆောင်ကောင်းသော သူ တစ်ယောက်သာ ဖြစ်သည်။

မိမိကို လက်ရုံးရည်သမားအဖြစ်သာ အများ အထင်မြင် စေပြီး နှလုံးရည်ကို ထိန်းချုပ်ထားနိုင်ခဲ့သူ ဖြစ်သည်။

ပေါက်ချွန်း၏ အစဉ်လိုက်နေသောမျက်လုံး၊ အသေး အနက် စဉ်းစား တွေးဆနေသော မျက်နှာသွင်ပြင်တို့ကိုကြည့် ရင်း သူမသည် ဖုတ်မည်း အတွက် စိတ်အေးမ စိုးရိမ်နေမိ လေသည်။

ဤအတိုင်းဆိုလျှင် ပေါက်ချွန်းသည် ဖုတ်မည်းအတွက် အန္တရာယ်ရှိသည့် ပြိုင်ဖက်တစ်ယောက်ဖြစ်သည်သာမက ဖုတ် မည်းသည် ပေါက်ချွန်းကို ရင်ဆိုင်ရလျှင် မလွယ်ကြောင်းလည်း သိ၏။

ပေါက်ချွန်းနှင့် ရင်ဆိုင်ရသောပွဲတွင် ဖုတ်မည်းအတွက် နောက်ဆုံး လက်စသိမ်းသောပွဲ ဖြစ်တော့ချင်း ဖြစ်ပေမည်။ ပေါက်ချွန်းနှင့် ရင်ဆိုင်အပြီးတွင် ဖုတ်မည်း၏ ကျော်ကြားခဲ့ ပြီးနေသော အမည်သတင်းသည်လည်း ကွယ်ပျောက်သွားလေ ပြီလားဟု သူမ တွေးနေမိလေသည်။

သူမမှာ မျက်လွှာ ချထားရင်းမှ စိတ်ထဲတွင် အတွေး ပေါင်းစုံတို့က လူးလား ယှက်သန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အခဉ်းစားလှန်နေရာမှ မျက်လွှာပင့်ကာ ခေါင်းမော့ ကြည့်လိုက်မိလေသောအခါတွင်...

ပေါက်ချွန်း၏ ထက်မြက်စူးရှသောအကြည့်နှင့် ရင်ဆိုင်မိသည်။ အရောင်လက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသော အကြည့်။

သူမသည် ကြက်သီးထကာ ဇောချွေးပင် ပြန်သွားသည်။ ပေါက်ချွန်းက ပါးလျှပ်သော နှုတ်ခမ်းကို ဟွန့်ရုံမျှပြုကာ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်လေသည်။

'ခင်ဗျား ဒီကောင်အတွက် စိတ်ပူနေသလား'

သူမ မည်သို့ ပြန်ဖြေရမှန်းမသိ ဖြစ်သွား၏။ ကျိတ်၍ ဘုရားတမိသည်။ မိမိစိတ်ထဲရှိသည်များ ပေါက်ချွန်းသိသွားပြီလား။

'တကယ်တော့ ခင်ဗျားက သူ့ အတွက်ဘာမှ စိတ်ပူနေရာမလိုပါဘူး'

'ကျွန်... ကျွန်...ကျွန်မ'

သူမ စကားမဆက်နိုင်။

ပေါက်ချွန်းက ခင်မြူးမြူးပင် စကားဆက်ပြန်သည်။

'ကျော်ဇွန်နဲ့ ချွန်းတိန်ဆိုတာ သာမန် သိုင်းသမားတွေ မဟုတ်ဘူး။ နာမည်တစ်လုံးနဲ့ ထမင်းစားနေကြတဲ့ အကျော်အမော်တွေ၊ သူတို့ကိုနိုင်အောင် တိုက်နိုင်တဲ့လူဆိုတာ သိုင်းလောကမှာ လက်ချိုးရေလို့တောင်ရတယ်'

'ဒီလိုဆိုရင် မှတ်မည်းဟာ...ဘယ်သူဖြစ်မလဲဟင်'

သူမက သိလိုဇောနှင့် မေးလိုက်သည်။



'အင်း...တကယ်လို့ များ ဒီမှတ်မည်းဟာ ကျုပ်ထင်ထားတဲ့လူ ဖြစ်နေမယ်ဆိုရင်တော့ ဒီဂူမှာ အရေးနိမ့်မှာက ကျုပ် ဖြစ်ချင် ဖြစ်သွားနိုင်တယ်'

ပေါက်ချွန်းက မိမိကိုယ်ကို ပြောသကဲ့သို့ တိုးတိုးပြော နေသည်။

ဤစကားကို ကြားရသောအခါ သူမ အတော် စိတ်သက်သာရာရသွားသည်။ သို့သော် မျက်နှာတွင်မူ အမူအရာမပျက် စေရန် ဟန်ဆောင် ထားလိုက်သည်။

သူမသည် အတွေ့အကြုံများပြီး ဘဝပေးအသိနှင့် ကျက်နေသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ မည်သို့သောစကား ကို မည်သည့်အချိန်တွင် ဘယ်ကဲ့သို့ ပြောဆို ဆက်ဆံနေရမည် ကို ကောင်းစွာ သတိထားသူ ဖြစ်သည်။

ယခုလည်း သူမ၏မျက်နှာမှာ ပြုံးချိုနေသည်။ မှတ်မည်း အတွက် ရင်ထဲတွင်ရှိနေသော စိုးရိမ်ပူပန်မှု အရိပ်အယောင်မျှ ပင်မပေါ်။ မျက်လုံးကလည်း ကြည်လို့ ဝင်းလို့။

'အစ်ကိုပေါက်ချွန်းက ဒီမှတ်မည်းဆိုတဲ့ကောင်ကို ဘာ ကြောင့် ဒီလောက်အထူး လိုက်ရှာနေတာလဲ၊ နှစ်ယောက်စလုံး အကျိုးမရှိတဲ့အလုပ်ကို မလုပ်ချင်စမ်းပါနဲ့'

'ဒီကောင့်ကို ကျုပ်လိုက်မရှာပါဘူး'

သူက မှတ်မည်းကို လိုက်ပြီးမရှာတော့ဘူးတဲ့။

သူမ စိတ်သက်သာရာ ရသွားပြန်သည်။

သည်လိုဆို မှတ်မည်းအတွက် အန္တရာယ်တစ်ခု နည်းသွား ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့်'

ပေါက်ချန်းက စကားကိုဆက်ပြန်သည်။

'တစ်ယောက်ယောက်ကတော့ ဒီအကြောင်းကို သွားရှာရ လိမ့်မယ်'

သူမ၏ မျက်လုံး ဝိုင်းဝိုင်း လည်သွားသည်။ နှုတ်မှလည်း ယောင်၍ မေးလိုက်မိသည်။

'ဘယ်သူက ဖွတ်မည်းကိုလိုက်သွားရှာမှာလဲ'

မိမိ၏ လျှော့ပေါ့ အနည်းငယ် ပျက်သွားကြောင်း သတိ[illegible] လိုက်မိပြီးမှ ချက်ချင်းပင် မျက်နှာကို ပြန်၍ ပြင်လိုက်လေ သည်။

ပေါက်ချန်းက ဘယ်သူ့ကိုမျှ ဖွတ်မည်း အရှာ ခိုင်း မည်မဟုတ်ပါ။

သူ့လက်အောက်တွင် ရှိသော မိုက်ခဲ သိုင်းသမားများကို ခေါ်၍ဖွတ်မည်းလော၊ ထိုသို့ဆိုလျှင်ကိုတော့ ဖွတ်မည်းကအနိုင် ရနိုင်တန်မဲ ခင်းရဲ့။

'ဖွတ်မည်းကို သွားရှာရမှာက'

ပေါက်ချန်းက သူမကို စူးစိုက်ကြည့်ကာ လက်ညှိုးဖြင့် ထိုးလိုက်သည်။

'ခင်ဗျားပဲ'

[illegible]ကြားလိုက်ရသောစကားကြောင့် သူမ ယိုတီးယန့်တွန့်လှပ် သွားသည်။

'ကျွန်မက ဖွတ်မည်းကို သွားရှာရမယ်... ဟုတ်လား'

'အေး...မင်းသူ့ကို တွေ့အောင် ရှာပြီးပေါ်ဆီ ခေါ်လာခဲ့'



'သူ ရှိနေတဲ့နေရာကို ကျွန်မကဘယ်လိုလုပ်ပြီး သိမှာလဲ'

ပေါက်ချန်းက သူမကို စိုက်ကြည့်လိုက်ပြန်သည်။

အကြည့်က ခေါသွားအလား ထက်မြက် စူးရှလှသည်မို့ သူမ၏ ရင်ထဲတွင် စိမ့်ခနဲသွားသည်။

'မင်း သူ့ကို တွေ့အောင်ရှာရမယ်၊ မင်းနဲ့သူဟာ မျက် နှာစိမ်းတွေ မဟုတ်ဘူး၊ ပြီးတော့ ဒီနေ့မှာ သူ သွားလာ ကျက်စားမယ့် နေရာဆိုလို့ ဒီ မြို့ထဲ ဆိုရင် တစ်နေရာ ထဲပဲ ရှိတယ်'

'ဘယ်နေရာလဲ'

'ဟောဒီနေရာ၊ မင်းရဲ့ စားသောက်ဆိုင်ပေါ့'

'ဟာ... မဖြစ်နိုင်တာ၊ သူက ကျွန်မရဲ့ ဆိုင်ကို ဘယ်လို အကြောင်းကြောင့် လာရမှာလဲ'

'သူနဲ့ ကျုပ်တို့ရဲ့ သူဌေးကြီး ဒီနေ့ည ဒီဆိုင်မှာ တွေ့ဖို့ ချိန်းထားကြတယ်၊ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် သူ့ အတွက် ထောင်ချောက်တွေ ဆင်ထားတာ ရှိမရှိတော့ သူ လာပြီး ကြည့်ရမှာပဲ၊ နောက်ပြီး မင်းရဲ့ ဆိုင်မှာ သူက အလုပ်လုပ် ခဲ့တာ၊ သူ ကျွမ်းကျင်တဲ့ နေရာ ဒီဆိုင်ထဲမှာ သူပုန်းနေမယ် ဆိုရင် ငါတို့ ရှာလို့တွေ့နိုင်မှာ မဟုတ်ဘူး၊ မင်းပဲ သိနိုင် မယ်'

'ဒီတစ်ခါတော့ အစ်ကိုပေါက်ချန်း မှားသွားပြီ'

သူမက သက်မချကာ လေသံတိုးတိုးဖြင့် ပြောလိုက်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချွန်းကတော့ ကျေနပ်ပုံ မရပေ။ မျက်နှာထားအင်းတင်းနှင့် ယုံကြည်ဟန် လက္ခဏာ အလျဉ်းမရှိ။

"ရှင် မယုံရင် ကြိုက်သလိုစုံစမ်းနိုင်ပါတယ်။ ကျွန်မရဲ့ဆိုင်ဟာ အစ်ကိုပေါက်ချွန်းတို့ အတွက်လဲ မစိမ်းပါဘူးရှင်"

ပေါက်ချွန်းက သူမကို စူးစူး စိုက်စိုက် ကြည့်လိုက် ပြန်သည်။

"ဒီကောင် တကယ်ပဲ မလာဘူးလား"

"မလာပေါဘူး၊ သူ လာရင်လဲ ကျွန်မ မသိဘဲ မရှိနိုင်ပါဘူး"

ပေါက်ချွန်းက ဘာမျှမပြော၊ ဝေ လာ အတဲခတ်သော မျက်လုံးများဖြင့် သူမအား စူးစိုက် ကြည့်နေ ပြီးနောက် ရုတ်တရက် ရပ်ကာ ဆိုင်ပြင်သို့ ထွက်သွားလေတော့သည်။

ဆိုင်တွင်းမှ ထွက်ခွာသွားသော ပေါက်ချွန်း၏ နောက်ကျောပြင်ကို သူမ ငေးကြည့်ရင်း ကျန်ခဲ့သည်။ ဟင်းခနဲ သက်ပြင်းတစ်ချက်ချလိုက်ကာ...

"အင်း...မှတ်မည်း၊ မှတ်မည်း၊ ခင်းဟာ ဘယ်လဲ နေ လည်ရ ခက်ပါလား၊ မင်း ဒုက္ခတွေရှိမကဘူး၊ တခြား လူတွေ လဲ မင်းကြောင့် ဒုက္ခတွေကြုံကြရတော့မယ်"

ဆိုင်ရှင် မိန်းမကြီး၏ အမည်မှာ လီရှန်းဖြစ်သည်။

* * *

အခန်း (၂၂)

ရွှေနဒီ စားသောက်ဆိုင်၏ နောက်ဖေးဘက် မီးဖိုဆောင်တွေ ကောက်ဖန်တီသင်မပေး အလုပ်များလျက် ရှိကြလေသည်။

သူတို့ဇနီးမောင်နှံသည် ဟုစ်မနေ့လယ်မှ တစ်နေကုန် ဘာမှ စေ့စပ်ကြားကာလည်း မပြောလည်း၊ သို့သော် သူတို့၏တစ်ကို သူတို့ ခင်တွယ်သည်၊ မြတ်နိုးသည်။

ကောက်ဖန်မှာ အနေအထိုင်တစ်ယောက်ပင်ဖြစ်သည်။ စကားအသံထွက်၍မပြောနိုင်၊ သူပြောနိုင်သည်မှာ အီးအီး အဲ့အဲ့ အသံသာဖြစ်သည်။

သို့ရာတွင်—

ကောက်ဖန်တို့ ဇနီးမောင်နှံမှာ တစ်ကို အချိုးမပေး ခြင်းတော်သော သစ္စာရှိ ရှတ်သမျှ ရောင့်ရဲတင်းတိမ်ကြ ခံမှု၍ နေထိုင်နေကြသူများပင်။

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ညီးမဲ့သော သူတို့ဘဝမှာ မလှပ။ ဆင်းရဲဒုက္ခများနှင့် ပြည့်နေသည်၊ စိတ်ညစ်စရာတွေလည်း အပြည့်ပင်။

ဆင်းရဲသည့်ဒဏ် ကျွေးကြုံခံစားရဖန် များသောအခါ ရင့်ကျက်မှုရှိလာသည်၊ ဒေါင်ကျကျပြားကျကျ ဘဝတကြမ်မှုကို ရင်ဆိုင်နေသွားနိုင်ကြဘော့သည်။

သူတို့တွင် ကြောင့်ကြမှု အမှုအပင်ကင်းသည်၊ ရှုမက်လော ဘာဓိတ်များမရှိ။

တစ်နေ့တာပတ်လုံး မီးဖိုထဲတွင် ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပြီ၊ လုပ်ငန်းများပြီးလျှင်တော့ အိပ်ရာထဲတွင်လဲလျောင်း အနားယူကြရသည်။

ထိုအချိန်မျိုးမှာ တွေးချင်ရာတွေး၊ လုပ်ချင်ရာလုပ်၊ ကိုယ့်စိတ်နှင့်ကိုယ်သဘော။

တကယ်တော့ ရွှေနဒီဇာ:သောက်ဆိုင်၏ မီးဖိုဆောင်သည် ကောက်ဖန်တိုလင်မယားအတွက် အလုပ်လုပ်ရာ နေရာလည်း ဖြစ်၊ နေထိုင်စရာအိမ်ဆိုလျှင်လည်း မှန်၏။

ကောက်ဖန်တိုလို ဆင်းရဲသူတို့၏ဘဝမှာ ဤအတိုင်းပင်။ သူတို့တွင် လောဘမရှိကြ၊ ရသမျှနှင့်ရောင့်ရဲကြသည်။ မရွည်း ဥစ္စာ မချမ်းသာကြပေမယ့် ချမ်းသာ ကြွယ်ဝသူများထက်ပင် စိတ်ချမ်းသာမှု ပိုမိုရနိုင်မည် ထင်သည်။ စိတ်သောက မရှိ၊ ပူပန်ခြင်းကင်း၏။

ယင်းသည်မှာပင် သူတို့အတွက် အစအဆုံး၊ အ၏၊ သာယာမှုများပင်တည်း။



ထိုအချက်မှာ မတူကြသော လူတန်းစား နှစ်ရပ်၏ ကွာခြားမှုပင် ဖြစ်၏။

ယခုညမှာလည်း အလုပ်တာဝန်များ ပြီးစီး ခဲ့ကြပြီမို့ ကောက်ဖန်တို လင်မယားမှာ သူတို့၏ နားနေအိပ်စက်ရာ ခုတင်ပေါ်တွင် ရောက်နေကြပြီဖြစ်သည်။

တစ်ယောက်အပေါ် တစ်ယောက် ဖေးဖေးမမ စကားဆိုလျက်ရှိကြ၏။

သူတို့၏ဘဝအလှကိုကြည့်ရင်း သက်ပြင်းကလေး ချမိသူက ဖုတ်မည်း။ ကောက်ဖန်းတိုလို ကြည်နူးချမ်းမြေ့သော ဘဝကို ဘယ်တော့များမှ ရနိုင်ပါမည်နည်းဟုလည်း တွေးမိ၏။ တမ်းတမိသလို အားလည်းကျမိသည်။

သူတို့၏ခုတင်ဘေးတွင် စားပွဲလေး တစ်လုံးရှိ၏။ စားပွဲပေါ်တွင်တော့ ဟင်းပန်းကန်တချို့၊ ပြီးတော့ ဖုတ်မည်းကြိုက် နှစ်သက်သော ယမကာတစ်ပုလင်း။

ဖုတ်မည်းကို ညွှတ်ပြုရန် တကာ်နိုင်သမျှလေးနှင့် ပြင်ဆင်ထားခြင်းပင်၊ ကောက်ဖန်သည် ဖုတ်မည်းကို မြင်သည်နှင့် ဝမ်းသာအားယ်လဲ နှုတ်ဆက်ရှာ၏။ မျက်နှာမှာ ပြုံးရွှင်လျက်ရှိသည်။ အရက်ပုလင်းဆီသို့ လက်ညှိုးထိုးကာ ပါးစပ်မှာပြီး အသံပြုလိုက်သည်။ ဆွံ့အနေသူမို့ ပီသသောအသံများကပေါ်မလာ။ ငး၊ ဝါးဝါးမျှသာ။

သူ၏ဇနီးသည်က ကောက်ဖန်၏ဆိုလိုသော အဓိပ္ပာယ်ကို ပြန်ပြောသည်။

ဒီအရက်ဟာ အမျိုးကောင်းတော့ မဟုတ်ဘူး၊ ဒါပေ

www.burmeseclassic.com



မယ့် ရှေ့ရေးအတွက် တကယ်မိုး ဆောက်အစစ်ပါ၊ ရှင် အရက် ကြီးသမားမှန်း သိလို့ ကျွန်တော်တို့ ကိုယ်တိုင် အသင့်ဝယ် ထားတာ

ဖွတ်မည်း ဘာပြန်ပြောရမည်မသိ၊ စကားကိုပင် မဟနိုင်၊ ဆည်းချောင်းထဲ လှေခါးဖြင့် မိုးတိုးခံထားရသည့် အတိုင်း ဆင်းရဲသောသူတို့သည် ချမ်းသာသူတို့နှင့်မတူ။ သဒ္ဒါတရား လွန်စွာမှ ကျက်သန်ချေသည့်တကား၊

တကယ်တော့ သူတို့တစ်သည် နမူနာချေး ခြေမကျသည် အထိ ပင်ပင်ပန်းပန်း ရုန်းကန် လှုပ်ရှားနိုင်မှ ထမင်းနပ်မှန် အောင် စားကြရသည်၊ အဆင်မပြေသော အခါများတွင် ဘာမှမစားကြရ။

ကောက်ဖန်တို့မှာလည်း ခရေစားစားများ ဖြစ်ကြသည်၊ ယခုမိမိအတွက် အရက်ဖြင့်ဧည့်ခံသောကြောင့် သူတို့အတွက် တစ်နေ့စာဝမ်းရေးကို ထိခိုက်နိုင်ကြောင်း ဖွတ်မည်းကောင်း ကောင်း စဉ်းစားမိသည်၊

မိမိအပေါ် ထားရှိသော ကောက်ဖန်တို့၏ စေတနာကို အလေးထားမိသည်။ အခြေအနေကိုဖွတ်မည်း ကောင်းကောင်း သိသည်၊

ယခုနေရာင် ဖွတ်မည်း အရက်သောက်၍မဖြစ်၊ လုံးဝ မသောက်နိုင်၊

သောက်လျှင်လည်း တစ်ခွက်တည်းနှင့် ဘယ်တော့မှမပြီး၊ တစ်ခွက်ပြီးတစ်ခွက်၊ တစ်ပုလင်းပြီးတစ်ပုလင်း အရှိန်သတ်၍ ရသည်မျိုးမဟုတ်၊



အဆုံးတွင် သူမှန်းသူမှန်း မသိအောင် မှောက်သွားတော့ မှာသာ ရုပ်တန်းသွားမည်၊

ယနေ့ညတွင် ဖွတ်မည်း အရက်သောက်ပြီး မူးနေခဲ့လျှင် ကိုယ်သေတွင်း ကိုယ်တူးသည်နှင့် မခြားပေ၊ သေမင်းကို ဖိတ် ခေါ်ကမ်းလိုက်သည်နှင့် အတူတူ၊

အဲသည်တော့ သောက်လို့မဖြစ်ရေးချမဖြစ်၊ ပြီး...တောင် မင်းတို့နှင့် ချိန်းထားသည့်ပွဲက ရှိနေသည် မဟုတ်ပါလား၊

ကောက်ဖန်သည် ဖွတ်မည်း၏ မလှုပ်မယှက် ငိုင်ငိုင်တိုင် ဖြစ်နေသည့် အမူအရာကိုကြည့်ပြီး မျက်မှောင်ကြုတ်လိုက်၏၊ မျက်နှာမှာလည်း မသာမယာ၊ စိတ်မကောင်း ဖြစ်နေဟန်ရှိ သည်၊

ဇနီးဖြစ်သူက ခင်ပွန်းသည်ကိုယ်စား မေးမြန်းသည်၊

ရှင် ဘာဖြစ်လို့မသောက်တာလဲဟင်၊ ရှင်သောက်စေချင် လွန်းလို့ ရှင့်ကိုဧည့်ဝတ်ပြုချင်လွန်းလို့ ကျွန်မတို့ချေးငှားပြီးတော့ ဝယ်ထားတာပါ

ရိုးသားဖြူစင်သော ကောက်ဖန်တို့လင်မယား၏ စိတ်ရင်း ကို ဖွတ်မည်း နားလည်သွားသည်၊

ဤမျှ စေတနာနှင့် ကျေးဇူးပြုနေသည်ကို ငြင်းဆန်ရန် ခက်၊ ငြင်းရက်မည်ဆိုလျှင် တစ်ဖက်သား၏ စေတနာကို လှည့်ပြီး အမှတ်မပြုသလို ဖြစ်နိုင်၏၊

သူတို့၏စေတနာကို နားလည်ရပေမည်။

သည်တော့ ဖွတ်မည်း မငြင်းတော့၊

www.burmeseclassic.com

www.burmeseclassic.com



အရက်ခွက်ထဲသို့ငဲ့စောင်း တစ်ကြိမ်တည်း မော့ချလိုက်သည်။

ထိုအခါမှ ကောက်ဖန်၏မျက်နှာ ပြုံးလာသည်။

ချက်ချင်းပင် နောက်ထပ်တစ်ခွက် ထပ်မံ၍ ငှဲ့ပေးလိုက်ပြန်သည်။

ကောက်ဖန်၏ရင်ထဲတွင် ပြောစရာစကားတွေက အပြည့်။ ပြောချင်လှသည့်အားကြီး၍ ပါးစပ်မှာ တလှုပ်လှုပ်နှင့် ဖြစ်နေသည်။ အသံကတော့ မထွက်။ တအဲအဲနှင့်သာ။

သူ့ဇနီးဖြစ်သူကပင် အလိုက်သိစွာဖြင့် ကောက်ဖန်၏ အခက်အခဲကို ဝင်ရောက်ဖြေရှင်းပေးလိုက်သည်။

'သူတိုက်တဲ့အရက်ကို ရှင်က အခုလို အရေးတယူ သောက်တဲ့အတွက် သူ သိပ်ဝမ်းသာနေတယ်၊ သူ့ကိုခင်မင်တဲ့အကြောင်း သိရလို့ လဲ ပျော်နေတယ်လေ'

ဖွတ်မည်း ခေါင်းမော့၍ ကြည့်လိုက်သည်။ ကောက်ဖန်နှင့် အကြည့်ချင်းဆုံသည်။ ပါးစပ်ကပြောမရသော်သည်း အရောင်တလက်လက်တောက်နေသော မျက်လုံးများက ရင်တွင်းရှိစေတနာအမှန်ကို ဖော်ညွှန်းပြနေသလို။

သည်တော့ ဖွတ်မည်း ဒုတိယမြောက် အရက်တစ်ခွက်ကို မော့ချလိုက်ပြန်သည်။

ကောက်ဖန်၏ ဝမ်းမြောက် ကြည်နူးမှုက အတိုင်းထက် အလွန်။ သူကိုယ်တိုင်လည်း ဝမ်းသာလွန်းလှသည့် အထိမ်းအမှတ်ဖြင့် အရက်တစ်ခွက်ကိုငှဲ့ယူကာ မော့ချလိုက်သည်။

အရက်သောက်သည်မှာ ကောက်ဖန်တို့အတွက် အဆန်း မဟုတ်။ သို့သော် သူ့ဆိုင်အဖက်လုပ်ကာ မိတ်ဆွေတစ်ယောက်က



အရက်သောက်ခြင်းအတွက် အလွန် ပျော်ရွှင်နေခြင်း ဖြစ်ပါသည်။

ဆင်းရဲမွဲတေလှသည့်အထဲ အ၊ အလည်းဖြစ်သော ကောက်ဖန်အား မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုသူ မရှိခဲ့။ အရက်အရှုသောက်ဖို့ပင် မပြောနှင့်။ ယခုတော့ ကောက်ဖန်သည် သူ့ဆန္ဒတစ်ခုပြည့်ခဲ့ပြီ။ မိတ်ဆွေလည်းတွေ့၊ အရက်သောက်ဖော်လည်းရ။

လောကကြီးတွင် နေထိုင်ကြသူများအတွက် အရေးကြီးဆုံးကား မည်သည့်အရာနည်း။ မိတ်ဆွေကောင်းရဖို့ပင်။

ကောက်ဖန်၏ ဝမ်းသာပီတိဖြစ်နေခြင်းကိုမြင်ရသောအခါ ဖွတ်မည်း၏ ရင်တွင်း၌ဝေဒနာတစ်မျိုးကို ခံစားရသည်။ ယင်းဝေဒနာကို အရက်မှလွဲ၍ အခြားနည်းဖြင့် ပပျောက်အောင် လုပ်၍မရ။

ဖွတ်မည်း လည်ချောင်းတစ်လျှောက် အရက်များ တစ်ခွက်ပြီး တစ်ခွက် လျှောဆင်းသွားပြန်သည်။

ထိုစဉ်တွင်....

'ဒုန်း'

မီးဖိုခန်းတံခါး တွန်းဖွင့်လိုက်သံ။ ပြီးတော့ အခန်းတွင်းသို့ တန်းဝင်လာသော ဆိုင်ရှင်မိန်းမကြီး လီရှန်း။

ဖွတ်မည်းလက်တွင်းရှိ အရက်ခွက်ကို မြင်လိုက်သောအခါ သူမ အလွန်အံ့အားသင့်သွားသည်။

'ဟင်...မင်း အရက်တွေသောက်နေတယ်၊ ဟုတ်လား'

'နည်းနည်းလောက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီအခု မင်း အရက် မသောက်ဘဲနဲ့ဆိုတာ မင်း နား မလည်ဘူးလား'

'သူက ကျွန်တော့် မိတ်ဆွေပါတော့....'

ဖွတ်မည်းက ကောက်ဖန်ကို လက်ညှိုးထိုးပြီးရင်း ပြောသည့် အတွက် ဖွတ်မည်း၏စကားကိုကြားရသော လီရှန်းမှာ အလွန် ပေါ့ပါးသွားသည်။

'မိတ်ဆွေ ဟုတ်လား၊ ဘာမိတ်ဆွေလဲ၊ မင်းရဲ့မိတ်ဆွေက မင်းအသက်ကိုကယ်ပြီး ထန်းပင်ရှိလို့လား'

ဖွတ်မည်းက အားမှုပြန်မပြော၊ ပြောရန်လည်း မလို၊ ဖွတ် မည်းသည်လည်း ကောက်ဖန်လိုပင်။

မိမိ၏အသက်ထက် မိတ်ဆွေကောင်း ဟုသော စိတ်ဓာတ် ကို ပိုမိုချစ်နှစ်ခြိုက်တားသည်။

ခုလို မိတ်ဆွေမျိုး မိတ်ဆွေကောင်း တစ်ယောက်ကိုရ လိုက်သည်ဆိုလျှင် မည်သည့်အရာနှင့်မျှ လဲနိုင်မည် မဟုတ်။

'သူမြစ်ရာ....'

ဆေးရေးရှင်ရှေးနေရမည့် တိုက်ပွဲတစ်ပွဲကို ဝင်နွှဲရလုဆဲဆဲ တွင် မိတ်ကောင်းဆွေကောင်း တစ်ယောက်ဖြစ်သော ကောက် ဖန် တိုက်သည့် အရက်ကို သောက်ခြင်းမှာ ဖွတ်မည်း မှား သလား၊ မှန်သလား။

မည်သူမျှ အဖြေမပေးနိုင်။

ဖွတ်မည်း ကိုယ်တိုင်ပင်လျှင် မသိ၊ လီရှန်းကတော့ ဖွတ် မည်းအတွက် စိုးရိမ်ပူပန်နေသည်။



'ဒေါသတောကျွန်းက မင်းကို ဘယ်သူ လာရှာတယ် ထင် သလဲ'

'ပေါက်ချုန်းလား'

'ပေါက်ချုန်းမှာ ဘယ်လိုလူစားမျိုး ထင်သလဲ'

'သိပ်တော်တဲ့ သိုင်းသမားတစ်ယော[illegible]က်လို့တော့ ကြားဖူး ထားတာပဲ'

'အေး...သူက မင်းဆင်တာအောက်တောင်မှ ပိုပြီးအစွမ်းထက် နေသေးတယ်၊ သူက သိုင်းသမားသက်သက်တော့ မဟုတ် ဘူး....'

'ဟုတ်လား'

ဖွတ်မည်းက မထိတ်ရ။

'မင်း ဒီမှာရှိနေမယ်လို့ သူဘယ်လိုသိသွားသလဲ၊ ကျွန်တော့် တယ်၊ ပြီးတော့ မင်းရဲ့ဇာတ်ချုပ်ကိုလဲ သူသိနေတယ်'

'ကဲ...ဒါဖြင့် ပြောပြစမ်းပါဦး၊ ကျွန်တော့်က ဘယ်သူလဲ ဆိုတာ'

'အို...ဒါကတော့ မင်းကိုယ်မင်း အသိဆုံး ဖြစ်မှာပေါ့၊ မကြာခင် သူဒီကိုပြန်လာမယ် ထင်တယ်၊ သူနဲ့တွေ့ရရင် မင်း အတွက်တော့ သေနေ့စေ့ပြီ ထင်တာပဲ'

လီရှန်းက ကရုဏာဒေါသောနှင့် ပြောနေသည်။

ဖွတ်မည်းကတော့ ဂရုမစိုက်သလိုမျက်နှာထားဖြင့် မလှုပ်၊ အမူအရာကလည်း မပျက်သေး။

'ဘယ်သူမဆို တစ်နေ့မဟုတ် တစ်နေ့ သေရမှာပဲ၊ သေ

www.burmeseclassic.com

www.burmeseclassic.com



တာ မဆန်းပါဘူး၊ ယှဉ်ပြိုင်ဖို့ဆိုတာလဲ အရှုံးအနိုင် ရှိမယ်၊ ထိခိုက်အနာတရဖြစ်မှာလဲ ရှိမယ်'

သေရမည်ကို မကြောက်၊ အသေးအဖွဲ့ ကိစ္စဟု သဘောထားနေလေသူအား လီရှန်းမည်ကဲ့သို့ ပြောရတော့မည်နည်း။

သက်ပြင်း ကိုသာ ချချ။ လီရှန်းသည် ပေါက်ချန်းပြောကြားသွားခဲ့သည့်အတိုင်း စကားတစ်ခွန်းကို ပြန်လည်ကြားယောင်နေမိသည်။

အကယ်၍ ဖွတ်မည်းသည် မိမိထင်ထားသူဖြစ်လျှင် ယခုပွဲတွင် ရှုံးနိမ့်ရမည့်သူမှာ မိမိသာဖြစ်လိမ့်မည်ဟု ပေါက်ချန်းက အလေးအနက် ပြောသွားခဲ့သည်။

သို့ဖြစ်ရာ ဖွတ်မည်းဆိုသူ၏ သိုင်းပညာ စွမ်းရည်မှာ သာမည မဟုတ်နိုင်၊ ဖွတ်မည်းနှင့် ရင်ဆိုင်ရန်အတွက် ပေါက်ချန်းက အစွမ်းကုန် ပြင်ဆင်လာမည်မှာတော့ သေချာ၏၊ ပေါက်ချန်းက အပိုင်ပြင်ဆင်လာသည့် အချိန်တွင် ဖွတ်မည်းကတော့ အရက်ကလေးတမြမြနှင့်ဤအတိုင်းဆို ဖွတ်မည်းဘက်က ရှုံးနိမ့်နေမြဲဖြစ်သည်။

လီရှန်းသည် စိတ်ထဲမှ မချင့်မရဲနေရင်းတစ်ခုလို အချိန်အခါ မရွေးမှာတွေ့မှ အရက်သောက်နေနိုင်သော ဖွတ်မည်းအတွက် အားညီးသားစရာ ဖြစ်လာသည်။

ရုတ်တရက် အရက်ပုလင်းကို ကောက်ယူကာ ကြမ်းပြင်ပေါ်သို့ လှင့်ပေါက်ချလိုက်သည်။



'ခင်ဗျား ဒေါ်လာက်တောင်မှ အရက်ကိုအငမ်းမရဖြစ်နေရသလား၊ ဒီအရက်က မင်းအသက်ကို သေမင်းလက်ဝကွက်ပြီး ပို့နေတယ်ဆိုတာ မင်း နားလည်ရဲ့လား'

လီရှန်းက မည်တိုင်ကြိမ်းကြိမ်း ဖွတ်မည်းကတော့ အရေးထူးသည်၊ လိုးဝမဖြူ၊ ခပ်တည်တည်ပင်။

လီရှန်းကလည်း ဆက်လက်၍ ဆူပူကြိမ်းမောင်းနေမြန်သည်၊ ဖွတ်မည်းကို အရက်တိုက်ရသလားဟုဆိုကာ ကြောက်နန်ကို အက်လက်၍ ကြိမ်းနေသည်၊ ကောက်ဖန်၏ မျက်နှာ ဆီးရှက်ကြောက်ဖြစ်သွား၏။

ထိုအချိန်တွင် ဖွတ်မည်း၏ရုပ်အသွင်ကပြောင်းလာသည်၊ မျက်နှာမှာ ခက်ထန်တင်းမာသည်။

'အခု ထွက်သွားစမ်း'

ဖွတ်မည်းက အမိန့်သံ ပေါ်လာသည်၊ ဤသို့ အပြောခံရသဖြင့် လီရှန်း အေ့အေ့ ခန့်သွားသည်။

'ငါဟာ ဒီဆိုင်မှာ ဘာလဲဆိုတာ မင်း သိရဲ့လား၊ မင်းက ငါ့ကို နှင်ထုတ်နေတာယ်မပါလေ'

'ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ နားလဲ မလည်ချင်ဘူး၊ ကျုပ်သိတာက ဒါဟာ ကျုပ်မိတ်ဆွေရဲ့ နေအိမ်၊ ကျုပ်နဲ့ ကျုပ်မိတ်ဆွေတို့ အေးအေး လူလူ စားသောက်နေတဲ့ နေရာမှာ လာပြီး ဆူပူနေရင် ကျုပ်က မောင်းထုတ်ရမှာပဲ'

'ဒါ... မင်း သူ့ရဲ့ဘယ်ချင်းအိမ် ဟုတ်လား၊ ဒီအခန်းထားသူတို့ကို နေဖို့ ဘယ်သူက ပေးထားတာယလဲ ဆိုတာကိုကောမင်း မေ့နေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်မည်း ထိုင်ရာမှ ထလိုက်သည်။ လီရှန်းကို မတ်တတ် ရပ်၍ မျက်နှာချင်း ဆိုင်လိုက်သည်။ မျက်လုံးက အနီရောင် တောက်လျက်။ မျက်နှာကလည်း တင်းတင်းမာမာ။

"ကျုပ်က ခင်ဗျားကို ထွက်သွားလို့ပြောနေတာ ခင်ဗျား ထွက်သွားစမ်း၊ စကား သိပ်မရှည်နဲ့ ဒါပဲ"

လီရှန်းမှာ ထိုအလွန်တုန်လှုပ်ကာ မျက်လုံးအစုံဖြင့် ဖွတ်မည်းကို ကြည့်လိုက်ရင်း....

ထိုအချိန်တွင် လီရှန်းသည် ဖွတ်မည်း၏ချက်ချင်းပြောင်းလဲသွားသော စရိုက်လက္ခဏာကို အံ့ဩစွာဖြင့် ကိုယ်တွေ့ ကြုံခဲ့ပြီ ဖြစ်သည်။

သူ့ရှေ့တွင်ရှိနေသော သူမှာ အသုံးမကျသည့် ဖွတ်မည်း မဟုတ်တော့။

လူတကာ အနိုင်ကျင့်သမျှ ခြေသုတ်ပုဆိုး မြေမွှယ်ကျိုးလို ငြိမ်ခံနေသည်မဟုတ်တော့။

ရက်စက်၍ အကြင်နာ ကင်းမဲ့သည့်အသွင်က သူ့မျက်နှာပေါ်တွင် ထင်းထင်းပေါ်နေသည်။

ဤလို အချိန် အခါမျိုးတွင် သူ့ပါးစပ်မှ ထွက်လာသည့် စကားမှာ အမိန့်ပဲဖြစ်သည်။ ထို အမိန့်ကို မည်သူမျှ လွန်ဆန်၍ ရမည် မဟုတ်။

လူတကာ၏ အနိုင်ကျင့် ခံနေရသည့် အခြေအနေမှ လူတကာကို အမိန့်ပေး လွှမ်းမိုးနိုင်သည့် အသွင်သို့ ချက်ချင်း ပြောင်းလဲလာနိုင်ခြင်းမှာ တော်ရုံတရည်အသွေးမဟုတ်။



လူတစ်ယောက်အတွက် အတော်ခက်သည့် ယခုလို အသွင် နှစ်မျိုးကို ချက်ချင်း ပြောင်းလဲ ကျင့်သုံးရန်မှာ မလွယ်။

အချိန်များစွာ အကြိမ်ကြိမ် လေ့ကျင့်ထားရသည့်သူများသာ လုပ်ဆောင်နိုင်သည့်အကြောင်း ဖြစ်သည်။

နောက်ကို တရွေ့ရွေ့ ဆုတ်သွားသော လီရှန်းမှာ မီးဖိုခန်း တံခါး အနားသို့ပင် ရောက်လုနီး ဖြစ်နေတော့သည်။

နောက်ကို ဆုတ်သွားရင်းက လီရှန်း၏ ပါးစပ်မှလည်း ကြောက်ရွံ့ တုန်လှုပ်စွာဖြင့် ဗြုံးဗြုံးပြောနေမိသေးသည်။

"မင်း..တစ်.. ဧကန်ကျွန်း မပြောတဲ့အပြင် ဖြစ်ရမယ်၊ သေချာပြီ သေချာပြီ သူက လုံးဝ တခြား တစ်ယောက်မှ မဖြစ်နိုင်ဘူး"

"မဟုတ်ဘူး...လုံးဝမဟုတ်ဘူး"

ခက်ထန် ဒေါသထွက်လာသော အသံ တစ်ခုက အခန်းထဲသို့ ရောက်လာပြီး ပဲ့တင်ထပ်သွားသည်။

အသံမှာ လီရှန်း၏ နောက်ကျောဘက်မှ ပေါ်လာခြင်း ဖြစ်သည်။

လီရှန်း ဆတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်သည်။ တံခါးမှ ဝင်လာသူကို မြင်သော အခါ သူ၏ မျက်လုံးများက ပုစွန်မျက်လုံးများပမာ ပြူးကျယ် သွားခဲ့ပါတော့သည်။

သူ့မျက်လုံးပြူးမည်ဆိုလည်း ပြူးစရာပင်။

အခန်းတွင်းသို့ ဝင်လာသူမှာ အခြားသူမဟုတ်။

မေ့ါက်ချွန်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး ဆောင်မင်း၏ အားအထားရဆုံး လက်ရုံးရည်သမား ဖြစ်သော ဖွတ်မည်းကို အရေး ယကြီး လိုက်ရှာ နေသူ ပေါက်ချွန်းပင်တည်း။

လီရှန်းမှာ ထိတ်သန့်ကြောက်ရွံ့မှုကြောင့် အသားမှာဆတ်ဆတ်တုန်နေသည်။

ပေါက်ချွန်းတစ်ယောက် ဘယ်ဇီရောက်လာခဲ့သလဲ။

'သူ...သူဟာ၊ ရှင် ထင်ထားတဲ့လူ မဟုတ်ဘူးလား'

လီရှန်းက ပေါက်ချွန်းကို အကြောက်ကြောက်အလန့်လန့်နှင့် မေးလိုက်သည်။

'သူဟာ...ဘယ်သူပဲ ဖြစ်နေ ဖြစ်နေ၊ အခု ဆိုရင်တော့ အကြောင်းမဟုတ်တော့ဘူး၊ အခြေအနေတွေက မတူတော့ဘူး။ အခုတော့ ဒီကောင်ဟာ အသုံးမကျတဲ့ အရက်သမားတစ်ယောက် ဖြစ်သွားပြီ'

ဖွတ်မည်းကို အရက်သမားဟု ပြောသည်ကိုတော့ လီရှန်း မကြိုက်၊ သူ့ချစ်သူ မိတ်ဆွေ ကောက်ဖန့် တိုက်တွန်းသောက်နေရသည် မဟုတ်ပါလား။ ထို့ကြောင့်...

'သူ...သူဟာ အရက်သမား မဟုတ်ပါဘူး'

'ဘယ်လိုပဲဖြစ်ဖြစ် အဆင့်မြင့် သိုင်းသမားချင်း လက်ရည်ယှဉ်ပြီး ပြိုင်ပွဲခင်ရတော့မယ့်ဆဲဆဲမှ အရက်သောက်နေတဲ့သူဟာ သိုင်းသမားကောင်း မဟုတ်တော့ဘူး၊ ဒီကောင်အရက်သမားပဲပေါ့'

'ဒါပေမယ့် ကျွန်မကြားဖူးထားတာကတော့ တစ်မျိုးပါ



လား၊ သိုင်းသမားတွေဟာ ပြိုင်ပွဲမဖင်ခင်မှာ အရက်ရသောက်လိုက်ရမှ ပညာစွမ်းပိုထက်လာကြတယ်ဆို'

'မဆိုင်ပါဘူး၊ တကယ့်သိုင်းသမားကောင်း တစ်ယောက်ဆိုရင် အရက်နဲ့ ရဲဆေးတင်နေစရာမလိုဘူး၊ အရက်သောက်လို့ ပညာစွမ်းပိုထက်လာတယ်ဆိုတာလဲ အလကားစကားပါ'

'ဒါပေမယ့် အရက်က လူရဲ့ စိတ်ကို တက်ကြွစေတယ် မဟုတ်လား၊ အရက်လေးသောက်လိုက်ရင် အားအင်တွေလဲ ပြီး တက်လာနိုင်တာပဲ'

'တစ်ကယ်အဆင့်မြင့်သိုင်းသမားချင်း ယှဉ်ပြိုင်ကြမယ်ဆိုရင် အားအင်ဆိုတာဟာ အဓိကမဟုတ်ပါဘူး'

လီရှန်းနှင့် ပေါက်ချွန်း အချီအချ စကားပြောနေသည်မှာ အကြောင်းမဲ့ သက်သက်မဟုတ်၊ စကားမရှိယာ၍ပဲဖြင့် အကွက်ဆင်ကာ ပေါက်ချွန်း၏ စိတ်အာရုံ လွှင့်ပျံ့အောင် လုပ်နေခြင်း ဖြစ်သည်။

ဖွတ်မည်းအတွက် အဆင်ပြေရာ အခွင့်အလမ်းရစေအောင် ဖန်တီးနေခြင်းပင်။ ထက်မြေးချင်မြေး၊ ဒါမှမဟုတ် အလစ်တွင် အငိုက်ဖမ်းကာ ဝင်တိုက်ချင်တိုက်၊ ဖွတ်မည်းအတွက် အခွင့်ကောင်းပင်။

သို့သော်လည်း လီရှန်းထင်သလို မဖြစ်လာ။ ဖွတ်မည်းဟာ အကျက်ဆတ်ရပ်လို့ နေရာမှာ တည်ငြိမ်စွာရပ်လျက် ...ပင်လျက်။

လီရှန်း စိတ်ပျက်သွားသည်၊ စိတ်ထဲတွင်ကျိတ်၍ ဖွတ်မည်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဒေါသထွက်နေသည်၊ သူ့အတွက် ဖြေးသာစေရန် အခွင့် အောင်းဖန်တီးပေးနေသည်ကို မသိဘူးတဲ့လား။

ထိုစဉ် ပေါက်ချုန်း၏ အေးတော်ကျော်လေသံက ထွက်လာပြန်သည်။

'အရက်ဆိုတာ လူ့ဦးနှောက်ကို တုံ့ထိုင်းလေးလံစေတယ်၊ ဆုံးဖြတ်ချက်တွေမှားနိုင်တယ်၊ အဆင့်မြင့် သိုင်းပညာရှင်ချင်း ယှဉ်ပြိုင်ကြတဲ့ပွဲမှာ တစ်ချက်ကလေး သတိလစ်ရုံနဲ့ အသက် ဆုံးရှုံးနိုင်တယ်'

ယင်းစကားများကို ပေါက်ချုန်းက လီရှန်းအား ပြောခြင်း မဟုတ်၊ သူ့မျက်လုံးတွေက ဖွတ်မည်းကို စူးစိုက်ကြည့်လျက် ပြောနေခြင်း ဖြစ်သည်။

ဖွတ်မည်းအဖို့တော့ စကားယင်ဖင် အေးအိအေးစက်နိုင်လွန်းသည်။ ပေါက်ချုန်း၏စကားဆုံးသောအခါ ဖွတ်မည်းက နှုတ်ခမ်းထောင့် တွန့်ရုံမျှ တစ်ချက်ပြုံးလိုက်ကာ....၊

'ခင်ဗျားက အဆင့်မြင့် သိုင်းသမား ဟုတ်လား'

'မင်း ဘယ်သူလဲဆိုတာ ငါ ကောင်းကောင်း သိနေပြီ၊ မင်းကတော့ ငါဘယ်သူလဲဆိုတာ သိရဲ့လား'

'ခင်ဗျား ပေါက်ချုန်း၊ သူခိုးထောင်မင်းရဲ့ ခိုင်းနွား၊ ဒီလောက်ပဲ ကျုပ်သိတယ်'

ထိုစကားကို ကြားလိုက်ရသော ပေါက်ချုန်း အလွန်



ဒေါသထွက်သွားသည်၊ အသားများပင် တဆတ်ဆတ် တုန်လာသလောက်သည်။

'ဘာပြောတယ်....၊ သူခိုးထောင်မင်းရဲ့ ခိုင်းနွား ဟုတ်လား'

ဖွတ်မည်းကမူ ပြုံးတစ်ချက် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

ကျွန်တော်စဉ်းစားလို့ မရနိုင်တာတစ်ခုရှိတယ်'

'ဘာလဲ၊ ဘာကိုလဲ'

'ခင်ဗျားဟာ မာလူးလက်ချက်နဲ့ သေပုံ စင်သင့်နေတာကြာပြီ၊ အခု ဘယ်လိုလုပ်ပြီး ဒီလူဒွေးစုပ်ရဲ့ခိုင်းနွား ဖြစ်နေရတာလဲ'

ပေါက်ချွန်း၏ တင်းမာခက်ထန်သော မျက်နှာ အမူအရာမှာ ချက်ချင်းရုတ်ခြည်းပင် လျော့ကျသွားသည်။ သက်ပြင်းတစ်ချက်ကိုလည်း ခလေးလေးကြီးချလိုက်ပြီး…

'မင်းဟာ ငါ့အင်ကားတဲ့လူ တကယ် ဖြစ်နေပါရောလား၊ အင်း… ငါထင်တာ ဘယ်နည်းနဲ့မှမမှားဘူး'

'ဒါဖြင့် ကျွန်တော် ဘယ်သူလဲ ဆိုတာ ခင်ဗျား သိပြီလား'



ပေါက်ချွန်းက ခေါင်းကိုလေးလေးကြီး ညိတ်လိုက်လေသည်။

'ဆယ်နှစ်လုံးလုံး မင်းကိုအသာစီးရပြီး ၊အပြတ်ရှင်းနိုင်ဖို့ အခွင့်အရေးကို ငါစောင့်နေခဲ့တယ်၊ မင်းက သိပ်ကံကောင်းနေတော့လဲ တစ်ခါမှ အခွင့်အရေးမကြုံခဲ့ရဘူး'

'အခုရော ကြုံပြီလား'

'ဒါပေါ့၊ ဒီနေ့လောက်ကောင်းတဲ့ အခွင့်ကောင်း ဘယ်မှာရှိမှာလဲ၊ ကြည့်လေ၊ အခုဆို မင်းက အရက် သောက်ထားတယ်၊ ပြီးတော့ သိုင်းပညာ လေ့ကျင့်မှုတာလဲ သိမ်နည်းနေပြီ ဒါဟာ ငါ့အတွက် အခွင့်အရေးတစ်ခုပေါ့'

ဖုတ်မည်း မငြင်းနိုင်။

ပေါက်ချွန်း ပြောသည်များက အမှန်တွေချည်း။

'ခင်ဗျား ကျွန်တော် ကို သေချာကျိန်းသေ နိုင်လိမ့်မယ်လို့ ယုံကြည်နေသလား'

'ဒီပွဲမှာ ဘယ်သူနိုင်နိုင်ရှုံးရှုံး အရေးမဟုတ်ပါဘူး၊ ဒါပေမယ့် မင်းနဲ့ငါ ယှဉ်ပြိုင်ကြတဲ့အကြောင်း ဘယ်သူ့ကိုမှ မသိစေချင်ဘူး၊ ဒီတော့ ဒီမှာရှိတဲ့ လူစိမ်းတွေကို အရင်နှုတ်ပိတ်လိုက်ရမယ်'

ပေါက်ချွန်း၏အသံမှာ ခပ်အေးအေးပင်။ သို့သော် မျက်လုံးများထဲမှာတော့ လူသတ်တော့မည့် အရိပ်အယောင်များ တဖြည်းဖြည်း ပေါ်လာသည်။

ပေါက်ချွန်းက ဓားရှိးကို လက်နှင့်ဆုပ်ကာ အနားတွင် ထိုင်ရှိနေကြသူ များထံသို့ မျက်နှာမူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှခင့် လောက်ဖန်ဤ လင်မယားမှ မိမိတို့ရင်ဆိုင်ရ တော့မည့် ကြမ္မာဆိုးကို ရိပ်မိလိုက်ကြသည်။ မျက်စိမျက်နှာ များက တုန်တုန်ယင်ယင် ဖြစ်နေကြသည်။

မိမိတို့အတွက် နောက်ဆုံးနေ့ အဖြစ်သို့ ရောက်တော့မည်လော။

'ခင်ဗျား ဒီလိုလုပ် လို့မရဘူး၊ ကျုပ် သုံးခွင့်မပြုနိုင်ဘူး'

ခပ်ပြတ်ပြတ်ပြောလိုက်သော ဖွတ်မည်း၏အသံက သူတို့ သုံးယောက်၏အသက်ကို ကယ်လိုက်သည်။

ပေါက်ချုန်း ခြေလှမ်းတုံ့သွားပြီး ဖွတ်မည်းဘက်လှည့်ကာ မျက်နှာချင်းဆိုင်လိုက်လေသည်။

'လောလောဆယ် သူတို့သုံးယောက်အတွက်က သိပ်အရေး မကြီးသေးပါဘူးလေ၊ မင်းကိုအနိုင်ယူပြီးရင် ဒီကောင်တွေကို ငါ ကြိုက်သလိုစီစဉ်နိုင်တာပဲ၊ ကဲ...ကဲ... ပြောနေကြာတယ်၊ မင်း အသင့်ပြင်ပေတော့'

ပေါက်ချုန်းက ဖွတ်မည်းကိုစိန်ခေါ်လိုက်လေပြီ။ ဖွတ်မည်း နိုင်ပေါ်မှ မိမိဆက်၍ အသက်ရှင်နိုင်မည်မို့ လီရှန်း၏စိတ်တွင်းမှ ကျိတ်၍ ဖွတ်မည်းအတွက် ဆုတောင်းနေသည်။

ဖွတ်မည်းတွင် မည်သည့်လက်နက်မျှမပါ။ အခန်းအတွင်းရှိ ပစ္စည်းများအနက်မှ လက်နက်အဖြစ် အသုံးပြုသုံးစွဲကိုင်၍ ရမည့်ပစ္စည်းကို လျှင်မြန်စွာ မျက်လုံးကစား၍ ရှာလိုက်သည်။ သူတွေ့လိုက်ရသည်မှာ...

မီးဖိုမှမီးမွှေကို ထိုးဆွသည့် ခဲ့ခဲနဲ့ ရှည်သော သံ ချောင်းကြီး။



ဖွတ်မည်းက သံချောင်းကို ကုန်း၍ ကောက်ယူလိုက်လေ သည်။

ပေါက်ချုန်းက ဖွတ်မည်းကို မထီလေးစားဟန်ဖြင့် ကြည့် ၍...

'အော်...မင်းလက်နက်က ဒါကြီး...ဟင်း...ဟင်း'

'ကျုပ်တော့ ဘယ်ပစ္စည်းကိုမဆို လက်နက်အဖြစ် အသုံး ပြုနိုင်တယ်'

'အော်...အော်...ဒီလိုလား၊ ဒါဖြင့်လာပြီ'

စကားဆုံးသည်နှင့် ပေါက်ချုန်းက ဓားကို ဓားအိမ်မှဆွဲ ထုတ်လိုက်သည်။ ဓားထွက်လာမှုက လျှပ်စီးလက်လိုက်သည့် အသွင် မြန်လှသည်။

ဖွတ်မည်းကတော့ နေရာမှမပြောင်းမရွေ့။

ရပ်မြဲရပ်နေလျက်။

နည်းနည်းလေးတောင်မှ မလှုပ်ပါ။

ပေါက်ချုန်းကတော့ ဖွတ်မည်းလိုမဟုတ်။

ဓားကိုထုတ်ပြီး ဓားဦး ရွယ်သည့်အလား တရကြမ်းခုန် တိုက်ခိုက်လေတော့သည်။

တရှိန်ရှိန်တရှပ်ရှပ် တချွမ်းချွမ်း တဝှမ်းဝှမ်း အသံများ အခန်းထဲတွင် စီစီညံသွားသည်။

မှတ်ထင်အမိမျှပင်။

ဖွတ်မည်းအသို့ ဦးတည်ကာ တိုက်ခိုက်လာသော ပေါက် ချုန်း၏ ဓားချက်များမှာ ရည်ရွယ်ရာသို့မရောက်။

လေကို ဓားခါ ခုတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သားတိုင်များကိုလည်း ဖြတ်မိသည်ကလည်း မနည်း။ အိုးခွက်ပန်းကန်များကိုလည်း မကြာခဏ ရိုက်ခတ်မိသည်။

ဖုတ်မည်းကတော့ ဓားကယ်ကို အရှောင်ကောင်း၊ အတိမ်းကောင်း၊ လူကိုမပြောနှင့် အဝတ်အစားကိုပင် မထိမိ။

ကြာတော့ ပေါက်ချွန်း ဒေါပွလာသည်။ မုန်ယိုသောဆင်အလား။

ပေါက်ချွန်းသည် သူ၏အထက်မြက်ဆုံးသော ဓားကွက်ကို ထုတ်သုံးလိုက်တော့သည်။

ဤဓားကွက်သည် ပေါက်ချွန်း အလွန်အားကိုးသော ဓားကွက်ဖြစ်သည်။

လွန်စွာ သေရေးရှင်ရေး တကယ့် အကျပ်အတည်း ကြုံမှ ထုတ်သုံးလေ့ရှိသည်။

ထိုဓားကွက်ကလည်း တကယ့်ကို အစွမ်းထက်သည်။ ထိမိသည်။

ဓားချက်သည် ပစ်မှတ်ကို ဘယ်တော့မှလွဲသည်မရှိ။

တစ်ဖက်ရန်သူသည် သူ့ဘက်မှ တိုက်ခိုက်လာသော ဓားချက်များကို မရှောင်နိုင်။

ရင်ဆိုင်ယှဉ်ပြိုင်၍ ပြန်လည်ကာ တိုက်ရုံမှအပ အခြားလမ်းမရှိ။

သူသေကိုယ်သေ ရင်ဆိုင်မည်ဆိုလျှင် ဖုတ်မည်း ကိုင်ထားသော သံချေးတက်နေသည့် မီးဆွသံချောင်းမှာ မိမိ၏ဓားကောင်းကို အနိုင်တိုက်နိုင်မည် မဟုတ်ဟု ပေါက်ချွန်းကအပိုင်တွက်ထားခဲ့သည်။



"ကျား"

ပေါက်ချွန်း ဝမ်းခေါင်းသံကြီးနှင့် မာန်သွင်း ကြုံးဝါးလိုက်ပြီး အတွင်းအား အကုန်စသုံးကာ ဖုတ်မည်းကို ဓားဖြင့် လှမ်းထိုးလိုက်သည်။

ပေါက်ချွန်း၏ ဓားဖျားသည် ဖုတ်မည်း၏ ရင်ဝတည့်တည့်သို့ တန်းဝင်သွားခဲ့သည်။ လီရှန်း ဘုရားတမိသည်။ တောက်ဖန် မျက်နှာလွှဲလိုက်သည်။

ဓားဖျားက ဖုတ်မည်း၏ရင်ဝကို ထိမိလုဆဲဆဲမှာ...

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ပေါက်ချွန်း၏ ဓားဖျားက မှတ်မည်း၏ရင်ဝကို ထိမိလုလု ရှိ...

သို့သော် ဓားသည် နေရာမှာတင် ရုတ်တရက် ရပ်တန့်သွား၏။ ရှေ့ဆက်၍မသွားတော့။ သံလိုက်ဓာတ်ဖြင့် ဆွဲငင်ထားခြင်း ခံလိုက်ရသလို...

ရှေ့သို့သာ မတိုးသည်မဟုတ်၊ သူ၏သိုင်းကျက်တိ ဖြန့်ရုတ်ထား ဓားကို နောက်သို့ဆုတ်သော်လည်း ပြန်မပါလာ။

ပေါက်ချွန်း၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

ထိုဓားအကွင်း သူ့လက်မှ ထိုးကျွံသွားသည်။

ဓားလိုက်စားမှုမျိုး တစ်ခါမျှမကြုံဖူးခဲ့။ ချက်ချင်း ဆိုသလိုပင် အားအင်များက ယူဆွတ်ပစ်ခြင်း ခံလိုက်ရသလို ဆုတ်ယုတ်သွားခဲ့သည်။



ဓားကို ကိုင်ထားရသည်ကိုပင် အလွန်လေးလံ ပင်ပန်းလာ သလို ခံစားနေရသည်။

မျက်လုံးများက ပြာဝေလာသည်။ တစ်ကိုယ်လုံး ချွေးသီး ချွေးပေါက်များဖြင့် စိုရွှဲလာခဲ့သည်။ အသားကလည်း ဆတ်ဆတ်တုန်လို့ နေသည်။

ပေါက်ချွန်း သိလိုက်ပေပြီ။

မိမိ ရန်သူ့လက်ချက် အဖမ်းခံလိုက်ရပြီကော။ ပင်မသွေး ကြောတို့ အပိတ်ခံလိုက်ရပေပြီ။ ပင်မသွေးကြော အပိတ်ခံရပြီ ဆိုမှတော့ ပေါက်ချွန်း ဆက်မစဉ်းစားနိုင်တော့။

တင်းထားနိုင်စွမ်းလည်း မရှိ။ ဓားထောက်လက်မြှင့် ထားအား ခုတ်ဖြတ်ခြင်း ခံလိုက်ရသော ငှက်ပျောပင်တစ်ပင်ပမာ မြေ ပေါ်သို့ တုန်းခနဲပင် လဲကျသွားတော့သည်။

မှတ်မည်း သုံးလိုက်သည်မှာ လွန်စွာ အဆင့်အတန်းမြင့်လှ သော ရန်သူ့ ဓားကျက်ကို ညှို့ယူဖျော့ချက်သော ပညာနှင့် အကြောပိတ်ပညာတို့ပင် ဖြစ်သည်။

အံ့မခန်း မြင်လိုက်ရသော မှတ်မည်း၏ အဆင့်မြင့်လှသော ပညာစွမ်းကြောင့် လီရှန်းတို့သုံးယောက်မှာ မျက်လုံးများပင် ပြူးသွားကြသည်။

သူတို့အားလုံး မျက်လုံးပြူး မျက်ဆံပြူးနှင့် အလွန်ပင် ထိတ်လန့် တုန်လှုပ်နေကြ၏။

ပေါက်ချွန်း သေပြီ။

နောက်ဆက်တွဲ ပေါ်လာမည့်ပြဿနာများကား မသေး လှ။ မိမိတို့၏ အသက်အန္တရာယ်ကိုပင် စိုးရိမ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး မျက်နှာပေါ်တွင် သွေးမရှိတော့။ ဖြူဖပ်ဖြူရော်နှင့် ဖြစ်ကုန်ကြပြီ။

ရှေ့ဆက်ရင်ဆိုင်ရမည့် ပြဿနာနှင့် အခြေအနေများကို ဖွတ်မည်းကသည်း မသိမဟုတ်၊ ကောင်းကောင်းကြီး သိသည်။

ပေါက်ချွန်း မိမိလက်ချက်ဖြင့် ဇာတ်သိမ်းခဲ့သည်နှင့် ပက်သက်၍ လီရှုန်းနှင့် ကောက်ဖန်တို့ ဇနီးမောင်နှံ ဒုက္ခတွေ့ကြရတော့မည်။

မိမိက ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးအတွက် လုပ်ဆောင်ပါလျက်နှင့် တစ်ခါတစ်ရံတွင် ဖြစ်ချင်သလို ဖြစ်မလာတဲ့ အကုသိုလ်များက မဖိတ်ခေါ်ဘဲ ဝင်လာတတ်ကြသည်၊

သည်တော့…

အဘယ်ကြောင့်များ မိမိစေတနာဖြင့် လုပ်ဆောင်ခဲ့သော ကိစ္စများသည် အများအတွက် ဒုက္ခဆင်းရဲကို ဖြစ်စေရပါလိမ့်။

ဖွတ်မည်း မစဉ်းစားတတ်တော့ပြီ။

ဖွတ်မည်းသည် ခေါင်းငိုက်စိုက်ချကာ အခန်းထဲမှ အပြင်သို့ ထွက်သွားသည်။

သူ့နောက်မှ လိုက်၍ထွက်သွားသောသူမှာ လီရှုန်း။ မိမိဆိုင်တွင် ဖြစ်ပျက်ခဲ့သည့်ကိစ္စအတွက် မိမိကိုပါ အန္တရာယ်ကျရောက်လာနိုင်ကြောင်း သိသည်။

အချိန်မီ သူဌေးတောင်မင်းထံ အကြောင်းကြားထားမှ ဖြစ်မည်။



သူတို့နှစ်ယောက်ကို ဝေးကြည့်ရင်းမျက်ရည်ဝဲကာ အခန်းထဲတွင် ကျန်ရစ်ခဲ့သူကတော့ ကောက်ဖန်။ ဇနီးသည်က သူ့ကို အပြစ်တင် ပြောဆိုနေသည်ကို အံကြိတ်ကာ နားထောင်လျက်။

"သူဟာ ကျွန်မတို့အတွက် တကယ့်ကို ကောင်းကျိုးမပေးတဲ့ ဂိုဏ်းကောင်ပဲ၊ ဒါတောင် ရှင်က အာဖြစ်လို့ သူ့ကို တန်းတန်းစွဲ ခင်မင်နေရတာလား၊ သူ့ကို ရှင် မွေးပစ်လိုက်ပါတော့၊ —ခေါင်းအသင်း မလုပ်ပါနဲ့တော့"

ဇနီးဖြစ်သူ၏ စကားများကို ကြားနေရသည့် ကောက်ဖန် အလွန်စိတ်မကောင်း ဖြစ်သွားသည်။

မိန်းမသားတို့၏ အလွန် ကျဉ်းမြောင်းလှမှုအတွက်လည်း စိတ်ပျက်မိသည်။

မိမိသာ စကားပြောနိုင်လျှင် တန်ပြန်ပြီး အားရပါးရ အော်ဟစ် ပြောပြလိုက်ချင်သည်။

ဖွတ်မည်းသည် မိမိအတွက် မိတ်ကောင်းဆွေမှန် တစ်ယောက်၊ မိမိဘဝတစ်သက်တာတွင် ဖွတ်မည်းလို၍ အဖက်လုပ် ဆက်ဆံသူဟူ၍ မရှိခဲ့ဖူး။

ခင်မင်သူပင်မရှိ။ မိတ်ဆွေကောင်းရယ်ဟု သတ်မှတ်နိုင်သူ ဆိုသည်ကား ထိုးဝမင်း မရှိ။

မိတ်ဆွေကောင်းကို တန်ဖိုးထားရမှန်းမသိသော မိန်းမသားသည် စိတ်ပျက်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ကူးလောင်းသည် ပေါက်ချွန်း၏ ရုပ်အလောင်း ဘေးတွင် ရပ်လျက်ရှိသည်။

ပေါက်ချွန်း သေဆုံးခဲ့မှုအတွက် သူ့တွင် ဝမ်းနည်းဟန် လုံးဝမရှိ၊ ခံပြင်းနာကြည်းဟန်လည်း မပေါ်။ အံ့သြတုန်လှုပ်ခြင်းလည်း မရှိ။ ပကတိတည်ငြိမ်လျက်ပင်။

မကြာမီ သူဌေးထောင်မင်းရောက်ရှိလာသည်။ ပေါက်ချွန်း၏ သေဆုံးကြောင်း ကြားရ၍ လာခြင်းဖြစ်၏။

ထောင်မင်း ရောက်လာသော အခါတွင်မှ ကူးလောင်း၏ မျက်နှာတွင် ခံစားမှုပေါ်လာတော့သည်။ ဝမ်းနည်းကြေကွဲမှု အရိပ်အယောင်များ ယှက်သန်းလျက်။

တတ်လည်း တတ်နိုင်သော ဟန်ဆောင် ကောင်းသူ ကူးလောင်းပင်တည်း။



"ဒါ…ဒါ…ဟိုကောင် ဖွတ်မည်း ဆိုတဲ့ကောင်ရဲ့လက်ချက် မဟုတ်လား"

ထောင်မင်းက လေသံမာမာဖြင့် မေးသည်။ ကူးလောင်က ခေါင်းငုံ့ထားရာမှ ပြန်လည်ဖြေကြားသည်။

"ဟုတ်ပါတယ်၊ ဒီကောင်ကို ပေါက်ချွန်းက ဒီလောက် မြန်မြန်ဆန်ဆန် ရှာတွေ့လိမ့်မည်လို့ ကျွန်တော် မထင်ခဲ့ဘူး၊ ခုလိုလဲ သေလောက်အောင် ခံလာရလိမ့်မယ်လို့လဲ မတွေးမိဘူး"

ထောင်မင်းက ပေါက်ချွန်း၏ ခန္ဓာကိုယ် အနှံ့ ဒဏ်ရာ ဒဏ်ချက်များကို ရှာကြည့်သည်။ မတွေ့၊ ဘယ်လိုမှ ရှာလို့ မတွေ့။

ကူးလောင်က ဝင်ရောက် ဖြေရှင်းပြန်သည်။

"ပေါက်ချွန်း သေရတာ ဘာ ဒဏ်ရာဒဏ်ချက်မှ မရှိဘူး ကျွန်တော် စစ်ဆေးကြည့်ပြီးပြီ၊ သူဌေးကြီး သူ့လက်တွေကို စမ်းကြည့်ပါ၊ ဘာ ထူးခြားသလဲ"

ထောင်မင်းက ကူးလောင်ပြောသည့်အတိုင်း ပေါက်ချွန်း၏ လက်များကို ကြည့်လိုက်သည်။ လက်ချောင်းလေးများက ကွေးကောက်လို့နေသည်။

"သူဌေးကြီး မြင်တဲ့အတိုင်းပဲ၊ လက်ချောင်းလေးတွေ ကောက်ကွေးနေတယ် မဟုတ်လား၊ ပေါက်ချွန်းဟာ အဆင့် မြင့်လှတဲ့ အကြောပိတ် ပညာစွမ်းနဲ့ ပင်မ သွေးကြောကြီးကို အပိတ်ခံလိုက်ရတာပဲ၊ ပင်မ သွေးကြောအပိတ်ခံရတဲ့အတွက် မျက်စိတစ်မှိတ် အတွင်း အသက်ထွက်တော့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



'ဒီအကောင်ရဲ့ အလောင်းကို မင်းတို့ ဘယ်မှာ တွေ့ခဲ့ကြတာလဲ'

'ရွှေနဒီစားသောက်ဆိုင်ရဲ့ မီးဖိုချောင်ထဲက ထမင်းချက်ခန်းမှာပါ'

'အဲဒီမှာ ရှိနေတယ်ဆိုတာ မင်းတို့ ဘယ်လိုသိကြသလဲ'

'လီရှန်း ကိုယ်တိုင် လာအကြောင်း ကြားတာပဲ၊ သူက ဒီအကြောင်းကို သိသိချင်း ဒီကို လာပြောတာ၊ ပြောအပြီး ဒါနဲ့ ကျွန်တော်တို့လဲ သူနဲ့ လိုက်သွားပြီး သယ်လာခဲ့တာပဲ'

'ပေါက်ချန်း ဘယ်လို သေရတာယ်ဆိုတာ မျက်မြင်တွေ့လိုက်တဲ့သူ ရှိသလား'

'ရှိပါတယ် သူဌေးကြီး'

'သူတို့က ဘယ်သူတွေလဲ'

'ခေါက်ဖန်တို့ လင်မယား၊ သူတို့က ရွှေနဒီစားသောက်ဆိုင်က ထမင်းချက်ခန်းမှာ အလုပ်လုပ်ကြတယ်'

'ဒါဖြင့် မင်းသူတို့ကို ဖမ်းချုပ်ထားလိုက်ပြီလား'

'ဖမ်းဖို့ မလိုဘူးခင်ဗျ'

'ဟ...သူတို့ကို ဘာဖြစ်လို့ ဖမ်းဖို့မလိုရမှာလဲကွ'

'ဖွတ်မည်းက သူတို့နှစ်ယောက်ကို တစ်ခါတည်း နှုတ်ပိတ်သွားခဲ့တယ်'

သူဌေးကြီး တောင်မင်းမှာ မျက်တောင်နှိုလာပြီး ဒေါသ ထွက်ပြန်သည်။ မျက်လုံးတွေက မီးတောက်နေလေသည်။



'ကောင်းကွာ... သိပ်ကောင်း၊ မင်းတို့ကို ငါက ကျွေး ခဲ့ပြီး ကျွေးမွေးထားတာ ဘာအကျိုးမှမရှိပါလား၊ ဒါ... ဒီကောင်မ ဖွတ်မည်း အကောင်ကို တစ်ယောက်ပြီး တစ်ယောက် အရှုံးပေးနေရတာ ရှက်ဖို့ ကောင်းလိုက်တာကွာ ... တော်တော်...'

ကုန်းလောင်မှာ ခေါင်းငုံ့နေလျက် အသံပင် မထွက်၊ ငြိမ်ငြိမ် သက်သက်မှုန်၏။ အတန်ကြာမှ စကားကို ပြည်းညင်းစွာ ဆိုလိုက်သည်။

'ကျွန်တော်ဒါ ချီနန်းထားတဲ့ လူတွေ ရောက်မလာသေးခင် သာ လှုပ်ရှားမှု မလုပ်ချင်သေးလို့ စောင့်ကြည့်နေတာပါ'

'မင်းက ဘယ်လို ဟာတွေ ချီနန်းထားလို့ စောင့်နေရတာလဲ'

'ဖွတ်မည်းကို အနိုင်ယူနိုင်တဲ့ သိုင်းသမားတွေ ပေါ့'

တပည့်ကျော် ကုန်းလောင်၏ စကားကို ကြားလိုက်ရသော အခါ ထင်းမာ ခက်ထန်နေသော တောင်မင်း၏ မျက်နှာမှာ အနည်းငယ် ပျော့သွားသည်။ ပါးစပ်မှလည်း ပြုံးယောင် သန်းသွားပြီး

'မင်းရဲ့ လူတွေက သေချာရဲ့လား ကွ'

'သိပ် သေချာပါတယ် သူဌေးကြီး'

'ဘယ်သူတွေမို့ လဲဟ၊ ပြောစမ်းပါဦး'

'အခု ပြောဖို့ စောပါသေးတယ်၊ သူတို့ ရောက်လာရင် သူဌေးကြီး ကိုယ်တိုင် မြင်ရတွေ့ရမှာပါ'

'ဝင်း လူတွေထဲက တစ်ယောက်ယောက်ရဲ့ နာမည်ကို ငါ သိချင်တယ်၊ ပြောစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ကူးလောင်က ထောင်မင်း အနီးသို့ ကပ်သွားသည်။ နားနားဆွင် ကပ်ကာ နှစ်ကိုယ်ကြားရုံမျှ နာမည်တစ်ခုကို တီးတိုးပြောလိုက်သည်။

ထောင်မင်းသည် ချက်ချင်းမင် ပြုံးပြုံးကြီး ဖြစ်သွားသည်။ ကူးလောင်၏ အမြော်အမြင်ကြီးစွာ အကွက်ပိုင်ပိုင် စီစဉ်မှုကိုလည်း များစွာသဘောကျသွား၏။

'အေး... သူပါလာရင်တော့ ဖွတ်မည်း ဘယ်နည်းမှ ရှင်တော့မှာမဟုတ်ဘူး၊ မင်း တော်တယ်ဟေ့၊ မင်းလူတွေက ဘယ်တော့လောက် ဒီကိုရောက်လာကြမှာလဲ'

'မနက်ဖြန်ညနေဘက်တော့ ရောက်မှာပါ'

'ဒီလိုဆိုရင် မနက်ဖြန်ညနေမှာ ဖွတ်မည်းနဲ့တွေ့ဖို့ စီစဉ်လိုက်တော့'

'ကောင်းပါပြီခင်ဗျာ'

ထောင်မင်းက အားရဝမ်းသာ အမူအရာဖြင့် ကူးလောင်၏ ပခုံးကို တစ်ချက်ပုတ်လိုက်သည်။

'မင်းကတော့ တကယ့်ကိုအားကိုးရတဲ့သူပဲ၊ လိုအပ်တာတွေအားလုံး မင်း စီစဉ်လုပ် ဆောင်နိုင်လိမ့်မယ်လို့ ငါယုံတယ်၊ ဒီည မင်း ကောင်းကောင်း အနားယူလိုက်ဦး၊ မင်းအတွက် ဘာမှလိုလေသေးမရှိ အနားယူနိုင်အောင် ငါ စီစဉ်ပေးခိုင်းလိုက်မယ်'

'သူဌေးကြီးရဲ့ ကျေးဇူးကို ကျွန်တော်မမေ့ပါဘူး၊ စိတ်သက်သက်သာသာနဲ့ စိတ်ချပြီးနေပါ၊ လုပ်စရာရှိတာတွေ အားလုံး ကျွန်တော့် တာဝန် ထားလိုက်ပါ'



'အေး...မင်းသဘော၊ မင်းကြိုက်သလို စီမံပေတော့၊ မင်းရဲ့အရည်အချင်းကို ငါ ယုံတယ်'

စကားဆုံးသည်နှင့် ထောင်မင်းသည် ပေါက်ချုန်း၏ ရုပ်အလောင်းကို တစ်ချက်ကလေးမျှပင် လှည့်မကြည့်၊

တစ်ချိန်က သူဌေးကြီး ထောင်မင်း ဖူးဖူးမှုတ်ထားခဲ့သော အလွန်အားကိုးရသည့် လက်ရုံးရည်သမား ပေါက်ချုန်း၊ ယခုတော့ လမ်းဘေးမှ ကျောက်ခဲလောက်ပင် တန်ဖိုးမရှိ ဖြစ်သွားပြီ။

* * *

သူဌေးကြီး ထောင်မင်း ထွက်သွားပြီးနောက် ပျာယီးဖျာယာနှင့် အခန်းထဲဝင်လာသူမှာ သံလက်သီး ကျောင်ပန်း။ ကျောင်ပန်းသည် ပေါက်ချုန်း၏ ရုပ်အလောင်းဘေးတွင် ဒူးထောက် ကိုင်ချလိုက်သည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

မြင်ရသည့်အဖြစ်ကြောင့် ကူးလောင် အံ့ဩသွားသည်။

'အေးဟေ့...ဘယ်လိုဖြစ်တာလဲ၊ သိုင်းသမားချင်း တစ်ယောက်ဖြစ်ပြီး မင်းမျက်ရည်ကျရသလား၊ ဒီလောက်ထိ ငိုမနေပါနဲ့၊ သေတဲ့လူက ပြန်ရှင်လာနိုင်တော့တာမှ မဟုတ်တာ'

www.burmeseclassic.com

www.burmeseclassic.com



"သူသေလို့ ကျုပ်ငိုတာမဟုတ်ပါဘူးဗျာ၊ စိတ်မကောင်း ဖြစ်လွန်းလို့ဗျ...သိလား၊ စိတ်မကောင်း ဖြစ်လွန်းလို့"

ကျောင်းပန်းက လက်သီးကို တင်းကျပ်စွာဆုပ်ကာ အံကို တင်းတင်းကြိတ်လျက် ဦးသံပါကြီးနှင့် ဆက်ပြောပြန်သည်။

"သူဌေးကြီးအတွက် အသက်စွန့်ပြီး လုပ်ပေးခဲ့တဲ့ လူတစ်ယောက်ဟာ သေတဲ့အခါမှာ ဒီလိုအဖြစ်မျိုးနဲ့ပါသွားရတာကို မြင်ရလို့ ဝမ်းနည်းပြီး ငိုတာပါဗျာ"

"မင်းငိုတာ လွဲနေပြီ ကျောင်းပန်း၊ သူဌေးကြီးက မင်းပြောသလို မဟုတ်ပါဘူး"

"ဒီကိစ္စက လိမ်လို့ညာလို့ရတာမဟုတ်ဘူး၊ ပေါက်ချွန်း သေတာကတော့ သေတာပေါ့ဗျာ၊ ဒါပေမယ့် အသက်စွန့် ကျန်ရစ်တဲ့ မိသားစုအတွက်တော့ သူဌေးကြီးက အလေးထားပြီး ဆောင်ရွက်ပေးသင့်ပါတယ်၊ အခုတော့"

"ဒီကိစ္စတွေကို ငါက လုပ်ဆောင် ပေးမှာပေါ့၊ ဒါကို သူဌေးကြီးကသိလို့ ဘာမှမလုပ်ဘဲ နေနေတာပေါ့"

"ခင်ဗျားက ဆောင်ရွက်ပေးမယ် ဟုတ်လား၊ ဒါနဲ့... ကျွန်တော်မသိလို့ မေးပါရစေဦး၊ ပေါက်ချွန်းက ခင်ဗျားအတွက် အသက်ပေးလှူသွားတာလား၊ သူဌေးကြီး အတွက် အသက်ပေးသွားတာလား"

ဦးရွှေဝါက ကမန်းကတန်းမှင် ကျောင်းပန်း၏ပါးစပ်ကို လက်ဝါးနှင့် လှမ်းပိတ်လိုက်သည်။ သို့သော် နောက်ကျသွားလေပြီ။



မလှမ်းမကမ်းတွင် ရပ်လျက်ရှိသော သိုင်းဆရာနှင့်တပည့် ခန့်တို့မှာ ကျောင်းပန်း၏စကားများကို ကောင်းကောင်း ကြားကြသည်။

လူတိုင်းအားလုံး၏မျက်နှာများမှာ ဆိုသာစရာမရှိလောက်အောင် ပေါက်ချွန်းမှာ သူဌေးကြီး ထောင်မတ်ရှိပေါ် မညီမျှ သစ္စာရှိရှိ ညီသို့ တာဝန်ကျေခဲ့သည်ကို သူတို့အားလုံး အသိပင် ဖြစ်၏။

ယခုလို သေဆုံးရသော ပေါက်ချွန်း၏အဖြစ်ကို ကြည့်ရင်း သူတို့ ရင်ထဲတွင် ပြင်းပြင်းပြကြသည်။ ယူကျုံးမရဖြစ်နေကြသည်။

"ပေါက်ချွန်းဟာ အသက်ကို အကြောင်းမဲ့ပေးသလား၊ ကျုပ်နားမလည်ဘူး၊ ကျုပ်နားလည်တာက သူဌေးကြီးဟာ ကျုပ်ကို ချက်ချင်းသတ်ခိုင်းမယ်ဆိုရင်လဲ ကျုပ်မငြင်းတမ်း သေပြလိုက်မှာပဲ"

ကျောင်းပန်းက အသံပြင်း လေးလေးချရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

လွန်စွာမှ မည်းမှောင်တိတ်ဆိတ်နေသော မြေအောက်အချုပ်ခန်းတစ်ခုတွင် အကျဉ်းသားနှစ်ယောက် ရှိနေကြ၏။

ကောက်ဖန်တို့ လင်မယားပင် ဖြစ်သည်။ မည်သည့်အတွက် ဤနေရာသို့ ရောက်နေကြသနည်း။

သူတို့ အသက် မသေကြသေးသည်မှာတော့အမှန်။ သို့သော် မည်သို့သောနည်းဖြင့် ဤမြေအောက် အချုပ်ခန်းတွင်းသို့ ရောက်လာကြသည်ဆိုခြင်းကို သူတို့ကိုယ်တိုင်ပင် မသိ။

ပေါက်ချွန်း မီမီတို့ အခန်းထဲတွင် အသက် မပျောက်ခဲ့သည့်အတွက် နောက် ဆက် တွဲ ပြဿနာတွေ အကြောင်း



တွေးတောဝေးငိုင်နေစဉ် လူတစ်စုဝင်လာပြီး ခေါင်းကို တစ်စုံတစ်ရာနှင့် ရိုက်လိုက်ပြီးနောက် သူတို့ လင်မယားနှစ်ယောက်စလုံး လောကကြီးကို ခေတ္တမေ့သွားကြသည်။

ခု ပြန်သတိရတော့ အခုလို အချုပ်ခန်းထဲသို့ရောက်နေကြလေပြီ။

,,မည်သူက ခေါ်လာတာလဲ၊ သူတို့မသိ။ ဘာကြောင့်လဲဆိုတာကို သူတို့မဖြေတတ်။

သတိပြန်ရလာသည်နှင့် ကောက်ဖန် ကြားလိုက်ရသည်က ဇနီးသည်၏ ဗျစ်တောက်တောက်နှင့် ရေရွတ်ပြောဆိုနေသံ၊ ကောက်ဖန် ချက်မှောင်ကြုတ်မိသည်။

''ကျွန်မပြောတာယုံမတုံလား မှတ်မည်းဆိုတဲ့အကောင်ဟာ တကယ့်ဂိုဟ်ဆိုး၊ ဒီကြိတ်ကောင်က ကျွန်မတို့ကို ဘာမှတော့မကောင်းကျိုးပေးမှာမဟုတ်ဘူး၊ အခုတော့

ထိုအခိုက် ခြေသံသံ သဲ့ကို ကြားလိုက်ရသည်။

အမျိုးသမီး ပါးစပ်ပိတ်သွားသည်။

လင်မယားနှစ်ယောက် နားစွင့်လိုက်ကြသည်။ မှန်သည်...

ခြေသံ၊ အခန်းတွင်းသို့ တစ်လှမ်းချင်းဝင်လာသော ခြေသံ။

မကြာမီ လူကားမပေါ်မလှ တစ်ယောက် ဆင်းလာသည်၊

ထိုလူ၏ မျက်နှာမှာ ပြုံးချိုနေပေမင့် မျက်လုံးတွေကတော့ ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ,,အထင်းသားပေါ်လွင်နေသည်။

ထိုသူကို မြင်လိုက်ရသောအခါ ကောက်ဖန်၏ ဇနီးသည်ခမျာ ကြက်သီးတဖြန်းဖြန်းပင်ထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မွန်းသည်၏ ကြမ်းတမ်း ထူထဲသော လက်ဝါးကြီးကို အားကိုးတကြီးနှင့် ဆုပ်ကိုင်ထားလိုက်မိရှာသည်။

အခန်းတွင်းသို့ တိတ်တဆိတ် ရောက်လာသူမှာ ကျွဲခြားရုံ မဟုတ်။

ဧဿောင်မင်း၏ သူသတ်ရဲ ကူးလောင်။

တောက်မွန်တို့လင်မယားကို အကြံနှင့် တိတ်တဆိတ် ဖမ်းခေါ်လာကာ ဤအခန်းထဲတွင် ချုပ်ထားခဲ့ခြင်းဖြစ်သည်။

ယခု သူ၏လိုရင်းအကြံအစည်ကို အကောင်အထည်ဖော်ရတော့မည်။

ကူးလောင်က ချိုသာစွာပြုံးကာ ညင်သာ တိုးသက်သော လေသံဖြင့်...

'ဘာမှစိုးရိမ်ကြပါနဲ့၊ ခင်ဗျားတို့ကို ကျွန်တော် မေးစရာလေးတစ်ခု နှစ်ခုလောက်ရှိလို့ ခေါ်လာခဲ့တာပါ'

စကားပြောရင်း ကူးလောင်သည် အိတ်ထောင်ထဲသို့လက် နှိုက်လိုက်သည်။

တောက်မွန်တို့ဇနီးမောင်နှံမှာ ကူးလောင်၏လှုပ်ရှားမှုကို စိုက်ကြည့်နေကြသည်။

သူမတစ်သက်တာတွင် ဤမျှများပြားသော ငွေများကို မမြင်ခဲ့ဖူး။ မိန်းမတို့သဘာဝအတိုင်း လိုချင်သော ဇောသာ တက်လာသည်။

ဤအခြေအနေကို ကူးလောင်က ကောင်းကောင်း အကဲခတ် သိရှိလိုက်သည်။



လက်ဝါးပြင်ထဲမှ ငွေများကို ပို၍မြင်သာအောင်ပြလိုက်ရင်း...

'အကယ်လို့ ကျွန်တော်ဒီ မေးတာကို ခင်ဗျားက မှန်မှန်ကန်ကန် ဖြေကြမယ်ဆိုရင် ဟဲ ဟဲ... ဒါတွေဟာ ခင်ဗျားတို့အတွက်ပဲ'

တောက်မွန်က မျက်လုံးကို စုံမှိတ်ကာ မျက်နှာကိုလွှဲထားလိုက်သည်။ ဇနီးသည်ကမူ လိုချင်တပ်မက်သော မျက်လုံးများနှင့် ကူးလောင်လက်တွင်းမှ ငွေများကို စိုက်ကြည့်နေသည်။

တစ်ယောက်က ငွေကို အလေးမထား၊ မျက်နှာ လွှဲနေသလောက် တစ်ယောက်ကမူ လောဘဇောနှင့် ကြည့်နေပြီ။

ကူးလောင်၏ အပြုံးက ပိုလာသည်။ မျက်နှာသွင်ပြင်ကလည်း ရိုရို ကြည့်လင်လာသည်။ သူ့ အလုပ်ကိစ္စ မှန်နေပြီပဲ။

လောကတွင် ငွေနှင့် သွယ်လျှင် မဖြစ်နိုင်တာမရှိသလောက်ပင်။ ဤကား လူသားတို့၏ ချွတ်ယွင်း အားနည်းချက်တစ်ရပ်။

ကူးလောင် ချလိုက်သော ငါးစာမှာ ထိရောက်လှသည်။

ကြည့်စမ်း... တောက်မွန်၏ ဇနီးဖြစ်သူမှာ ငါးစာကိုသာ မြင်ပြီး ငါးမျှားချိတ်ကို မတွေ့သော ငါးလို မျှော်မျှော်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကူးလောင် အလွန်သဘောကျနေသည်။ အတွက်ဝင်နေပြီမို့ သူ သိလိုသည်များကို စဆင်မေးမတော့သည်။

'ဖွတ်မည်းနဲ့ ပေါက်ချွန်း လက်ရည်ချင်း မပြိုင်ခင် ဘာထူးခြားတာမှတွေ့ ဖြစ်သေးလဲ'

'သူတို့နှစ်ယောက်ဟာ အစ်မယောက်ကိုတစ်ယောက် သိနေကြပုံပဲ'

'ဟုတ်လား...၊ ဒါဖြင့်ရင် ဘာကြောင့် သိနေကြတယ်လို့ ခင်ဗျားက ထင်ရပါသလဲ၊ ကျုပ် နားလည်အောင် ပြောစမ်းပါဦး'

ဖွတ်မည်း၏ ဘဝအမှန်နှင့် ဇာစ်မြစ်ကို သိနိုင်ရန် လမ်းစဖြစ်သည်မို့ ကူးလောင်က စိတ်အားထက်သန်စွာ မေးလိုက်သည်။

'ပေါက်ချွန်းက ဖွတ်မည်းဟာ သူ ထင်ထားတဲ့သူ ဖြစ်ရမယ်လို့ ပြောတယ်'

ငွေစ မြိုးမြိုးမြက်မြက် ရတော့မည်မို့ အမျိုးသမီးနှုတ်က သွက်နေသည်။

'ဟုတ်ပြီ...၊ သူ့နာမည်ရော ပြောသေးလား'

ထိုအခိုက် ကောက်ဖန်၏ မျက်လုံး ပွင့်လာသည်။ ဇနီးဖြစ်သူကို နာကြည်းသော မျက်လုံးများဖြင့် စိုက်ကြည့် နေသည်။

အမျိုးသမီးတစ်တော့ ခင်ပွန်းသည်၏ မျက်နှာကို ဂရုမပြုမိ၊ ကူးလောင် လက်တွင်းရှိ အသပြာများကိုသာကြည့်ရင်း ပါးစပ်ကို ဟလျက် ပြောရန်ပြင်လိုက်သည်။



ညှိသော် အသံကထွက်မလာသေး။

ကောက်ဖန်၏ လက်ဝါးက သူမ၏ပါးပြင်ပေါ် ကျရောက်သွားသည်။

ယခုကဲ့သို့ ကိုယ်ထိလက်ရောက် ဖက်ပက်စက်စက် အရိုက်ခံလိုက်ရတော့ အမျိုးသမီးဒေါသထောင်းခနဲထွက်လာသည်။ ကောက်ဖန်ဘက် မျက်နှာလှည့်ကာ အော်ဟစ် ပြောဆိုတော့သည်။

'ဩော်... ရှင်က ကျွန်မကို တစ်သက်လုံးလက်ဖျားနဲ့ မတို့ခဲ့တာ၊ ခုတော့ ရိုက်တယ်ပေါ့ ဟုတ်လား၊ ရှင်နဲ့ ကျွန်နဲ့ တစ်သက်လုံး ဆင်းဆင်း ရဲရဲ နေလာခဲ့ရတာ၊ ခုလို အခွင့်အရေးမျိုးရတာကို ဘာလို့ လက်လွှတ်ခံရမှာလဲ၊ ရှင့် သူငယ်ချင်း ဂိုဟ်ကောင်က ဘာများ ကောင်းကျိုးဆောင်ပေးလို့ သူ့အတွက် ကျွန်မတို့က နှုတ်လုံ ပေးရမှာလဲ၊ ပြောစမ်းပါဦး ကောက်ဖန်'

ဇနီးဖြစ်သူ၏ စကားများကြောင့် ကောက်ဖန် ဒေါသထွက်လာသည်။ အသားများပင် တဆတ်ဆတ် တုန်လာခဲ့ရသည်။ မိမိ အပေါ် အင်မတန် ကြင်နာလေသော ဇနီးသည်သည်...။

ယခုတော့ အကြီးအကျယ်ပြောင်းလဲကာ လောဘရမ္မက်နောက် ပါသွားခဲ့လေပြီ။

ခင်ပွန်းသည်ကိုလည်း အရေး မစိုက်နိုင်တော့ချေ။ ယင်းမှတ်ဘဲပြောင်းလဲသွားသော မိမိ၏ဇနီးသည်ကြောင့် ကောက်ဖန်မှာ နာကြည်းခံပြင်းမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူမ၏ ဧရာကျယ်လောင်နေသောအသံက ထွက်ပေါ် လာ ပြန်သည်။

ရှင်ပဲ ရှေ့နှုတ်ပိတ်ထား၊ ကျွန်မကတော့ ဒီဟာကို ပြောရမှာပဲ၊ ရှင်မကြိုက်ဘူးဆိုရင် ထွက်သွားနိုင်တယ်၊ ကျွန်မ ကတော့ တစ်သက်တစ်ခါ ကြုံတဲ့ အခွင့်အရေးကောင်းကို—

သူမသည် စကားကုန်အောင် ဆက်မပြောနိုင်ဘဲ ကောက် ဖန်က ကျွေးစရာကောင်း အလေး နှိပ်ထုပ်ကာ သန်မာသော လက်နှင့်ဖက်၍ သူမ၏ လည်မျိုကို ညှစ်ထားပြီး ဖြစ်နေ သည်။

ကုလားလောင်က ထိုင်ရာမှ ထရောက်မြန်မြန် ခုန်ဖက်ခြင်းမပြု၊ မျက်နှာပါ အလားမတိုင်ရဲ မပြုံးတုံ ပြုံးတုံဖြင့် လက်ပိုက်ကြည့် နေသည်။

ကောက်ဖန်သည် ပေါ်တာကို ထွက်လာနေသော ဒေါသ ကြောင့် တစ်ကိုယ်လုံး တုန်ခါ ဆွေးဆွေး နေသောကြောင့် ဇနီးသည်၏ လည်မျိုကို တအားပင် ညှစ်ထားမိ လေတော့ သည်။

ရုတ်တရက် သတိရလာပြီး ညှစ်ထားသောလက်များကို ဖြေလျှော့လိုက်သောအခါတွင်မှာ…

ဇနီးဖြစ်သူမှာ အသက် မရှိတော့။

သူ လက်လွန်ပြီပြီလော။

ကောက်ဖန် မျိုထင်ဘဲ ခံစားသွားလိုက်ရသည်။ မီမီ၏ လက်မောင်းများကိုတစ်လှည့် မွေ့မွေ့လေး လဲကျနေသော ဇနီး



မြင်ရ ထားရှာလှပြီ ကြည့်နေတော့ သည်။

အံကိုတင်းတင်း ကြိတ်ထားသည်။ မျက်လုံးထဲမှ မျက်ရည် ပေါက်များ ကျဆင်းလာသည်။

ဒေါသစိတ်ကြောင့် ဇနီးသည် ဆုံးရှာလေပြီ။ မီမီတာ ရှေ့ဆက် မည်သို့ခန်းသွားမည်နည်း။

နှလုံးကြေကွဲ ခံပြင်း စိတ်များက ထစ်ဖန် တိုးလာပြန်လေ သည်။

ကုလားလောင်ကတော့ ထအော်ကျော တစ်ချက် ပြုံးလိုက် သည်။

တော်တယ်… သိပ်တော်တယ်၊ တကယ့် လူစွမ်းကောင်းပဲ၊ ကိုယ့်မိန်းမကိုလည်ပင်းညှစ်ပြီး အသေသတ်နိုင်တဲ့ ယောကျ်ား မျိုး ဒီလောကမှာရှားတယ်၊ ခင်ဗျားကို ကျုပ် ချီးကျူးတယ်

ကောက်ဖန် အနားပေါ်တုတ်ကျသွားသည်။

ချက်ချင်းပင် စိတ်မထိန်းနိုင်တော့ဘဲ ကုလားလောင်ထံခုန်အုပ် ဝင်ရောက်သွားသည်။

မရပါ။

ကုလားလောင်က သိုင်းပညာရှင်။

ကောက်ဖန်က သာမန်လူ။

အဲသည်တော့…

ပွဲက မစမီမှာပင် ချက်ချင်းပြီးဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးလောင် ဘေးသို့ရှောင်တော့ လက်ဖြင့် ခပ်ဆဆပင် တွန်းထုတ်လိုက်သည်။ ကောက်ဖန် တစ်ယောက် လွင့်စဉ်ကာ ခင်ဆိုင်ချောက် ထဲကျသွားသည်။

'ခင်ဗျားမိန်းမတို့ သတ်တာ ကျုပ်မဟုတ်ဘူး၊ ခင်ဗျားက ကိုယ့်မိန်းမ ကိုယ်သတ်ပြီး မဆီမဆိုင် ကျုပ်ကို လာမဲ့မနေနဲ့လေ'

စကားဆုံးသည်နှင့် ကူးလောင် နောက်မှ မလှည့်ကြည့် တော့ဘဲ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

ထိုအခိုက်တွင် 'ဒုန်း' ဟူသော အသံတစ်ချက် ပေါ်ထွက်လာသည်။

သူက နောက်ကို လှည့်မကြည့်၊ ကြည့်စရာလည်းမလို။ ထိုအသံကိုကြားရုံမျှနှင့် အဖြစ်အပျက် ကိုသိလိုက်လေပြီ။

ကြားလိုက်ရသော အသံမှာ ဦးခေါင်းနှင့်နံရံ ပြင်းထန်စွာ တိုက်မိသောအခါမှသာ ပေါ်လာတတ်သော အသံမျိုး

ကောက်ဖန်က သူ၏ကံကြမ္မာကို နိဂုံးချုပ် သွားခဲ့ရာ လေပြီ။

ခုလိုပဲ ဇာတ်သိမ်းရမည်ကို ကူးလောင်က ကြိုတင်တွက် ထားပြီးဖြစ်၏။

ထို့ကြောင့်...

ကောက်ဖန်အတွက် အံ့သြခြင်းမရှိ၊ ဝမ်းနည်းကြေကွဲခြင်း လည်းမဖြစ်။



မိမိ၏အကြံအစည် အောင်မြင်မှုရရှိရေးအတွက် သဘော ဝင် ကျနေသေးသည်။

သူ့ခြေလှမ်းတွေက ပို၍ပင် ပေါ့ပါးနေသယောင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ကူးလေခင် တစ်ယောက် သူ၏အိပ်ခန်းထဲရှိ အိစက်ညက်ညောသော ဖဲမွေ့ရာတက်တွင် အနားယူ လဲလျောင်းနေ၏။ သူ၏အပေါ်တွင် နတ်မိမယ်တမျှ လှပသောအမျိုးသမီးကလေးက ပြုစုယုယလျက်ရှိနေ၏။

ကူးလေခင်၏မျက်နှာမှာ ပြုံးရွှင်ကြည်လင်နေသည်။ အလုပ်ခွင်တွင် ပင်ပန်းနွမ်းနယ်ခဲ့သမျှတို့သည်လည်း ခုတော့ လွင့်စဉ်ပျောက်ကွယ်သွားလေသည်။

သူသည် အတွေ့အကြုံရင့်ကျက်နေသော ယောကျ်ားပီ မိန်းမသားတို့၏ အတွင်းစိတ် သဘောသဘာဝနှင့် လျှို့ဝှက်ချက်များကို ကောင်းကောင်း နားလည်သိကျွမ်းထားသူ ဖြစ်သည်။



သည့်တော့ သူနှင့်တွဲမိသော မိန်းမသားတို့မှာ သူ့ကို သိုလားစွဲ တန်းတန်းစွဲကျန်ရစ်ခဲ့ကြရသည်သာဖြစ်၏။

'အစ်ကိုရေ...အစ်ကို၊ ခေါ်ထားလဲ မထူးဘူး'

'ဘာလဲကွာ၊ ကဲ...ပြော'

'အစ်ကိုက ညီမကို တကယ်ချစ်ရဲ့လားလို့'

'ချစ်တာမှ သိပ်ချစ်ပေါ့ ညီမရယ်'

'အစ်ကိုတို့လို ယောကျ်ားတွေဟာ ဒီလို စကားမျိုးတွေနဲ့ မိန်းမသားတွေကို လှည့်စ[illegible] မ[illegible]'

'ဘာလဲ...ညီမက အစ်ကိုရဲ့ အချစ်ကို မယုံသေးဘူးပေါ့ ဟုတ်လား'

'ဟင့်အင်း'

'ကဲ...ညီမက မယုံဘူးဆိုရင် အစ်ကိုကယုံအောင် လက်တွေ့ပြရမှာပေါ့'

'အစ်ကိုက ဘယ်လို...'

မိန်းမပျိုအသံမှာ ဆက်လက်ထွက်မပေါ်မလာတော့၊ ချက်ချင်း ရပ်တန့်သွားလေတော့သည်။

ကူးလေခင်က သူမအား စကားပြောခွင့်ကို ရပ်ဆိုင်းပေးလိုက်လေတော့သည်။

မိန်းမပျို၏ သင်းပျံ့သော ကိုယ်ရနံ့များက ကူးလေခင်အဖို့ ခံနိုင်မခံရက်အောင် ဖမ်းယူညို့ယားလျက်ရှိသည်။

'အစ်ကို... ညီမအရင် ရည်းစား ဘယ်နှစ်ယောက်ထားဘူးသလဲ'

'ဘာဖြစ်လို့မေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကို အကဲခတ် ကြည့်ရတာ ရည်းစား များခဲ့ သလားဟင်'

'ဘယ်ဟုတ်ပါ့မလဲ၊ အစ်ကိုဟာ သူဌေးကြီးနဲ့ ပေါက်ချွန်း တိုထက်စာရင် သူ့ဇာတိမြေများထောင် လိုက်မမီသေးဘူး'

'အစ်ကို ညာမနေနဲ့၊ အစ်ကို့အကြောင်း ညီမ မသိရင် ခက်မယ်'

'မညာပါဘူး... တကယ်ပြောတာပါ၊ ညီမဟာ အချောဆုံး အလှဆုံး ရုပ်လည်းရှေအကောင်းဆုံးပဲ။ ဒါကြောင့် ညီမရဲ့အချစ် ကိုရသော သူများကို ရှုမရပေးနိုင်ဘူး'

ကူးလောင်ကလည်း အညာကောင်း၊ အခုထ ကောင်း သူ့ စကားကြောင့် မိန်းမပျို၏ မျက်နှာမှာ ပြုံးပန်း ပွင့်ဝေသွား သည်။

သူမသည် ကူးလောင်အား မျက်လုံးလေးတစ်ချက် ဝေ့ လိုက်ပြီး...

'သူက စကားတတ်တိုင်း လျှောက် ပြောနေတာပဲ၊ ဒါ ကြောင့်လဲ ဒီကလူ သူ့ကို မခွဲနိုင်မခွာရက်ဖြစ်နေတာပေါ့'

'သူဌေးကြီး အခုလို ညီမနဲ့အစ်ကိုတို့ အနေမျှော်ကြီး မျှော် နေတာကို တွေ့သွားရင် ဘယ်လောက်များနာလို ဖြစ်လိုက်မလဲ မသိဘူး'

'ဟုတ်တာပေါ့ အစ်ကို၊ သူကတော့ ညီမကို အစ်ကို့ဆီက အတင်းလှုပ်ခုတ်ချက်တွေ့နိုက်ယူမီ အကြံနဲ့စောင့်လိုက်တာပဲ၊ အခုလို အဖြစ်မျိုးသာ တွေ့သွားရင် ဘယ်လောက် ရင်ထုမနာ ဖြစ်လိုက်မလဲ'



'ညီမတော့ သိပါပြီ၊ ဟန်ဆောင် ကောင်းတယ်နဲ့ အစ်ကို အကျူးတယ်။ အစ်ကိုကို သိပ်မုန်းပြီး ကြည့်လို့မရတဲ့ အသွင် မျိုးဖြစ်အောင်လို့ ဒီတယ်ကို ဟန်ဆောင်ထားတော့ သူ့ကညီမ ကိုယုံပြီး အစ်ကို့ဆီကို လွှတ်လိုက်တာပဲ၊ ဒီနေရာမှာတော့ သူရှုံး ပြီး သိပ်ရှုံး သွားပြီ'

မိန်းမပျို နူးညံ့ သော လက်ချောင်းကလေးများမှာ ကူး လောင်၏ကျယ်ပြန့်တောင့်တင်းသော ရင်အုံပေါ်တွင် လှုပ် ရှားတစ်ခုလျက်ရှိနေသည်။

'အစ်ကို အကြံအစည်တစ်ခု ရှိလို့တက်ပြီး စီစဉ်ထားတယ် ဖို့ ပြောသိကြားရတာ'

'အစ်ကိုက ဘာအကြံအစည်မျိုး ရှိနေလို့လဲ'

'ညီမ သိတာပေါ့၊ သူဌေးကြီးအတွက် သိုင်းသမားတစ်ဦး ခေါ်ထားတယ် ဆို'

'ဟုတ်တယ်လေ'

'ဘယ်လို သိုင်းသမားမျိုးတွေလဲ'

'ပင်ကာနက် ဆိုတဲ့ နာမည်ကို ညီမကြားဖူးသလား'

'ဟင့်အင်း... မကြားဖူးပါဘူး၊ ပင်ကာနက်ဆိုတာ လူနာမည် လား...'

'မဟုတ်ဘူး၊ လူတစ်စု တည်ထောင်ထားတဲ့ အဖွဲ့အစည်း တစ်ခုရဲ့နာမည်'

'သူတို့က ဘာလို့ အဲဒီလောက် ကြောက်စရာကောင်းတဲ့ နာမည်မျိုး ထားရတာလဲ'

'သူတို့ဟာ အဆိပ်အတောက် ပြင်းတယ်၊ သိပြီးတော့လဲ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြုတ်တယ်၊ ရက်စက်တတ်တယ်၊ ဘယ်သူမဆို သူတို့နဲ့ တွေ့ရင် သေကြရတာပဲ’

‘သူတို့အထဲမှာ ဘယ်လိုလူမျိုးတွေ ပါဝင်နေလို့လဲ’

‘လူမျိုးစုံပဲပေါ့၊ လူဆိုးတွေ၊ ခိုးပြေးတွေ၊ မြို့တော့အမှောင် ဂိုဏ်းက သိုင်းသမားတွေ၊ အိုးမဲ့ အိမ်မဲ့ လေလွင့်နေတဲ့ မှုမမှု သိုင်းသမားတွေ ပါဝင်ကြတယ်’

‘သူတို့အားလုံးဟာ သိုင်းပညာသိပ်တော်၊ သိပ်စွမ်းနေကြ လို့လား’

‘သူတို့ရဲ့ အကယ်ကြောက်စရာကောင်းတာက သိုင်းပညာ စွမ်းမဟုတ်ဘူး’

‘ဒါဖြင့် ဘာကြောက်စရာကောင်းလို့လဲ’

‘သူတို့ဟာ အကြင်နာတရားမရှိကြဘူး၊ အရှက်အခကြောက် ကင်းမဲ့တယ်၊ ရက်စက်ကြမ်းကြုတ်တယ်၊ ပြီးတော့ ကိုယ့် အသက် သေရမှာကိုလဲ မကြောက်ကြဘူး’

မိန်းမပျိုမှာ တကယ်ပင် ကျောချမ်းသွားသည်။ ထိုသို့ သောလူမျိုးနှင့်တွေ့လျှင် ရင်ဆိုင်ရန်မလွယ်ကူကြောင်း လက်ခံ ယုံကြည်သွားသည်။

‘ကြောက်စရာပဲနော်၊ သူတို့နဲ့ရင်ဆိုင်ဖို့ဟာ မလွယ်ကူလှ ဘူးနော်’

‘ဒါကြောင့်မို့လဲ အစ်ကိုက သူ့ကိုဖိတ်ခေါ်ပြီး သူဌေး ကြီးအတွက် ဖွတ်မည်းနဲ့ရင်ဆိုင်ဖို့ စီစဉ်ရတာပေါ့’

‘အစ်ကိုက သိပ်ပြီးအမြော်အမြင်ကြီးတာပဲ’



တူးလောင်က သဘောကျစွာ တစ်ချက် ပြုံးရယ်လိုက် ပြီး...

‘ညီမ စဉ်းစားကြည့်လေ၊ ပေါက်ချွန်းလဲသေပြီ၊ တကယ် လို့ အကာအကွယ်ပေးမယ့်လူ မရှိဘူးဆိုရင် သူဌေးကြီးဟာ ဘယ်လိုလုပ်မြီး ဖွတ်မည်းနဲ့သူ့သားတွေလို ဖြစ်မှာလဲ၊ ဒါတောင် စိတ်ချလို့ မဖြစ်သေးဘူး’

‘ဒီလိုလူမျိုးတွေခေါ်ပြီးအကာအကွယ်ပေးထားတာတောင် စိတ်မချရသေးဘူးလား’

‘လုံးဝမဟုတ်ဘူး’

‘ဒါဖြင့်ရင် ဒီတစ်ခါ သူဌေးကြီး ဖြစ်ဖို့ပေါ့’

‘ဟုတ်တယ်၊ အနိုးမယ်ဆိုးပဲ’

‘အစ်ကို အခုတစ်လော မေ့နေသလား မသိဘူး’

‘ဆိုစမ်းပါဦး’

‘သူဌေးကြီးသေသွားရင် ဖွတ်မည်းနဲ့ ရင်ဆိုင်ရတော့မယ့်သူ ဟာ အစ်ကိုပဲဖြစ်လိမ့်မယ်’

‘သိပ်ဖြစ်နိုင်တယ်၊ အမှန်ပဲ’

‘အဲဒီအခါကျရင် အစ်ကိုဘယ်လိုရင်ဆိုင်မလဲ’

တူးလောင်မှာ ဖြေကြားခြင်းမပြုဘဲ တစ်ချက် ပြုံးလိုက် သည်။

မိန်းမပျို ဆက်မေးလိုက်ပြန်သည်၊

‘အစ်ကို က သူ့ကိုရင်ဆိုင်ဖို့နည်းလမ်း ရှိနေလို့လား’

တူးလောင်က မည်သို့မျှ ပြန်ဖြေကြားမှု မပြုပေ။

‘အစ်ကို ဘက်က ရင်ဆိုင်ဖို့ ပိုင်ရဲ့လား’

www.burmeseclassic.com

www.burmeseclassic.com



'မဒီသဲအစ်ကိုကို အစ်ကိုဘယ်တုန်းကမှ မလှဲ့မှာဘူး'

မိန်းမပျိုသည် သင်ကြပြင်းကို တစ်ချက်ချထိုက်ပြီး မျက်လုံး မှောာ ကုလားလောင်အား တစ်ချက် စောင်းကြည့်လိုက်လေသည်။

အစ်ကို အကြံအစည်ကိုစွဲ ပြောလည် အောင်မြင်သွားရင် အစ်ကိုဟာ အတွေကြီးကောင်း ဖြစ်လာတော့မှာပေါ့၊ အဲဒီအချိန်မှာ ညီမက တော…

ကုလားလောင်က ပြုံးရယ်လိုက်သည်။

အဲဒီအခါမှာ ညီမက သူ့ဌွေးကုလားလောင်…သူ့ဌွေးကတော်ပေါ့…

မိန်းမပျို အကဲခတ်သွားသည်။ ကုလားလောင် နှားရွက်နားထိ ရှိ ကိုး သွားပြီး…

အစ်ကိုသိစေချင် အခုကတည်းက မြောက်အားရှိဦးမယ်၊ ဗွေဌွေးကတော် ဆိုတာ တစ်ယောက်တည်းပဲ ရှိရမယ်နော်၊ နို့မဟုတ်ရင်

သူမ၏ရှုတာနှ မဆုံးခင်မှာပင် ကုလားလောင်၏ လက်ဖဝါး နှင့်ပေါက်ကွင်း ပါးစပ်ကို လှမ်းပိတ်လျက်သား ဖြစ်သွားလေသည်။

အယ်သူလဲ

ပြတင်းပေါက် အပြင်ဘက်တွင် လှုပ်ရှားနေသော အရိပ်သဏ္ဍာန်တစ်ခုက ကုလားလောင်၏အမေးကို ပြန်ဖြေလိုက်၏။

ကျွန်ုပ်ပါ ခမ်လိန်

အစ်ကို ကြွပါ



ကုလားလောင်က မိတ်ခေါ်လိုက်၏။

မကြာမီ လူရိပ်သဏ္ဍာန်တစ်ခုမှာ မီးရောင်အောက်မှာ ပေါ်လာသည်။

အသက် (၄၀) ခန့်ရှိ သိုင်းသမားတစ်ဦးပင် ဖြစ်သည်။

ထိုသူ၏မျက်လုံးတွေသည် မကြာခဏ ကုလားလောင်၏အနား ရှိ မိန်းမပျိုထံသို့သာ ရောက်ရှိနေသည်။

မိန်းမပျို၏အလှမှာ လှန်စွာမှ ညို့အား ဆွဲအားကောင်း လွန်းသည့်ဟု ဆိုရပေမည်။

အပြစ်ဆိုဖွယ်ရာမရှိသော အလှမျိုးပင်။

ခမ်လိန်မှာ စိတ်ကူးရောင်ရိုမ ဖြစ်နေသည်။ သူ့ရင်ထဲမှ ခံစားချက်ကို မျိုသိပ်ထားရသော်လည်း ရင်ခုန် အန်ကိုက်ရ တော့သည်။

ခမ်လိန် ကဘေးက ဘာဆိုချင်လဲ

ဘာမှမရှိပါဘူး၊ ကျွန်ုပ်တော်လှပါ၊ မြောချင်တာနဲ့ကြာနိုင် ပါတယ်

ခမ်လိန် ဆုတ်ရောက်သွားသည်။

သူ့မေးသည့်က တစ်မျိုး ကုလားလောင်ဖြေသည်ကတစ်မျိုး ဖြစ်နေသည့်အတွက် စိတ်ထဲမှာ စကျေမချမ်း ဖြစ်သွားသည်။

ခမ်လိန်နှင့် ကုလားလောင်တို့မှာ ငယ်ကျွမ်းမိတ်ဆွေများ ဖြစ် ကြသည်။ နောက်ပိုင်း အသွားအလာ အဆက်အသွယ်နည်း သွားသော်လည်း ခင်မင်ရင်းနှီးမှုမှာသည်း တမြည်းမြည်း လျော့နည်းလာသည်။ ယခု ကုလားလောင်၏ မိတ်ခေါ်မှုအရ ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လိန်၏ကမ္ဘာ့မကျော်ရန်သူ မှာ ပေါက်ချန်းပင် ဖြစ်သည်။ ပေါက်ချန်း ဆိုသည့် နာမည်ကိုကြားလျှင် သူသည် အသား အတက်အဆက်တုန်လာတတ်၏။ နေရာယကာမှာ အရှိန်ကြေကြေ အရေခမ်းခမ်း၊ ပေါက်ချန်း၏ အရေခွံကို နွှာပစ်လိုက်ချင် သည်။ ဤမျှအထိ သူတို့၏ရန်ငြိုးက ကြီးမားခဲ့ကြသည်။

'ခင်ဗျားရဲ့ အကြီးမားဆုံး ရန်ဖက်ကတော့ ခင်ဗျားကို တောင် နှုတ်မဆက်ဘဲ လောကကြီးကို ကျောခိုင်းပြီး ထွက် သွားပြီ၊ ခင်ဗျားအတွက် ကျုပ် ကလဲ့စား ချေပေးလိုက်ပြီ'

'အခု ပေါက်ချန်းရဲ့ အလောင်းဘယ်မှာလဲ'

'အပြင်ဖက်မှာရှိတယ်၊ ခင်ဗျား သူ့ အလောင်းကို လိုချင် ရင် အချိန်မရွေး ယူသွားနိုင်တယ်'

ပေါက်ချန်း သေသွားသည့်တိုင်အောင်မှ ခွင့်လွှတ်နိုင်ခြင်း မရှိသော သူတို့နှစ်ဦး၏ ရန်ငြိုးမှာ မည်မျှ ကြီးမားကြောင်း သိသာပေသည်။

ကူးလောင်က စကားကို စလိုက်ပြန်၏။

'ကျုပ်လိုချင်တဲ့ လူတွေကော ဘယ်မှာလဲ'

'ကျုပ် တာဝန်ယူပြီး ခေါ်ပေးတာပဲ၊ ပါလာကြတာ ပေါ့'

'ခုနစ်ယောက်စလုံး ပါရဲ့လား'

'ခုနစ်ယောက်စလုံးပဲ'

'သူတို့ဟာ အသေခံ သိုင်းသမားတွေ၊ တိုက်ပွဲမဝင်ခင်မှာ သူတို့ နှစ်သက်တာတွေကိုတော့ စီမံ ပေးရလိမ့်မယ်'

'သူတို့က ဘာတွေကြိုက်ကြသလဲ'



'ရွှေနဒီ စားသောက်ဆိုင်က လီရှန်းရဲ့ သတင်းလိုတော့ ကြားဖူးကြတယ်လို့ ပြောကြတယ်'

ကူးလောင် တစ်ချက်ပြုံးလိုက်ပြီး....

'အြော်....ဒါလား ဖြစ်ပါတယ်၊ သူတို့ကျေနပ်မှုရအောင် ကျုပ် စီစဉ်ပေးပါ့မယ်'

'သူတို့ တစ်ကယ်ကျေနပ်မှု ရအောင် ကောင်းကောင်း စီစဉ်ပေးရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုတစ်ကြိမ်ဟာ သူတို့ အတွက် နောက်ဆုံးပျော်ပါးခြင်းပဲ'

ကူးလောင်က နားမလည်ဟန်ဖြင့် မျက်မှောင် တစ်ချက် ကြုတ်လိုက်ပြီး....

'ဘာဖြစ်လို့ သူတို့ရဲ့နောက်ဆုံးပျော်ပါးခြင်း ဖြစ်ရမှာလဲ'

ဝမ်လိန်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

'ခင်ဗျားကိုယ်တိုင် နားမလည်သေးပါလား၊ သူတို့ ဒီတစ် ခါ ရောက်လာတာဟာ လူသတ်ဖို့ မဟုတ်ဘူး၊ သူတို့ အသက် ကို စတေးဖို့ ပေးဆက်ဖို့ ရောက်လာတယ်ဆိုတာ ခင်ဗျား နား လည်ထားရမှာပေါ့'

'အသက်ကို စတေးဖို့ ပေးဆက်ဖို့ ဟုတ်လား'

'ဟုတ်....ဖွတ်မည်းဆိုတဲ့ကောင်ဟာ ပေါက်ချန်းဆိုတဲ့ လူကို တောင် သတ်နိုင်စွမ်းရှိတော့ ဒီကောင်တွေကိုလဲ အပြတ်ရှင်း နိုင်ဖို့ မလွယ်ဦးဘူး'

ကူးလောင် တစ်ချက် ပြုံးလိုက်၏။

'ခင်ဗျားရဲ့ တွေးခေါ် မြော်မြင်မှု မဆိုးဘူး၊ ကြည့်ရတာ ဘာကိစ္စမှ ကျုပ်က ခင်ဗျားကို ဖုံးကွယ်စရာလို့ မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဒီကနေ့အထိ အသက်ရှင်နေတာ ဘာကြောင့်လဲ၊ ကုသိုလ်ကံကြောင့် သက်သက်တော့ မဟုတ်ဘူး'

'ဒါ သိပ်မှန်တာပေါ့၊ ခင်ဗျား ဒီဇာတ်မကာ အသက်ရှည်ရှည်နေရဦးမှာပေါ့'

'မှန်တယ်'

'ခင်ဗျားရဲ့ ဘဝခရီးဟာ ရှေ့ဆက်ဖို့ ဒီဇာတ်မကာ သာယာ ရှောင်ရှင်မှု၊ ဆိုးဆက်ကြီးပွားမှုတွေ အများကြီးရှိလိမ့်ဦးမယ်လို့ ကျုပ် မျှော်မှန်းတောင်းပါတယ်'

'ကျုပ်ဟာ မင့်ကျွန်တော် ဂိုဏ်းထဲကို ဝင်တယ်ဆိုပေမယ့် အဲဒီ ဂိုဏ်းသားတွေဟာ တစ်ယောက်မှ ကျုပ်ရဲ့ မိတ်ဆွေတွေမဟုတ်ကြဘူး'

'ဟုတ်တာပေါ့၊ သူတို့ဟာ ခင်ဗျားရဲ့မိတ်ဆွေဖြစ်ဖို့ အရည်အချင်းမရှိကြသေးဘူး'

'ကျုပ်မှာ မိတ်ဆွေဆိုလို့ အရှင်ကလွဲရင် မရှိခဲ့သလို၊ အခုလဲမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုယ်တိုင်က လူရင်း ဘယ်သူ့ကိုမှ ကျုပ်အယုံအကြည်မရှိဘူး'

ကိုးလောင် ချက်ချင်းပင် သဘောပေါက် နားလည်သွားလေသည်။

'ဒါကြောင့် ကျုပ်ပြောတဲ့စကားတွေကို ခင်ဗျား မယုံကြည်နိုင်ဘူးပေါ့'

ကိုးလောင်၏ အမေးစကားကို ဇမ်လိန်မှ ဖြေကြားခြင်းမပြု၊ ပြုံး၍သာ နေလေသည်။

ကိုးလောင်က စကားဆို ဆက်လိုက်ပြန်သည်။



'ဒါပေမယ့် ခင်ဗျားယုံကြည်အောင် ကျုပ်ဘက်က အာမခံချက် တစ်ခုပြုပေးမယ်'

'ဘာအာမခံချက်မျိုးလဲ'

'ခင်ဗျား ဘယ်လိုဖြစ်စေချင်သလဲ၊ ကျုပ် အားလုံးဆောင်ရွက်ပေးမယ်၊'

'ဒါဖြင့် ကျုပ်ကို ခင်ဗျားရဲ့ လက်ရေးနဲ့ အာမခံချက် တစ်စောင်ရေးပေး၊ စာထဲမှာ ကျုပ်က ခင်ဗျားအတွက် ဘာတွေ ဆောင်ရွက်ပေးတယ် ဆိုတာ ထည့်သွင်း ဖော်ပြရမယ်'

ကိုးလောင် စဉ်းပင်မစဉ်းစားဘဲ ဇမ်လိန်၏စကားကို ချက်ချင်းပင် သဘောတူ ခေါင်းညိတ်လိုက်၏။

'ဖြစ်တယ်၊ သိပ်ဖြစ်တာပေါ့'

'ပြီးတော့ မနက်ဖြန် နေ့လယ်မိုးမကိုင်မီ ငွေအင်္ဂါး တစ်သောင်းကို ကျုပ်ဆီအရောက်ပို့ပေးရမယ်'

'ဒါလဲဖြစ်တာပေါ့'

ဇမ်လိန်၏မျက်လုံးအစုံတို့မှ မီးနီးမပျို့ဝိုသို့ အမှတ်မထင် ဝပျံ့ရောက်ရှိသွားပြန်သည်။

'ပြီးတော့ ကျန်သေးတယ်၊ ဒီကလေးမကိုလဲ ကျုပ်ခေါ်သွားချင်သေးတယ်'

ကိုးလောင် ရယ်မောလိုက်ပြန်သည်။

'ဒါကတော့ ပိုပြီးလွယ်ပါသေးတယ်၊ ခင်ဗျားလိုချင်တယ် ဆိုရင် ခုချက်ချင်းပဲ ခေါ်သွားနိုင်တယ်'

ကိုးလောင် သဘောကျကာ အားတွေ့လျှောက်တွေ့ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ တူးလောင်အပေါ်တွင်ရှိ မိန်းမပျိုထံသို့ လျှောက်လှမ်း ချဉ်းကပ်သွားသည်။

မိန်းမပျိုမှာ ကြောက်လန့်တုန်ယင်နေသည်။

ဝမ်လိန် မျိုသိပ်မထားနိုင်တော့ချေ။

မိန်းမပျို၏ကိုယ်ပေါ်မှာ လွှမ်းခြုံထားသော ကတ္တီပါစောင်ကို ရုတ်တရက် လှမ်းဆွဲဖယ်ရှားလိုက်သည်။

သို့ရာတွင် ဓားရောင်တစ်ချက် လက်သွားပြီး ဓားဦးက သူ၏ လည်ချောင်းအား ထိုးဖောက် ဝင်ရောက် သွားလေတော့သည်။

တူးလောင်မှာ မျက်နှာပင်မပျက်၊ အေးတိအေးစက်နှင့် သေလုဆဲဆဲ ဝမ်လိန်အား အောင်နိုင်သော အပြုံးတစ်ချက် ပြုံးလိုက်ပြီး—

'ကျုပ်ဓားကို ဘယ်လိုအသုံးပြုနိုင်စွမ်း ရှိတယ်ဆိုတာ ခင်ဗျားကတော့ နည်းနည်းလေးမှ စဉ်းစားမိမှာ မဟုတ်ဘူး'

ဝမ်လိန် မျက်လုံးပြူးကျယ်ကာ စကားပင် မပြောနိုင်ရှာတော့ချေ။

လည်ချောင်းမှ သွေးများ ယိုစီးကျလာလေသည်။

သူ့အတွက် ယနေ့တိုင် အသက်ရှင်နေနိုင်ခြင်းမှာ ခက်ခဲလှသော်လည်း သေသောအခါတွင်မူ လွယ်ကူလွန်းလှသည်။

တူးလောင်၏ ဓားတွင် သွေးများ စွန်းပေကျန်လျက်ရှိနေသည်။

'အစ်ကို့ ဓားပညာပဲ စွမ်းတယ်ဆိုတာ သူ စဉ်းစားမိမှာ မဟုတ်လို့၊ ညီမလဲ မစဉ်းစားမိဘူး'



'အစ်ကိုက ဓားပညာကို ဘယ်လောက် စွမ်းတယ်ဆိုတာ မစဉ်းစားမိဘူး ဟုတ်လား'

'အစ်ကိုက ဓားပညာကို ကျွမ်းရုံမကဘူး အဆင့်မြင့်သိုင်း ပညာရှင် တစ်ဦးလဲ ဖြစ်မယ်'

တူးလောင်က တစ်ချက် ပြုံးလိုက်သည်။

'အခု မင်း ကောင်းကောင်း အဘောပေါက် နားလည်သင့်ပြီ၊ ငါဟာ သာမန်သိုင်းသမားတစ်ဦးမဟုတ်ဘူး၊ အဆင့်မြင့် သိုင်းပညာရှင် တစ်ဦး ဆိုတာကိုတော့ မင်း နားလည် အဘောပေါက်ထားသင့်တယ်'

မိန်းမပျို တုန်လှုပ်သွား၏။ လွန်စွာ ကြောက်ရွံ့မှုကြောင့် အသားပင် တဆတ်ဆတ်တုန်ယင်နေသည်ဟုထင်ရ၏။

သူမ၏ နူးညံ့ဖျော့ဖျောင်းသော လက်ချောင်းကလေးများဖြင့် တူးလောင်အား သိုင်းဖက်ထားလိုက်သည်။

'ဒါပေမယ့် ညီမဟာ အစ်ကို့ရဲ့ လျှို့ဝှက်ချက်ကိုမပေါက် ကြားရဘူးဆိုတာ ကတိပြုပါတယ်အစ်ကို'

တူးလောင်မှာ ထိတ်ထိတ်ငြိမ်သက် ၁ နေရင်း သူမ၏ အသားသွယ်ကျစ်လျစ်သောခါးကို သိုင်းဖက်ထားရာမှ...

'ဒါကို နားလည်တယ်၊ မင်းကို ငါယုံတယ်'

တူးလောင်၏ စကားကို ကြားလိုက်ရတော့မှ မိန်းမပျိုမှာ အသက်ရှူချောင်သွားတော့သည်။

'ညီမကို အစ်ကို ယုံကြည်တယ်ဆိုရင်ပဲ ညီမ သိပ်ပျော်နေပြီ၊ အစ်ကို့အတွက် ဘာမဆို ညီမ လုပ်ပေးဖို့ နေမလေး

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အလုပ်အပ်ချင်ခိုင်းပြီ လောလောဆယ်တော့ တစ်ခု ရှိတယ်"

"ဘာ အလုပ်လဲ အစ်ကို"

"မီရှန်းဆီကို သွားပြီး ပင့်ကူနက် ဂိုဏ်းက သိုင်းသမား တွေကို ညွှန်ပြပေးရလိမ့်မယ်၊ အကောင်းဆုံးနည်းလမ်းနဲ့ သူတို့ ကျေနပ်မှုရအောင် မင်း တာဝန်ယူပြီး ပြုစုပေးရမယ်၊ ဒါမှလဲ သူတို့ဟာ သူဌေးကြီးအတွက်အသက်စွန့်ပြီး ဖွတ်မည်းကို ရင်ဆိုင်တိုက်ခိုက်မှ ဖြစ်လိမ့်မယ်၊ ဒီတော့ ဖွတ်မည်း ကလဲ သူတို့ကိုလွှတ်ပေးမှာ မဟုတ်တော့ဘူး၊ ဒါပေမယ့် ဒီကိစ္စ ဟာ မနက်ဖြန်ညနေမှ ဆောင်ရွက်ရမယ့် ကိစ္စပါ၊ အခုတော့ ငါတို့ အေးအေး ဆေးဆေး အနားယူလိုက်ကြရအောင်"

ယောကျ်ားတို့သည် မိန်းမယာတစ်ဦးအား စာဝ်န ညီး နည်းဖြင့် ချုပ်ကိုင် ထိန်းသိမ်းထားနိုင်ခဲ့သော် ယင်း ဂုဏ်ထူး မိန်းမသည် အဆိုပါ ယောကျ်ားအား မည်သည့် ကိစ္စမဆို လိုက်လျောဆောင်ရွက်ပေးပါလိမ့်မည်။

* * *

## အခန်း(၂၈)

မိန်းမပျိုလေး အိပ်ရာမှနိုးလာသောအခါ အားအင်ကုန်ခန်းသယောင်ရှိပြီး တစ်ကိုယ်လုံးမှာလည်း ရိုက်နှက်ခံထားရသည့်အလား ကိုက်ခဲ နာကျင်လျက် ရှိသည်၊ မျက်စိနှင့်ကြည့်လိုက်သောအခါ ကူးလောင်တစ်ယောက် အနားမှာမရှိတော့ဘဲ ပျောက်နေကြောင်း သိလိုက်ရသည်။

ကြမ်းပြင်ပေါ်မှာ စွန့်ထင်းပေကျံ လျက်ရှိသော သွေးစ သွေးနများနှင့် လူသေအလောင်းများလည်း မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုအိပ်ရာမှ မထသေးဘဲ စောင်ခြုံထဲမှာ ဆက်ကွေးနေလိုက်သည်။ ညကအဖြစ်အပျက်များကို ပြန်ပြီး စဉ်းစားတွေးတော နှပ်နေ ရှိသည်။

သူသည် အခန်းတစ်ခုလုံးသို့ မျက်လုံးတစ်ချက် ဝေ့ကာ တစေ့ကြည့်လိုက်သည်။ ကူးယောင် အခန်းထဲတွင် လုံးဝ မရှိတော့ကြောင်း သေချာသွားသိလိုက်တော့မှ ချက်ချင်းထလိုက်ပြီး အကျီအဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကာ အပြင်သို့ ပြေးထွက်သွားလေသည်။

တံခါးကို တွန်းဖွင့်လိုက်သောအခါ မိန်းမပျိုမှာ မျ-တစ်ချက် ငေးကြောင်ကာ အံ့အားသင့်သွားသည်။

ခုနကူးအဘိုးအိုတစ်ယောက်သည် အခန်းအပြင်ဘက် တံခါးပေါက် စောင့်ဆိုင်းနေလျက်ရှိသည်ကို မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။ မျက်နှာထားမှာလည်း ကြမ်းတမ်းအရုပ်ဆိုးသည့်အပြင် ဓားရာ အမာရွတ်ကြီး တစ်ခုကလည်း မြင်ရသူအား ရွံ့ဖိုခချက်ချေးစေသည်။

'ရှင် ... ရှင်က ဘယ်သူလဲ'

မိန်းမပျို ထိတ်လန့်စွာ မေးလိုက်သည်။

အဘိုးအိုက ယဲ့ယဲ့ကလေး တစ်ချက်ပြုံးလိုက်ပြီး....

'ကျုပ်ကတော့ ကလေးမကို သတင်းပို့ဖို့ စောင့်နေတာပဲ'

ဟု ဆိုရာ မိန်းမပျိုမှာ အသက်ရှူရပ်ချင်သွားဟန် တူသည်။

'ဘာသတင်းများလဲ'

'ပန်းသူ့ကိုက သိုင်းသမားဘော လီရှန်းရဲ့ဆိုင်မှာ ကလေး-ကို စောင့်နေကြတယ်ဆိုတာ သတင်းလာပို့တာပဲ'



'ကျွန်မက ရှင်နဲ့အတူ လိုက်ခဲ့ရမှာလား'

အဘိုးအိုက အသံထွက်အောင်ပင် တစ်ချက်ရယ်မောလိုက်သည်။

'ဆရာကူးလောင်မှာ ယားတယ်၊ ကျုပ်ဟာ ကလေးမနဲ့ တွေ့ချစ်လှမ်းကင်းဆော့ခဲ့ရင် ကျုပ်အတွက် ဝမ်းနည်းစရာ ဖြစ်သွားခဲ့ရလိမ့်မယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

ယနေ့ည။

ဖွတ်မည်း အရက်သောက်လျှင် မသင့်တော်ကြောင်း သိ
သော်လည်း သူ၏ ခြေလှမ်းများက အရက်ဆိုင် ရှိရာဘက်သို့
ဦးတည် လျှောက်လှမ်းလျက် ရှိနေသည်။ သူ၏ ခေါင်းတွင်
ရှိနေသည့် ယင်းတို့အား ရှင်းရန်အကောင်းဆုံးနည်းလမ်း
မှာ အရက်သောက်ခြင်းပင် ဖြစ်သည်။

ဖွတ်မည်း၏ ခြေလှမ်းများမှာ အရက်ဆိုင်ဆီသို့ တဖြည်း
ဖြည်း နီးကာ ရောက်လာသည်။ တစ်နေရာသို့ အရောက်တွင်
သူ၏ခြေလှမ်းများမှာ ရုတ်တရက် ရပ်တန့်သွား၏။



သူသည် မယန်းအား ရုတ်တရက် သတိရ သွားသည်။
စိုးရိမ်ပူပန်မှုများက ပေါ်လာပြန်သည်။ သူ့ကို သွားရောက်
ကြည့်ရှုရန် စိတ်ဆုံးဖြတ်လိုက်ပြီးသောအခါ သူ၏ ခြေလှမ်း
များမှာ အရက်ဆိုင်ဘက်သို့ သွားရာလမ်းမှ လှမ်းခွဲထွက်လာ
လေတော့သည်။

ယခုကဲ့သို့သော ညအချိန်တွင် မယန်းအား သွားရောက်
ကြည့်ခြင်းသည် ပို၍အန္တရာယ်များကင်းတာ စိတ်ချရနိုင်မေ
သည်။ မယန်းတစ်ယောက် အိန္ဒြေအတိုင်း အစားအသောက်မှ
အဆင်ပြေရဲ့လား၊ မိမိသွားရောက်ပြီး သတင်းမေးသင့်ပေ
သည်။

သူသည် မိမိနောက်ပါးမှ အိတ်တိတ် နောက်ယောင်ခံ
လိုက်သူများ ရှိ မရှိ သတိထားကြည့်ရင်း ဖွတ်မည်းမှာ မ
ယန်း တည်းခိုရာအိမ်ဆီသို့ ခပ်သွက်သွက်လေး လျှောက်လှမ်း
ကာ ထွက်လာခဲ့လေသည်။

ရောက်ပြီ။

မယန်း တည်းခိုရာအိမ်။

အခန်းတစ်ခုလုံး မည်းမှောင်လျက်ရှိသည်။ တစ်အိမ်သား
လုံး အိပ်မောကျနေပြီလော။

ဖွတ်မည်း အိမ်တံခါးကို အသာ တွန်းကြည့်လိုက်သည်။
တံခါးပွင့်သွား၏။

ဖွတ်မည်း စိုးရိမ်မှုပန်သွားသည်။ အကြောင်းတစ်ခုခုတော့
ဖြစ်ပြီမှာ ဈေးကာ စိတ်ထဲတွင် ထင့်သွားတော့သည်။

www.burmeseclassic.com

ချက်ချင်းပင် မီးခြစ်ကိုထုတ်ယူလိုက်ကာ မီးထွန်းညှိလိုက်သည်။

ထင်သည့်အတိုင်းပင် အခန်းတစ်ခုလုံး ဖရိုဖရဲဖြစ်နေရုံမျှသာမက လူနေအရိပ်အယောင် တစ်ဦးတစ်ယောက်ကိုမျှပင် မတွေ့ရချေ။

ဖွတ်မည်း မကျေနပ်သေး၊ အိပ်ခန်း အနှံ့ နေရာစုံ အနှံ့ လိုက်ရှာကြည့်၏။ မတွေ့။ ဖွတ်မည်း ဆုံးဖြတ်ချက် တစ်ချက်ချ လိုက်ပြီး အိမ်ခန်းတွင်းမှ ထွက်ခွာလာခဲ့တော့သည်။

## အခန်း (၁၃)

သူဌေးကြီး ထောင်မင်းသည် မီးရောင်အောက်တွင် ကူး လောင် ပေးအောက်လာသော သိုင်းသမားများ၏ အမည်စာရင်း စာရွက်ကို ရွတ်ဖတ်လျက်ရှိ၏။

စုစုပေါင်း သိုင်းသမား ခုနစ်ဦး။

ထန်မောင်း။

အသက် ၅၅ နှစ်၊ အရပ်အမောင်း ၆ ပေ၊ ကိုင်ဆောင်သော လက်နက်ဓား၊ အပျော်အပါး အသောက် အစား ကြိုက်နှစ်သက်သည်။

ပုန်းရွှာ....

အသက် ၅၀၊ အရပ်အမောင်း ၅ ပေ ၉ လက်မ ထက် ကောင်းသည်။ ကိုင်ဆောင်သော လက်နက် သံတုတ်ရှည်။ စိတ်ကြီးသည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မျက်ပြူး...

အသက် ၄၅နှစ်၊ အရပ်အမြောင်း ၅ပေ ၉လက်မ၊ ကိုင်ဆောင်သောလက်နက် မှိန်းခွ၊ အနက်ရောင်အင်္ကျီ ဝတ်လေ့ရှိသည်။

ကျောက်ဖန်း။

အသက် ၂၃ နှစ်၊ အရပ်အမြောင်း ၆ပေ၊ မျက်နှာတွင် ကျောက်ပေါက် မရှိသည်။ ကိုင်ဆောင်သော လက်နက် သုံးကျွပ်ဓား။

တာလီတုန်ရောင် တာဝေ....

အမြွှာပူးညီအစ်ကို နှစ်ယောက်။

အသက် ၃၀၊ အရပ်အမြောင်း ၅ပေ ၈လက်မစီ၊ ကိုင်ဆောင်လက်နက် အစ်ကိုကတာလီ၊ ညီကလက်နက်ပုန်းအထူး၊ အမှော်အပေါ် ဂါယနာကြီးကြသည်။

ပါကျန်....

အသက် ၂၈နှစ်၊ အရပ်အမြောင်း ၆ပေ ၂လက်မ၊ ကိုင်ဆောင်သော လက်နက်ရှိတင်း၊ ဓားပြခေါင်းဆောင် လုပ်ခဲ့ဖူးသည်။

သိုင်းသမား ခုနစ်ဦး၏ အမည်စာရင်းများကို ကြည့်ပြီးသောအခါ သူဌေးကြီး သက်ပြင်းကိုဖြည်းညင်းစွာချလိုက်လေသည်။

'ဘယ်နှယ်လဲဗျ၊ ဒီသိုင်းသမားတွေ အားကိုးလို့ ဖြစ်မလား'

သူဌေးကြီး၏ ရှေ့မျောက်တွင် ရောက်နေသူမှာ နုနယ်



ပျိုမျစ်သည့် လူငယ်တစ်ယောက်ဖြစ်သည်။ သူဌေးကြီး၏အမှါးတွင် ထိုလူငယ်အား တွေ့ခဲ့ရသည်။

ယခုတစ်လောတွင်မှ သူဌေးကြီးနှင့် ပူးပူးကပ်ကပ် ရှိနေပြီး သူဌေးကြီး၏ အားကိုးအားထားပြုရာ လူတစ်ယောက် ဖြစ်လာသည်။

အများကတော့ အားဦးလျှုတုခေါ်သည်။

ဦးလျှုသည် အားနည်းသူတစ်ဦးဖြစ်သည်။ သူဌေးကြီးမေးသောအခါမှ စကားပြန်ဖြေလေ့ရှိသည်။

'ကြည့်ရတာ ခုနစ်ယောက်စလုံးဟာ ရှေးသတ်တဲ့သိုင်းသမား ထိပ်သီးအကျော်အမော်တွေ ဖြစ်ဟန်တူတယ်'

'ဟုတ်တယ်၊ သူတို့သတ်ခဲ့တဲ့ လူတွေလဲ မနည်းတော့ဘူး၊ ဒီလူတွေကို ဖွတ်မည်း ဆိုတဲ့ကောင်နဲ့ ရင်ဆိုင်ပေးလို့ ဖြစ်မလား'

'သူတို့လူခုနစ်ယောက်၊ ဖွတ်မည်းက တစ်ယောက်တည်း၊ ပြီးတော့ သူတို့သတ်ခဲ့တဲ့ လူတွေဟာ ဖွတ်မည်းထက် များလိမ့်ဦးမယ်'

သူဌေးကြီးက တစ်ချက်ပြုံးရယ်ကာ သိုင်းသမား အမည်စာရင်းစာရွက်ကို လူငယ်အား ကမ်းပေးလိုက်သည်။

'မနက်ဖြန်မနက် လူလွှတ်ပြီး သူတို့ကို သွားကြိုကြ၊ သူတို့ရောက်လာတာနဲ့တစ်ပြိုင်နက် လီရှန်းရဲ့ ဓားသောက် ဆိုင်ကို ပို့ထားနှင့်'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



"လူ့ခုနှစ်ယောက်စလုံး စုံပြုံးလာရင်း အမျှား အဘိုရုံတိုက်မီ မှာပဲ အုပ်စုခဲ့ပြီး လာကောင်းလာကြလိမ့်မယ်၊ ဒါကြောင့် မင်းတို့ကလဲ လူစုခဲ့ပြီး သွားကြ"

"ဟုတ်ကဲ့ပါ သူဌေးကြီး"

အခန်း (၁၃)

နံနက်မိုးလင်းစ၊

မိုးလင်းအပြုသည်နှင့်ဖြင့် စားသောက်ဆိုင်တွင် လူစည်ကား လျက်ရှိလေသည်၊

ရွှေနဒီ စားသောက်ဆိုင်ခဲတွင် လူစည်ကားလျက် ရှိလေ သည်၊

ရွှေနဒီ စားသောက်ဆိုင်ခဲတွင် သူဌေးကြီးလူများ သွား လာလှုပ်ရှားနေသည်ကို တွေ့ရ၏၊ ယင်းအထဲတွင် အချို့မှာ သူဌေးကြီးကို လုံးဝ မမြင်ဖူး မတွေ့ဖူးသူများလည်း ရှိလေ သည်၊

သို့သော်လည်း သူတို့သည် ကောင်မင်းအတွက် အသက်ကို ပေးဆပ်ကာ အလုပ်လုပ်ပေးနေကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



ယင်းအတွက်ကြောင့် သူဌေးကြီး၏ သြဇာမှာ မကျသွားဘဲ တစ်နေ့တခြား တိုးတက်ကြီးပွားလာသည်။

ထိုစဉ် စားသောက်ဆိုင်တွင်းသို့ လူသုံးယောက် ဝင်လာသည်။

မျက်နှာထားက ခပ်ကြမ်းကြမ်း။ သူတို့အထဲမှ ခပ်တည်တည်မင်းတစ်ယောက်က လှမ်းမေးလိုက်သည်။

'ဒီမှာ သူဌေးကြီးရဲ့လူတွေ ရှိသလား'

ယင်းအမေးစကားကို ကြားလိုက်ရသောအခါ လူအယ်ယောက်ခန့်မှာ သူတို့အနီးသို့ ရောက်လာကြသည်။

'မင်းတို့အားလုံးဟာ သူဌေးကြီးရဲ့လူတွေလား'

အကျီနက်နှင့်လူက လှမ်းမေးလိုက်၏။

'ဟုတ်တယ်၊ သူဌေးကြီးကို တွေ့ချင်စာ ဘာကိစ္စများ ရှိလို့လဲ'

သူဌေးကြီး၏လူထဲမှ အသက်အကြီးဆုံး ဖြစ်သူက ပြန်မေးလိုက်၏။

'ကျုပ်တို့မှာ ရောင်းစရာပစ္စည်း ပါလာတယ်၊ ရောင်းချင်လို့ပါ'

'ဘာပစ္စည်းတွေလဲ'

'ရောင်းမှာက ကျုပ်တို့ရဲ့အသက်သုံးချောင်းပဲ'

'ခင်ဗျားတို့က ဘယ်လောက်နဲ့ ရောင်း ချင်လို့လဲ'

'ငွေဒင်္ဂါးသုံးသိန်း'

'လူသုံးယောက်ကို ငွေဒင်္ဂါးသုံးသိန်းနဲ့ ရောင်းမယ်ဆိုတော့ ဈေးမများဘူးလား'



'မများပါဘူး'

'ဘာပညာစွမ်းနဲ့ ငွေဒင်္ဂါး တစ်သိန်းတန်အောင် စွမ်းဆောင်ပြမှာမို့လဲ'

'ကျုပ်ရဲ့ ဟောဒီဓားနဲ့ပေါ့'

ပြောပြောဆိုဆို ထိုသူ၏ဓားမှာ ဓားအိမ်ထဲမှ လျှပ်စီးလက်လိုက်သလို ထွက်လာသည်။

ခုံပေါ်တွင်ရှိသော လက်ဖက်ရည်ပန်းကန် တစ်လုံးအား ထက်ခြမ်း ခြမ်းလိုက်သည်။

လှန်စွာထက်လိုက်သည့်ဓား။

ကောင်းလိုက်သည့် ပညာ။

ပန်းကန်မှာ ကြေမွ အက်ကွဲခြင်းမရှိဘဲ ထက်ခြမ်းကွဲသွားအောင် စွမ်းဆောင်နိုင်ခြင်းမှာ မှန်ကန်သော အားအချိန်အဆနှင့် လျင်မြန်သော ဓားပညာစွမ်းကြောင့် ဖြစ်ကြောင်းကို မြင်တွေ့သူများက သိရှိကြပေလိမ့်မည်။ သူဌေးကြီး၏ လူများ မျက်နှာပျက်သွားကြသည်။

'ဘာသိလိုသေးသလဲ'

အကျီနက်နှင့်လူက အောင်နိုင်သော အပြုံးဖြင့် လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

'ကောင်းတယ်၊ သိပ်ကောင်း သိပ်သက်တဲ့ ဓားစွမ်းပဲ'

'ဟို ဖွတ်မည်းဆိုတဲ့ကောင်ကို ရင်ဆိုင်လို့ ဖြစ်မလား'

'ဘာ...ဖွတ်မည်း ဟုတ်လား'

'ဒီမှာ ဖွတ်မည်းဆိုတဲ့ လူတစ်ယောက်ရှိတယ်လို့ ကြား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါဟာ သူဌေးကြီးကို အမျိုးမျိုး အနှောင့်အယှက် ပေးနေတာလို့လဲ သိရတယ်'

'ခင်ဗျားတို့က ဒီကိစ္စအတွက် သူဌေးကြီးကို အကူအညီ ပေးဖို့ ရောက်လာကြတာလား'

'ပစ္စည်းကောင်းဆိုတာ ပစ္စည်းတန်ဖိုး တကယ်သိတဲ့လူကို ရောင်းမှ တန်ဖိုးပိုရှိတယ်'

'သူဌေးကြီးဟာ ပစ္စည်းကောင်း ပစ္စည်းမှန်ကို သိတတ်တဲ့ တစ်ယောက်ပါ'

'ခက်တာက ဒီလူသုံးယောက်ဟာ ပစ္စည်းကောင်း ပစ္စည်း အစစ်အမှန်မှ မဟုတ်တာဘဲ'

သူတစ်ယောက် အမှတ်မထင် ကြားဖြတ်၍ ဝင်လာသည်။ အားလုံး အံ့ဩငေးကြောင်သွားသည်။

ထိုစကားကို သူဌေးကြီး၏လူများ ပြောဆိုခြင်း မဟုတ်။ ပြောလိုက်သောသူမှာ အင်္ကျီနက်နှင့်သူ၏ နောက်ကျောဘက်မှ ဖြစ်သည်။

သူတို့ရောက်လာသည်မှာ အားလုံး သုံးယောက်၊ ယခုမူ လေးယောက် ဖြစ်သွား၏။

နောက်ဆုံးဝင်လာသော အသိရှင်ပုဂ္ဂိုလ်မှာ မိုးပေါ်က ကျလာသလို မည်သည့်အချိန်တွင် ရောက်လာသည်ကို မည်သူမျှ သတိမထားမိလိုက်ကြချေ။

ထိုသူမှာ မီးခိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး အင်္ကျီ နက်နှင့် လူထက် အနည်းငယ် ပိန်သွယ်ဟန်ရှိ၏။ သူလည်း



မချိုမချဉ်အမူအရာ မျက်နှာထားနှင့် အင်္ကျီနက်နှင့်ပုဂ္ဂိုလ်၏ အဖော်နှစ်ဦး နောက်ဘက်တွင် ရပ်လျက်ရှိ၏။

ထိုအဖော်နှစ်ဦးမှာ မလှုပ်မယှက်ငြိမ်သက်စွာပင် ကျောက် ရုပ်တုလို ရပ်လျက်ရှိ၏။ သူတို့ သေမည်ကို ကြောက်ရွံ့ကြ သည့်လူများ မဟုတ်ကြ။ တစ်ဖက်လူသားက စော်ကားခြင်း ခံရသည်ကို ခေါင်းငုံ့ နေတတ်သူများလည်း မဟုတ်ချေ။

ယခုမူ တစ်စုံတစ်ဦးက စကားဖြင့် မိမိတို့အား ဝင်ရောက် စော်ကားလိုက်လေပြီ။ အင်္ကျီနက်နှင့်လူ ဒေါသထွက်လာပြီး ချက်ချင်းမှာပင် သူ၏အဖော်များအား လှမ်း၍ အမိန့်ပေး လိုက်၏။

'ငါတို့ကို စော်ကားပြီး အနှောင့်အယှက် ပေးတဲ့သူကို ဖမ်းချုပ်လိုက်စမ်း'

သူ၏အဖော်နှစ်ဦးမှာ ခနခါမ လှုပ်ပင်မလှုပ်၊ လုံးဝ ကြား ဟန်မတူပေ၊ ငြိမ်သက်စွာ ရပ်နေလျက်ပင်ရှိ၏။

အင်္ကျီနက်နှင့်လူ မျက်နှာပျက်သွား၏။ အသေအချာ စေ့စေ့ကြည့်လိုက်သောအခါ သူ၏အဖော်နှစ်ဦးမှာ လုံးဝ အသက်မရှိတော့ချေ။ သွေးကြော အပိတ် ခံလိုက်ရခြင်းပင် ဖြစ်၏။

အင်္ကျီနက်နှင့်လူက ထိုသူကို ဒေါသကြောင့် စိုက်ကြည့်ရာမှ ချက်ချင်း လှမ်းမေးလိုက်သည်။

'ကျုပ်လူနှစ်ယောက်ကို သတ်လိုက်တာ ခင်ဗျားလား'

ထိုသူက နှစ်သက်ဖွယ်ပြုံးစွာ တစ်ချက်ပြုံးလိုက်ပြီး—

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့၊ ကျုပ်ပေလွှဲရင် တခြားဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ'

'ခင်ဗျားက ဘယ်သူလဲ'

'ပင့်ကူနက် ပါကျွန်း'

ထိုနာမည်ကို ကြားလိုက်သည်နှင့် အက်ဂျီနက်နှင့်လူ၏ မျက်နှာမှာ သွေးမရှိအောင်ပင် ဖြူဖတ်ဖြူရော် ဖြစ်သွားလေသည်။

'လက်စသတ်တော့ ခင်ဗျားဟာ ပင့်ကူနက်ဂိုဏ်းသား တစ်ယောက်ကိုး'

'ကျုပ်တို့လုပ်ငန်းမှာ ဘယ်သူမဆို အဟန့်အတား အနှောင့်အယှက် လာပေးရင် ဘယ်လိုဖြစ်လာနိုင်တယ်ဆိုတာ ခင်ဗျားသိပြီ မဟုတ်လား'

'ဒီကိစ္စကို ခင်ဗျားတို့က ဆောင်ရွက်ဖို့ လက်ခံထားလိုက်လို့လား'

'ဘာလဲ၊ ကျုပ်တို့ ဒီလုပ်ငန်းကို လက်ခံလို့ မဖြစ်ဘူးလား'

'ပင့်ကူနက်ဂိုဏ်းက လက်ခံထားတဲ့ အလုပ်ဆိုရင်တော့ ဘယ်သူကမှ ကြားဝင်ဖျက်လို့ မရနိုင်ဘူး'

'ဒါကို ခင်ဗျားသိထားရင် သိပ်ကောင်းတာပေါ့'

စကားဆုံးသည်နှင့် ထိုသူ၏ပြင်းထန်သော လက်ဝါးချက်မှာ အက်ဂျီနက်နှင့်လူ၏ ရင်ဘတ်တည့်တည့်ဆီသို့ အမှတ်မထင် ဝင်ရောက်သွားလေတော့သည်။



သူ၏လက်မြန်ဆန်ပြီး ပြင်းလိုက်သည့် လက်ဝါးချက်။

ရှောင်ရှားချိန်ပင် မရလိုက်ပေ။ ရင်ပြင်ကို လေးလံသော အရာတစ်ခုဖြင့် ပစ်ရိုက်ခံလိုက်ရသည့် အလား ပါးစပ်မှ သွေးများအန်ထွက်လာကာ လဲကျသွားလေသည်။

ဆိုင်ရှိလူများ ကြောက်လန့်တုန်လှုပ်သွားကြသည်။ မည်သူမျှ ထိုသူ၏အနီးသို့ မကပ်ရဲကြချေ။ သူဌေးကြီး လူများမှာလည်း အားလုံး ကမျက်နှာပျက်သွားကြသည်။

ထိုသူက သူဌေးကြီးလူများအနက်မှ ခေါင်းဆောင် ဖြစ်ဟန်တူသော လူကြီးအား အစ်ချက်ခူးစိုက်ကြည့်ကာ...

'အခု ကျုပ်ဘာဖြစ်ချင်တာလဲ ခင်ဗျား သိကြပြီလား...'

'သိပါပြီ'

ပြောသာပြောလိုက်ရသည်၊ ထိုသူမှာ နဖူးချွေးများ ပြန်ထွက်ရှိသည်။

ထိုသူ၏ဖြစ်အင်ကို မြင်တွေ့သောအခါ ပင့်ကူနက် ပါကျွန်းမှာ ဟားဟားဖြင့် ရယ်မောလိုက်ပြီလေသည်။

'ခင်ဗျားဟာ ဒီလောက်တောင် သရဲသော ကြောင်ရ သလား'

ထိုသူက ခေါင်းခါပြလိုက်သည်။

'သူက ကျုပ်အကိတောင် လက်သံပြောင်သေးတယ်'

ထိုသူ၏မျက်နှာ တစ်ချက်ပျက်သွားပြန်သည်။

'ဒါဖြင့် ဘာလဲ၊ ဘာဖြစ်ညီနေခင်ကိုရော ခင်ဗျားမြင်ဖူး သလား'

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ခေါင်းခါပြလိုက်ပြန်သည်။

'သူတို့ရဲ့အက်စွပ်းကို တကယ်မြင်ဖူးမှ လူသက်တယ် ဆိုတဲ့ ကိစ္စ ကြီးကြီးကျယ်ကျယ် မဟုတ်ကြောင်းကို ခင်ဗျားသိသွားလိမ့်မယ်၊

ပါကျွန်က စကားကို ခေတ္တရပ်ထားပြီးနောက် ဆက်လက် မေးလိုက်သည်၊

'သွေးဟာ ဘာသ်လို့အရသာမျိုးရှိတယ်ဆိုတာ ခင်ဗျား သိရဲ့ လား....'

ထိုသူက ခေါင်းခါပြလိုက်သည်၊

ပါကျွန်က မိမိ၏အင်္ကျီစတွင် စွမ်းပေလျက်ရှိသော သွေးစ ကို ထိုသူ၏ရှေ့မှောက်သို့ ကပ်သွားပြီး....

'ခင်ဗျား လျှာနဲ့လျက်ကြည့်လေ၊ သွေးဟာ ဘယ်လိုအရ သာ ရှိတယ်ဆိုတာ ကောင်းကောင်းသိလိမ့်မယ်'

ထိုသူက ခေါင်းခါရင်း ခြေလှမ်းကို နောက်သို့ ဆုတ်လိုက် သည်၊

မိသုံးစသွေးနကို မြင်လိုက်ရင် ရင်ထဲတွင် ပျို့အန်ချင်စိတ် များပေါ်လာလေသည်။

ပါကျွန် သဘောကျစွာ တဟားဟားနှင့် ရယ်မောလိုက် လေသည်။

'လက်စသတ်တော့ ထောင်မင်းရဲ့ ယောက်သားတွေဟာ သွေး ကိုတောင် မကြည့်ရဲဘူး ဆိုမှတော့ တော်တော်လေး ဆန်း ရှိပုံရတယ်'

'မင်း ဒီသို့မပြောနဲ့လေ'



အသံကိုကြား၍ နောက်ကို လှည့်ကြည့်လိုက်သော အခါ သားသား နားနားနှင့် ဝတ်စားထားသော နုနယ်ပျိုမျစ်သည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၏။

ပါကျွန်က လှမ်း၍မေးလိုက်၏၊

'မင်းကလဲ ထောင်မင်းရဲ့ လက်အောက် ယောက်သားလား'

'ဟုတ်တယ်၊ ကျုပ်နာမည် ဝူးကျူ'

'သွေးရဲ့အရသာကို မင်း မြည်းစမ်းဖူးရဲ့လား'

ဝူးကျူမှာ ကြမ်းပြင်ပေါ်မှ ဝါးတစ်ချောင်းကို ကောက် ယူကာ မိမိ၏လက်မောင်းသွေးကိုဖောက်ပြီး ပါးစပ်နှင့် မြည်း စမ်းကြည့်လိုက်လေသည်။

'သွေးရဲ့အရသာဟာ ချိုငန်ငန်ရှိတယ်'

ဝူးကျူက မချိမဆဲ့မျက်နှာထားနှင့် ပြန်လည်ဖြေကြား လိုက်၏။

ပါကျွန် အမှန်ပင် ဝူးကျူ၏ သတ္တိကို ချီးကျူးသွားလေ သည်။

'ကောင်းပြီ မင်း သူဌေးကြီးရဲ့လက်ရုံးကောင်း ဖြစ်တယ်၊ သူဌေးကြီးလိုပုဂ္ဂိုလ်အတွက် စွမ်းဆောင်ပေးရတာ ကျုပ်တို့ အလကားတော့ မဖြစ်နိုင်ပါဘူး ထင်တယ်'

'ဒါဖြင့် ကျွန်တော်နဲ့အတူ လိုက်ခဲ့'

ဝူးကျူက မိတ်မဆွေ ပြုလိုက်သည်။ ဆိုင်ထဲမှ လူအားလုံး

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒုက္ခရှာ၏ စွမ်းဆောင်ချက်ကို ချီးကျူး သဘောကျကာ လေးလေးစားစား ရှိသွားကြ၏။

အကြီးအကဲ ပုဂ္ဂိုလ် တစ်ဦးသာလျှင် မျက်နှာ မှုန်ကာ အရှက်ရကျန်ရစ်ခဲ့ရလေတော့သည်။

## အခန်း(၃၂)

လူသူရှုပ်ပြတ်တဲ့ စည်ကား ရှုပ်ရှားလျက် ရှိသော လမ်းမကြီးမှာ အမှတ်မထင် ရုတ်တရက်ငြိမ်ကျသွားသည်။ မြင်းခွာသံများ ချက်ချင်းပင် ပေါ်လာ၏။

မြင်းပေါ်တွင် စီးနင်း လိုက်ပါလာသူမှာ ဆိုက်သမား နှင့် ယောက်ျား။ ပဇ္ဇာနတ်ကိုက်အဝင် တာသီညီနောင်။

သူတို့ကိုမြင်သူတိုင်း ကျောချမ်းသွားကြသည်။

ရက်စက်ကြမ်းကြုတ်သော အမူအရာများက သူတို့၏ မျက်နှာပေါ်တွင် အထင်းသား ပေါ်လွင်နေသည်။

ကလေးများသာမက လူကြီးများပင် ကြောက်စိတ် ဝင်ကြသည်။

သူတို့သွားလာရာ လမ်းတစ်လျှောက်တွင် မည်သူမျှ လမ်းပေါ်မှာ မနေရဲကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ခပ်နွဝေးဝေးသို့ ရှောင်ရှားကာ ခပ်သွက်သွက်ပင် လျှောက်သွားခဲ့ကြသည်။

သို့သော်လည်း တစ်ယောက်သော သူသည် လမ်းလယ်ခေါင်တွင် တစ်လှမ်းချင်းပင် လျှောက်လှမ်းနေလျက် ရှိ၏။ ထိုသူသည် မြင်းခွာသံကို ဂရုမစိုက်၊ ကြားပုံမရ။

မည်သူ့ကိုမှလည်း အလေးထားပုံမရှိ။ မိမိသွားလိုရာဆီကိုသာ လျှောက်လှမ်းနေလျက်ရှိ၏။

တဖလီညီနောင် အမျက်ဒေါသထွက်လာသည်။ မိမိတို့အား ဂရုမစိုက်ဘဲ လမ်းလယ်ခေါင်တွင် ပိတ်လျှောက်နေသူမှာ မည်သူနည်း။

မြင်းကို ဒုန်းစိုင်းမောင်းနှင်ကာ ထိုသူ၏ရှေ့မှာ တားဆီး ရပ်လိုက်သည်။

သို့သော် သူတို့၏ဒေါသစိတ်မှာ ချက်ချင်းပင် လျှော့ကျ ပျောက်ကွယ်သွားလေ၏။

နုပျိုချောမောသည့် မိန်းမပျို တစ်ယောက် ဖြစ်နေသောကြောင့်ပင်။

အစ်ကိုဖြစ်သူက မျက်နှာချိုသွေးကာ ရယ်သွမ်း သွေး၍ မိန်းမပျိုအား လှမ်း၍နှုတ်ဆက်လိုက်၏။

'ဟဲ...ဟဲ၊ ညီမက ဘယ်သို့သွားမလို့လဲ၊ အစ်ကိုတို့ လိုက်ပို့ပေးမယ်လေ'

မိန်းမပျိုက သဘောမကျသလို မျက်စောင်းတစ်ချက်ချိတ်လိုက်ပြီး ရှေ့သို့လျှောက်သွားပြန်သည်။



ညီဖြစ်သူက မြင်းကို ရှေ့တိုး၍ တရွေ့ရွေ့ မောင်းနှင်ကာ မိန်းမပျို၏ရှေ့တွင် ကာဆီးပိတ်ဆို့ ထားလိုက်ပြန်သည်။

'ဒီလိုမလုပ်နဲ့လေ မေးရင် ဖြေရမှာပေါ့ ကောင်းကောင်း မေးရင် ကောင်းကောင်း ဖြေပါ'

ထိုစဉ်မှာပင် ညီဖြစ်သူမှာ ကိုင်ပေါက်ခံလိုက်ရသလို မြင်းပေါ်မှ လွင့်စဉ် ကျသွားရလေသည်။

'တော်တော် အလိုက်ကမ်းဆိုး မသိတဲ့ကောင်ပဲ၊ မုန့်သာ ဝေစားမယ်၊ ဒီလိုကိစ္စမျိုးတော့ ညီအစ်ကိုအရင်း ဖြစ်ပါစေ၊ ဝေစားလို့ မဖြစ်ဘူး'

အစ်ကိုဖြစ်သူက မာန်မဲ ကြိမ်းမောင်းသောအသံပင်ဖြစ်သည်။

ညီဖြစ်သူသည် အလစ်မှာ အမှတ်မထင် ခံလိုက်ရသည့်အတွက် ဒေါသထွက်သွားကာ အစ်ကိုဖြစ်သူအား လက်နက်ပုန်း ဖြင့် လှမ်းပစ်လိုက်လေသည်။

'ရှိ...'

'ခွမ်...'

ကြိုးတော့ လက်နက်ပုန်းကို လက်နှင့် ရိုက်ထုတ်သံ ဖြစ်သည်။

မိန်းမများကိစ္စနှင့်ပက်သက်လာလျှင် ယောကျ်ားများသည် စိတ်ဝမ်းကွဲတတ်ကြ၏။

ညီအစ်ကို အရင်းပင်ဖြစ်ပါစေ၊ သည်းခံခွင့်လွှတ်နိုင်ခြင်း မရှိနိုင်ကြချေ။ ယခုလည်း တဖလီညီနောင်တို့မှာ ထိုအဖြစ်မျိုးနှင့် ကြုံတွေ့နေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ယောက်ကိုစွန့် တက်ကွက်ဆင်း ညီအစ်ကို
ဇင်းနင်ယောက် စိတ်ဝမ်းကွဲကြရလေပြီ။ တိုက်ကြခိုက်ကြကာ
မကြာခင်တွဲပြုပြီး ဆွေမျှလာဒ ရပေတော့မည်။

ဆိုင်းပညာစွမ်းမှာ တစ်ယောက်နှင့်တစ်ယောက် သိပ်ကွာ
ခြားမရှိ။

မည်သူက မည်သူ့ကိုမျှ အလာမရနိုင်ချ။ အချိန်မည်မျှ
ကြာသွားသည် မသိ။

အသိတရား ဝင်လာ၍ မိန်းမပျိုအား လှမ်းကြည့်လိုက်
စဉ်မှာ နှစ်ယောက်သား ဝါးစပ်အဟောင်းသား ဖြစ်သွား
ကြရသည်။

ဝေါ်ပြောက မိန်းမပျို၏ အရိပ်အယောင်ကိုပင် မတွေ့ရ
တော့ပေ။

မည်သည့်အချိန်က ကွယ်ပျောက်သွားသည်ကို သူတို့မသိ
လိုက်ကြပေ။ တစ်ကယ်ဖြင့် သူတို့တွန်လှုပ်ကာ နောင်တ
ရမိသွားကြလေသည်။

[illegible]

အခန်း(၁၃)

မဟုမ်းမဂေမ်းမှာ အရက်ဆိုင်တစ်ဆိုင်။

လူရွယ်နှစ်ယောက်သည် ဂျက်နာချင်းဆိုင်ဆိုင်ကာ အရက်
သောက်နေကြလေသည်။ သူတို့မှာ အခြားသူများမဟုတ်
တာလီဘိဇနှင့်ဇင် ဖြစ်ကြသည်။

တော့ ဆေးမြ ကြက်ခြင်းတစ်ပွဲ အမြန်ယူခဲ့စမ်း
အစ်ကိုဖြစ်သူ တာလီက လှမ်းမှာလိုက်သည်။

မကြာခင် ကြက်ကြော်ထမင်းပွဲ မိန်းမပျိုက စားပွဲပေါ်မှာ
လာရောက်ချပေးသည်။

မိန်းမပျိုနှင့် မတ်ဆွဲကာလှည့်လျှင် ဝါသနာအထိကြီးကြသော
တာလီညီနောင်မှာ ရှိနေသော အခွင့်အရေးကို လက်လွှတ်ခံ
နိုင်။ ညီဖြစ်သူက မိန်းမပျို၏လက်ကို ဖမ်းဆွဲထားလိုက်လေ
သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုက ရှက်ရှက်နှင့် အကြောက်အကန် တွန်းကန်ရုန်းသော်လည်း မလွယ်။ အင်အားချင်းမမျှသည့်အတွက် ချက်ချင်းပင် မိန်းမပျိုမှာ ညီဖြစ်သူ၏ ရင်ခွင်ထဲသို့ ရောက်သွားလေသည်။

ထိုအခြေအနေကို မြင်တွေ့လိုက်ရသော ဗိုင်ရှင်အဘိုးကြီးမှာ သမီးဖြစ်သူ အစော်ကားခံနေရသည့်အတွက် ဒေါသပေါက်ကွဲ ထွက်လာသည်။

ချက်ချင်းပင် နံရံတွင်ချိတ်ထားသောဓားကို ဆွဲထုတ်ကာ ညီဖြစ်သူအား ခုတ်ပိုင်းရန် ပြေးသွားခဲ့လေသည်။

အစ်ကိုဖြစ်သူက ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်ကာ အဘိုးအိုအား လှမ်းပစ်လိုက်လေသည်။ ဓားမြှောင်မှာ အဘိုးအို၏ ရင်ဝဆီသို့ ဝှစ်ခနဲ ဝင်ရောက်သွားသည်။ ဓားမြှောင် ရင်ဝသို့ ထိလုဆဲဆဲ အချိန်လေးမှာပင် ဒလန့်ဟူသော အသံတစ်ချက် ပေါ်ထွက်လာသည်။

ဓားမြှောင်လည်း နံရံသို့လွင့်စဉ်ထွက်သွားသည်။

လက်နက်ပုန်းတစ်ခုက ဓားမြှောင်အား ပြင်းထန်စွာထိတွေ့ကာ ရိုက်ထုတ်လိုက်သောကြောင့်ပင် ဖြစ်သည်။

ဆိုင်တံခါးဝတွင် အရပ်ရှည်ရှည်နှင့် လူတစ်ယောက်က ဝင်ရောက်လာခဲ့လေသည်။ ဆိုင်ထဲရှိ လူအားလုံး၏ မျက်လုံးတွေသည် တံခါးဝဆီသို့ ရောက်သွားကြသည်။

ထိုလူသည် ရုတ်တရက်ဆိုသလို တာလီညီနောင် နှစ်ယောက်စလုံးကို ခြေလှမ်းတစ်ချက် ပြုလိုက်သည်။

'ဘုန်း....'



'ဘိုင်း....'

ညီနောင်နှစ်ယောက်စလုံး မြေပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားသည်။ သို့သော်လည်း ဒေါသမထွက်ရဲ၊ လက်တုံ့ပြန်မှုလည်း မပြုဝံ့၊ ကြည်သာစွာနှင့်ပင် လဲကျနေရာမှ ပြန်လည်ထလိုက်ကြသည်။

'မင်းတို့ကောင်တွေ ဒီသို့စည်းမဲ့ကမ်းမဲ့ လုပ်ကြလို့ ပင့်ကူနက်ဂိုဏ်းဟာ နာမည်ပျက်ရတာပဲ၊ ဒါ မင်းတို့ကို နောက်ဆုံး သတိပေးခြင်းပဲ'

ရောက်လာသူမှာ ပင့်ကူနက်ဂိုဏ်းခေါင်းဆောင် ကျိုန်မောင်းပင် ဖြစ်လေသည်။ သူသည် သူ၏ဂိုဏ်းသား တာလီညီနောင်အား မာန်မဲပြောဆိုနေရာမှ မဆီမဆိုင် မျက်လုံးတစ်ဖက် မှိတ်ပြလိုက်လေသည်။ အကင်းပါးသော ညီနောင်နှစ်ဦးကလည်း ထိုအရိပ်လက္ခဏာကို မြင်သွားရသည်။

အမှန်ဆိုသော် ပင့်ကူနက်ခေါင်းဆောင် လှည့်ကွက်ကျယ် လုပ်လိုက်ခြင်းသာဖြစ်သည်။ ပရိသတ်များအား လှည့်စားလိုက်ခြင်းဟုလည်း ဆိုနိုင်သည်။

ပင့်ကူနက်ဂိုဏ်းဆိုသော နာမည်ကို ကြားလိုက်သည်နှင့် သူတို့၏ အကျင့်စရိုက်အပြုအမူများကို လူအများက သိထားနှင့်ပြီး ဖြစ်လေသည်။ ရှင်းလင်းပြောပြနေစရာ မလိုတော့ပေ။

ယခု ဂိုဏ်းခေါင်းဆောင်၏ ပြုမူချက်သည် ဟန်ဆောင်မှုတစ်ခုသာဖြစ်ကြောင်း လူအများက အလိုလိုပင် သိရှိကြသည်။

မည်သို့ပင်ဖြစ်စေ ဆိုင်ရှင်လင်မယားကတော့ မိမိတို့၏

www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့် စကားခံရတော့မည့် ဆဲဆဲမှာ လှည့်ပြောက်သွားသည့်အတွက် အသက်ရှူ မချောင်သွားလေသည်။

ကျွန်မောင်းနှင့် တာလီညီနောင်တို့မှာ အရက်ဆိုင်မှ ထွက်ခွာလာခဲ့ကြသည်။

လမ်းတစ်နေရာသို့ရောက်သောအခါ ဓာတ်ဟာဇ်သီချင်း ပြေးလွှားသံမှုန်းနှင့်အတူ လှတစ်ယောက်မြင်းကို ဒုန်းစိုင်းကာ သူတို့ဆီကို ရောက်ရှိလာသည်။

ထိုသူသည် ကျွန်မောင်း၏ရှေ့တွင် မြင်းကို အမှိန်သတ်ကာ ရပ်လိုက်ပြီး မြင်းပေါ်မှ အလျှင်စလို ခုန်ဆင်းလိုက်လေသည်။

ဆရာ၊ ကိုတိုကိုကျိုဆိုင်ဆိုင်လာတွေ့တာ အတော်ပဲ၊ မုန့်ဘုန်းတစ်ယောက် လူဆိုးတွေပြနေတွေနဲ့ စကားများပြီး ရန်ဖွဲ့ဖန်တီးနေတယ်

ဒီကောင်က ဒီအတိုင်းပဲ

ဟိုကောင်တွေက အုပ်အားသည်များတော့ ကျွန်တော်တို့နှစ်ယောက် သူတို့ကိုအနိုင်တိုက်ဖို့ မလွယ်ဘူး၊ ဒါနဲ့ ကျွန်တော် အဆင်းသိုးလိုက်ပြီး ဒီကို အပြေးအလွှား ရောက်လာခဲ့တာပဲ ဆရာတို့ဆီလာလိုက်ပြီး မကူယ်ဘူးဆိုရင်တော့

မျက်ပြူးက သူ၏အဖော် ထွက်ခွာနေ၍ အကူအညီပေးရန် ဂိုဏ်းခေါင်းဆောင်အား တင်ပြလိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်မောင်းမှာ မျက်ပြူး၏စကားကို ကြားလိုက်ရသည်နှင့် မျက်နှာပျက်သွားသည်။ ဒေါသအမျက်လည်းထွက်လာ၏။

ဒီမှာမျက်ပြူး၊ မင်းနားလည်စားဖို့က ငါတို့ အခုရောက်



လာတာဟာ လူတွေကို ကယ်ဖို့တော့ဘူး၊ လူသတ်ဖို့ကွ၊ လူသတ်ဖို့

ထိုစကားကိုကြား၍ မျက်ပြူးမျက်နှာမှာ ဆီးရွက်ပမာဖြစ်သွားလေ၏။

ဒါဖြင့် မုန့်ဟင်းကို ဘယ်နှယ်လုပ်မလဲ

သေပစေပေါ့ကွာ၊ ဘာတတ်နိုင်မှာလဲ

ဟာ…သေပစေပေါ့ ဟုတ်လား

မျက်ပြူး လိုက်လန့်တုန်လှုပ်သွားသည်။ ခေါင်းဆောင်ဖြစ်သူထံမှ ဤသို့သောစကား ကြားရလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ချေ။

သူ ဘာတတ်နိုင်ပါမည်နည်း။

မုန့်ဟင်းအတွက် စိတ်မကောင်းဖြစ်ရုံမှအပ သူ့တွင်အခြားနည်းလမ်း မရှိတော့ချေ။

* *

www.burmeseclassic.com

## အခန်း ( ၁၄ )

ပင့်ကူနက်ဂိုဏ်းသားများ ချိန်းဆိုထားသော လျှို့ဝှက်စခန်းတစ်နေရာ။

မှန်ဟာမှလွဲ၍ ပင့်ကူနက်ဂိုဏ်းသားများ စုံညီစွာရောက်ရှိလာသည်။

ထင့်ထင်ရှားရှား မသောကြတဲ လူတစ်ယောက်စီ လူစုခွဲပြီး ရောက်လာကြခြင်း ဖြစ်သည်။

ထိုနေ့ည....

ပွဲလမ်းသဘင် အခင်းအကျင်းနှင့် လွန်စွာ စည်ကားသော ည....။

ပင့်ကူနက်ဂိုဏ်းသားတို့သည်လည်း ပွဲကျင်းပရာဆီ လူအုပ်များရှိရာသို့ လမ်းလျှောက်ထွက်လာကြသည်။ လူအများ သာမပြုမိစေရန် နှစ်ယောက်တစ်တွဲစီ ခပ်ခွာခွာ ခပ်လှမ်းလှမ်း အနေအထားဖြင့် ထွက်လာခဲ့ကြလေသည်။



မျောက်လီမှာပြပွဲမှာ လူအထူးပင် နှစ်သက်ကြ၍ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ယင်းလူအုပ်များအလယ်တွင်လူကြီးတစ်ယောက်မှာမျောက်ပွဲကို စိတ်ဝင်စားလွန်းသည့်အတွက် မိမိအပေါ် ကျရောက်လာမည့်ကြမ္မာဆိုးကို လုံးဝသိရှိဟန် မပေါ်ချေ။

မကြာမီ လူတစ်ယောက် သူ၏နောက်ပါးဆီသို့ အမှတ်မထင် ပုံးကပ်ဝင်ရောက်သွားသည်။ ထို့နောက် ဖျတ်ခနဲပြန်ခွာလိုက်နှင့် ထိုသူ၏လက်ထဲသို့ လူကြီး၏ အိတ်ထဲမှ အထုပ်တစ်ထုပ် ပါသွားလေတော့သည်။

"ငါ့သိတ အာတော်လျှော်သွားပါ၊ ဘယ်ဆိုးလိုလဲ"

တာလီညီနောင်မှ အစ်ကိုဖြစ်သူက သူ့ညီအားလှမ်း၍ ချီးကျူးဂုဏ်ပြုလိုက်ခြင်းပင် ဖြစ်သည်။

အထုပ်ထဲမှာ ငွေစအတော်များများကို မြင်တွေ့လိုက်ရသည့်အတွက် ညီနောင်နှစ်ဦး၏မျက်နှာမှာ အတော်ပင် ရွှင်သွားကြသည်။

လတ်တစ်လော အချိန်ကလေးအတွင်းမှာပင် ဤမျှမများအများပြားလှသောငွေကို ရလိုက်ခြင်းသည် လောဘသားများအတွက် မျက်စိကျစရာပင်။

ခုထက်ကောင်းမွန်သော အလုပ်မျိုး ဤလောကတွင်ရှိမည် မထင်။

အရင်းအနှီးလည်းမလို၊ လုပ်အား ပင်ပင်ပန်းပန်း... မစိုက်ရပါ။ များပြားသောငွေကို ရရှိသည့် အ... မကြိုက်ဘဲရှိမည်နည်း။

www.burmeseclassic.com



ယနေ့ကား ရေသာခို အစရှောင် လိုက်ကြသော ဒုစရိုက်သမားအိုင်း တစ်ဖက်သတ်အတွေးသာ ဖြစ်မေလိမ့်မည်။ မိမိ၏နောက်ဆက်တွဲ ပေါ်လာမည့် အန္တရာယ်ကို မတွေ့မမြင်နိုင်ကြ။ သူတို့၏အတွေးပဲဖြစ်ကြသည်။

စောစောကလူကြီးမှာ မျှောက်ပွဲအသိုသာ အာရုံရောက်နေသည့်အတွက် ငွေချေး ပါသွားသည်ကို လုံးဝ မသိလိုက်ပါချေ။

ငွေထုပ် ပျောက်ကြောင်းကိုသာ အခုအချိန်မှာ သိလိုက်ပါလျှင် ခံစားရမည့်ကို မတွေးရက်။

ကျွမ်းမှုများပြားသော ငွေကို ကျီသိုလော လှိုရှပ်လှုပ်ပွေမှုများပြားသည့်ပွဲလမ်းသဘင်သို့ ယူဆောင်လာခြင်းသည် ထိုလူကြီး၏ အမှားပင်ဖြစ်သည်။

သူ့အည်မှာ ကုန်စရောင်းရငွေများကို ယူဆောင်ကာ အိမ်သို့အပြန်လမ်းတွင် မျှောက်ပွဲနှင့်တိုး၍ ဝင်ကြည့်နေခြင်းလော။ သို့တည်းမဟုတ်။ ထိုငွေများထဲမှ အကြွေးဆပ်ရန် ထွက်လာခဲ့ခြင်းပေလော။

မည်သို့ပင်ဖြစ်စေ၊ ထိုလူကြီးအတွက် မျှောက်ပွဲ အကျိုးမပေးခဲ့သည်မှာ အမှန်ပင်။

ထိုလူကြီးအတွက် ထိုဖြင့်ရမည့် အဝေထစ်သက်တာတွင် မေ့နိုင်စွမ်းရှိတော့မည် မဟုတ်ချေ။

တလော်ညီနောင်တို့မှာ ငွေအသဖြားရာ ထိုတောင်းသောအချိန်အတွင်းမှာ မပင်မပန်းဘဲ အလွယ်တကူ ရလိုက်သောကြောင့် အပျော်နပ်ကြီးကျော်နပ်ကာ ရှိနေကြလေသည်။



ထိုစဉ်မှာ လူတစ်ယောက် အသောကမျော အပြေးအလွှားရောက်လာပြီး ညီဖြစ်သူနှင့် ဝင်ဆောင့် တိုက်မိကြလေတော့သည်။

'မတော်လို့ တိုက်မိတာပါ၊ စိတ်မရှိပါနဲ့ရှင်'

မိန်းမပျိုက ချက်ချင်းတောင်းပန်စကားပြောဆိုလိုက်ပြီး လူအုပ်ကြားထဲသို့ တိုးဝင်သွားလေသည်။

မိမိအား ဖင်ရောက်တိုက်သူကို ဒေါသအမျက် ထွက်လုဆဲဆဲအချိန်တွင်မှာပင် မိန်းမပျို၏ တောင်းပန်သံကြောင့် ညီဖြစ်သူ၏ ဒေါသမှာ ရုတ်တရက် ပျောက်ကျသွားလေသည်။

'ညီလေး ဒီကောင်မဟာ ငါတို့ဖိုနေ့ကလမ်းမှာ တွေ့လိုက်ရတဲ့ကောင်မ ဟုတ်လား'

'ဟုတ်တယ်... အစ်ကိုကြီး သိပ်တုတ်တာပေါ့၊ တင်... ကျွန်တော့် ငွေထုပ်မရှိတော့ဘူး အစ်ကိုကြီး'

'တောက်... သိကြသေးတာပေါ့ကွာ၊ ဒီတစ်ခါ ငါတို့လက်ထဲက မင်း မလွတ်နိုင်တော့ဘူး'

ကြိမ်းမောင်း ပြောဆိုရင်းက နှစ်ယောက်သား မိန်းမပျိုနောက်သို့ လိုက်သွားကြလေသည်။

လူသွား လူလာ အထူးများပြားလှသည်။ ကျွဲအုပ်ကြားထဲတွင် သွားလာရသည်မှာ မလွယ်ကူ၍ အလာတကြီးနှင့်

www.burmeseclassic.com



လူအုပ်ကြီး ဆယ်များစွာ ကျော်တက် သွားလာရာမှ လည်း မပြင်ချေ။

တာလီညီနောင်မှာ မိန်းမပျိုအား ရုတ်တရက် မညှိနိုင်မှု လိုက်ရှာမမီ၊ လူအုပ်များက သူတို့အား ရှေ့မှကာဆီး ပိတ်ဆို့နေသည်။

လူအုပ်ကြားထဲ တစ်နေရာတွင် လူတစ်ယောက်၏ အော်ဟစ်ငိုကြွေးသံကို ရုတ်တရက် ကြားလိုက်ရ၏။

အမယ်လေးဗျာ...နှကျုပ်တော့ ခိုး ရောက်ပါပြီ၊ ကျုပ် ချောင်းရတဲ့ငွေ ကြေးဆယ်ဖို့ ထွက်လာတာ၊ မှတော့ ခါးပိုက်နှိုက်ခံထိလို့ မြောင်ပြီ၊ တကဲအောက်ကို မပြောင်ပါပြီ။

အေးမှ လူအများမှာလည်း ထိုလူကြီး၏ ဖြစ်အင်ကို ကရုဏာ ထက်သော မျက်လုံးတွေဖြင့် ဝိုင်းကြည့်ကြရုံမှအပ ဘာမှ မတတ်နိုင်ကြပါ။

ထိုအချိန်မှာ မိန်းမပျိုက ငွေထုပ်ပိုက်ရာ ရောက်လာပြီး လူကြီးရှေ့လက်ထဲသို့ ပြန်လည်ပေးအပ်လိုက်လေသည်။

ဒီငွေထုပ်ကို ခါးပိုက်နှိုက်ဆီက ကျွန်မ ပြန်နှိုက်ယူခဲ့တယ်၊ နောက်ကိုသို့ ငွေထုပ်ပိုက်ပြီး ဘယ်တော့မှ မလာနဲ့၊ ဘာဘာကြီး အိမ်ပြန်မြန်မြန်မပေတော့၊ ကျွန်မ အလောကြီး တဲ့ကိစ္စရှိလို့ သွားဦးမြဲပါဦး။

မိန်းမပျိုက ထိုသို့ပြောဆိုပြီးသည်နှင့် ဆက်လက်သုတ်ခြေ တင်ကာ ထွက်ခွာသွားလေတော့သည်။



လူကြီးခမျာမှာ လွန်စွာဝမ်းသာသွားသည့်အတွက် ကျေးဇူးတင်စကားမင် ပြန်ပြောကြားရန် သတိမရ၊ မျက်ရည်ဝဲ အခေါင်းသားဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

တာလီ ညီနောင်တို့မှာ မိန်းမပျိုအား အလွတ်မပေးတဲ့ သကြီးမဲ့ကြီးနှင့် လက်ရဖမ်းမိရန် အကျိုးကြီးစား၍ လိုက်နေကြသည်။

မိန်းမပျိုမှာလည်း သူတို့အား မျက်ခြည်ပြတ်သွားအောင် တမင်သက်သက်ပင် လူအုပ်ကြားထဲတွင် ဟိုရှောင် သည်တောင် ကွေ့ဝိုက်လျှိုပတ်ကာ လမ်းရှာပေးနေတော့သည်။

နောက်ဆုံး မျက်ခြည်ပြတ်လှေခါက်ပြီဟု အထင်ရှိတော့မှ မိန်းမပျိုသည် လူအုပ်ကြားထဲမှခွဲထွက်ကာ တစ်နေရာကိုအလျင်လို ထွက်သွားလေတော့သည်။

သားကောင်တို့ ခြေလျင် အလွတ်မပေးစတမ်း သဲသဲမဲမဲ လိုက်လေ့ရှိသော တာလီ ညီနောင်တို့မှာ မိန်းမပျိုအား တွေ့သွားပြန်သည်။

ချက်ချင်းပင် နောက်ကနေ အပြေးအလွှား လိုက်သွားပြန်လေတော့သည်။

မိန်းမပျိုကရှေ့၊ တာလီ ညီနောင်ကနောက်၊ သားကောင်နှင့် မုဆိုး ရင်ဆိုင်တွေ့ကြလေပြီ။

ဤတွင် မမျှော်လင့်သောဖြစ်ရပ်များက အမှတ်မထင် ပေါ်လာစေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တာလီညီနောင် ခြေလှမ်းသွက်လေ၊ မိန်းမပျို၏ခြေလှမ်းမှာလည်း ပို၍မြန်လေပင်။

သူတို့က ခြေလှမ်းနှေးလိုက်သောအခါ မိန်းမပျို၏ ခြေလှမ်းမှာလည်း နှေးသွားလေသည်။

သူတို့သည် မိန်းမပျိုအား လိုက်မှီရန် လုံးဝ မစွမ်းနိုင်ကြချေ။

ကြာလာသောအခါ စိတ်ပင်ပန်းလာကာ ဇောချွေးများပင် ပြန်လာလေတော့သည်။

မိန်းမပျိုအပေါ်တွင် သံသယစိတ်များ ဝင်လာသည်။

လူသားတစ်ယောက်မှ ဟုတ်ပါလေ့စ၊ မဖြစ်နိုင်၊

လူသား မည်သည့်နည်းနှင့်မျှ မဟုတ်နိုင်။

ဥစ္စာစောင့် နာနာဘာဝ တစ်ခုခုတော့ ဖြစ်ရပေမည်။

စဉ်းစားလေလေ ကျောထဲမှာ စိမ့်သွားလေပင်။

လမ်းဆုံ တစ်ခုသို့ အရောက်တွင် မိန်းမပျိုမှာ ရုတ်တရက် ဆိုသလို ပျောက်ကွယ်သွားလေတော့သည်။

တာလီညီနောင်တို့မှာ ဓားမလျော့သေးချေ။ မိမိတို့ လက်ထဲ ရောက်လုဆဲဆဲ သားကောင်ကို လက်လွှတ် မခံနိုင်ပေ။ တစ်ယောက်စီ လမ်းခွဲရှာကြရန် ဆုံးဖြတ်လိုက်ကြသည်။

'ညီလေး၊ ဒီလိုနေလို့ မဖြစ်တော့ဘူး၊ အစ်ကိုတို့ လမ်းခွဲ ရှာကြည့်ရအောင်၊ မတွေ့ရင် ဒီလမ်းဆုံမှာပြန်ဆုံကြမယ်'

နှစ်ယောက်သား လမ်းခွဲလိုက်ကြလေသည်။

နာရီဝက်ခန့်ကြာသောအခါ လမ်းဆုံသို့ အရင်ပြန်ရောက်လာသူမှာ ညီပင်ဖြစ်သည်။



အစ်ကိုဖြစ်သူကို စောင့်ဆိုင်းကြည့်သော်လည်း ပေါ်မလာ။ အော်ခေါ် ကြည့်ပြန်သော်လည်း ထူးသံမကြားရ။ တဖြည်းဖြည်းနှင့် ကြောက်စိတ်ဝင်လာပြီး ကြက်သီးတဖြန်းဖြန်းထလာမိသည်။

အသက်ရှူရ ကျပ်လာသည်။

နောက်ဆုံး ထိုနေရာတွင် မနေဝံ့တော့၊ တစ်ချိုးထဲ သုတ်ခြေတင်ကာ မြန်မြန်ပင် လစ်ထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၅)

ထောင်မင်း၏ ရုံးခန်းမဆောင်တွင် အထူး ဖိတ်ကြားထားသော ဧည့်သည်တော် သိုင်းသမားများ ရောက်ရှိနေကြသည်။

အားလုံးပေါင်း ငါးယောက်။

သူတို့၏ ရုပ်သဏ္ဌာန်ကို ကြည့်ပြီး ထောင်မင်းမှာ ခေါင်းကို တညိတ်ညိတ်ဖြင့် လွန်စွာပင် ကျေနပ်နေမိရသည်။

ကူးလောင်၏ မျက်နှာမှာလည်း ပြုံးရယ်ကာ သဘောတွေ့နေသည်။

ထောင်မင်းသာ ကျေနပ်မှုရှိပါက မိမိဆောင်ရွက်ပေးရကျိုးနပ်သည်ဟု ဆိုရပေမည်။



ပင့်ကူနက်ဂိုဏ်းခေါင်းဆောင် ကျန်မောင်း၏မျက်နှာထားမှာ မပြုံးနိုင်မရယ်နိုင်ပေ။ သူ၏အပေါင်းအပါ အားလုံးမှာလည်း စိတ်လက်မရွှင်ဖြစ်နေကြသည်။

"ခင်ဗျားတို့ ဒီကိုရောက်လာတာနဲ့ လူသိရှင်ကြား ကျော်ကြားတဲ့ ကိစ္စရပ်တွေလုပ်လိုက်တာ ကောင်းတယ်"

ကူးလောင်က ပြုံးရယ်စွာဖြင့် ပြောလာသည်။

"လုံးဝမကောင်းဘူး"

ကျန်မောင်းက အသံမာမာဖြင့် ပြန်ပြောလိုက်၏။

"ဒီလိုဆိုရင် ခင်ဗျားတို့ရဲ့ သိုင်းပညာစွမ်းကို လူအားလုံးက သိသွားကြပြီ မဟုတ်လား၊ ဒါဟာ ကောင်းတဲ့ လက္ခဏာပဲပေါ့"

ကျန်မောင်း စကားကို ဆက်မဆိုတော့ဘဲ နှုတ်ပိတ်ထားလိုက်၏။

အားလုံးမှာလည်း မည်သူမျှ စကား မဆိုကြတော့ချေ။

အဆိုလှယ်အလောက် အရိုက်ခံရသည့်အဖြစ်မျိုး လက်တလောမှာ သူတို့ကြုံတွေ့နေရပေသည်။

သူတို့ရောက်ရှိလာသည်နှင့် ပညာစွမ်း ပြသဖို့အကြောင်းမျိုး ကိုယ်စီရှိခဲ့ကြသော်လည်း ခုတော့ သူတို့ကိုခွင့်မပြုတော့ချေ။

စုစုပေါင်း ထောင်မင်းထံ (၇)ယောက် သိတင်းပို့ထားကာမှ ယခုမှ (၅)ယောက်တည်းသာ ရောက်ရှိလာကြသည်။ အကယ်၍ ထောင်မင်းက မေးလာလျှင် မိမိတို့ မည်သို့ ဖြေကြားရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



တာလီသီနေခင်၏ အဖြစ်အပျက်ကိုသာ လှသီရှင်ကြား ထုတ်ဖော်ပြောခဲ့သော် မိမိတို့သိက္ခာ အမှန်ပင်ကျသွားမည်ကို စိုးရိမ်ပူပန်မိသည်။

'ပြောလဲ မပြောချင်တော့ဘူး၊ လဲသာ သေလိုက်ချင်တယ်'

မျက်ပြူးက ရုတ်တရက် ဆည်းညူပြောဆိုသံကို ကြားလိုက်ရသည်။

'မျက်ပြူးက ဘာများ အသိမကျတာရှိနေလို့လဲ'

ကူးလောင်က ဝင်ရောက်မေးလိုက်၏။

မျက်ပြူးမှာ စိတ်ထဲတွင် မျိုသိပ်ထားရသော ဝေဒနာကို ကျိတ်မှိတ်မထားနိုင်တော့ဘဲ ဖော်ပြောခနဲ ဟန်ပြင်လိုက်သည်တွင် ကျန်မောင်းနှင့် အဖော်များက သူ့အား မျက်လုံးစူးစိုက်လျှက်ဖြင့် ကြည့်နေကြသည်ကို တွေ့လိုက်ရသည့်အဟုတ် နှုတ်မှထွက်လုဆဲဆဲစကားကို ပြောင်းလဲကာ ပြောဆိုလိုက်ရသည်။

'ကျုပ်က သိပ်စိတ်တိုတတ်တယ်၊ ဝမ်းသာတဲ့အခါလဲ စိတ်တိုချင်တိုတာပဲ'

'ဒါဟာ သိပ်ပြီးကောင်းတာပေါ့'

ကူးလောင်က ပြုံးရယ်လျှက်နှင့် ဆိုလိုက်သည်။

မျက်ပြူးက မျက်နှာပျက်သွားသည်။

'ဘာ...ဘာကောင်းတာလဲ'

'ဒီလိုစိတ်တိုတတ်တဲ့သူကို မြင်တွေ့တာနဲ့ရန်သူများက ကြောက် လန့်လှုပ်သွားမယ် မဟုတ်လား'



'ကျုပ်ကတော့ ဘဝတစ်လျှောက်လုံးမှ ဘယ်တော့မှ စိတ်မတိုတတ်ဘူး'

ကျောင်းပန်းက ဝင်ရောက်ဆိုလိုက်သည်။

'ဒါလဲ သိပ်ကောင်းတာပဲ'

ကူးလောင်က ဝင်ရောက် ပြေကျေးလိုက်ပြန်သည်။

'ဘာကောင်းတာလဲဗျ၊ ဘာကောင်းတာလဲ'

'စိတ်မဆိုးတတ်တဲ့သူဟာ ကိုယ့်အတွင်းအစေအာ စိတ်အကြံ အစည်ကို သူများ ရုတ်တရက် မသိနိုင်ဘူးလေ၊ ရန်သူဖက်မှတ် ကို တစ်ချက်တည်းသိအောင် တစ်ခါတည်း ပစ်နိုင်စွမ်းရှိတာ ပေါ့'

ကျောင်းပန်း တစ်ချက်ပြုံးလိုက်သည်။

'ကြည့်ရတာ ကျုပ်တို့က ဘယ်လိုပဲပြောပြော တယ်လိုပဲ ဆိုဆို ခင်ဗျားကတော့ ကျုပ်တို့ကို ချီးကျူးဖြစ်အောင်ချီးကျူး သွားတာပဲ၊ ဒါဟာလဲ ပညာခန်းတစ်ရပ်ပေါ့'

ကူးလောင်မျက်နှာ ပြုံးရယ်သွားသည်။

'ကျုပ်တော်ကတော့ ဒီက မိတ်ဆွေတို့လောက် သက်ဆိုး ကောင်းတဲ့ ပညာစွမ်းတွေမရှိဘူး၊ ကျုပ်တော်ကတော့ အခုလို မတောက်ရသေးခင်က ပညာနဲ့ပဲ ထမင်းစားနေရတယ်'

သူတို့ စကားအချီအချ ပြောဆိုနေသည်ကို ထောင်မင်း ပြုံးရယ်ကာ နားထောင်နေရာမှ အမှတ်မထင် လှမ်းမေးလိုက် သည်။

'ခင်ဗျားတို့ရဲ့ လူတွေအားလုံး ရောက်ကြပြီလား'

'ရောက်ပါပြီ သူဌေးကြီး'

www.burmeseclassic.com

www.burmeseclassic.com



ကျန်မောင်းက မေးမြန်းကြားလိုက်သည်။

'ကျုပ်တို့ ကြားတားတာကတော့ ခင်ဗျားတို့ ခုနစ်ယောက် လာကြမယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် ကျန်နှစ်ယောက်ကော ဘယ်မှာကျန်ခဲ့ကြသလဲ'

ချန်ပေါင်းနှင့် အပေါင်းပါများ မျက်နှာ ပျက်သွားကြသည်။

## အခန်း (၃၆)

သို့သော်လည်း ချက်ချင်းပင် ဌေးမြဆည်ကာ ပြန်လည်ဖြေကြားလိုက်သည်။

'ကျန် နှစ်ယောက် လာ လာ... မလာ လာ အားလုံး အတူတူပဲ'

'အေြာ်... ဟုတ်လား'

'ကျုပ်တို့ ငါးယောက်လာတယ်ဆိုရင်ပဲ လုံလောက်နေပြီ'

'မှတ်မညီးဆိုတဲ့ကောင်နဲ့ ဆိုပြီး တွေ့ရင်ကော ဒီ ငါးယောက်နဲ့ လုံလောက်မှာလား'

'ဖြစ်တယ် ဘယ်သူနဲ့တွေ့တွေ့ လုံလောက်တယ်'

လောင်မင်းက သဘောင်ကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခုတလော ပင့်ကူနက်ဂိုဏ်းရဲ့ ဂုဏ်သတင်း ပိုကြီးခဲ့နေယ်ဆိုတာ ကြားသိရတယ်၊ အားလုံးဟာလဲပဲ လက်ရည်မခေတဲ့ ဆိပ်တန်းသိုင်းသမားတွေ ဖြစ်ကြတယ်၊ 'ဒါပေမယ့် ကျုပ်အတွက် စိတ်မချရတဲ့ ကိစ္စတစ်ရပ် ရှိနေတယ်'

'ဘာကိစ္စများလဲ'

ထောင်မင်းက လက်ခုပ်တစ်ချက်တီးလိုက်ရာ တံခါးဝတွင် လူနှစ်ယောက် ပေါ်လာသည်၊ သူတို့သည် လှံတစ်ချောင်းကို ကိုင်ဆောင်ကာ ဝင်ရောက်လာပြီး ထောင်မင်းအား ပေးလိုက်လေသည်၊

လှံကိုမြင်လိုက်သည်နှင့် ကျန်မောင်းနှင့် အပေါင်းအဖော်များ ချက်ချင်းပင် မျက်စိမျက်နှာပျက်ဖြစ်သွားကြလေသည်၊

'ဒီလှံ ရှည်ကိုတော့ ပင့်ကူနက်ဂိုဏ်းသားတွေ မှတ်မိတန်ကောင်းပါရဲ့'

သူတို့ ကောင်းကောင်း မှတ်မိကြလေသည်၊ တာလီ ညီနောင် အရစ်ကိုဖြစ်သူ၏ သီးခြားကိုင်ဆောင်သော လက်နက်၊ ထိုလက်နက်ဖြင့် အသက်ပေါင်း များစွာကိုပင် ခြွေယူခဲ့ဖူးသည်၊

'ဘယ်သိုင်းသမားမဆို ကိုယ့်လက်နက်ကို အသက်နဲ့ထပ်တူ မြတ်နိုးတတ်ကြတယ်၊ ကိုယ်နဲ့မကွာ ထားလေ့ ရှိကြတယ်လို့ ကျုပ်ကြားဖူးတယ်၊ အခုတော့ဗျာ ဘယ်လို ကြောင့်များ သူ့များလက်ထဲ ရောက်သွားသလဲ မပြောတတ်ပါဘူး'



ထောင်မင်းက ချက်ပိုင်ပိုင်ဖြင့် ပြောဆို ထောက်ပြ လိုက်သည်၊

မှန်၏၊ ထောင်မင်းဆီကောင်းမှာ မှန်လေသည်၊ သိုင်းသမားသည် မိမိ ကိုင်ဆောင်သည့် လက်နက်ကို အသက်နှင့် ထပ်တူ ချစ်မြတ်နိုးကြသည်၊

မိမိအသက်ရှင်နေသမျှ ကာလပတ်လုံး ကိုင်ဆောင်သော မိမိ၏ လက်နက်နှင့် ကင်းကွာနေသော် မရှိကြ၊

ကင်းကွာသည်နှင့်တစ်ပြိုင်နက် ထိုသိုင်းသမားသည် အသက်နှင့် ခန္ဓာ အိုးစားကွဲသွားခြင်းကြောင့်သာဖြစ်ပေတော့သည်၊

ကျန်မောင်း မျက်နှာပျက်ရပြန်လေသည်၊

ရှက်စိတ် နာကြည်းစိတ်ကြောင့် အသားမင် တဆတ်ဆတ် တုန်လာမိသည်၊

'မသိလို့ မေးပါရစေ၊ ဒီလက်နက်ကို ခင်ဗျားတို့ ဘယ်က ရလာတာလဲ'

'မိန်းမပျိုတစ်ဦး လာပို့သွားတာပဲ၊ ပင့်ကူနက် ခေါင်းဆောင်ကို ပေးလိုက်ဖို့ မှာသွားတယ်'

'အဲ့ဒီ မိန်းမပျိုဟာ ဘယ်ကလဲ၊ အခု ဒီမှာ ရှိသေးလား'

'ရှိတယ်လေ'

'ဘယ်မှာလဲ ပြောပါ'

'အပြင်ဘက်မှာ ရှိနေတယ်'

ထိုစကားကိုကြားလိုက်သည်နှင့် သူတို့အထဲမှလူရိပ်တစ်ခုမှာ တံခါးအပြင်ဘက်သို့ တစ်ဟုန်ထိုး ခုန်လွှားပြေးထွက်သွားလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်းပင် တစ်ဝိုင်း တစ်ခုနှင့် တိုက်ခိုက် ထိတွေ့ ရိုက်မိခံလိုက်ရသည့်အတိုင်း ထိုသူမှာ နောက်ဘက်သို့ လွင့်ထွက် လဲကျသွားခဲ့ရသည်။

ထိုသူသည် အငဲမကျေသေး။ နောက်တစ်ကြိမ် ဒုန်းစိုင်း ပြေးထွက်သွားပြန်သည်။

ဤတစ်ကြိမ်တွင်မူ တစ်ဖက်မှ တိုက်ခိုက်မှုမှာ ပိုမိုကြီးမား သွားပြီး လွင့်ထွက် သွားပြန်သည်။

မိုးချိုးဝေးသော နေရာသို့ ရောက်သွားပြီး အကျ နာသွား လေတော့သည်။

ထိုသူမှာ အခြားသူမဟုတ်၊ ဘာသီညီနေဝင်အနက်ညီ ဖြစ်သူပင် ဖြစ်ပေသည်။

အစ်ကိုဖြစ်သူ အသက် ခံရသည့်အတွက် မကျေမချမ်း နာကြည်း ခံပြင်းစိတ် ဖြစ်လွန်းသည့်အတွက် သျှော်တစ်ပြက်အတွင်း ထကြွလှုပ်ရှားလိုက်ခြင်းပင်ဖြစ်သည်။

ကျန် ပင့်ကူနက် ဂိုဏ်းသား သုံးဦးတို့၏ လှုပ်ရှား လှုပ်ရှား ထွက်တော့မည့် ခြေလှမ်းများမှာ တုံ့ဆိုင်း ရပ်တန့် သွားကြ လေသည်။

ဂိုဏ်းခေါင်းဆောင် ဖြစ်သူက ခေါ်သံထွက်ကာ အမိန့်ပေး လိုက်သည်။

"အသုံးမကျတဲ့ ကောင်တွေ ငါ့အရှက်ကို ခွဲတယ်၊ မင်းတို့ အားလုံး ထွက်သွားကြစမ်း"



ခေါင်းဆောင်၏အမိန့်ကို မလွန်ဆန်ဝံ့သည့်အတွက် ဂိုဏ်း သားသုံးဦးမှာ တံခါးဝ အပြင်ဘက်သို့ ထွက်သွားကြလေ တော့သည်။

အားလုံးမှာ တစ်ဖန် ဖြစ်ပေါ်လာမည့် ပြဿနာအခြေ အနေကို ရင်တထိတ်ထိတ်နှင့် စောင့်ဆိုင်းနားစွင့်လျက်ရှိနေကြ သည်။

မကြာခင် အဖြူအမည်း အရှုံးအနိုင် ကွဲပြားသွားလေ ပြီး တိုက်ပွဲ၏အခြေအနေမှန်ကိုလည်း သိလိုက်ရလေတော့ သည်။

ပင့်ကူနက် ဂိုဏ်းသားများ ပြန်ရောက် မလာကြတော့ ချေ။

သူတို့ကိုယ်စား သူတို့တစ်ဦးစီ၏ သီးခြားတိုင်ခေါင်းဆောင်သော လက်နက်များမှာ တောင်မင်းတို့ရှိရာ အခန်းထဲသို့ ချွတ်တရက် အမှတ်မထင် လွင့်စဉ်ကျရောက်လာသည်။

အကြီးအကျယ် တုန်လှုပ်ထိတ်လန့်၍ ချောက်ချားသွား သူမှာ ကျန်တောင်မင်း ဖြစ်သည်။ ထိတ်လန့်၍ တစ်ကိုယ်လုံး အသားတဆတ်ဆတ် တုန်ယင်ကာ ပါးစပ်အဟောင်းသားဖြစ် ကာ ဇောချွေးပင် ပြန်လာသည်။

အထူးရှင်းလင်းပြောဆိုရန်ပင် မလိုတော့။ အခြေအနေက ဆိုးနေသည်။

တောင်မင်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး....

"ဘယ့်နှယ်လဲ ကျုံးလေးရင်၊ မင်းလူတွေကိုသာ အားကိုး မိရင် ငါတော့သေဖို့ပဲ ရှိတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကူးလောင်မှာ မျက်နှာပျက်နေပြီး စကားပင် မဟရဲတော့ချေ။

ကျွန်မောင်းအတွက် ကြီးမားသော စော်ကားမှု တစ်ရပ်ပင်ဖြစ်သည်။

သေရသည့်တက်ပင် အခံရခက်သွားသည်။ သူသည် ရုတ်တရက်ဆိုသလိုပင် ခါးကြားမှ ဓားမြှောင် တစ်ချောင်းကို ဆွဲထုတ်ကာ ရင်ဝဆီသို့ စိုက်ချလိုက်သည်။ ဘဝနိဂုံး ချုပ်သွားရှာလေသည်။

ကူးလောင်မှာ ပို၍ပင်စိတ်ချောက်ချားကာ တုန်လှုပ်သွားသည်။

ထောင်မင်း၏အသံက ပေါ်လာသည်။

'ကူးလောင်...မင်းလဲ သိပ်ပင်ပန်းနေပြီ၊ ပြန်ပြီးအနားယူလိုက်ဦး'

ထိုစကားကြားမှ ကူးလောင်မှာ ပို၍ပင် မလှုပ်ရဲတော့ချေ။

သူ့အတွက် အဆက် အန္တရာယ်သည် အချိန် အခါမရွေး ကျရောက် လာနိုင်သည်ကို သူ ကောင်းကောင်း ရိပ်စားမိခဲ့ပြီ ဖြစ်သည်။

ထောင်မင်း ရှေ့မှောက်တွင် ကူးလောင်သည် ဒူးထောက်ထိုင်ချလိုက်လေသည်။ ထိုသို့ပြုမူခြင်းမှအပ သူ့တွင် အခြား



နည်းလမ်း မရှိတော့ချေ။ ထောင်မင်း၏အသံက ပေါ်ထွက်လာပြန်သည်။

'ကူးလောင် မင်းကို ပြောနေတာ မကြားဘူးလား သွားတော့ဆို သွားလေ'

ကူးလောင် ဘေးကျပ်နံကျပ် တွေ့သွားသည်။ ထောင်မင်း၏စကားသည် အမိန့်သာပင်ဖြစ်သည်။ အမိန့်ကို လွန်ဆန်သော သူသည် သေဒဏ်ခံရမည်သာ။

မသွားတော့ချေ။ မိမိ၏ အကြံအစည်လည်း ပေါ်သွားပြီ။ ဇာတ်ရုပ် ပေါ်ခဲ့မှတော့ ဆက်လက်ဟန်ဆောင်နေစရာ မလိုတော့ချေ။

သူသည် ရုတ်တရက် လူသေ ကိုယ်ပေါ်မှ ဓားမြှောင်ကို ဆွဲယူကာ ထောင်မင်းအား အသေသတ်ရန် ခုန်အုပ်လိုက်လေသည်။

'ဇန်...'

ထိုစဉ် ဇန်...ဟူသော အသံနှင့်အတူ ကူးလောင် လက်ထဲမှ ဓားမြှောင်မှာ လွင့်ထွက်သွားလေတော့သည်။ ကူးလောင်မှာ အံ့ဩတုန်လှုပ်သော မျက်လုံးဖြင့် တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်လေသည်။

သူ အလွန်ပင် အံ့အားသင့်သွားသည်။ ဝတ်ရုံနီနှင့် မိန်းကလေးတစ်ဦး။

နှင်းဆီပန်း တစ်ပွင့်ကို ပန်ထားသည့် ရွှေရောင်[illegible] ဓားတစ်ချောင်းကို ဆိုင်းလွယ်ထားကာ တံခါးပေါက်ရှေ့တည့်တည့်တွင် ခါးထောက်ပြီးရပ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မင်း၏မျက်နှာမှာ ဖော်မပြနိုင်သောပီတိများ လွှမ်းမိုးနေလေသည်။ ကူးလောင်၏မျက်နှာသည် သွေးမရှိ၊ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ထောင်မင်း၏ လက်ခုပ်သံနှစ်ချက် ပေါ်လာသည်နှင့် သိုင်းသမားနှစ်ယောက် အခန်းထဲသို့ ခင်ရောက် လာလေတော့သည်။

'တဲ့... ဒီသစ္စာဖောက်ကို ဖမ်းချုပ်ထားလိုက်စမ်း'

ယခု ထောင်မင်းနှင့် ကူးလောင်တို့၏ လွန်ဆွဲပွဲမှာ အနိုင်အရှုံး ပေါ်သွားလေပြီ။

ဤထောက်လှမ်းမှုမှာ ဤသို့သော နိဂုံးတာမွတ်ချုပ် အဆုံးသတ်ရမည်သာ ဖြစ်ပေသည်။

လူ့အသက်ကို လှို့ဝဟန်ဖိုးမထားသော ထောင်မင်းမှာ သိုင်းသမား တစ်ယောက်သေလျှင် နောက်ထပ် တစ်ယောက်ကို ငွေပေး၍ခေါ်ပြီး ခိုင်းပြန်သည်။

တပည့်ရင်း မွေးမြူပြန်သည်။

သူ့အတွက် လောက၌ အရေးအကြီးဆုံးမှာ ငွေ၊ ငွေသာလျှင် အဓိကဖြစ်သည်။ ငွေသာရှိလျှင် ဘာမဆို ဖန်တီးယူနိုင်သည်ဟု ယူဆထားသည်။

သူ၏လက်အောက်၌ အမှုထမ်းရင်း သေဆုံးသွားသော သိုင်းသမားတွေလည်းမနည်းတော့ပေ။ မသေခင် ကာလအတွက် အရေးပေး ခံရသလောက် သေသွားသော အခါ တမှုံ



အလောင်းပင် သိမ်းဖော်မရ။ ဤမျှအားကိုးရသော ထောင်မင်းတည်း။

ထောင်မင်း၏ ယုတ်မာသော အကျင့်စရိုက်ဆိုးနှင့်ကောက်ကျစ်မှုကို မြင်တွေ့နားလည်လာကြသော အခါ သူ့အတွက် အသက်စွန့်၍ အမှုထမ်းလိုသူ သိုင်းသမားများမှာ တဖြည်းဖြည်းနှင့် လျော့နည်းလာစ ပြုလာလေတော့သည်။ အမှန်တော့ ထိုတို့သည် ငွေမျက်နှာကြောင့်သာ ငွေမက်၍ မျက်စိမှိတ်ပြီး လုပ်နေရခြင်းဖြစ်သည်။

သူ တကယ် အားကိုးအားထားပြုနေသော တပည့်လက်ရုံးများမှာလည်း သေသူတွေကသေ၊ သစ္စာဖောက်သူ တွေကဖောက်၊ အကောက် ကြံလိုသူများ ကလည်း ကြံကြသည်။ ယောကျ်ားတပည့် လက်ရုံးများပင် မဆော့ဝံ့တော့ချေ။ ခုတော့ သူအားကိုးလောက်သော တပည့်လက်ရုံး မိန်းမပျိုတစ်ယောက် [illegible] ဆီသို့ ရောက်လာခဲ့လေပြီ။

အကွက်မြင်သည့်အမြင် အကြံပိုင်တာ တတ်လည်း တတ်[illegible]နိုင်လွန်းသော ထောင်မင်းပင်။

မိန်းကလေး၏ ရုပ်ရည်ကလည်း ချော၊ အရွယ်ကလည်း [illegible]ငယ်၊ သိုင်းပညာစွမ်းရည်မှာ အဆင့်ရှိထားသူမို့ မိန်းကလေး[illegible]မှာ ထောင်မင်း၏ အလေးပေး ဂရုစိုက်ခြင်းကို ခံရသည်မှာ [illegible]အဆန်းမဟုတ်ပါ။

ထောင်မင်း ကုသိုလ်ကံကောင်းသည်ဟု [illegible] တီးတိုး [illegible]ပြောကြသလို၊ တချို့ ကလည်း သူ့ငွေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အပ်နှေအညီနှင့် ရေကန်အသင့် ကြာအသင့်ပဲ တု ကျိ…
ဆိုကြသည်။

မည်သို့ပင်ပြောပြော၊ မည်သို့ပင်ဆိုဆို အောင်မင်း၏ …
ကြမ္မာကို ဆက်လက်၍စောင့်ကြည့်ကြပါစို့။

## အခန်း (၃၇)

အချိန်က နေ့လယ်ခင်း။

တစ်ခုသော အရက်ဆိုင်တွင်…

လူနှစ်ယောက် အတူတူ ထိုင်ကာ အရက် သောက်နေကြသည်။

သူတို့၏ မျက်နှာသွင်ပြင်က သားနားမှု လုံးဝမရှိ၊ အဝတ်အစားမှာလည်း ဟောင်းနွမ်းညစ်ထေးထေးနှင့် အရက်သမားများ စင်စစ်ဖြစ်ကြဟန် ရှိသည်။

ဟေ့ကောင်…မင်းမှာ အရက်ဖိုးပိုက်ဆံ ထယ်သော့တယ်ပါသလား၊ ငါ့မှာတော့ မပါဘူးကွ

အရက်သမားနှစ်ဦးအနက် တစ်ဦးက သူ့အဖော်ကိုမေးမြန်းသူဖြင့် လိုက်ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်း — ဒါတွေ ပူမနေစမ်းပါနဲ့ကွာ၊ ငါ့တာဝန်သာထား၊ သောက်ချင်သလောက်သာ သောက်စမ်း၊ အရက်ဖိုး ပိုက်ဆံ ပေးဖို့ မသိုတဲ့ နည်းလမ်း ငါ့မှာရှိတယ်၊ မင်း စိတ်ချလက်ချ သာ သောက်

အုန်း အဖော်က ပြုံးရယ်စွာဖြင့် ပြန်ဖြေလိုက်သည်။

ဤသို့နှင့် အရက် တစ်ပလင်းပြီး တစ်ပုလင်း သူတို့ဆီသို့ အဆက်မပြတ် ရောက်လာသည်။

ရေချိန်ကိုက်စ ပြုလာသည်။ သေရည်တန်ခိုးကပြုလာသည် နှင့် တစ်ယောက်က အဖော်အဖြစ် သူ့ကိုမျက်စိတစ်ဖက်မှိတ်ပြ ကာ အရက်နှင့် လမ်းပက်လေတော့သည်။

ထိုအခါ ရန်ပွဲက စလေသည်။ သူတစ်မြွန် ငါတစ်ပြန် ထိုးကြိတ်လိုက်သည်နှင့် ဗိန်ခွက်တွေကလည်း ကြေ၊ အရက် အိုးများလည်း ကွဲသွားကြလေတော့သည်။

ဆိုင်ထဲတွင် ချက်ချင်းပင် ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး သူညီ သွားလေတော့သည်။

နောက်ဆုံးတွင် ထိုအရက်သမား နှစ်ဦးမှာ ဒယီးဒယိုင်နှင့် တစ်ယောက်ကို တစ်ယောက်ဖက်ကာ ဆိုင်ထဲမှပြေးထွက်သွား ကြလေတော့သည်။

မါးစပ်အပေါင်းသားနှင့်ကျန်ခဲ့သူမှာ ဆိုင်ရှင် လင်မယား ပင် ဖြစ်၏။

မှည့်သို့ပင်ဖြစ်စေ၊ နှစ်နှာသည့်သူများမှာ ရိုးရိုး သားသား မန်မှန်တန်ကန်နှင့် လုပ်ကိုင်စားသောက်နေကြသောသူများသာ ဖြစ်ပါသည်။



မြို့စား၊ နယ်စားများ ကြီးစိုးလျက် ရှိသော ထိုခေတ် ထိုအခါတွင် ထိုသို့သော မသမာမှုတို့မှာ နယ်မရွေး၊ နေရာ တကာတွင် ဖြစ်ပေါ်လျက်ရှိ၏။

ရိုးရိုးသားသားနှင့် ကြီးစားပန်းစား၊ လုပ်ကိုင်စားသောက် နေကြသူများမှာ ထို မမှန်သော သူတို့ အသိုက်အဝန်းတို့၏ နှိပ်စက်အနိုင်ကျင့်ခြင်းကို အမြဲပင် ခံရစမြဲပင် ဖြစ်သည်။

ယင်းတို့အနက် အဆိုးဆုံးမှာ ငွေကြေး ချမ်းသာသော လယ်ရှင်၊ မြေရှင်၊ မြေရှင်၊ သူဌေးများနှင့် မြို့စားမင်းတို့ပင် ဖြစ်လေသည်။

သူတို့သည် မြို့မျက်နှာဖုံး လူကြီးလူကောင်းအသွင်မှာ အမည် တပ်ထားသော်လည်း အမှန်စင်စစ်မှာ လက်တစ်လုံးခြား နှင့် ဥပဒေကိုလှည့်ကာ မြည်သူလူထုအား နည်းအမျိုးမျိုး ၊ အကြောင်းအသွယ်သွယ်ဖြင့် နှိပ်စက်ညှဉ်းပန်း၍ ဒုက္ခလှလှကြီး ပေး နေသူများပင် ဖြစ်သည်။

တကယ်တော့ သူတို့သည် မကောင်းမှုဒုစရိုက်၏ရေသောက် မြစ် ပင်မ ဇာတိုပင် ဖြစ်သည်။

သူတို့၏ယုတ်မာရက်စက်မှုကြောင့် အပြစ်မဲ့သည့် မွဲညံ့နွမ်း လူတန်းစားများ၏ အသက်ပေါင်းများစွာတို့မှာ မသေသင့်ဘဲ သေခဲ့ရသည်။ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည်၊ မဆင်းရဲသင့် ဘဲ ဆင်းရဲခဲ့ကြသည်။

မြေရှင်ကြေးရှင်များနှင့် မြို့စားမင်းတို့မှာ တစ်ကိုယ်ကောင်း ဆန်စဉ်းလဲသမားများပင် ဖြစ်ကြသည်။

သူဌေးမင်းက တင်ပြလာသော အမှုကိစ္စရပ်များကို မြို့စား

www.burmeseclassic.com

www.burmeseclassic.com



မင်းက အကြောင်း အလိုပါ ခေါင်းညိတ်ကာ သူဌေးမင်း အလို ကျ ဆော်ဖက်သော် ဒီရင်ချက် ချမတ်ပေးလေ့ရှိသည်။

ယခုတွင် ဘွင်းကြည့်သူဌေးမင်းက သီးစားခငွေ မပေးဆပ်နိုင်၍ အကြွေးခေါင်နိုက် ရောက်နေသော လယ်သမားတစ်ဦး အား မြို့စား မင်းထံပို့ရန် ရောက်လာသည်။

လယ်သမားများမှာ ကုသိုလ်ကံ နည်းလှသဖြင့် ကြမ္မာငင် ကာ မိုးမကျန်း ဖြစ်သည်က ထပ်ကြောင်း၊ လေမိုး ဖျက်၍ ထပ်ကြောင်းတို့ကြောင့် ယခုနှစ်တွင် စပါးထွက်နှုန်းဆိုး၍လွန်စွာ လျော့ကျသွားလေသည်။

ကျွတ်ခင် သူဌေးမင်းကမှုထားနာရခဲ့သည်။ ကြွေးငွေ မပေး ဆပ်နိုင်သည်အတွက် အိမ်ကိုသိမ်းလိုသည့်အဖြစ် လူကိုလည်း ဖမ်းချုပ်လိုက်လေသည်။

မြို့စားမင်းကြီး၏ ကြီးကျယ် ခမ်းနားသော အိမ်ထဲတွင် သူဌေးကြီး ထောင်မင်း၏ သက်မြွန်ကြီး အတွင်း ခံစားရသော တရားခံလယ်သမားနှင့် ဓားသမားဖြစ်သည့် သိုင်းသမားများ ရောက်ရှိနေကြသည်။

မကြာခင် မြို့စားမင်းသည် အောက်ထပ်သို့ဆင်းလာကာ ညွှန်ခန်းတွင် တခမ်းတနား ဖြင့်ဆင်ထားသော ကုလားထိုင် တွင် ထိုင်လိုက်လေသည်။

ထောင်မင်း၏ ကိုယ်ရံတော် သိုင်းသမားများသည် ဓားကို ကိုင်တွယ်ကာ နေရာမှ အသင့်ရပ်နေကြ၏။

'မြို့စားမင်း...ကျန်းမာသာလို မာတော်မူပါစ'

ထောင်မင်းက ကြိုဆိုနှုတ်ဆက်လိုက်၏။



'မာပါတယ် သူဌေးကြီး၊ ဘယ်လို အကြောင်းများ ထူး လာပြန်လို့လဲ'

မြို့စားမင်းက မေးလိုက်၏။

'မြို့စားမင်း၊ ဒီကောင်ဟာ အကြွေးအမျိုးမျိုး ပြီး သီးစားခငွေကို မပေးဘဲ အာဏာဖီဆန်နေတဲ့ တရားခံ တစ် ယောက်ဖြစ်ပါတယ်၊ ကျွန်တော်မျိုးကတော့ သူ့အိမ်ကို သိမ်း ပြီး အမှုစီရင်ချက်ချဖို့ တရားခံကို မြို့စားမင်းထံ ခေါ်ခဲ့တာ ပါပဲ'

မြို့စားမင်းက ခဲ့မြုံးဆော်ချက် ဖြိုးဆိုက်ကာ....

'ဒီကိစ္စ မခက်ပါဘူး၊ သီးစားခငွေမပေးရင် ပေးအောင် လုပ်တဲ့နည်း ရှိသားပဲ၊ ကဲ...ဒီကောင့်ကို ကြိမ်ဒဏ် အချက် နှစ်ရာပေးစေ'

မြို့စားမင်း၏ အမိန့်ပေးလိုက်သည်နှင့် ကြိမ်တုတ်ကိုယ်စီ ကိုင်ဆောင်ထားသော လူနှစ်ယောက် အားလုံးသော မြင်ကွင်း သို့ရောက်လာကြသည်။

တရားခံလယ်သမားကို အင်္ကျီချွတ်စေ၍ ကြမ်းပြင်ပေါ်တွင် ဘုန်းဘုံး မှောက်ခုံစေလိုက်သည်။ ပြီးတော့ မကြာတီစရာ တုန် လှုပ်ဖွယ်ကောင်းသည့် ကြိမ်ဒဏ်များက ကိုယ်ပေါ်ကို တစ် ချက်ပြီးတစ်ချက် ပေါ်ထွက်လာလေတော့သည်။

'ခွပ်'

'အား'

'ခွင်'

www.burmeseclassic.com

www.burmeseclassic.com



‘တစ်ချက်၊ နှစ်ချက်၊ သုံးချက်၊ လေးချက်မြောက် ကြိမ်ရိုက်နှက်ပြီးသော အခါတွင် ရုတ်တရက် ရပ်တန့် သွားခဲ့လေသည်။

ကြိမ်ကိုင်ဆောင်ထားသူနှစ်ဦးမှာ စကားလည်း မပြောတော့၊ လှုပ်လည်းမလှုပ်တော့၊ ရွယ်မြှောက်ထားသော လက်နှစ်ဖက်မှာလည်း လေထဲတွင် မြှောက်လျက် တန်းလန်းဖြင့် ဖြစ်နေသည်။

တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် ပစ်၍ အကြောပိတ်လိုက်ခြင်းပင် ဖြစ်၏။

လူအားလုံး ငေးကြောင်ကာ အံ့သြတုန်လှုပ်သွားကြလေသည်။

ထိုဦမှာပင် အခန်းထဲသို့ လူတစ်ယောက် ဝင်လာလေသည်။

မြို့စားမင်းနှင့် ထောင်မင်းတို့မှာ မျက်နှာ အကြီးအကျယ် ပျက်သွားကြသည်။ ကပည့်သင်းသမားတို့၏ လက်တွေလည်း ဓားအိမ်မှ ဓားများဆီသို့ အသင့်ရောက်သွားကြသည်။

ထိုသူကား မြို့စားမင်းနှင့် မလှမ်းမကမ်းတွင်ရပ်လိုက်သည်။ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

‘ခင်ဗျားတို့ဟာ တော်တော်မတရားတဲ့သူတွေပဲ၊ ခင်ဗျားတို့လူစု ကောင်းစားဖို့အတွက် ဆင်းရဲသား လယ်သမားတွေဟာ ကျွဲနွားလို ရုန်းပြီး ခင်ဗျားတို့ လူစုကို အလုပ် အကျွေး ပြုနေရတယ်၊ သူတို့ခများကျတော့ ဇော်တစ်ချိ ပြတ်တစ်လှည့်



ထမင်းနပ်မှန်အောင်တောင် မစားနိုင်ကြရှာဘူး၊ ဒါကို ခင်ဗျားတို့ သိကြရဲ့လား’

‘ခင်ဗျားတို့ကတော့ ဘယ်သိကြရမလဲ၊ ခင်ဗျားတို့က အာဏာရှင်၊ အရင်းရှင်၊ မြေရှင်ပီပီ ဆင်းရဲသား ပြည်သူလူထုအပေါ် အနိုင်ကျင့်မယ်၊ တုပ်နှောင်ဖို့လောက်ပဲ သိကြနေတာပဲ။

တကယ်တော့ သူတို့ဟာ ခင်ဗျားတို့ရဲ့ ကျေးဇူးရှင် အစစ်တွေ၊ သူတို့သာမရှိရင် ခင်ဗျားတို့ရဲ့ အခု ချမ်းသာမှုဟာလဲ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဒါကို ခင်ဗျားတို့ သိထားကြစမ်းပါ။

‘ခင်ဗျားသိထားဖို့က ခင်ဗျားတို့ကလဲ လူပဲ၊ လယ်မဲ့ယာမဲ့ ဆင်းရဲသားလူတန်းစားတွေကလဲ လူပဲ၊ ဘယ်သူမဆို အသက်ရှင်နိုင်ဖို့အတွက် အလုပ်လုပ်ကြရလိမ့်မယ်၊ အလုပ်မလုပ် ဘဲ သာခိုပြီး သူများလုပ်အားအပေါ် ခေါင်းပုံဖြတ်တဲ့ လူတွေကိုတော့ လောကကြီးက ကောင်းကောင်းဒဏ်ခတ်လိမ့်မယ်’

မမျှော်လင့်ဘဲ ရုတ်တရက်ဝင်ရောက်လာသော လူစိမ်းတစ်ယောက်၏ မမျှော်လင့်သောစကားများကို ကြားလိုက်ရသောကြောင့် မြို့စားမင်းကိုယ်တိုင်ပင် အသိတရားဝင်လာပြီး နှုတ်မှ ထွက်ကာ....

‘မင်း... တော်တော် လူပါးဝတဲ့ ကောင်ပါလား၊ မင်းက ဘာကောင်မို့ ငါတို့မြို့စားမင်းကို ခုလို စော်ကားရတာလဲ’

‘ကျုပ်နာမည် ဖွတ်မည်း၊ အသိုးမကျတဲ့ ဖွတ်မည်းဆိုတာ ကျုပ်ပဲ’

www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားလိုက်သည်နှင့် မြို့စားမင်းနှင့်တကွ သိုင်းသမားအားလုံး တုန်လှုပ်သွားကြသည်။

ဖှုတ်မည်းကို မမြင်ဖူးကြ ဆိုလည်း နာမည် ဂုဏ်သတင်းကိုတော့ ကြားဖူးနေကြပြီဖြစ်သည်။

မည်သူမျှ ရှေ့ဆက်မတိုးဝံ့ကြချေ။

မြို့စားမင်းမှာ မျက်နှာပျက်သွားမှုကို ချက်ချင်းပြန်ဆည်ကာ လက်အောက်ငယ်သား သိုင်းသမားများအား ချက်ချင်း အမိန့်ပေးလိုက်သည်။

"ဟေ့ကောင်တွေ… မင်းတို့ ဘာဖြစ်လို့ ဘာခေးကြောင်နေကြတာလဲ၊ ဒီကောင့်ကို ဖမ်းပြီး ခေါ်ခဲ့ပေးလိုက်စမ်း"

အမိန့်သံကို ကြားကြသော်လည်း သိုင်းသမားများက မည်သူမျှ ရှေ့ဆက်မတိုးဝံ့ကြချေ။

တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ မလှုပ်ရဲအောင် ရှိနေကြသည်။

မြို့စားသီ၏ အမိန့်သံက ခက်ထန်စွာ ပေါ်ထွက်လာပြန်သည်။

"မင်းတို့ယောကျ်ားတွေတော့ ဟုတ်ကြရဲ့လား၊ တစ်ယောက်နဲ့ အများ ဒီလောက်တောင်မှ သတ္တိမရှိကြဘူးလား"

အခြေအနေ မဟန်တော့ကြောင်း ရိပ်စားမိကြသည်နှင့် သူရဲကြီးထောင်မင်းမှာ တချိုးတည်းပင် လစ်ထွက်သွားလေတော့သည်။

သိုင်းသမားများက ဖှုတ်မည်းကို ဝိုင်းလိုက်ကြတော့သည်။



ခုံးအိမ်မှ ဓားများမှာ တဖွေးဖွေးတလက်လက်နှင့် ထွက်လာသည်။

ဖှုတ်မည်းကတော့ မျက်နှာထားချက်မပျက်၊ တုန်လှုပ်ခြင်း အလျဉ်းမရှိ၊ ငြိမ်သက်စွာပင် နေရာ၌ ရပ်မြဲရပ်လျက်ရှိ၏။

"ကျား"

"ယား"

ညာဘက်ပေးကာ သိုင်းသမားနှစ်ဦးက ဖှုတ်မည်းအား ဝင်ရောက် ခုတ်လေသည်။

ဖှုတ်မည်းကို ဒါလောက်ပညာမျိုးနှင့် လုပ်စမ်း၍မရ၊ ချက်ချင်းပင် ဝင်ရောက်လာသော ဓားသမား နှစ်ဦး၏ ဓားကိုင်ထားသော လက်နှစ်ဖက်ကို ဖှုတ်မည်း၏ လျင်မြန်သော လက်များက ဖမ်းချုပ်ကာ တအားကိုင်ပေါက်လိုက်သည်။

နောက်ထပ် နှစ်ယောက်ဝင်လာပြန်သည်။

ဖှုတ်မည်းက လျင်မြန် ဖျတ်လတ်စွာဖြင့် ခြေတင် တစ်ခတ်ကာ လက်မြန်အဖစ်ချက် တွယ်လိုက်သည်နှင့် ဓားသမားနှစ်ဦးမှာ မရှုမလှဖြင့် ဗိုလျှက်သား ကျသွားပြန်လေသည်။

နောက်ထပ်ရောက်လာပြန်ပြီ။

သိုင်းသမားငါးယောက် ဓားမိုးကာ ဖှုတ်မည်းအား ဆီးခုတ်ရန် ဝင်ရောက်လာကြပြန်လေသည်။

ဖှုတ်မည်းသည် ရုတ်တရက် မျက်နှာကြက်မှ ချောင်းဆွဲ သွယ်တန်းထားသော ဖန်မီးဆိုင်းကြီးကို ခုန်၍လှမ်းဆွဲကာ ဝင်ရောက်လာသော သိုင်းသမားငါးယောက်အား ခြေသိုင်းပညာစွမ်းကို လှလှပပကြီးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှလိုက်သည့်ခြေစွမ်း၊ အရှောင်အတိမ်း အဆောင့်အကန် ခြေအသိမ်းအယူတို့ ထူးခြားပြောင်မြောက်လှသည်။

သိုင်းသမားငါးယောက်စလုံး သူ၏ခြေချက်မိကာ နောက်သို့ လွင့်စဉ်ကျသွားရလေသည်။

ဖွတ်မည်း၏ ခန္ဓာကိုယ်မှာ လဲပွင့်ကနေလေးမော ကြမ်းပေါ်သို့ ပြန်အကျ...

ဓားမြောင်နှစ်လက်မှာ အရှိန်ပြင်းစွာဖြင့် လေကို ထိုးခွဲကာ ဖွတ်မည်း၏ ခေါင်းတစ်ဖက် တစ်ချက်ဆီသို့ ဝင်ရောက်လာသည်။

နွားပါးသူ ဖွတ်မည်းကတော့ ချက်ချင်းသိလိုက်သည်။ ဓားနှစ်ချောင်းတို့အား ထိလုဆဲဆဲတွင် လက်နှစ်ဖက်ဖြင့် ရုတ်တရက် ဖမ်းချုပ်လိုက်သည်။

ပြီးတော့ ချက်ချင်း တစ်ဆက်တည်းမှာပင် ဓားလာရာဘက်ဆီသို့ ပြန်လည်ပစ်တုတ်လိုက်ရာ...

'အား'

'အင့်'

နာကြည်းသံများ နှစ်ချက် ထွက်ပေါ်လာကာ မြို့စားမင်း၏ လက်ရုံးဖြစ်သော သိုင်းသမားနှစ်ဦး တ၀ နှိုင်လုံးချုပ်သွားခဲ့တော့သည်။

နောက်ထပ် ဓားသမားတစ်စု ဝိုင်းအုံလာပြန်ကာ ဖွတ်မည်းအား အတင်းဝင်ရောက် တိုက်ခိုက်ပြန်လေသည်။

မည်သည့်စွမ်းတ ကွာခြားနေသောကြောင့် ဓားသမားတို့၏



ဓားစွမ်းက ဘယ်လောက်ပင်အားကောင်း ဖွတ်မည်းကာ အမြဲ မပျက်ပေ။

အသွားကို ထိဖို့မဆိုထားနှင့်၊ အကျီစကိုပင် ထိနိုင်စွမ်းမရှိကြပေ။ ရန်သူ၏ဓားချက်မှာ လေကိုသာ ထိုးခုတ်မိကြလေသည်။

ဖွတ်မည်း ရုတ်တရက် လျှင်မြန်စွာ လှုပ်ရှားလိုက်သည်နှင့်....

'သေပါပြီဗျာ၊ အား'

'အင့်'

'အား'

'အီး'

အော်သံများ ဆက်တိုက် ထွက်ပေါ်လာပြီး ဓားသမားတစ်စု လဲကျသွားကြပြန်သည်။

ဖွတ်မည်း၏ လက်ဝါးစောင်း၊ တံတောင်၊ ဒူး၊ ဖနောင့်၊ ခြေစောင်းများကို တရစပ်မိသွားကြခြင်း ဖြစ်ပေသည်။

အခြေအနေ မဟန်တော့သည်ကို သိလိုက်သည့်အတွက် မြို့စားမင်းမှာ ရှောင်ဟိမ်းလစ်ထွက်ရန် ပြုလိုက်သည်။

သို့သော် ဖွတ်မည်း၏ မျက်သိုးက လျင်သည်။ လှမ်းမြင်လိုက်၏၊ အများအတွက် အန္တရာယ်ပေးမည့် မြေဆိုးကို ဆက်လက် အသက်ရှင်ခွင့်ပေးရန် မလိုအားတော့။ မြေဆိုးတို့ည်သည် အသက်ရှင်နေသရွေ့ လူသားတို့အတွက် ကြီးစွာသော အန္တရာယ်ဖြစ်သည်။

ဖွတ်မည်း ဆက်လက် စဉ်းစားမနေတော့ဘဲ ခါးကြားမှ

www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်တစ်ချောင်းကို ဆွဲယူကာ ထွက်ပြေးရန် ပြင်နေသော မြို့စားမင်း၏ လည်ကုတ်ဆီသို့ ပစ်ပေါက် လိုက်လေသည်။

ဖွတ်မည်းလက်မှ လွှဲခဲ့သည်။ လိုရာပစ်မှတ်ကို ထိထိမိမိ ပစ်နိုင်စွမ်းလည်းရှိသည်။

အား

ဟူသော အသံတစ်ချက် ထွက်ပေါ်လာပြီး မြို့စားမင်းမှာ ခွေပဲဝင်သွားရှာလေသည်။

မြို့စားမင်း အခြေအနေကို သိလိုက်ရသည်နှင့် ကျန်သိုင်းသမားများတို့မှာ ရှေ့သို့မတိုးရဲ၊ မလှုပ်ရဲတော့ချေ။ တုန်လှုပ်ချောက်ချားသော မျက်လုံးတွေဖြင့် ဖွတ်မည်းအား ငေးကြည့်နေသည်။

ဖွတ်မည်းကတော့ မည်သူ့ကိုမျှ ဂရုမစိုက်၊ လုံးဝမကြည့်၊ ငြိမ်ဝပ်သင့်ပြီး လဲကျနေသော လယ်သမားအား ပခုံးသို့ ကောက်ထမ်းကာ မြို့စားမင်းအိမ်ထဲမှ တစ်လှမ်းချင်းထွက်လာခဲ့လေသည်။

## အခန်း(၃၈)

သာယာသာချမ်းမြေ့ဖွယ်ကောင်းသော ညနေခင်း၏ဆည်းဆာအလှသည် ရေမြေတောင်ရှုခင်းကျင်းနှင့် ပနံရလျက်ရှိသည်။

ဆိတ်ငြိမ် အေးချမ်းသော ဆိပ်ကမ်းသာ၊ ကြည်နူးလှမ်းဆွတ်ဖွယ်ကောင်းသော ပင်လယ်ပြင်ကို မျက်နှာမူပြီး နေရာယူထားသော ဥယျာဉ်နှင့် စားသောက်ဆိုင်ခန်းတစ်ခု။

စားသောက်ဆိုင် ဧည့်ခန်း တစ်နေရာမှာ အပန်းဖြေ အနားယူလျက်ရှိနေသူက လူရွယ်တစ်ယောက်၊ သူသည် ငြိမ်သက်နေကာ လူ အတွေးနှင့်သူ ရှိနေသည်။

ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော လေနုအေးသည်။ ညင်သာလှသည်၊ သူသည် ပင်သက်ကိုချကာ ဝင်လေကို လေအေးတို့ တစ်ဝကြီး ရှူရှိုက်လိုက်မိသည်။

ပြီးနောက် သူ့ရှေ့ စားပွဲပေါ်တွင် အသင့်ရောက်ရှိနေသော ခွက်နှင့် အရက်အိုးတိုင် ကာ တစ်ခွက်မော့သောက်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်း နှစ်ပိုင်း သုံးပိုင်း။

သူတို့သည် အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ ပင်အစားအစာ ကို စားသောက်နေကြသည်။

သူ အဘိုးရင်ကျော်မှ သွားခဲ့ရသည်။ သူသည် ယောက်ဖကလေး တစ်ချက်ပြုံးလိုက်သည်။ ပြီးနောက် နှုတ်ခမ်းကိုလည်း တစ်ဆတ် ဆတ် ညှိုက်လိုက်ရာ...

ခရဲဆိုးကြီးတင် ကျောခိုင်းသွား ရှင်းပစ်လိုက်ပြီ

သူသည် တိုးတိုးလေး ရေရွတ်နေမိသည်။

ခရဲဆိုးကြီးကို ရှင်းလိုက်ရသည့်အတွက် သူစိတ်ကျေနပ်မှု ရရှိပြီးသည်။

ဒါ့အပြင် ကျန်ခရဲဆိုးလေးများကို ဆက်လက်ရှင်းလင်းရန် လုပ်စရာတွေ ကျန်ရှိနေသေးသည် မဟုတ်ပါလား။

သူသည် အရက်ခွက်ကြီး တစ်ခွက်ကို ဆက်၍သောက်လိုက် ပြန်သည်။

တိုလာတား အခြားသူ မဟုတ်ပါ။ ဖွတ်မည်းပင် ဖြစ်သည်။

သူသည် အရက်သောက်ရင်း ရှေ့ဆက် ရင်ဆိုင်ရမည့် ပြဿနာကို အပြန်ပြန်အလှန်လှန် စဉ်းစား တွေးတောလျက် ရှိ၏။ သူ့အောင်မြင်ရမည့် ကိစ္စရပ်များက များစွာကျန်ရှိနေ သေးသည်။

အရက်သုံးခွက်မျှသာ သောက်လိုက်ရသေးသည်။

ရုတ်တရက် သူ့ ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်လာ၍ မျက် စိ ပြာသွားလေသည်။ အခြေအနေကို ရိပ်မိလိုက်ပြီဖြစ်သော ဖွတ်မည်း ဤမျှသောက်ရုံနှင့် မူးခနဲမိုက်ခနဲ ဖြစ်မသွားနိုင်။



သူ့တွင် သံသယစိတ်များ ဝင်လာ၏။ ပတ်ဝန်းကျင်ကို သတိမထား အရက်ခတ်လိုက်ပြန်သည်။ အားလုံး ဂရုမပြုမိ ရှိနေကြသော်လည်း ဆိုင်ရှင်ကတော့ အနည်းငယ် မျက် သယောင် ရှိတယ်။ ဘာကြောင့်လည်း ဆိုသည်ကိုတော့ သူ မပြောနိုင်ပေ။ မိမိသောက်နေသော အရက်အပေါ် သံသယ စိတ်များ ဝင်ရောက်လာသည်မှာ အမှန်ပင်။

စိတ်မကျေနပ်၍ နောက်တစ်ခွက် မောလိုက်ပြန်၏။ ခေါင်းမှာ မိုက်ခနဲ မူးဝေလာပြန်သည်။ သူ စိတ်မကောင်း ဖြစ်သွားသည်။ အများအကျိုး ဆောင်ရွက်သူများ လုပ်ကြံ ခံရလိမ့်မည် မထင်။ သူ့ကို တစ်စုံတစ်ယောက်က အဆိပ်ခတ် ကြံလိုက်ပြီဖြစ်ကြောင်းကို သူ ရိပ်စားမိလိုက်သည်။

ခေါင်းထဲ မူးဝေနေသည်။ မျက်စိများ ပြာဝေနေသည့် လင်း တစ်လှည့် ဖြစ်နေသည်။

ထိုစဉ် သူနှင့်အနီးဆုံး စားပွဲတစ်ခုမှလူနှစ်ယောက်တို့ အလဲ ခတ်လိုက်သည်။

ထိုသူနှစ်ဦးကလည်း သူ့အား မသိမသာ အကဲခတ်နေ သည်။

ထို့နောက် တစ်ဦးက ရုတ်တရက် နောက်မှလာ၍ သူ့ အားဆီ ပုဆိုးဖြင့်ပြင်းပြသော အရှည်ဖြင့် လှမ်းပက်လိုက်လေ သည်။

ချောင်မြောင်အကောင်းပါသော ဖွတ်မည်း၊ မူးဝေ နေသော်လည်း ပြေးသည့်အထဲမှ ရုတ်တရက် တိမ်းရှောင် ပေးလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



အိုးဘော် ဖလှတ်၊ အကွာအဝေးမှာ နီးကပ်လှန်းနေသည့် အာလှတ် ဝဲဘက်လက်မောင်းအိုးအား ပူလောင်ပြင်းပြသော ဝေဒနာ ခံစားလိုက်ရပြီး အဆီစီရည်ရောထားသော ငရဲမီးနှင့် ထိမှန်သွားလေသည်။

မိမိအား အန္တရာယ်ပြု အကောက်ကြံသူများ ရှိနေပြီကို သိလိုက်သည်နှင့် ဖွတ်မည်းလက်နှစ်ဖက် လျင်မြန်စွာ လှုပ်ရှားလိုက်လေသည်။

သေးသွယ် ချွန်ထက်သော မားသိုးချောင်းမှာ ရန်သူများ ရှိရာဆီသို့ တစ်ပြိုင်တည်း ထွက်သွားလေတော့သည်။

တစ်ချောင်းမှာ မိမိ၏အရက်ခွက်တွင် အဆိပ်ရည်ထည့်ပေးလိုက်သော ကောင်တာမှ ခေါင်းတုံးပြောင် လူဝကြီးထံသို့ ဦးတည်ပြီး ထွက်သွားလေသည်။

ကျန်နှစ်ချောင်းမှာ မိမိအား ငရဲမီးရည်နှင့် ပက်လိုက်သော နှစ်ဦးဆီ ရောက်သွားခြင်းပဲ ဖြစ်သည်။

ဂွစ်...ဂွစ်...ဂွစ်

'အား'

ဟူသော အသံများက ဆက်တိုက် ထွက်ပေါ်လာပြီး အကောက်ကြံသူ သုံးဦးစလုံး နေရာတွင် လဲကျသွားကြတော့သည်။

သတိမမူခြင်းသည် ဖွတ်မည်းအတွက် အန္တရာယ်ဖြစ်သလို အချိန်သည် ဖွတ်မည်းအတွက် အရေးကြီးလာလေပြီ။

ဝဲဘက်လက်မောင်းအိုးတွင် ငရဲမီး အပက်ခံလိုက်ရသည့်အတွက် ပူစပ်စပ်ဖြစ်ပြီး နာကျင်ကိုက်ခဲစ ပြုလာလေသည်။



ဦးခေါင်းမှာလည်း မကြည်မလင် မူးနောက်နောက် ဖြစ်နေသည်။

လက်မောင်းတွင် အဆိပ်သင့်ရုံမက အရက်တွင်လည်း အဆိပ်ခတ် ခံလိုက်ရလေပြီကို ဖွတ်မည်း ချက်ချင်း သိလိုက်သည်။

www.burmeseclassic.com

## အခန်း(၃၉)

သက်လက်၍ အချိန်ဖြုန်းနေခြင်း မပြုတော့ဘဲ ဆိုင်တွင်းမှ အမြန်ဆုံး ထွက်ခွာလာခဲ့လေတော့သည်။

ဘိမီတွင်ရှိသော ဆေးခါးများနှင့် အသျင်ရုသကြည်တည်။ မသေကသာ။

အချိန်ဆွဲနေ၍မဖြစ်တော့။ ကြာလေ အခြေအနေ ဆိုးလာလေဆို၍ ကုသရေးခက်မည်ကို ဖွတ်ခည်း နားလည်လိုက်သည်။

သို့နှင့် တတ်ကျွမ်းနားလည်သည့် သမားတော်များထံ ပြေး ကုသရန် ထွက်ခွာလာခဲ့လေတော့သည်။

ဖွတ်မည်းအတွက် ကံမကောင်းချေ။

အကျော်ဆုံးသမားတော်ကပင် ထိုဒဏ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ခေါင်းခါသွားကြသည်။

ပြင်းထန်သော အဆိပ် သင့်ထားသည့်အတွက် တစ်ဦးတည်းသော သမားတော်မှလွဲ၍ မည်သူမျှ ကုသ၍ မရနိုင်



ကြောင်း၊ ရှင်းအပြင် အမြန်ဆုံး ကုသနိုင်ခဲ့လျှင် လူနာမှာ အသက်ရှင်သာ နေနိုင်ဖွယ်ရှိကြောင်း၊ မြစ်သွားစေချင် ပြောလိုက်လေသည်။

သမားတော်က ဖွတ်မည်း၏ ရောဂါဝေဒနာမျှော်ကင်းအောင် ကုသနိုင်မည့် အကြီးသမားတော်ကောင်းထံ စေတနာထား၍ လမ်းညွှန်မှု ပြုပေးလိုက်လေတော့သည်။

ဖွတ်မည်း မည်သို့ အံ့မြတ်မည်နည်း။

အသက်အန္တရာယ်ရှိနေ၍၊ ထိုဆရာတော် ထိုသမားတော်ကြီးကို တွေ့အောင်ရှာပြီး ကုသမှုခံယူရမည်လော။

ဖွတ်မည်း အသက် ရှိသေးသည်၊ ရိုးအယ်ပင် မတော်နေး။ လုပ်ရေးတောကတည်း မပြီးပြတ်သေး။ အသံတစ်ခုကို အဆုံး အစ မရှိဘဲ ဖြိုး မပြတ် ရှုက်ဝပ်လေ မရှိသော ဖွတ်မည်းမှာ မည်သည့်နည်းနှင့်မျှ သေ၍ မဖြစ်သေး။ မသေလိုလျှင် သမားကောင်းက ရှာရပေမည်၊ မတွေ့ ရှာအောင် ရှာရမည်သာ ဖြစ်သည်။

သည်တော့ ဖွတ်မည်း သမားတော် ကောဝင်းကို ရှာရန် ခရီးစတင်ထွက်လာလေတော့သည်။

လမ်းခရီးတွင် သမားတော်၏ အတွင်းကို စုံစမ်းရင်း ဖွတ်မည်း ခရီးဆန့်ခဲ့သည်။

ရွာတစ်ရွာသို့ ရောက်သောအခါ ရွာသားတစ်ဦးအား စုံစမ်းမေးမြန်း ကြည့်လိုက်မိ၏။

သမားတော်ကြီး မှန်ရင် ဘယ်မှာနေသလဲဆိုတာ သိပါရစေ

www.burmeseclassic.com

www.burmeseclassic.com



'ချန့်ရင်း ဘယ်မှာ နေသလဲဆိုတာတော့ ကျွန်တော်တို့လဲ သေသေချာချာ မသိဘူး။ တစ်ခါတလေတော့ ဒီရွာကို သူ ရောက်လာတတ်တယ်၊ ဒါပေမယ့် ခုတစ်လော ရောက်မလာ တာ ကာလတော့ ကြာသွားပြီ'

မေးလိုက်သောတိုင်း ယင်းသို့သောအဖြေမျိုးကိုသာ ကြား နေရသည့်အတွက် ဖွတ်မည်း စိတ်ပျက်သွားလေသည်။ တစ်ရက် နှင့် တစ်ည ကုန်သွားလေတော့သည်။

ညနေစောင်း အချိန်သို့ ရောက်သောအခါ ဖွတ်မည်း၏ လက်မောင်းအိုးမှ ဒဏ်ရာမှာ အသိမခံနိုင်အောင် ကိုက်လာ ရုံမျှမက အကျိတ်အခဲနှင့် ပြည်များပင် တည်လာခဲ့လေသည်။

ခေါင်းထဲမှာလည်း မူးချာ လည်အောင် မူးဝေ လာခဲ့ ပေပြီ။ စိတ်ပျက် အားလျော့စွာဖြင့် လမ်းလျှောက်လာရင်း ချောင်းကမ်းစပ်တစ်ခုဆီသို့ ရောက်ရှိလာခဲ့လေတော့သည်။

နောက်ထပ် တစ်နေ့နှင့် တစ်ည ကုန်လွန်သွားခဲ့လျှင် မိမိ အသက် စိုးရိမ်ရပေတော့မည်။

မထင်မှတ်ဘဲနှင့် ဖွတ်မည်းနာမည်ကို ရခဲ့သည်။ ယခု လည်း လူသူ ကင်းဝေးသည့် ချောင်းကမ်းစပ်တွင် မိမိဘဝ နိဂုံးခရီး အဆုံးသတ်ရပေတော့မည်။

လက်ရှိ အခြေအနေအတိုင်းဆိုလျှင် ဖွတ်မည်း ဘယ်လိုမှ မလွတ်နိုင်။ သူ ခံစားမိသည်က သူ ဆောင်ရွက်ခဲ့သော လုပ် ငန်း မပြီးပြတ်သေးသည့်အတွက် စိတ်မကောင်း အမှန် ဖြစ် မိသည်။



မိမိဆရာရင်း ကျင်းမန်အား လွမ်းဆွတ်သတိရမိရင်း ရင်နင့် ဖွယ်ကောင်းသော မိမိ၏အတိတ်ဇာတ်လမ်းကို ပြန်လည် စဉ်း စား သတိရမိလေသည်။

သူသည် လူ လောကထဲကို ရောက်လာကတည်းက ကံ မကောင်းခဲ့၊ မြို့ရှင် ကြေးရှင် စနစ်ဆိုး၏ ဒဏ်ခတ်မှုကြောင့် မိဘနှစ်ပါးလုံး ဆုံးသွားခဲ့ရှာလေသည်။

ကျွေးမွေး စောင့်ရှောက်သူမရှိသော ဖွတ်မည်းမှာ ရွာစပ် တစ်နေရာတွင် စွန့်ပစ်ထားခြင်း ခံရလေသည်။

သို့သော်လည်း ကံကောင်းသဖြင့် ကျင်းမန်ဆိုသူက တွေ့ရှိ ပြီး ကောက်ယူ မွေးစားထားခြင်း ခံခဲ့ရလေသည်။

ဖွတ်မည်း၏ ဘဝဇာတ်လမ်း အစမှာ ကျိုးပျက်ခဲ့ပြီး ဘဝ အကျိုးပေး နည်းရှာခဲ့သည်။ မိဘ မည်သူမည်ဝါ ဆိုသည်ကို လည်း မသိ။ တစ်ကောင်ကြွက်တစ်မျက်နှာအဖြစ်နှင့်ကျင်းမန်ထံ ဘဝကို အပ်နှံခဲ့ရသည်။

ကျင်းမန်မှာလည်း မိဘမဲ့သားမို့ ဖွတ်မည်းအား သံယော ဇဉ် တွယ်မိသည်။ ကရုဏာ သက်မိရှာသည်။

အရွယ်ရောက်လာသည်နှင့် မိမိတတ်ကျွမ်းထားသော သိုင်း ပညာမျိုးစုံကို ဆရာစဉ်း မချန်ဘဲ ဖွတ်မည်းကို အိတ်သွန် ဖော မှောက် အကုန်အစင် သင်ပေးရှာ လေသည်။

ဖွတ်မည်းကလည်း အရွယ်နှင့်မလိုက်အောင် ဉာဏ်ကောင်း ထက်မြက်သည်။ ဆရာသမားသင်ပေးသမျှကို တိုတောင်းသော အချိန်ကာလအတွင်းမှာပင် ပိုင်နိုင်စွာ သင်ယူ တတ်မြောက်ခဲ့ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျောင်းမန်လည်း ဖွတ်မည်းအား သိုင်းပညာ သက်သတ် ပေးရုံမကဘဲ စာပေ ပညာနှင့်အာဝအတွေ့အကြုံများ အသိအမြင် အလိမ္မာရှိစေရန်လည်း ဖွတ်မည်းအား အမြဲပုင် ဆိုဆုံးမပြီး သင်ကြားလမ်းညွှန်[illegible]ပေးသည်။

ဘဝအတွေ့အကြုံဟူသည် ကြောမြင်ရုံ မလေ့နက်၊ သင်ကြားရုံသည်း မတတ်၊ ကိုယ်တိုင်ကိုယ်ကျ ကျင်းဆင်း၍ လေ့လာ မှတ်သား ခံယူမှသာလျှင် အကျိုးရှိသော ကိစ္စပါ ဖြစ်သည်။

သည့်တော့ ဆရာသည် ချစ်တမည့်အား မခွဲချင်သော်လည်း ခွဲရပေမည်။ မိမိ၏ အချစ်သည် တမည့်အတွက် နှစ်ရာ[illegible]မရောက်စေသည့်[illegible] အမုန်း။

ဖွတ်မည်း လူ့လောကထဲ ကျွန်း ဆင်းရမည့် တစ်ရက်။ ဆရာ ကျွန်းမှန်က ခေါ်ယူကာ ဤသို့ ဆုံးမ သြဝါဒစကား ပြောကြားလေသည်။

ငါ့တပည့်၊ မနက်ဖြန် အရုဏ်ကျင်းပြီး မိုးလင်းတာနဲ့ မင်း ခရီး ထွက်ရတော့မယ်၊ တပည့်ကို ဆရာ မခွဲချင်ပေမယ့် တစ်သက် [illegible]လဲ ဆရာနဲ့ နေသွားလို့လဲ မဖြစ်သေးဘူး၊ လူ့လောက အကြောင်းကို လေ့လာထားမှ မင်း လူဖြစ်ကျိုး နပ်လိမ့်မယ်။

ဆရာ မှာကြားချင်တာကတော့ လူ့လောကဆိုတာ နက်နဲတယ်၊ ရှုပ်ထွေးတယ်၊ အကောင်းနဲ့ အဆိုး ရှုပ်ထွေး ရှိကြ



တယ်၊ လူ့လောကထဲမှာ အနိုင်ကျင့်ခံရ အရေတွေ့ အမြင်ကျ အမျိုးမျိုးရှိနေတာကို ငါ့တပည့်လေ့လာရပါလိမ့်မယ်၊

ဒါပေမယ့် ဆရာလေးခုလေးနက်နက် မှာချင်တာကတော့ အရာဝတ္ထုတစ်ခုကို အမေါ်ယံအမြင်တစ်ခုနဲ့မဖြစ်ဘဲ မြင်ထားတဲ့ မျက်စိ၊ ကြားတတ်တဲ့နား၊ မြင်တော့ စဉ်းစားတွေးခေါ်ဉာဏ် ရှိတဲ့ဦးနှောက်ကို ကောင်းကောင်း အသုံးချတတ်ရမယ်...

ဘဝကို ကြေလည်အောင်နေရမှာ၊ ဆင်ခြင်ရမယ်၊ သည်းခံခြင်းတရားကို ထိန်းသိမ်းထားရမယ်၊ ပြီးတော့ လူ့အသိုင်းအဝိုင်းရဲ့ အောက်ခြေထိအောင် ဆင်းပြီး လူ့ဘဝကို လေ့လာပြီးတော့ ခံစားကြည့်ရမယ်ဆိုရင် အကောင်းဆုံးပဲ...

ပြီးတော့ ငါသင်ကြားပေးထားတဲ့ သိုင်းပညာတတ်မြောက်ရှိတဲ့လုပ်ငန်းတွေအတွက် အသုံးချဖို့ဖြစ်တယ်၊ သိုင်းပညာဟာ လူသတ်ဖို့မဟုတ်ဘူး၊ လူသားတွေရဲ့ အသက်အန္တရာယ်၊ အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့၊ တိုင်းပြည်ရဲ့ရန်သူ အန္တရာယ်တွေကို တွန်းလှန်ခြေမှုန်းဖို့ဆိုတာ မင်းခေါင်းထဲမှာ စွဲစွဲမြဲမြဲမှတ်ထားဖို့ ဆရာမှာကြားလိုက်ပါရစေ...

နောက်တစ်ခု ထပ်မှာချင်တာကတော့ သိုင်းသမားတွေဟာ ပညာရှာရေးထွက်လာပြီး နာမည်ရလာပြီဆိုရင်ပဲ အလွန်မြင့် အောက်ခြေ လွှတ်လာတတ်တယ်၊ ဒီအချက်ဟာ သူတို့ရဲ့ အသက်ကို အမြန်ဆုံး တိုသွားစေတာပဲ။

သိုင်းပညာ ဘယ်လောက် စွမ်းစွမ်းတက်တက် အောင်မြင်သော တိုက်ပွဲပေါင်း ဘယ်လောက်ဆင်နွှဲခဲ့ သည်ပဲရှိပါစေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ချောက်ကိုတော့ သူတို့မကျော်လွှားနိုင်ကြဘူး၊ ရေတိမ်မှာအနစ်ခံရပြီး ဘဝဆုံးရှုံးခဲ့ကြတယ်....

အဲ့ဒီတော့ မိန်းမသားတွေ တောင်ချောက်ထဲ အဝင်မခံမီဖို့ အထူးသတိပြုရလိမ့်မယ်....

ဖြစ်နိုင်ရင်တော့ သူတို့နဲ့မပတ်သက်တဲ့ ကင်းကွာအောင်နေရင် အကောင်းဆုံးပဲ၊ မင်းအတွက် ဆရာအထူးတော့ ပေးစရာမရှိဘူး၊ လမ်းစရိတ်နဲ့ ဓားတစ်မချောင်းတော့ လက်ဆောင်ပေးလိုက်မယ်'

ထိုစဉ် လှေတစ်စင်း၊ လော်ခတ်သံကို ကြားလိုက်ရသည့်အတွက် ဖွတ်မည်း အတွေးအမျှင်များ ရပ်စဲပြတ်သွားလေတော့သည်။

သူသည် မျက်လုံးတို့ဖွင့်ကာ မတ်တတ်ထရပ်ရန် ကြိုးစားကြည့်လိုက်၏၊ သို့သော်လည်း ခေါင်းထဲတွင် မိုက်ခနဲဖြစ်ပြီး မျက်စိမျှ ပြာဝေလာကာ သတိလစ်မေ့မြောသွားလေတော့သည်။

သတိပြန်ရလာသောအခါ

သူသည် လှေငယ်တစ်စင်းပေါ်သို့ ရောက်ရှိနေကြောင်း သိလိုက်ရသည်။

ရရှိထားသော ဒဏ်ရာမှာသည်း ကိုက်ခဲနာကျင်မှု သက်သာလာကြောင်း ခံစား သိလိုက်ရရှိမျှသာမက တစ်ကိုယ်လုံးမှာလည်း ပူထူတူ ထုံကျင်ကျင်ဖြစ်နေသည်ကိုခံစားနေမိသည်။

ဦးခေါင်းမှာလည်း စောစောကလောက် မူးနောက်တွေဝေခြင်း မရှိတော့ချေ။



ဖွတ်မည်း အတော်ပင် အံ့ဩသွားမိသည်။

တံငါသည်ကြီးက ဖွတ်မည်း၏ အံ့ဩမှုကို ရိပ်စားမိသွားဟန်နှင့် မျက်နှာတစ်ချက်ပြုံးပြပြီး စကားကို ဆိုလိုက်သည်။

'မင်းက သိပ်ပြီး အံ့ဩနေတယ်ထင်တယ်၊ မင်းရထားတဲ့ဒဏ်ရာဟာ ရိုးရိုးဒဏ်ရာတော့ မဟုတ်ဘူး၊ ပူပြင်းတဲ့ ရေမီးလောင်ကျွမ်းရဲ့ သက်သက်အပြင် မြင်းထန်တဲ့ အဆိပ်တစ်မျိုးလဲ သင့်ထားတယ်ဖြစ်တယ်၊ ကျုပ်နဲ့သာမတွေ့ရင် အလွန်ဆုံးနောက်ထပ် တစ်ရက်ပဲ အသက်ရှင် နေနိုင်တော့မယ်'

'ဒါပေမယ့် အခုတော့ စိုးရိမ်စရာမရှိတော့ပါဘူး၊ ကျုပ်က မင်းသတိလစ်ပြီး မေ့မြောနေတုန်း ဒဏ်ရာပေါ်မှာ အစွမ်းထက်တဲ့ ဆေးတစ်မျိုး ဖြူးထားပေးလိုက်တယ်၊ ဒီဆေးမှုန့်ဟာ အဆိပ်ကိုဖြေနိုင်ရုံမက ကိုက်ခဲနာကျင်မှုကို သက်သာစေတဲ့အပြင် ထုံဆေးအနေနဲ့လဲ သက်ရောက်စေတယ်၊ ပြီးတော့ အဆိပ်ဖြေဆေးရည်ကိုလဲ မင်းရဲ့နှုတ်ဝမှာကပ်ပြီး ပေးရှုလိုက်လို့ မင်းပြန်ပြီး သက်သာသတိရလာခြင်းပဲပေါ့'

'ဒါပေမယ့် မင်းရဲ့ဒဏ်ရာ ပြင်းထန်တဲ့အတွက် ခဲ့စိတ်ကူသပြီး သက်သာပျောက်ကင်းမှု ရလိမ့်မယ်၊ မင်းဆန္ဒက ဘယ်လိုသဘောရှိသလဲဆိုတာသာ ပြောပေါ့'

မိမိအား ကယ်ဆယ်နိုင်မည့်သူ ပေါ်လာလိမ့်မည်ဟု ဖွတ်မည်း လုံးဝမမျှော်လင့်ခဲ့ပေ၊ မယုံနိုင်သော မျက်လုံးအစုံဖြင့် တံငါသည်ကြီးအား ငေးကြောင်ကြည့်ရင်း...

'ဦး...ဦးကြီးက ဘယ်သူပါလဲခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်မည်း၏ အမေးကို တံငါသည်ကြီးက သဘောကျသွား သည်။

'ခင်း ကျုပ်တို့ အိုခြံဘာဓလော့ မဆန်းဘူး၊ တံငါအလုပ် နဲ့ ဆေးဆရာဟာ တခြားစီပဲ၊ ခပ်ရှင်းရှင်းပဲ ပြောရရင် ကျုပ်ဟာ သမားတော်ကြီး မုန်ရှင်းရဲ့ တပည့်ရင်းပဲ'

'မုန်ရှင်းဟာ သိမ်မောက်တဲ့ သမားတော်တစ်ဆူပဲ၊ သူ လေ လာ စမ်းသပ်ပြီး သူတွေ့ထောက်ခဲ့တဲ့ ဆေးပညာ လုပ်ငန်းရပ် ဘစ်ခုမှာ ဇနီးသည်နဲ့သမီးကို စမ်းသပ်ခံ မစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့တယ်၊ စမ်းသပ်မှုအောင်မြင်သွားပေမယ့် ဇနီးသမီး ကတော့ တံဆိပ်ရှာပြီး မျက်လုံးတွေ ကန်းသွားကြတယ်၊ ဇနီး သည်ဆိုရင် ရှုးတဲ့ဘဝကိုတောင် ရောက်သွားတာသိ။

'ဆရာကြီးလဲ စိတ်အလွန် ထိခိုက်သွားတာပေါ့၊ စိတ်ညစ်၊ စိတ်ထိခိုက်လွန်းအကြိုကို မခံနိုင်တဲ့အဆုံးမှာ ဆရာကြီးဟာ ငှ ထဲခုန်ချပြီး သူ့ဘဝကို အဆုံးစီရင်သွားတယ်'

'ဆရာကြီး မဆုံးခင်မှာ သူ တတ်ကျွမ်းထားတဲ့ ဆေးပညာ အမွေကိုတော့ ကျုပ်ရလိုက်တာပေါ့လေ'

သမားတော်ကြီး မုန်ချင်း၏ ဇာတ်လမ်းကို ကြားသိလိုက်ရ သောအခါ ဖွတ်မည်းမှာ အတော်ပင် စိတ်မကောင်းဖြစ်မိ သွားသည်။

'ဆရာကြီးရဲ့ ဘဝကကြားရတာ စိတ်မချမ်းသာစရာပါ လား'

'ဆရာကြီးနေရာမှာ တကယ်လို့ ကျုပ်ဖြစ်နေရင်သဲ ဒီလိုပ ဘဝကို အဆုံးစီရင်သွားမှာပဲ'



[illegible] ဖွတ်မည်းအား တစ်ချက်အကဲခတ် ကြည့်ရှုပြီး စကားကို ဆက်လက်ပြန်သည်။

'အဲဒါဆိုတော့ ကံစမ်းစရာအကောင်းဆုံးပဲပေါ့၊ ကဲ...ငင်းချက်ရာက ခွဲစိတ်ပြီး ကုမကုတော့ သိရပါစေ'

ဖွတ်မည်းက စဉ်းစားမနေတော့ဘဲ ချက်ချင်းပင် အဖြေ ပေးလိုက်သည်။

'ဦးကြီး ကောင်းမယ်ထင်ရင် ခွဲစိတ်ကုသပါ၊ ကျွန် တော် လက်ခံပါတယ်'

'ကောင်းပြီ... ဒါဆိုရင် ဒီဆေးရည် တစ်ခွက်ကို အရင် သောက်လိုက်ပါဦး'

ဖွတ်မည်းက တံငါသည်ကြီး ကမ်းပေးသော ဆေးရည်ကို လှမ်းယူကာ မော့သောက်လိုက်လေသည်။

ချက်ချင်းဆိုသလိုပင် တစ်ကိုယ်လုံး ပူဆူ ထုံကျင်၍ သွား သည်ဟု ခံစားမိလိုက်လေသည်။

'ဟင်... ကျွန်တော် ဘယ်လိုဖြစ်သွားမှန်းလဲ မသိဘူး၊ တစ်ကိုယ်လုံး ပူရှိန်းဖိန်းနဲ့ ထုံ သွားတယ်'

ဖွတ်မည်းက အံ့အားသင့်ဟန်ဖြင့် ပြောလိုက် လေသည်။

တံငါသည်ဦးကြီးက ဖွတ်မည်းအား တစ်ချက်ပြုံး ပြလိုက လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘယ်၊ မင်းသောက်လိုက်တဲ့ဆေးဟာ ထူးဆေးရေ တစ်မျိုးပဲ၊ ဒါမှလဲ ခွဲစိတ်တဲ့အခါမှာ နာကျင်မှုဝေဒနာကို မခံစားရတော့မှာပေါ့'

ထိုအခါ မှတ်မည်း သဘောပေါက်သွားလေသည်။

တံငါ ဦးကြီးက ချွန်ထက်သော ခွဲစိတ်ကိရိယာ ဓားချက်များကို အိတ်ထဲမှထုတ်ယူကာ မှတ်မည်း၏ လက်မောင်းအိုးတွင် ရရှိထားသော ဒဏ်ရာကို စတင်၍ ခွဲစိတ်မှု ပြုပေးလေတော့သည်။

နာရီဝက်လောက်ပဲ ကြာလိုက်မည်၊ ခွဲစိတ် ကုသမှု ပြီးဆုံးသွားလေတော့သည်။ ဒဏ်ရာကြောင့် ဖြစ်ပေါ်လာသော ဝေဒနာမှာလည်း သိသိသာသာ သက်သာမှု ရရှိသွားသည်။

နောက်ထပ် သုံးလေးရက်လောက်ဆိုရင် မင်းရဲ့ဒဏ်ရာဟာ ပျောက်ကင်းသဘောက် ရှိသွားမယ်၊ ဘာမှစိတ်မပူနဲ့တော့'

တံငါသည်ကြီးက ပစ္စည်းကိရိယာများကို သိမ်းဆည်းရင်း ပြောလိုက်ခြင်း ဖြစ်သည်။

မှတ်မည်းသည် ဝမ်းသာသွားကာ ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် တံငါဦးကြီးအား ကြည့်လိုက်ပြီး....

ကျေးဇူးတင်ပါတယ် ဦးကြီး၊ ဦးကြီးရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး'



မင်းရဲ့ကျေးဇူးကို အဆင်ခံချင်လို့ ကျုပ် ကူညီပေးတာ မဟုတ်ဘူး၊ မင်းက ကျေးဇူးတင်ချင်သပဆိုရင်တော့ ကျုပ်က အကူအညီတစ်ခု ပြန်တောင်းမယ်၊ မင်း ကူညီပေးနိုင်ပါ့မလား'

ကျွန်တော် တတ်နိုင်တယ်ဆိုရင် ကူညီပေးမှာပေါ့၊ ဘာ ကူညီရမလဲဆိုတာ ပြောပါ'

လူတစ်ယောက်ကို မင်းသတ်ပေးနိုင်မလား'

လူသတ်ပေးရမည်ဆိုသော စကားကို ကြားလိုက်ရသော အခါ မှတ်မည်း ငေးကြောင် ဆိုင်းသွားသည်။ လူသတ်ခြင်း သည် မှတ်မည်းအတွက် အဆန်းမဟုတ်တော့ချေ။

သေဒဏ်ပေးသင့်သူမှအပ တာမင်လူသတ်၍ ဆုံးမနည်းမျိုးကို မှတ်မည်း မလုပ်လိုပေ။

မှတ်မည်း စဉ်းစားတွေဝေနေသည်။

သူမည်သို့ ပြန်ပြောမည်နည်း။

မိမိ၏အသက်ကို ကယ်တင်ပေးခဲ့သည့် ကျေးဇူးရှင်၏ အကူအညီ တောင်းဆိုချက်ကို မိမိမည်သည့်နည်းနှင့်မျှ ငြင်းဆန်၍ မဖြစ်၊ ပေးရမည့်အကူအညီကလည်း လူသတ်သည့်ကိစ္စ၊ မှတ်မည်း အမှန်ပင် အခက်တွေ့နေပေသည်။

နောက်ဆုံး မှတ်မည်း ဆုံးဖြတ်ချက် ဖြတ်သားလိုက်တော့သည်။

ဟုတ်ကဲ့...ကျွန်တော် ကူညီပါမယ်၊ ဘယ်သူကိုသတ်ရမယ် ဆိုတာကိုသာ ပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်မည်း၏ အကူအညီပေးမည့်ဟူသော စကားကိုကြား လိုက်သည့်အတွက် တင်ဒါဦးကြီးမှာ ခကျေနပ်သွားသည်။

'သူ့အကြောင်းကို ငါစဉ်းစားမိတိုင်း အတိတ်က အနာ ဟောင်းတွေဟာ ပြန်ပြီးပေါ်လာတယ်၊ အသည်းခိုက်အောင် နာကြည်းခံပြင်း စိတ်တွေကလဲ ထိန်းမနိုင် တားမရတဲ့အထိ တဖွားဖွား ပေါ်လာပြန်တယ်။

'သူ့ပယောဂကြောင့်၊ သူ့လက်ချက်ကြောင့် ငါ့အဘိုးရဲ့ သယ်တွေ အသိမ်းခံရရုံမကဘူး၊ အပြစ်မဲ့တဲ့ ကျုပ်မိဘနှစ်ပါး လဲ သူတို့သတ်လို့သေခဲ့ရတယ်၊ ဒါတင်မကဘူး၊ ကျုပ်ရဲ့အသက် မက ချစ်မြတ်နိုးလှတဲ့ ဇနီးချော ဇနီးလှကလေးကို သူကမျက်စိ ကျပြီး ကျုပ်ကို ဒုက္ခအမျိုးမျိုး ပေးခဲ့တဲ့အပြင် ငါ့ဇနီးကို အတင်းအဓမ္မ သိမ်းပိုက်သွားပြန်တယ်။

'ငါ သူတို့ကို ကလဲ့စားပြန်မချေရသရွေ့ မကျေနပ်နိုင်ဘူး၊ ဒါပေမယ့် အများနဲ့ တစ်ယောက် အာဏာရှိနဲ့ အာဏာမဲ့ဆို တော့ ကျုပ်ကပဲ အလျှော့ပေးပြီး နာကြည်း ခံပြင်းစိတ်နဲ့ နောက်ဆုတ်ပေးခဲ့ရတယ်၊ တစ်နေ့ကျရင် ဒီလူကို ကလဲ့စား ပြန်ချေဖို့ ကျုပ်ဆုံးဖြတ်ထားတယ်လေ။

'ဆင်းရဲသား လူတန်းစားတွေဟာ တိုးတက်မလာကြတဲ့ အပြင် အကြွေးတွေကသာ ခေါင်ခိုက်ပြီး မြေရှင်ကြေးရှင်တို့ရဲ့ ချယ်လှယ်မှုခံခဲ့ကြရတယ်'

'တကယ်တော့ ဒါဟာ မြေရှင်ကြေးရှင် စနစ်ဆိုးကပေး လိုက်တဲ့ ဆိုးကျိုးတွေပဲပေါ့၊ ချမ်းသာသူတွေက ချမ်းသာ သထက် ပိုပြီးချမ်းသာလာကြတယ်၊ ဆင်းရဲမွဲတေတဲ့ လူတွေက



တော့ ဆင်းရဲသထက် ပိုပြီးဆင်းရဲတော့တာပဲ၊ သင်းတို့တွေရဲ့ ယုတ်မာရက်စက်မှုကြောင့် ကျုပ်ဘဝတော ဖာစ်ကောင်ကြက် တစ်မျက်နှာဖြစ်ခဲ့ရတယ်၊ ကျုပ်ဘယ်နည်းနဲ့မှ သူ့အပေါ်ကို ခွင့်မလွှတ်နိုင်ဘူး၊ သင်းသေမှ ကျုပ်ကျေနပ်မယ်'

တင်ဒါဦးကြီး၏ ကြေကွဲဆို့နင့်ဖွယ် ရှာဂင်းသော ဘဝ အတိတ်ဇာတ်လမ်းကို ကြားလိုက်ရပြန်တော့ ဖွတ်မည်း ကိုယ် ချင်း စာနာမိသည်။

စိတ်မကောင်း ဖြစ်ရပြန်သည်။

'ဒီလူဟာ ဘယ်သူလဲ ဦးကြီး'

'သူဌေးကြီးထောင်မင်း'

'ဗျာ...သူဌေးကြီးထောင်မင်း ဟုတ်လား'

'ဟုတ်တယ်'

ဖွတ်မည်းက ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြုံးလိုက် သည်။

'ကျွန်တော် အခုရလာတဲ့ ဒဏ်ရာဟာလဲ သူ့လက်ချက် မကင်းဘူးလေ'

'ဟင်...ဟုတ်လား၊ အဲ...ကျုပ်မပြောဘူးလား၊ ဒီလူဟာ လူယုတ်မာ၊ အယုတ်တမာကောင်၊ လူတွေကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတဲ့သူ၊ သတိထား၊ ဒီကောင်ကြီးနဲ့နီးစပ်ရင် ကိုယ့် အသက်ကိုယ် မြဲမြဲသတိထား၊ မပေါ့နဲ့၊ ကြားလား လူငယ်'

'ဟုတ်ကဲ့...ဒီလူဟာ ဆင်းရဲသား လူတန်းစား[illegible] ရန်သူပဲ'

'အေး...ဟုတ်တယ်၊ မင်းပြောတာ သိပ်မှန်တယ်'

www.burmeseclassic.com

'သူ့ဘဝရဲ့နေဝင်ချိန် ချမ်းငြိမ်းဖို့လဲနီးပါပြီလေ၊ ဒီအတွက် ဦးကြီး ဘာမှစိတ်မပူပါနဲ့၊ သူတို့ မကောင်းမှုဒုစရိုက် များ များလုပ်လေလေ ဘဝချမ်းငြိမ်းမှုဟာ ပိုမြန်လေလေပဲ'

'အဲဒါကတော့ မလွဲဘူးပေါ့'

'ပြည်သူတွေက သူ့ကို မြန်မြန်ဇာတ်ခတ် အပြစ်ပေးသွား ပါလိမ့်မယ်'

'ဒါပေါ့ ပေါ့တူရယ်၊ ဒီကောင်တွေ မိုက်မြစ်ဇာတ်ကို မလွဲ မသေ ခံစားကြရဦးမယ်၊ ဦးကြီးက တစ်ထစ်ချတွက်ပြီးသား တွက်ပြီးသားပဲလေ'

'စိတ်ချပါ ဦးကြီး၊ အဲဒီကိစ္စကို ကျွန်တော် တာဝန်ယူ တယ်'

'အေးပါကွာ… ဦးကြီးက တစ်ယောက်တည်း အတွက် ပြောမနေတာ မဟုတ်ပါဘူး၊ အများအတွက်ပါ၊ ဒီကောင်တွေ အားလုံး တစ်နေ့ကျဆုံးရမယ် သိလား၊ လုံးဝကို ကျဆုံးရဦး မယ်'

ပွတ်မည်းက အားရပါးရ ပြောနေသော တင်ငါသည် ဦးကြီးကိုကြည့်ပြီး ကျေနပ်နှစ်သိမ့်စွာ မြုံးလိုက်လေတော့ သည်။

* * *

အခန်း (၄၀)

---

ထိုည…။

ကြယ်ရောင်မဲ့ပြီး လရောင်ကင်းသော ညတစ်ည။

ညမှာ နက်သထက် နက်လာခဲ့ပြီဖြစ်၏။

တောင်မင်း၏ အိပ်စက်ရာ အခန်းတွင်းမှ မီးရောင်မှိန်မှိန် ကလေးမှာ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်သွားလေ ပြီ…။

ထိုစဉ် အရိပ်သဏ္ဍာန်နှစ်ခုသည် တဖြည်းဖြည်းနှင့် အိမ်ထောင်မင်း၏ အခန်းပြတင်းပေါက်ဆီသို့ တဖြည်းဖြည်း ရောက်ရှိလာ သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဝင်ရောက်လာသူ နှစ်ဦးအနက် တစ်ဦးသော သူက ပြတင်းပေါက်အနီးသို့ ဖွဖွခြေလှမ်းများဖြင့် ကပ်ပြီး အခန်းတွင်းရှိအခြေအနေကို နားစွင့်အကဲခတ်လျက် ရှိသည်။

ထောင်မင်း အိပ်မောကျနေပြီး ဟော က်သံသဲ့သဲ့ကလေး ထွက်ပေါ်နေတည်။

ထောင်မင်း အိပ်ပျော်လေပြီ ဖြစ်သည်။

သူတို့အတွက် အခြေအနေကောင်းပင်။

ပြတင်းတံခါးမှာ တဖြည်းဖြည်း ပွင့်သွားလေသည်။ အရိပ်သဏ္ဌာန်တစ်ခုက ပြတင်းပေါက်ကိုကျော်ပြီး အခန်းပွင့်သို့ပေါ့ပါးစွာ ရောက်ရှိသွားလေသည်။

နောက်တစ်ဦး တစ်ယောက်သည်လည်း သူ၏နောက်ပါးမှ ကပ်၍လိုက်ပါလာသည်။

ထိုစဉ် အမှတ်မထင် မီးရောင်က ဖျတ်ခနဲ လင်းသွားလေသည်။

အခန်းတွင်းရှိ မြင်ကွင်းများကို ထင်ရှားစွာမြင်တွေ့လိုက်ရသည်။ မျက်နှာဖုံးစွပ်နှင့် လူနှစ်ယောက်။

တစ်ယောက်က မိန်းမ၊ တစ်ယောက်ကယောကျ်ား၊ လက်ထဲမှာဓားတွေ့ ဓားကိုယ်စီကိုယ်၌ ကိုင်ဆောင် ထားကြလေတော့သည်။

ဖွဲမွေ့ရာပေါ်တွင် ကတ္တီပါစောင်ကို လွှမ်းခြုံကာနှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သူဌေးကြီးထောင်မင်းကို ပါးလွှာသော ဇာခြင်ထောင် အပြင်ဘက်ကနေ၍ အထင်သားမြင်နေရသည်။



အမျိုးသမီး ဖြစ်သူက အိပ်မောကျနေသော သူဌေးကြီး ထောင်မင်းထံ ချဉ်းကပ်သွားပြီး ဇာခြင်ထောင်ကို လှစ်ကာ ရင်ဝတို့ ဓားနှင့် ရုတ်တရက်လှမ်း၍ထောက်လိုက်၏။

နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူဌေးကြီး ထောင်မင်းသည် အိပ်နေရာမှရုတ်တရက် လန့်နိုးသွားသည်။ သူသည် မြူးကျယ်သောမျက်လုံးအစုံဖြင့် လှမ်းကြည့်ရင်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။ သူ့တစ်ကိုယ်လုံး ချွေးများ ပင် ပြန်လာတော့သည်။

'အ...အသက်ကိုတော့ ချမ်းသာပေးကြပါ၊ ဓစ်း ပစ္စည်းလိုချင်ရင်ပေးပါ့မယ်၊ ယူသွားကြပါ'

'ဟား...ကျုပ်တို့ကို ပစ္စည်းမက်တဲ့ ရှင့်လိုလူစားတွေများ အောက်မေ့နေသလား၊ ဒီမှာ ထောင်မင်း၊ ရှင် နားလည်ထား ဖို့က ကျုပ်တို့လိုချင်တာ ပစ္စည်းမဟုတ်ဘူးရှင့် အသက်၊ ရှင့် အသက်၊ နားလည်လား၊ ရှင်မသေခင် ကျုပ်တို့ ဘယ်သူ ဘယ် ဝါဆိုတာလဲ ကြည့်သွားစမ်းပါဦးရှင့်'

အမျိုးသမီးက တပ်ထားသော မျက်နှာဖုံးကို ဆွဲချွတ်လိုက် လေသည်။

'ဟင်...မှုန်းလင်း'

သူဌေးကြီးထောင်မင်းမှာ ချွေးချွေးပြန်ပြီး အံ့အားသင့် နေမိသည်။

'ဟုတ်တယ်၊ ရှင်သတ်တော့မှာပေါ့ မှုန်းလင်း'

'မင်း...ဘယ်လိုဖြစ်သွားတာလဲ၊ လူများ မဖမ်းနိုင်ဘူး တော...'

www.burmeseclassic.com

www.burmeseclassic.com



'မမှားဘူး၊ လုံးဝကို မမှားဘူး၊ ကျွန်မရှင့်ကို အလိုရှိနေတာကြာပြီ။ ဒီ ရှင်းရှင်းပဲ ပြောမယ်၊ ကျွန်မရှင့်ဆီကို ရောက်လာတာ ရှင့်ကိုကူညီဖို့မဟုတ်ဘူး၊ ရှင့်ကို အယုံသွင်းပြီး ကျွန်မ ဆန္ဒပြည့်ဖို့အတွက် အကွက်ဆင်လိုက်တာပဲ'

ရှင့်ဆီက ပြန်တောင်းစရာပစ္စည်းရှိတယ်၊ ရှင်ဟာလူယုတ်မာ၊ ကျွန်မတို့ ဘိုးဘွားလက်ထက်က မျိုးဆက်မျိုးဆက်အလိုက် အမွေဆက်ခံ ထိန်းသိမ်း စောင့်ရှောက်လာခဲ့တဲ့ ပတ္တမြား ကျောက်စီဓား ဘယ်မှာလဲ'

ဇော်မင်း မျက်လုံးပြူးသွားသည်။ မိမိအထူး လျှို့ဝှက်စွာ သိမ်းဆည်းထားသော ပတ္တမြား ကျောက်စီဓားကို သူမ မည်သို့သိရှိသွားသနည်း။

'ပတ္တမြားကျောက်စီဓား ဟုတ်လား'

ဇော်မင်းမှာ ထူးထူးဆန်းဆန်းဖြင့် ပြန်မေးလိုက် လေသည်။

'ဟုတ်တယ်၊ ပတ္တမြားကျောက်စီဓား ရှင့်လက်ထဲမှာ ရှိနေတယ်လို့ ကျွန်မအတိအကျ စုံစမ်းသိရှိပြီးသား၊ ရှင်ဘာပြောင်းချင်သေးသလဲ ဇော်မင်း'

သူမ၏ကြိုးတောင်မင်းက အရှုံးမပေး၊ အင်တင်တင် ဖြစ်နေသည်ကို မြင်ရသောအခါ ဖူးလင်းသည် သူ့မေးစေ့၏ လည်ပင်းနားတွင် တေ့ထားသော ဓားကိုရှေ့သို့ အနည်းငယ် တိုး၍ ထောက်လိုက်၏။

'ရှင် မခံရခင်ပေါ့၊ လောကကြီးမှာ မကြည့်ရင် ရှင်ဟာ ဘယ်သူ့ ဓားမှာမှ လုံးလုံး စိတ်'

'ရှင် မှားပြီ၊ လက်တွေ့နဲ့ ပြန်ပြောရင်၊ မနက်ဆိုတာ အလင်းနဲ့ဆုံမှာ ကြည့်စမ်း'

ဓားရှိကို ဆီးကြိုက်နေတော့ ကြိမ်ဆွဲချည်ချည်၊ ရှင်ပြောင်းအနိုင်ကိုတော့ လုံးလုံး စိတ်



မကူးနိုင်၊ ရှင် အိသွားအောင် ထပ်ပြောလိုက်ဦးမယ်၊ ရှင့်သူလဲဆိုတာ သေသေချာချာကြည့်လိုက်စမ်း'

မျက်နှာဖုံးစွပ်ထားသော နီဘေးမ လှုပ်ထဲက မျက်နှာဖုံးကို ချွတ်ပြလိုက်လေသည်။

ဇော်မင်း အံ့ဩသွားပြန်သည်။

'မင်း—ဖူးကျူ၊ မင်း ဖူးကျူ မဟုတ်လား'

ဖူးကျူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

'ခင်မတန် ညာဏ် တောင်းလှပါတယ် ဆိုတဲ့ ရှင့်ကို မမိုင်ဘဲနဲ့ မလုပ်ဘူး၊ ရှင့်ထက် သည့်ထို အခါကို ရောက်လာတာ အခါ ကျွန်မသား'

'ဖူးကျူဟာ မင်းရဲ့တားဝ ဟုတ်လား'

'ဖူးကျူဟာ ကျွန်မသား၊ ရှင် သိပ် အံ့ဩသွားသလား၊ ပတ္တမြားကျောက်စီဓား ဘယ်မှာလဲ ပြောမှန်မှန်'

'ပြော... ပြောပါမယ်၊ ဓား... ဓားလေး နည်းနည်း လျှော့ပေါ့'

'ရှင် သေရမှာ ကြောက်နေသလား'

ဒီမှာ ဇော်မင်း၊ ဒီပတ္တမြား ကျောက်စီဓားဟာ အစဉ်အဆက်နှင့် ကိုင်ခဲ့တဲ့ဓား၊ အမျိုးတန် ဓားတစ်လက်၊ ရှင့်လိုလူ မဆိုက်တန်ဘူး၊ ရှင် မတရားအနိုင်ကျင့်ထားတဲ့ ဓား ပြန်ပေးပါ၊ ရှင့် ဓားရဲ့တန်ဖိုးကို သိလို့မဟုတ်ဘူး၊ ဒီလောက် မက်လို့ ရှင် ညစ်ခဲ့ရ'

'ကဲ ဇော်မင်း၊ အချိန်သိပ်မရှိဘူး၊ ပတ္တမြား ကျောက်စီဓား ဘယ်မှာ သိမ်းထားသလဲ ရှင် ပြောမလား မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ရှင့် အသက်ကို မနှမြောဘူး ဆိုရင်တော့ ကျွန်မ အဆိုး မဆိုနဲ့'

ဖွန်လင်းက သူဌေးကြီး၏ လည်ပင်းတွင် ထောက်ထားသော ဓားကို ရှေ့သို့ ထိုးလိုက်ပြန်သည်။

'အမယ်လေး…အမယ်လေ၊ ဖြည်းဖြည်းလုပ်ပါ'

အသက်က စကားပြောလာသောအခါ သူဌေး ထောင်မင်းသည် ကြောက်ရွံ့ထိတ်လန့်လာကာ ဆက်လက်ပြီး မတင်းခံရဲတော့ပေ။

ရှေးအမျိုး၏ အသက် မပေါင်းများစွာကို သတ်ရန် အမိန့်ပေးခဲ့သော ထောင်မင်းမှာ မိမိ သေရမည့် အလှည့်သို့ ရောက်သောအခါ အလွန်ပင် ထိတ်လန့်ကြောက်ရွံတုန်လှုပ်နေ၏။

'အဲ့…အသက်တော့ ချမ်းသာပေးပါ။ ပေး…ပေးပါမယ် အဲ့… အဲဒီ ခုတင် ခေါင်းရင်းမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံကို ဖယ်လိုက်ရင် ခလုတ်လေး တစ်ခုကို တွေ့ရလိမ့်မယ်၊ အဲဒီ… ခ…ခလုတ်ကို နှိပ်လိုက်ရင် အုတ်နံရံ လျှို့ဝှက်တံခါး အလိုလို ပွင့်သွားလိမ့်မယ်၊ အထဲကို ဝင်သွားရင် ရတနာ ပစ္စည်းတွေ သိမ်းဆည်းထားတဲ့ အခန်းကို တွေ့ရလိမ့်မယ်၊ အဲဒီ အခန်းရဲ့ လက်ယာဘက် နံရံမှာ ကတ္တီပါအိတ်နဲ့ စွပ်ပြီး ချိတ်…ချိတ်ဆွဲထားတဲ့ ဓားဟာ ပတ္တမြားကျောက်စီဓားပါ'

ဖွန်လင်းမှာ ထောင်မင်းပြောသောစကားကို ဆုံးအောင်နားထောင် ရင်းမှ ယုံတစ်ဝက် မယုံတစ်ဝက် မျက်လုံးဖြင့် ထောင်မင်းအား လှမ်း၍ အကဲခတ်လိုက်၏။



'ဟုတ်…ဟုတ်ပါတယ်၊ မညာပါဘူး၊ အမှန်အတိုင်းပြောတာပါ'

ဖွန်လင်းသည် တစ်ဖက်မှ ဓားအိမ်ချွတ်၍ ဓားလွတ်ကိုင်းထားသော သားကို မျက်ရိပ်ချက်ကဲပြုကာ ဓာတ်ပုံကို ဖယ်ရှားစေလိုက်ရာ သေးငယ်သော ခလုတ်တစ်ခု ပေါ်လာလေသည်။

ခလုတ်ကို နှိပ်လိုက်သော် နံရံတွင် လျှို့ဝှက်စွာ တပ်ဆင်ထားသော တံခါးပေါက်တစ်ခုမှာ အလိုလိုပွင့်သွားလေတော့သည်။

'ကဲ…သား၊ သူပြောတဲ့အတိုင်း သွားရှာကြည့်စမ်း၊ မတွေ့ရင်တော့ သင်း အသေပဲ'

ဝူးကျူသည် မိခင် စေခိုင်းသည့်အတိုင်း လျှို့ဝှက် တံခါးပေါက်ထဲသို့ ဝင်သွားလေတော့သည်။

မကြာမီခေါ။

ဝူးကျူ ပြန်ထွက်လာသည်၊ လက်ထဲတွင် ကတ္တီပါအိတ်နှင့် စွပ်ထားသော ဓားတစ်ချောင်းပါလာသည်။

ကတ္တီပါအိတ်ကို ချွတ်လိုက်သောအခါ…

မိမိတို့ တစ်သက်လုံး ယူကြုံးမရ ဖြစ်ခဲ့သော ဓား။

ရှေးဆက် မျိုးဆက် ပြုတ်သည်အထိ ခုခံရင်း စွန့်လွှတ်လိုက်ရသည့် ဓား။

မိမိကို သားအမိ သက်စွန့် ဆံဖျား မနားမနေ ကြိုးပမ်းလည်း ရရှိရေးအတွက် ကြိုးစားခဲ့ရသည့် ဓား… ပတ္တမြားကျောက်စီ ဓား အမှန်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးကျူးသည် ဓါးကို ခါးအိမ်မှ ဆွဲထုတ်လိုက်ရာ ဓါးရောင်မှာ တဝင်းဝင်းတလက်လက်နှင့် ဓါးရိုးတွင် ပတ္တမြားရတနာများ စီခြယ်ထားလေသည်။

မိမိတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့သော ဓါးကို မြင်လည်းရမှီ ထိုက်သည့်အတွက် ဖုန်လင်းမှာ အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

သိုင်းသမားကောင်း တစ်ယောက် ဖြစ်ခဲ့လျှင် သိုင်းပညာကိုကောင်းစွာ ထက်မြောက်ရုံနှင့် မပြီးသေး၊ ဓါးမျိုးဆက် မှန်ကန်ကြောင်း သက်သေခံ ဓါးကောင်းတစ်လက်ရှိရန် လိုအပ်သည်။

သိုင်းသမားနှင့် မျိုးဆက် ရာဇဝင်ဓါး ကင်းကွာ၍ မဖြစ်။ ကင်းကွာကောင်းသည့်အရာလည်း မဟုတ်ချေ။

မိမိဆန္ဒပြည့်မြောက်ခဲ့ပြီး ဖုန်လင်းမှာ သူဌေးကြီး ထောင်မင်းအား ကြည့်ကာ မဲ့ပြုံး တစ်ချက် ပြုံးလိုက်သည်။

ရှင်း မင်မိငသားလား၊ ဒီပတ္တမြားကျောက်စီဓါးအတွက်နဲ့ ကျွန်မ မိဘနှစ်ပါးရဲ့ အသက်ဟာ ရှင်တို့ လက်ချက်နဲ့ ဆုံးသွားခဲ့ရတာလေ....။

အဲဒီတော့ မိဘနှစ်ပါးအတွက် ကျွန်မ ကလဲ့စား ချေရလိမ့်မယ်....၊ ရှင့်လို လူယုတ်မာမျိုးကို လောကမှာ ဆက်ပြီး အသက်ရှင်ခွင့်ပေးထားရင် လူသားတွေ ဘယ်လောက် ဒုက္ခဆက်တွေ့နေဦးမလဲဆိုတာ မစဉ်းစားတတ်ဘူး

သူဌေးကြီးထောင်မင်း၏မျက်နှာ အကြီးအကျယ်ပျက်သွားကာ အသားပင် တဆတ်ဆတ်တုန်လာသည်။



ငါ မှားခဲ့ပါပြီ ငါ့အပြစ်ခွင့်လွှတ်ကြပါ၊ ငါ့ကို မသတ်ကြပါနဲ့

ရုတ်ရုတ်ပေါင်းစုံ ကျူးလွန်ခဲ့ကာ မိုက်မှောင်း နှက်ချင်းမကနှက်ခဲ့သူတစ်ဦးအား သေခါကတွင် အသက်ရှင်ခွင့် ဆက်လက်ပေးခြင်းသည် လူသားတို့အတွက် အန္တရာယ်ပင် ဖြစ်ကာစီလေသည်။

မြေခွေးပါးစပ်မှ ထွက်ဆိုသောစကားသည် မှုဆားသ၊ မြေခွေးသည် မိမိအကျင့်စရိုက်ကို ဘယ်သောအခါ ဖျောက်ဖျက်ရမည်နည်း။

ထောင်မင်း၏ စကားကို ဖုန်လင်းမယုံနိုင်။ ဗညီသိမ္မာ မယုံနိုင်....

မိဘနှစ်ပါးကို စဉ်းစားသတိရလာမိလေသည်။ နာကြည်းခံပြင်းစိတ်ကို ရင်ထဲတွင် ဗလောင်ဆူဝေလာသည်။

ဖုန်လင်း ဓါးကိုရှေ့သို့ထိုးချလိုက်လေသည်။

အင့်

အား

မငြ ငင်းမှုလုပ်ခဲ့သော၊ ယုတ်မာရက်စက်ခဲ့သော သူဌေးကြီးထောင်မင်း၏ ဘဝဇာတ်လမ်းသည် ဤမျှနှင့်ရုံးချုပ်သွားရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၁)

အချိန်ကား ညနေ။

ဖွတ်မည်း တစ်ယောက် မိမိအိပ်ခန်းထဲရှိ ခုတင်ထက်တွင် လဲလျောင်းအနားယူရင်း အတွေးနယ်ချဲ့နေမိသည်။ မေယန်၏ဘဝအကျိုးပေးကို စဉ်းစားမိလေတိုင်း သူ စိတ်မကောင်းဖြစ်မိသည်။

ဘဝကံခေရှာသော ကံဆိုးမလေးတစ်ယောက် ဘယ်များရောက်နေပါလိမ့်၊ ဖွတ်မည်းစုံစမ်း၍ မရလောက်အောင်ပင် ဖြစ်နေသည်။

အသက်ရှင်မှ ရှင်နေပါဦးမလား၊ မိမိသည် သူ့အပေါ် စိမ်းကားများ စိမ်းကားမိလေသလော။ သူသည် နဖူးပေါ် လက်တင်ကာ မေယန်၏ဘဝရှေ့ရေးကို စဉ်းစားမိလေတိုင်း ရင်လေးမိသည်။

စိတ်ညစ်မှုမှာပင် တံခါးခေါက်သံ ကြားလိုက်ရ၏။

'ဘယ်သူလဲ၊ ဝင်ခဲ့လေ'

ဖွတ်မည်းက လှမ်းမေးလိုက်၏။



တံခါးမြည်းညင်းစွာ ပွင့်သွားကာ မိန်းမပျိုတစ်ဦးမှာ အခန်းတွင်းသို့ ဝင်လာသည်။

မိန်းမပျိုအား မြင်လိုက်သောအခါ ဖွတ်မည်း လွန်စွာ အံ့သြသွားခဲ့ပါလေသည်။

'ဟင်....မေယန်၊ မင်း...မေယန်မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မ မေယန်ပါ၊ အစ်ကိုနဲ့ တွေ့ချင်လွန်းလို့ မေယန်လာခဲ့တာပါ'

'ညီမကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ ဒါနဲ့ ညီမဘယ် ပျောက်လို့ ဘယ်ရောက်နေတာလဲ၊ အစ်ကို လိုက်စုံစမ်းတာ ဘယ်လိုမှ စုံစမ်းလို့ မရဘူး၊ အခု ညီမတစ်ယောက်တည်းလား'

'မဟုတ်ဘူး၊ သူလဲ ညီမနဲ့အတူ ပါလာတယ်'

'သူဆိုတာ ဘယ်သူလဲ'

'ကူးလောင်ပါ'

ဖွတ်မည်း မျက်လုံးပြူးသွားသည်။

'ညီမနဲ့သူ ဘယ်လိုလုပ် ဆက်သွယ်ပြီး ဘဲ့မိသွားကြတာလဲ'

'အစ်ကို အံ့သြရင်လဲ... အံ့သြစရာပါပဲ၊ ဒီဖြစ်ရပ်ဟာ သိနိုင်စရာတောင်မရှိဘူး၊ ညီမဟာ သူ့ရှေ့ ထောင်မင်း လက်ထက်နဲ့ ဖမ်းချုပ် ခံရတယ်၊

'ကူးလောင်ဟာ တခြားလူတွေအပေါ် ကြမ်းတမ်း ရက်စက်ပေမယ့် ညီမအပေါ်တော့ ကောင်းရှာပါတယ်၊ အစတော

www.burmeseclassic.com



တော့ ညီမ သူ့ အပေါ် အခဲမကျေနိုင်ဘူး၊ မိဘရဲ့သွေးကြွေး ကို တစ်နေ့မှာ ပြန်ပြီးကလဲ့စားချေဖို့ အားခဲထားခဲ့ပါတယ်။

နောက်ပိုင်းမှာတော့ ညီမကို သူ ကခပ်ပြောင်ပြောင်ပဲချစ်ရေးဆိုလာတယ်၊ တော်တော်လဲ မျက်နှာပြောင်တိုက်ရဲတဲ့ လူပဲ၊ ညီမတော့ ယုံ့လောက်မခံဘူး၊ သူ့ကို စိတ်မပျက်တဲ့အပြင် ညီမ အပေါ် ပိုလို့တောင် စောနစေရပ္ပနဲ့ ကြင်နာမှုတွေ ပြလာ တယ်။

'မကြာပါဘူး၊ သူနဲ့ထောင်မင်း သဘောထားချင်း ကွဲလွဲ ခဲ့ကြတယ်၊ သူလဲ မြေစွယ်အချုံးခံလိုက်ရပြီး ထောင်နန်းစံဘဝ ကို ရောက်ခဲ့တယ်၊ ရက်စက်ယုတ်မာတဲ့ သူ့ဖွေးကြီး ထောင် မင်းကတော့ မကျေနပ်သေးဘူး၊ နည်းအမျိုးမျိုးနဲ့ သူ့ကို ညှဉ်းပန်းနှိပ်စက်ခဲ့တယ်၊ နောက်ဆုံးမျက်စိကန်းရုံမက ဓား ကိုင်မရအောင် လက်နှစ်ဖက် အကြောတွေလဲ ဖြတ်ဆီးခံလိုက် ရတယ်။

'ဒါတွေကိုမြင်လိုက်ရတော့ ကျွန်မ သူ့ကိုပြန်ပြီး သနားစ ပြုလာတယ်၊ နာကြည်းခံပြင်းစိတ်တွေလဲ ပျောက်ကွယ်သွား တယ်၊ တရားခံအစစ်တာ သူမဟုတ်ဘဲ ထောင်မင်းရဲ့ကြိုးကိုင် ခံရသူတစ်ယောက်အနေနဲ့ သူ့ အပေါ် မြင်လာတယ်။

'သူဟာ ဒုက္ခိတဘဝကို ရောက်လာတော့မှ နောင်တတရား တွေပိုပြီး ရလာခဲ့တယ်၊ သူလုပ်ခဲ့တဲ့ မိုက်ပြစ်တွေကို ထုတ် ဖော်ပြောရင်း ယူကြုံးမရ ဖြစ်လာခဲ့တယ်။



'ညီမ သူ့ကိုကလဲ့စားချေဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် သူ့ ဒုက္ခတွေကို မြင်မိကြားမိတာနဲ့ ညီမစိတ်တွေကို လျှော့ပစ် လိုက်ရတယ်။

'အခုဆိုရင် သူဟာ သိမ်မွေ့သနားစရာကောင်းတဲ့ လူတစ် ယောက် ဖြစ်နေပြီ၊ သူ့ဘဝမှာ ညီမမရှိလို့ မဖြစ်တော့ဘူး၊ သူ့ဒုက္ခ သူ့ဘဝကို စဉ်းစားမိလေ ညီမသူ့ကို ပစ်မထားရက် ဘူး၊ မစွန့်ခွာနိုင်ဘူးဖြစ်နေမိတယ်'

ဖွတ်မည်း မည်သို့ပြောနိုင်မည်နည်း။

မေယန်ကိုယ်တိုင်က သံယောဇဉ် တွယ်ပြီဆိုတော့ ဖွတ်မည်း အတွက် စကားပြောစရာမရှိတော့ချေ။

သို့သော်လည်း သူသည် ကူးလောင်နှင့် တွေ့ချင်သေး သည်။ မေယန်အတွက် မှာကြားစရာ စကားလေးတွေတော့ မှာ လိုက်ချင်သေးသည်။

'ညီမ ကူးလောင်ကို သွားခေါ်လိုက်ပါဦး'

ထိုစကားကိုကြားသည်နှင့် တံခါးမှ လူတစ်ယောက် အခန်းတွင်းသို့ ရောက်လာသည်။ မျက်မမြင်ဒုက္ခိတ ကူးလောင် ပင် ဖြစ်လေသည်။

'ခင်ဗျားတို့နှစ်ယောက်ပြောဆိုနေကြတဲ့ စကားတွေအား လုံး ကျုပ်ကြားပြီးပါပြီ၊ ကျုပ်ရဲ့ ကျူးလွန်ခဲ့တဲ့ အတိတ်က အချိန်တွေကို စဉ်းစားမိတိုင်း နာကြည်းစိတ်တွေ ပေါ်[illegible] တယ်၊ နောင်တလဲရလို့ မဆုံးပါဘူး၊ အမှားကို အ[illegible] တဲ့အခါ ကျုပ်ရဲ့ဘဝဟာ ဘယ်လိုမှ သုံးစွဲလို့ မရ[illegible] ဘဝကို ရောက်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတိုင်း ဘဝရဲ့ပျော်ရွှင်မှုတို့ လေလိမ့်မယ်လို့ လုံးဝမထင်တော့ဘူး၊ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ ကိုယ့်မိသားစု သိုက်သိုက်ဝန်းဝန်း အေးချမ်းစွာလုပ်ကိုင်စားသောက်မှသာ ဘဝတစ်ခုရဲ့ သာယာပျော်ရွှင်မှုကိုဖန်တီးပေးနိုင်လိမ့်မယ်လို့ ကျွန်တော်မြင်လာတယ်။

အိမ်ထောင်ရဲ့ အရသာကို ကျွန်တော် သဘောပေါက်နားလည်လာပြီး ကျွန်တော့်ဘဝမှာ သူမရှိလို့ မဖြစ်တောဘူး

မှန်သည်။

ကူးလောင်၏စကားမှာ မှန်လှပေသည်။ ယခုဆိုလျှင် ကူးလောင်နှင့် မေယန်တို့မှာ ခွဲမရသည့် အိမ်ထောင်ဖက်အသွင်သို့ ရောက်ရှိနေကြလေပြီ။

ယောကျ်ားတစ်ဦးသည် မိမိအပေါ် ယုယပြုစုသည့် အဝခရီးဖော်တစ်ဦးကိုရလျှင် လွန်စွာ ကံကောင်းသည်ဟု ဆိုကြသည်။

ထို့အတူ မိန်းမသားတစ်ယောက်သည် မိမိအပေါ် ချစ်မြတ်နိုးသော ယောကျ်ားတစ်ဦးကိုရရှိခဲ့လျှင် ဝမ်းသာ ကျေနပ်မှု ရရှိမည်သာ ဖြစ်၏။

ထို့အတူ မေယန်သည်လည်း ကူးလောင်၏ လိုလိုလားလား မက်မက်မောမော မြတ်နိုး အားကိုးမှုကို သိရှိနား



လည်လာသောအခါ သူသည် မည်သို့မျှ ကူးလောင်အား စွန့်ခွာ ပစ်မယ်နိုင်တော့မည် မဟုတ်ချေ။

ဖွတ်မည်းအတွက် အထွေအထူးပြောစရာစကား မရှိတော့ပေ။ မေယန်၏ ဘဝနောင်ရေးကို တွေးပူစရာလည်း မလိုတော့ချေ။

သူတို့၏ ဘဝကံကြမ္မာကို သူတို့ကသာ ဆက်လက်ဖန်တီးသွားပေလိမ့်မည်။

အခုလို ခင်ဗျားတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြင်နာမှုရှိကြတာကိုမြင်ရတော့ ကျွန်တော် သိပ်ကို ဝမ်းသာပါတယ်။ မေယန့်အတွက်လဲ ကျွန်တော် စိတ်အေးသွားပါပြီ။ ဆက်ပြီး အေးအတူပူအမျှ စိတ်တူကိုယ်တူဘဝကို ဖန်တီးနိုင်ကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်း တောင်းပါတယ်

မေယန်သည် ဝမ်းနည်းကြေကွဲစွာနှင့်ပင် ဖွတ်မည်းအား နှုတ်ဆက်ပြီး တံခါးဝဆီသို့ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်တွင် မှားမှားမှတ်မှတ် ရပ်လျက်ရှိနေသူက....

မိန်းမပျိုတစ်ဦး။

ဝတ်ရုံနီကို ဝတ်ဆင်ထားကာ နောက်ကျောမှာလည်း ဓားရှည်ကို သိုင်းလွယ်ထား ၏။

တင်းမာခက်ထန်သော အကြည့်နှင့် သူတို့အား လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေယာန်တစ်ယောက် ခြေတန့်သွားသလို ဖွတ်မည်းမှာလည်း ဝတ်ရုံနှင့်မိန်းကလေးကို မြင်လိုက်သည်နှင့် မျက်နှာမျက်ကာ အံ့အားသင့်ငေးရီကာ ကြည့်နေမိသည်။

‘ဖုန်…ဖုန်လင်း’

ဖွတ်မည်းက တအံ့တသြနှင့် ရေရွတ်လိုက်မိသည်။

‘ဟင်း…သူ့ကိုယ်သူ ဖွတ်မည်းတဲ့၊ ဒီမှာ ချန်းလီ၊ ရှင်ဟာ တော်တော် အရှောင်အတိမ်း အပြောင်းအလဲကောင်းတဲ့သူပဲ၊ ရှင် ဆယ့်လေးနှစ်လုံးလုံး ကျွန်မတို့သားအမိကိုပစ်သွားခဲ့တယ်၊ အခုတော့ ရှင်ဘာပြောဦးမလဲ၊ ရှင်ဟာ နှလုံးသားမရှိတဲ့လူ၊ ရှင့်မှာ မေတ္တာတရားဆိုတာလဲ လုံးဝမရှိဘူး၊ ရှင်ဟာ လူယုတ်မာ။

‘ရှင်ယုတ်မာလို့ ကျွန်မတို့သားအမိ ဘယ်လောက် စိတ်ဆင်းရဲ သောကရောက်ခဲ့တယ် ဆိုတာကော ရှင်နားလည်ရဲ့လား၊ ချန်းလီ…ဒီမှာကြည့်စမ်း၊ အဖေရှိလျက်နဲ့အဖေမခေါ်နိုင်ရှာတဲ့ ရှင့်သား၊ ဘယ်လောက် စိတ်နာကြည်း ခံပြင်းစရာကောင်းသလဲ၊ ရှင်ကတော့ ဒါတွေကို လုံးဝစဉ်းစားမိမှာ မဟုတ်ဘူး’

ဖုန်လင်းမှာ သားဖြစ်သူကို လက်ညှိုးထိုးကာ ပြောလိုက်သည်။

‘ရှင့်လိုကောက်ကျစ်ပြီး စိတ်ထားယုတ်မာတဲ့ ယောကျ်ားတစ်ယောက်ကို ဆက်လက်အသက်ရှင်ခွင့်ပြုထားရင် မိန်းမသားတွေ ဒီလိုအဖြစ်မျိုးနဲ့ ဆက်လက် ကြုံတွေ့နေရဦးမှာပဲ၊ ရှင့်ကို ကျွန်မ အခုသတ်မယ်၊ သတ်ကိုသတ်ရလိမ့်မယ်’



ဖုန်လင်းမှာ နာကြည်းခံပြင်းမှုကြောင့် အသားပင်တဆတ်ဆတ် တုန်ယင်လာသည်။

ဓားကို ဓားအိမ်ထဲမှ မာန်ပါပါ ဆွဲထုတ်လိုက်၏။

ဖွတ်မည်း (ခေါ်) စိန်နဂါးချန်းလီအား ဝင်ခုတ်ကာ တိုက်ခိုက်လေတော့သည်။

ဖုန်လင်း အသုံးပြုလိုက်သော ဓားကွက်မှာ ကြောက်စရာ အလွန်ကောင်းသည်။ စိန်နဂါး၏ ချေဖျက်နည်း လျှို့ဝှက် ဓားကွက်ပင် ဖြစ်သည်။

မည်မျှပင် အရှောင်အတိမ်း ကောင်းစေကာမူ အသက်ကို မချအန္တရာယ်ပေးနိုင်သည်။

သို့သော်လည်း ဖုန်လင်းလေ့ကျင့်မှုနှင့် အသုံးပြုလိုက်သော အင်အား၊ လျင်မြန်သွက်လက်မှုတို့ လိုနေသေးသည့် အတွက် စိန်နဂါးချန်းလီမှာ ဓားချက်ကိုရှောင်ထွက်ပြီး ပြတင်းပေါက်မှ ခုန်ဆင်းတိမ်းရှောင်သွားလေတော့၏။

‘တောက်…လွတ်သွားပြီ’

ဖုန်လင်း တောက်တစ်ချက်ကို ပြင်းစွာ ခေါက်လိုက်မိသည်။ ရင်ထဲမှာ ခံပြင်းသွားကာ မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားသည်။

တစ်ချက်တည်း အပိုင်ခုတ် အသေသတ်သည့်ပွဲမှ လွဲသွားသည်ကို ဖုန်လင်းစိတ်ထဲမှာ နည်းနည်းမှမကျေနပ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း…ချွန်းလို၊ ရှင်နဲ့ကျွန်မ တွေ့ကြသေးတာပေါ့ရှင်၊ တန္တရကြီးတော့ ကျဉ်းကျဉ်းလေးပါ၊ ရှင် ဘယ်အသံမျှ ပြေးနိုင်မှာလဲ၊ ပြေးစမ်းပါ'

* * *

ဆည်းဆာချိန် ညနေခင်းကာလ။

အပြင်းမောင်းနှင်လာသော မြင်းခွာသံကို အဝေးမှပင် ကြားနေရသည်။

မြင်းတစ်စီးနှင့် လူတစ်ယောက်။

ခေတ်တန်းကိုဖြတ်ကာ ဒူးနှင့်ဝိုင်း၍ ခရီးနှင်လျက် ရှိနေ၏။ သူသည် မြင်းစီးအတွေ့ကျွမ်းကျင်သည်။ လျင်သည်။ ဖျတ်လတ်သည်။

ထိုလူပဲသော မြင်းနီကြီးသည် တစ်ဘားကူန် ဒူးနှီးစိုင်းပြေးလာရာမှ တန့်ခနဲရပ်လိုက်သည်။ မြင်းဇက်မှာမော့လျက် အနေအထားတွင်ပင်။

ဆည်းဆာ၏ အောက်မှာ မြင်းနီကြီး ပန့်ရပ် နေသလို မြင်းပေါ်မှ လူရှိုယ်မှာလည်း ခန့်ညားသည်။ တည်ကြည်



သည်။ အစ်ဦပမိရှိမှာ သားနားသည်။ ဝတ်စုနက်ဝတ်စုံကာ ဓားရှည်တစ်ချောင်း သိုင်းလွယ်ထားသည်။

ကိုယ်လုံးကိုယ်ဟန် ကျစ်လျစ် သန်မာသည်။ ယောကျ်ားပီသသည်။

သူသည် စာစ်စီတစ်ခုကို စေတ္တခဏမျှ ထွေဝေ စဉ်းစားနေပြီးနောက်တွင် မြင်းကိုဒူးနှီးစိုင်းကာ ဆမြင်းနှင်လျက် စီးနေလေသည်။

တခဏမျှ၀တခေါ်ပင် တောတန်းကြီးကို ဖြတ်သန်း မောင်းနှင်လာခဲ့ပြီးနောက် သူသည် ရွာထန်ကဲသို့ ဖြည်းညင်းစွာ ဝင်ရောက်လာသည်။

မြင်းပေါ်ကလူကို မြင်လိုက်သည်နှင့် မိန်းမပျိုသည် ခေတ္တမျှ တွေဝေစဉ်းစားလိုက်သည်။

'သ…သူ…သူဟာ မာလူး'

မှန်သည်။ သူသည် သိုင်းသမား မာလူးပင် ဖြစ်လေသော သည်။

'မိန်းမပျိုက…'

'မာ…မာလူး'

မိန်းမပျို၏ အသံကို ကြားလိုက်သည်နှင့် မြင်းပေါ်မှလူသည် ချာခနဲဘေးဘက်သို့ လှည့်ကြည့်လိုက်၏။

မိန်းမပျိုကို မြင်တွေ့လိုက်သောအခါ မာလူး တစ်ယောက် အံ့ဩသွားသည်။ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် အံ့ဩနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖုန်း...လင်း၊ မင်း ဖုန်းလင်း မဟုတ်လား'

'ဟုတ်တယ်လေ မာလူး၊ ဖုန်းလင်းကို မမှတ်မိတော့ဘူးလား'

မာလူး မြင်းပေါ်မှအလျင်စလို ခုန်ဆင်းသိုက်၏။ သူ၏စိတ်ထဲ၌ အံ့သြခြင်း၊ ဝမ်းသာခြင်းတို့ ပြွတ်သိပ်နေသည်။ ဖုန်းလင်းနှင့်ယခုလို တိုက်တိုက်ဆိုင်ဆိုင် တွေ့လိမ့်မည်ဟု သူ လုံးဝ မထင်။ သို့အတွက် အံ့သြနေခြင်းပင် ဖြစ်သည်။

'ညီမ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ'

'ကဲပါ...အံ့သြနေသလား၊ လာ ညီမတို့အိမ် ဝိုက်ခဲ့လေ၊ အိမ်ကျမှ အေးအေးဆေးဆေး စကား ပြောကြရအောင်လား အစ်ကို'

အံ့သြခြင်း၊ ဝမ်းသာခြင်းတို့ကြောင့် သူတို့နှစ်ဦးမှာ ကြည့်သာလန်းဆန်းနေကြသည်။ သူတို့၏ ခြေလှမ်းများမှာလည်း သွက်လက်နေ၏။

အချိန်ကြာမြင့်စွာ ကွဲကွာနေခဲ့ပြီးမှ မမျှော်လင့်ဘဲပြန်လည်ဆုံစည်းကြရသည့်အတွက် မဖော်ပြနိုင်သော ဝမ်းသာခြင်း၊ ပီတိဖြစ်ခြင်းတို့ကို ထပ်တူထပ်မျှ ခံစားနေကြရလေသည်။

'ဘယ်ရောက်နေတာလဲ အစ်ကိုရယ်၊ ခုကော ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ'

'ပြောဖြမယ်လေ၊ ဖြည်းဖြည်းပေါ့၊ ညီမကို အစ်ကိုတွေ့ချင်နေတာ၊ ပြောစရာစကားမတွေလဲ အများကြီးရှိတယ်'

တိုစဉ် တံခါးပွင့်လာသည်။



အိမ်ထဲမှ လူငယ် တစ်ယောက် ထွက်လာ၏။

ရုပ်ရည်က သားသားနားနား သွက်သွက်၊ လက်လက်နှင့် သွက်လက် ချက်ချာသည်။ ရုပ်ရည်လည်း ယဉ်ပြန့်သည်။

'အစ်ကို သူ့ကို သိသား တင်'

'ဟင့်အင်း သူက...'

'ကျွန်မသားလေ၊ နာမည်က ဦးကျူး'

'ဟုတ်လား၊ သူ ဦးကျူးလား'

မာလူး အံ့သြသွားပြန်သည်။ သူနှင့်ကွဲကွာသွားစဉ်ကကလေးက ငယ်ငယ်လေး။ အချိန်ကာ မည်မျှကြာသွားသည်မသိ။ ယခု သူပင် လူပျိုပေါက်အရွယ်သို့ ရောက်နေပြီ။ အချိန်ကား ကုန်လွယ်လှပါလား။

ထို့ပြင် မာလူးနှင့် ဖုန်းလင်းတို့သားအမိမှာ လက်မက်ရည်ဝိုင်းဖွဲ့ကာ စကားလက်ဆုံ ကျလေတော့သည်။

မာလူးက စကားကိုစကာ ဆိုလိုက်သည်။

'အစ်ကိုလဲ အစ်ကို့ ဆရာနဲ့ မတွေ့တာကြာလို့ ပြန်သွားခဲ့တာ၊ အစ်ကိုပြန်သွားပြီး ဆရာလဲမမာမကျန်း ဖြစ်နေတာနဲ့ အစ်ကိုလဲ ချက်ချင်း ဘယ်ပြန်နိုင်တော့မလဲ၊ အစ်ကို့မှာ ပြုစုစောင့်ရှောက်ရမယ့်တာဝန် ရှိနေတယ်မဟုတ်လား'

'ဟုတ်တာပေါ့ အစ်ကို၊ ကဲ...ရေနွေးကြမ်းလဲ သောက်စုန့်လဲစား၊ စကားလဲပြောပေါ့'

အားလုံး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ကျေနပ်သောအပြုံးကိုယ်စီနှင့် ပြုံးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ အစ်ကိုလဲ ဆရာကို ပြုစုစောင့်ရှောက်ရင်း ကြာနေတာပေါ့၊ ဆရာလဲတဖြည်းဖြည်း နာလန်ထူပြီး ကျန်းမာလာတယ်...

'ဆရာ့ဆန္ဒကတော့ အစ်ကိုလဲ ရောက်တုန်း ရောက်ခိုက်နဲ့ ကြုံမနေတော့ သူလဲပြန်ပြီး ကျန်းမာလာတာနဲ့ သူနဲ့အင်မတန်ရင်းနှီးတဲ့ ဆရာတစ်ဦးဆီကို အလည်အပတ်သွားဖို့စိတ်ကူးရှိနေတယ်၊ အစ်ကိုလဲ မငြင်းသာတော့ပေါ့၊ ဆရာနဲ့အတူ ခရီးထွက်ခဲ့ပြန်တယ်'

'ဟုတ်ကဲ့ အစ်ကို'

'ဟိုရောက်တော့ အစ်ကို ဆရာရဲ့ မိတ်ဆွေဆိုတာဟာ သိုင်းဆရာကျင်မန်း ဖြစ်နေတယ်၊ အံ့သြစရာ ကောင်းတာက အဲဒီကျင်မန်းဟာ တခြားလူမဟုတ်ဘူး'

'ဘယ်သူလဲ ဟင်'

'ချန်းလီရဲ့ဆရာ'

ဖုန်လင်း မျက်နှာပျက်သွားသည်။ ချန်းလီဆိုသည့် အသံကို နားထဲမှ မကြားချင်။ ရင်ထဲမှာတစ်ဆို့ဆို့ကြီး ခံစားလိုက်ရသည်။

တစ်နိုင်လျှင် မမွေးပျောက်ပျောက်မင်ထားချင်သည်။ သူ့အကြောင်းကို တွေးမိလိုက်တိုင်း ဖုန်းလင်း အခံရခက်လှန်းသည်။ ဖုန်းလင်းမျက်ရည်များ ဝဲလာသည်။ သူ့မျက်နှာမှာ မကျေချမ်းသောအသွင်သို့ ရုတ်ခြည်းပြောင်းလဲသွားသည်။



မာလူး ရိပ်စားမိသည်။ ဖုန်လင်း၏ နာကြည်းချက်ကို မာလူး ကောင်းကောင်းသိသည်။ ဤသို့သိရှိရလည်း ဤစကားကို အစချီခြင်း ဖြစ်လေသည်။

'ကျင်မန်း ပြောပြချက်အရဆိုရင်တော့ ချန်းလီရဲ့အဝတာ အင်မတန် သနားစရာ ရှုပ်ထွေးရောကောင်းတဲ့ ဘဝပါပဲ၊ အစ်ကို အစက တော့ ချန်းလီကို အနိုင်တိုက် အပြတ်ရှင်းဖို့ စိတ်ခေါ် ထားခဲ့တယ်....

'အစ်ကို ရဲ့ နှုပါတ်ခယ်ချုံ့သိုင်းကွက်တာ ချန်းလီ မယှဉ်ပြိုင်နိုင်ဘူးဆိုတာ အစ်ကို နားလည်ပါတယ်၊ ဒါပေမယ့် ညီမ ပေးတဲ့ဓါးအသိတာ သိုင်းကွက် ချေဖျက်နည်းစာအုပ် ဖြစ်နေတော့ အစ်ကိုတို့ကြား တစ်ပန်းသာနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချန်းလီကိုတော့ ဒီတစ်ပွဲမှာ အနိုင်တိုက်နိုင်ပြီး အောင်ပွဲခံနိုင်လိမ့်မယ်လို့ အစ်ကိုယုံကြည်တယ်၊ အားလဲ ခဲထားတယ်ကွာ'

'ဒါဖြင့် အစ်ကို တစ်ချိန်က ညီမကို ကတိပေးခဲ့တာကို ပြန်လည်ရုပ်သိမ်းလိုတယ်ဆိုတဲ့ သဘောလား'

'နေဦးလေ... ညီမက ဘယ်လို အစ်ကို့ကို အပြစ်တင်ချင်တာကိုး၊ အစ်ကို စကားကို ဆုံးအောင်နားထောင်ပါဦး'

'ကဲလေ...ပြောပါ၊ ဆက်ပြောပါဦး'

'သူဟာ ငယ်ငယ်ကတည်းက မိဘမရှိဘူး၊ ကျင်မန်းက ကောက်ယူမွေးစားလို့ ကြီးပြင်းလာခဲ့ရတဲ့သူပါ၊ မိခင်ဖခင်ရဲ့ မေတ္တာ၊ အထူးသဖြင့်တော့ မိခင်ရဲ့ရင်ငွေ့ကို ခိုလှုံခွင့် မရရှိခဲ့ဘူး'

www.burmeseclassic.com



'ဒီလိုဆိုတော့ သူဟာ မေတ္တာငတ်သူ ကလေးတစ်ယောက် အနေနဲ့ သူ့ရဲ့အမူအရာဟာ ကြမ်းတမ်းခက်ထန် သယောင်ယောင်ရှိပေမယ့် သူ့ရဲ့စိတ်ဟာ အင်မတန် ညင်သာ သိမ်မွေ့တဲ့ လူတစ်ယောက်ပါ'

ဖုန်လင်းက နှုတ်ခမ်းကလေးတွန့်ရုံ မဲ့ပြုံးကလေးတစ်ချက် ပြုံးလိုက်သည်။

'ကြင်နာယုယမှုကို မခံစားရတဲ့သူဟာ သူများအပေါ်လဲ ကြင်နာတတ်မှုတွေကို ထင်ပေါ်အောင် ပြသချင်မှ ပြသတတ်မယ်၊ ဒါပေမယ့် သူ့စိတ်ကတော့ ဒီလို ဟုတ်ချင်မှဟုတ်မယ်၊ ဒါဟာ ချန်းလီကို အပြစ်တင်လို့ မဖြစ်ဘူး၊ သူ့ဘဝ အခြေအနေနဲ့ ပတ်ဝန်းကျင်ကြောင့်လို့ပဲ ဆိုရမှာပဲ'

'နောက်ပြီး သူဟာသိပ္ပံပညာမှာသိပ်ပြီး ထူးချွန်သလောက် စိတ်ထားနဲ့ ခံယူချက်လဲ အထူးပြည့်စုံတဲ့သူပါ၊ သိပ္ပံလောကဟာ ကျယ်ပြန့်တယ်၊ သိပ်ပြီး ရှုပ်ထွေးပွေလီတယ်၊ တိမ်မယောင်နဲ့လဲနက်တယ်'

'ကောက်ကျစ်စဉ်းလဲတဲ့ လောကသားတွေ ပေါကြွယ်လှသလောက် သမာသမတ်နဲ့ စိတ်ကောင်းနှလုံးကောင်း ရှိကြသူတွေလဲ ရှိကြပါတယ်၊ ဒီအထဲမှာ ချန်းလီဟာ ဖြောင့်မတ်မှု ရှိတဲ့ သိပ္ပံသမားတစ်ယောက်ပေါ့'

'ဩော်...ဖြောင့်မတ်တဲ့လူ တစ်ယောက်ဆိုရင် ကျွန်မတို့ သားအမိအပေါ် ဒီလောက်ကြီး ရက်ရက်စက်စက် ပစ်ထားခဲ့မတဲ့လားရှင်'



'ဒီလိုလေ... ဒါကတော့ အခြေအနေကြောင့်နဲ့ အချိန်အခါဆိုတာ ရှိပါသေးတယ်'

'မဟုတ်ဘူး... မဟုတ်ဘူး၊ ညီမ လုံးဝသဘောမပေါက်တာ တစ်ခုရှိတယ်၊ ညီမနဲ့သူနဲ့ တွေ့ပြီးခဲ့ပြီ'

'ညီမ... ချန်းလီနဲ့တွေ့ပြီးပြီ ဟုတ်လား'

'ဟုတ်တယ်၊ ညီမနဲ့ဆုံပြီးပြီ၊ အဲဒီတုန်းက ညီမလဲ သူ့ကို ရုတ်တရက်တွေ့လိုက်ရတော့ နာကြည်းခံပြင်းစိတ်တွေ ဖြစ်လှန်းလို့ သူ့ကိုသိုင်းကွက် ချေဖျက်နည်းမားမှန်တိုင်းနဲ့ တရကြမ်း တအားဝင်ခုတ်တာ သူသိသိကလေး လွှတ်သွားတယ်၊ တကယ်ဆိုရင် သူ ကျွန်မကို အမှန်အတိုင်း ဖြေရှင်းပြရမယ်၊ ခုတော့ သူရဲဘောကြောင်ပြီး တိမ်းရှောင်ထွက်သွားတယ်လေ၊ ကဲ... အဲဒါ ဘာသဘောလဲ'

မာလူးက တစ်ချက်ပြုံးလိုက်သည်။

'ဒီလိုလေ၊ ချန်းလီမှာ ထူးခြားတဲ့ အချက်တစ်ခုရှိတယ်၊ သူဟာ ဆရာသမားကို သိပ်ပြီးရိုသေကိုင်းရှိုင်းတယ်၊ ဆရာသမားရဲ့ ဆုံးမဩဝါဒကို မြေဝယ်မကျ လိုက်နာကျင့်သုံးတတ်တယ်၊ လက်တွေ့လဲ အကောင်အထည် ဖော်တယ်။

'နောက်ပြီး ကျင်မန်းက သူ့ကို မှာကြားလိုက်တဲ့စကားထဲမှာ လေးနက်တဲ့အချက်နှစ်ချက် ပါတယ်၊ (တစ်) အချက်က ဘာလဲဆိုတော့ သူ့ကို သိပ္ပံပညာတတ်မြောက်ရုံလောက်နဲ့ ပြီးပြည့်စုံပြီလို့ မယူဆဘူး၊ ဒါကြောင့်လဲ သူ့လောကထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဝေါ်ဆော်ဖို့ လူ့အကြောင်းတွေ နားလည်ဖို့ လိုတောသ ကိုသမိုင်း ပညာယူ၊ နောက်ပြီး လူထုလူတန်းစားဖက်က ရင် တည်၊ လူတွေအတွက် ကောင်းကျိုးပြု၊ ဆိုးကျိုးကိုပယ် ဆိုတဲ့ ရည်ရွယ်ချက်ကြီးပဲ....။

(နှစ်) အချက်ကတော့ မိမိဘဝအတွက် အတွေ့အကြုံရှာ ဖွေနေရိုက်၊ လူထုလူတန်းစားရဲ့အကျိုးကိုဆောင်ရွက်နေမိုက် အချိန်အတောအတွင်းမှာ မိန်းမသားတွေကို အသုံးချောင် ဘည်ဖို့ဆိုတဲ့ အချက်ဟာ သူ့အတွက် သိပ်ပြီးလေးနက်နေ ဟန် တူတယ်။

'အစ်ကို့အမြင် ပြောရရင်တော့ သူဟာ အစကတည်းက လူသား တစ်ယောက်ပါ၊ သွေးသားရဲ့ တောင်းဆိုချက်ကို ဘယ်သူမှလဲ မလွန်ဆန်နိုင်ဘူး၊ နောက်ပြီး ညီမရဲ့အလှအပ ဟာ သူ့ကိုသိပ်ပြီးလွှမ်းမိုးခဲ့ဟန် တူတယ်၊ အဲဒါကြောင့် သူဟာ ညီမကိုချစ်မိမယ်၊ စွဲလမ်းမိမယ်၊ ရုပ်နိုးကောင်းမြတ်နိုးမိလိမ့် မယ်၊ ဒါတွေဟာ မကင်းနိုင်ကြတဲ့ ပုထုဇဉ်လူသားတွေရဲ့နိယာမ သဘောတရားပဲ၊ ညီမကို သူ ပြစ်မှားမိချင်လဲ ပြစ်မှားမိမယ်၊ နောက်တော့ သူ့မွေးစားအနေရဲ့အမိန့်က သူ့စိတ်ကို လွှမ်းမိုး နေမယ်၊ နောက်တော့ သတိတရားဝင်လာပြီး အခြေအနေနဲ့ အချိန်အခါကို ထိန်းသိမ်းဖို့ ညီမကို ခေတ္တရှောင်ထွက်သွား တာတော့ မဖြစ်နိုင်ဘူးလား....။

'ဘာဖြစ်လို့လဲဆိုတော့ ညီမနဲ့သူဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သူဟာ နောက်ထပ် ဘယ်အမျိုးသမီးနဲ့မှ ဇာတ်ရှုပ် ဇာတ်ထွေး



မရှိခဲ့ဘူး၊ မိန်းမနဲ့ပတ်သက်လို့ ဘာသတင်း အစအနမှလဲ မကြားဖူးဘူး....။

အစ်ကို သိရသလောက်ဆိုရင် သူ့ခံယူချက်နဲ့ လုပ်ဆောင် ချက်တွေဟာ အားရစရာလဲ ကောင်းပါတယ်၊ ကိုယ်ကျိုးထက် အများအကျိုးကို ဆောင်ရွက်ပေးတဲ့နေရာမှာ ထက်သန်တယ်၊ သူ့ကို ချီးကျူးရမယ်၊ သူ့စရိုက်နဲ့ မင်းကိုစိတ်ထားကို ညီမ သဘောပေါက်စေဖို့ လိုတယ်၊ အဲဒီအချက်တွေကြောင့် ညီမ ကို ဘာမှမရှင်းဘဲ ရှောင်တိမ်းသွားတာတော့ မဖြစ်နိုင်ဘူး လား....'

'ဒါကတော့ တုတ်ချင်မှ ဟုတ်မှာပါ'

'ရှင်းမရသေးတဲ့အချိန်မှာ အခုလို ချန်းလိ ရှောင်ထွက် သွားတာဟာ အကောင်းဆုံးပဲပေါ့၊ နည်းလမ်းလဲမှန်တယ်၊ အစ်ကိုဆိုရင်လဲ ဒီလိုပဲလုပ်မှာပဲ၊ အစ်ကိုရှင်းပြတာ ညီမ သဘောပေါက်ပါတယ်နော်'

'ဒါကိုတော့ ညီမ မငြင်းလိုပါဘူး၊ ညီမက သူ့အပေါ် ခွင့်လွှတ်နိုင်တယ်ထားဦး၊ သူကတော့ ညီမအပေါ်ပြန်ပြီး စိတ် လည်လာလိမ့်မယ်လို့ မထင်ဘူး၊ သူ့မှာ ချစ်စိတ် ကြွင်နေ တတ်တဲ့ နှလုံးသား ရှိခဲ့ရင် ဒီကနေ့ထိ သူ ညီမတို့ကို ရက်ရက် စက်စက် ပစ်ထားခဲ့မှာ မဟုတ်ပါဘူး'

'ဒီလိုပဲ ကျိန်းသေပြောလို့ မဖြစ်နိုင်သေးဘူး၊ ဘယ်သူမှာ ဘယ်သူမှ နှလုံးသားမေတ္တာတရားနဲ့ ကင်းကွာပြီး မနေနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ သူလဲ စဉ်းစားမှာပဲ၊ သဘောပေါက်ပြီး အချိန်အခါ ရောက်လာရင်တော့ ညီမဆီ ပြန်ရောက်လာမှာပါ၊ မေတ္တာ ဆိုတာ ရှောင်ပြန်ဟပ်တဲ့ သဘောမှာရှိပါတယ်၊ သူတယ်နည်း နဲ့မှ မနေနိုင်ပါဘူး၊ ညီမဆီ ပြန်မရောက်လာမှာကိုတော့ စိတ် မပူပါနဲ့၊ ရှင့်လွတ်ခြင်းဟာ အောင်မြင်မှု တစ်ခုပါ၊ ညီမ သူ့ အပေါ် အပြစ်မမြင်တော့ဘူးဆိုရင် နာကြည်း ခံပြင်းစိတ် တွေလဲ တဖြည်းဖြည်း ပျောက်ကွယ်သွားပါလိမ့်မယ်'

ထိုအခါ ဖုန်လင်းစိတ်ထဲမှာ ပေါ့ပါး ရှင်လန်းသွားသည်။ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အကြောင်းကို လက်တွေ့ သဘာဝကျကျ ရှင်းလင်းပြောပြလာသော မာလူးကိုလည်း စိတ်ထဲမှကျိတ်ကာ ကျေးဇူးတင်မိရလေသည်။

'ညီမ သူနဲ့တွေ့ချင်တယ် ဆိုရင်တော့ အစ်ကိုတို့ အရင် ကတည်းက ချိန်းထားခဲ့ကြတယ် မဟုတ်လား၊ သိုင်းသမား တွေဟာ ကတိကို လေးစားကြတယ်၊ ကတိပျက်ရိုး ထုံးစံမရှိ ဘူး၊ အဲဒီချိန်းဆိုပွဲကို အစ်ကိုလဲ ရောက်သွားရမှာပဲ၊ သူလဲ ရောက်လာမှာ ကျိန်းသေတယ်၊ အဲဒီတော့ ယှဉ်ပြိုင်ပွဲနေ့ ရောက်ရင် ညီမ အရောက်လာခဲ့ဖို့ အစ်ကို အခုကတည်းက မှာခဲ့မယ်၊ ညီမလာမယ် မဟုတ်လား'

ဖုန်လင်းက ခေါင်းကို အသာအယာ ညိတ်ပြလိုက်သည်။ ဖုန်လင်း၏ အမူအရာကိုကြည့်ပြီး မာလူး ဝမ်းသာသွားသည်။ အမှန်စင်စစ် စိန်နဂါးချန်းလီအပေါ် ဖုန်လင်း၏ မေတ္တာတို့ သည် လွှမ်းခြုံလျက် ရှိသေးသည်မဟုတ်ပါလော။

အခန်း(၄၃)

ညသည် လင်းလက်နေပြီး လကသာနေသည်။

ကြယ်တာရာများလည်း စုံညီနေကြသည်။

တစ်ခုသော အိမ်ခန်းထဲဝယ် ဝမ်းနည်းဖွယ်သာ ကြည်နူး စရာ မြင်ကွင်းတစ်ရပ်က ရှိနေသည်။

ဆယ်နှစ်အထိ ကွဲကွာခဲ့သော ဇနီးမောင်နှံနှစ်ဦးတို့သည် ယခု ပြန်လည်ပေါင်းဆုံကြခဲ့လေပြီ။

သူတို့နှစ်ဦးကတော့ ခါးသမားထန်လူးတို့ ဇနီးမောင်နှံပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားသမားထန့်လူးမှာ လွန်ခဲ့သောဆယ်နှစ်က အဆင့်မြင့် သိုင်းသမားတစ်ဦး ဖြစ်ခဲ့သည်။

နောက်ဆုံးတော့ စိန်နဂါးဓား ချန်းလီနှင့် တွေ့ဆုံယှဉ်ပြိုင်ရာမှ အရေးနိမ့်ရှုံးသွားခဲ့ရသူ တစ်ဦးဖြစ်သည်။

ထန့်လူးမှာ မကျေမချမ်းဖြစ်ပြီး ထလဲ့ဓား ပြန်ချေရန် သန္နိဋ္ဌာန်ချခဲ့သည်။

ဇနီးသည်ကိုခွဲခွာကာ တောတောင်ထဲမှာ သိုင်းပညာကို ဇွဲတဆိတ်ကျိတ်၍ ကြိုးစားလေ့ကျင့်ခဲ့သည်။

ယခုမူ ဆယ်နှစ်တာအချိန်ကာလ ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။ ယင်းဆယ်နှစ် အပိုင်းအခြားအတွင်း ကြိတ်၍လေ့ကျင့်ခဲ့သော ထန့်လူး၏သိုင်းပညာမှာလည်း အံ့ဩစရာပင် ထိုးတက် မြင့်မားလာခဲ့၏။

စိန်နဂါးချန်းလီနှင့် တွေ့ဆုံရင်ဆိုင်ပွဲမှာအနိုင်ရရန် ယုံကြည်ချက် အပြည့်အဝ ရှိနေသည်။

ချိန်းဆိုပွဲမှာ ယနေ့ညသန်းခေါင်ယံအချိန်။

နေရာမှာ မြို့ပြင်ရှိ ကျွဲတောင်ကုန်း။

အချိန်က စောနေသေးသည်။

ဆယ်နှစ်တာခွဲခွာပြီး ပြန်လည် တွေ့ဆုံကြရမယ့် ယခု ထပ်မံ ခွဲခွာကြရဦးမည်။

ခုအကြိမ်ခွဲခွာခြင်းသည် သေဖို့အတွက် နောက်ဆုံးခွဲခွာခြင်း ဖြစ်နိုင်မဖြစ်နိုင် မည်သူမျှ မပြောနိုင်။ ယှဉ်ပြိုင်ပွဲ ပြီးဆုံးချိန် နောက်မှသာလျှင် အဖြေသိနိုင်ပေမည်။



ယခုမှ အချိန်ပိုင်းကလေးတွင် ထန့်လူးတို့ ဇနီးမောင်နှံမှာ အတိုးချပြီး စကားလက်ဆုံကျနေကြသည်။

ဇနီးဖြစ်သူက စကားကိုစလိုက်သည်။

'ဒါနဲ့ အစ်ကိုက ညီမနဲ့ဆယ်နှစ်လုံးလုံးခွဲခွာပြီး သိုင်းပညာကို ကျိတ်ပြီးလေ့ကျင့်နေခဲ့တယ်ပေါ့ ဟုတ်လား'

'ညီမကို အစ်ကိုသတိရတယ်။ ခွဲချင်လို့မဟုတ်ဘူး။ သိုင်းသမားတွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ [illegible]'

'အခုတော့ အစ်ကိုက [illegible] အနိုင်ရမယ်လို့ ထင်သလား'

'အနိုင်မရရင်တော့ မရှိနိုင်ဘူးလို့ အစ်ကို တွက်ဆထားတာပဲ'

'အစ်ကိုက သိပ်ပြီးရက်စက်တာပဲ။ ညီမကို ဆယ်နှစ်လုံးလုံး ပစ်ထားခဲ့တယ်။ ညီမ ဘယ်လောက် စိတ်ဆင်းရဲမှုတွေ ဖြစ်ခဲ့တယ်ဆိုတာ အစ်ကို သိမှသိရဲ့လား'

'အစ်ကိုနားလည်ပါတယ်။ စိန်နဂါးချန်းလီရဲ့ လက်ချက်နဲ့ အရေးနိမ့်သွားတဲ့ ထန့်လူးဟာ ညီမရဲ့ယောကျ်ားဖြစ်ဖို့ မထိုက်တန်တော့ဘူး။ ဒါကြောင့် အစ်ကို ဒီလမ်းကိုပဲ ရွေးချယ်ခဲ့တာပါ။ အစ်ကို့ကိုခွင့်လွှတ်ပါ'

ထန့်လူးသည် ဇနီးသည်၏ဆံပင်ကို လက်ဖြင့် အသာအယာ သပ်ပေးလိုက်ပြီး...

'ညီမဟာ စိတ်သဘောထား ပြည့်ဝတဲ့ မိန်းမ [illegible] ယောကျ်ားသာ အစ်ကိုရဲ့အနားမှာ ရှိနိုင်ခဲ့တာပေါ့။ ညီမသာ မရှိဘူးဆိုရင် အစ်ကို ဘဝဟာလဲ ထိန်းမနိုင်သိမ်းမရ ဖြစ်ပြီး မကောင်းမှုတွေ အောင် ဖြစ်သွားနိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ယင်နဲ့မယားဆိုတာ နှစ်ယောက် စိတ်သဘောနဲ့ ချစ်ခင်မြတ်နိုးလို့ပေါင်းသင်းခဲ့ကြတာပဲ၊ တစ်ယောက်ကိုတစ်ယောက် အပြစ်ရှာနေမယ့်အစား တစ်ယောက်က သည်းခံပြီး တစ်ဖက်လူ့ရဲ့အပြစ်ကို နားလည်ပြုပြင်ပေးရင် ဘဝဟာ သာယာမသွားပေဘူးလား’

‘ဒါကြောင့်မို့ လဲ အစ်ကိုက ညီမကို သိပ်ချစ်နေရတာပေါ့’

ဇနီးသည်ဖြစ်သူ တစ်ယောက်အဖို့ မိမိ၏ခင်ပွန်းသည် နှုတ်ဖျားမှ ချစ်ပါသည်ဆိုသည့်စကားကို ကြားရခြင်းထက် ဝမ်းမြောက် ဝမ်းသာ ကြည်နူးပီတိဖြစ်ခြင်းသည် မရှိတော့ချေ။

* * *

မြို့ပြင်ရှိ ကျွဲးတောင်ကုန်း။

သိုင်းသမားနှစ်ယောက်တို့ ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုပွဲပြုထားသောနေရာ။

အချိန်မှာတော့ ညဉ့်နက်သန်းခေါင်ယံ။

လူရိပ်သဏ္ဌာန်နှစ်ခု တောင်ကုန်းထွတ်မှာရပ်လျက် အဝေးသို့ လှမ်းကြည့်နေကြသည်။



‘အစ်ကို လူက တကယ်လာမှာတဲ့လား’

ဇနီးဖြစ်သူက အမှတ်မထင် မေးလိုက်၏။

‘ရောက်မလာမှာတော့ စိတ်မပူနဲ့၊ သိုင်းသမားတွေမှာကတိတည်ကြတယ်၊ ဘယ်တော့မှ မဖျက်ကြဘူး။ သူ လာပါလိမ့်မယ်’

ထိုစဉ်မှာပင် လမင်းသည် မိုးတိမ်ကြားထဲသို့ ရုတ်တရက် ဝင်ရောက်သွားသည်။ ဖြည်းညင်းစွာ တိုက်ခတ်လာသောလေပြည်သည်လည်း ရုတ်တရက် ကြမ်းလာသယောင်ရှိသည်။

ခပ်ဝေးဝေးမှာတော့ အရိပ်သဏ္ဌာန်တစ်ခုသည် သူတို့ နှစ်ယောက်ထံသို့ တဖြည်းဖြည်းနှင့် လျှောက်လှမ်းလို့ လာနေလျက်ရှိသည်။

မြင်ကွင်းက တဖြည်းဖြည်းနီးကပ်လာသည်။ မျက်နှာအသွင်သဏ္ဌာန်ကိုလည်း ထင်ရှားစွာ မြင်တွေ့ လာကြလေတော့သည်။

ထိုသူမှာ တစ်ကိုယ်တော် အဆင့်မြင့် သိုင်းသမားစိန်နဂါးစား ချန်းလိပင် ဖြစ်လေတော့သည်။

‘ခင်ဗျားက ကတိတော့ တည်သားပဲ’

ထန်လူးက လှမ်း၍ပြောလိုက်သည်။

‘သိုင်းသမားဆိုတာ ကတိတည်ရမယ်လေ၊ အသက်ပေး အနစ်နာခံမယ်၊ ကတိကိုတော့ လုံးဝ အပျက်မခံနိုင်ဘူး’

စိန်နဂါးစားချန်းလိက ပြတ်ပြတ်သားသားပင် ပြောလိုက်လေသည်။

‘ဒါမှန်တယ်၊ သိပ်မှန်တာပေါ့ဗျာ’

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား သိုင်းပညာရပ်တွေ အထူးအဆန်း လေ့ကျင့်ထားသလို ဖြစ်ပြီလား'

'ဆိုပါတော့လေ..ဒါပေမယ့် ကျုပ်အသုံးပြုမယ့်လက်နက်ဟာ ဓားတော့မဟုတ်ဘူး'

'ဘာလဲ'

'ခင်ဗျားကို ကျုပ် အရှုံးပေးပြီးတဲ့နောက်မှာ ဘယ်တော့မှ ဓားကို နောက်ထပ် အသုံးမပြုတော့ဘူးလို့ ကျုပ် ဆုံးဖြတ်ခဲ့တယ်'

သူသည် လက်ထဲတွင် ကိုင်ဆောင်ထားသော ကတ္တီပါအိတ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားကို ဆက်ပြောလိုက်ပြန်သည်။

'ဒီဆယ်နှစ်တာအတွင်းမှာ ကျုပ် လက်နက်သစ်တစ်မျိုးကို ကိုင်တွယ်ပြီး လေ့ကျင့်ခဲ့တယ်၊ နေ့တိုင်းလည်း ခင်ဗျားနဲ့ တွေ့ကြဖို့ မစောင့်ပဲ နှုတ်ဆိတ်ခဲ့တယ်'

'ဒါကို ကျုပ်သိထားပြီးသားလေ'

'ဘာလို့ပဲဖြစ်ဖြစ် ကျုပ်ဟာ ခင်ဗျားကို ရှုံးခဲ့ဖူးပြီဆိုတော့ အရှုံးသမားတစ်ယောက်ပါပဲ၊ ကျုပ်က ဘယ်လိုပဲ စိန်ခေါ်ပေမယ့် ခင်ဗျားက စိတ်မပါဘူး ကျုပ်နဲ့ ယှဉ်ပြိုင်နိုင်တူးဆိုရင် ကျုပ်က ဘာတတ်နိုင်မှာတဲ့လဲ'

'ကျုပ်က ခင်ဗျားထင်တဲ့လူစားမျိုး မဟုတ်ဘူး၊ စိန်ခေါ်မှတော့ ကျုပ်က ဘာဖြစ်လို့ မလာရဲရမှာလဲ'

'ကောင်းပြီ...ဒီတို့ ဘယ်ဘက်က အရင်စမှာလဲ'

'ဒါကတော့ ခင်ဗျားပဲ အရင်စရမှာပေါ့'



စိန့်ခေါ်ပွဲပြုရာတွင် ပွဲကို ဦးစွာ စတင်ရသူမှာ ရှုံးနိမ့်ခဲ့သူသာ ဖြစ်မည်ဖြစ်ကြောင်း ထန်လုံး သဘောပေါက် နားလည်ထားပြီးဖြစ်သည့်အတွက် လက်ထဲမှာ ကိုင်ဆောင်ထားသော ကတ္တီပါအိတ်ထဲမှ လက်နက်ကို ဆွဲထုတ်လိုက်လေသည်။

ဇနီးသည် ဖြစ်သူမှာ အံ့သြကာ မျက်လုံးပြူးသွားသည်။

သူသည် မိမိခင်ပွန်းသည်အား ယုံကြည်ချက်အပြည့်အဝ အားပေးခဲ့ပြီး လာခဲ့သော်လည်း ယခု ခင်ပွန်းသည်၏ လက်နက်ကို မြင်တွေ့လိုက်ရသည်နှင့် စိတ်ဓာတ်ကျပြီး ရုတ်တရက် အားငယ်သွားသည်မှာ ထာမှန်ပင်ဖြစ်သည်။

ခင်ပွန်းသည် ကိုင်ဆောင်ထားသော လက်နက်မှာ ကြီးကျယ်သော လက်နက်ဆန်း မဟုတ်ပေ။

ရင်းတိုက်နှစ်ဖြင့် ပြုလုပ်ထားသော သာမန် တုတ်တစ်ချောင်းသာလျှင်ဖြစ်သည်။

ထန်လုံး ဆယ်နှစ်နှစ်တာလုံး လက်နက်အဖြစ် ကိုင်ဆောင် ကာ လေ့ကျင့်ထားသည့် အဆင်မြင့် ထန်းမြားသောပညာရပ်ပင် ဖြစ်လေသည်။

ဇနီးဖြစ်သူသည် ယှဉ်ပြိုင်ပွဲ၏ အရှုံးအနိုင်ကို ခေဖန် ဆုံးဖြတ်ရန် မလိုတော့ပေ။

ကျိုမှုံသည် မိမိနှင့်ခင်ပွန်းသည် ရာသက်ပန် ခွဲခွာရမည့် နောက်ဆုံး ယှဉ်ပြိုင်ပွဲမှုနား ဖြစ်လေမလား။

သူမ ဆက်မတွေးရဲတော့အောင်ပင် ရှိနေသည်။ မည်သို့ပင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စေ၊ သူသည် မိမိ၏ခင်ပွန်းသည် အနိုင်ရစေရန် ဆန္ဒဇောကပ် လျက် ရှိသည်။

ဓားသမားထန်လူးသည် တစ်ချိန်က အများ အသိအမှတ် ပြုခြင်းခံရသော အဆင့်မြင့် သိုင်းအကျော်အမော်တစ်ဦး ဖြစ် ခဲ့သည်။

နောက်ပိုင်းတွင် စိန်နဂါးဓား ချန်းလီနှင့် တွေ့ဆုံပြီးမှ ရှုံးနိမ့်ခဲ့ရ၏။ သို့သော်လည်း အခဲမကျေဘဲ ကလဲ့စားချေရန် ကြိုးစားလေ့ကျင့်မှုပြုခဲ့သည်။

တစ်ဦးတစ်ယောက်သည် တစ်ကြိမ်တစ်ခါ အရေးနိမ့် ရှုံး သွားခဲ့ဖူးသည်ရှိသော် နောက်တစ်ကြိမ်မှာတော့ ပေါ့ဆရော့ရဲ မှု မပြုတော့ပေ။

စိန်နဂါးဓား၏ ခက်ခဲနက်နဲသောဓားကွက်၊ အစွမ်းထက် ကြောင်းကို ထန်လူး ကောင်းကောင်းကြီး မြည်းစမ်းကြည့်ခဲ့ရ လေပြီ။

ချန်းလီ၏ ဓားကွက်ကို အနိုင်ယူနိုင်ရန် မိမိအသုံးပြုရမည့် လက်နက်ကို ရွေးချယ်သည့်ကိစ္စ၌ လွယ်သလိုလိုနှင့် ခက်ခဲလှ သည်။

နောက်ဆုံး သူသည် စိန်နဂါးချန်းလီအား ရင်ဆိုင်ရန် လက်နက်အဖြစ် သာမန်တုတ်တစ်ချောင်းကို ရွေးချယ်လိုက်လေ သည်။

သူ၏ရွေးချယ်မှုသည် မှန်သည်၊ မှားသည်ကို မည်သူမျှ မဝေဖန်နိုင်။ ယှဉ်ပြိုင်ပွဲကို စောင့်ကြည့်ပြီးမှသာ အဖြေရယူ ပေတော့မည်။



ဇနီးသည်ဖြစ်သူက သက်ပြင်းတစ်ချက် ချမိလိုက်လေသည်။

သာမန် တုတ်လက်နက်တစ်ချောင်းဖြင့် နာမည်ကြီး ထိပ် တန်း သိုင်းအကျော်အမော်ဖြစ်သည့် စိန်နဂါးဓား ချန်းလီနှင့် ယှဉ်ပြိုင်ပွဲသူကို မြင်တွေ့ကြလျှင် အများတကာ မျက်လုံးပြူး ပြီး မယုံနိုင်လောက်အောင်ပင် ဖြစ်သွားကြမည်မှာ အမှန် ပင် ဖြစ်သည်။

သို့သော်...ချန်းလီတစ်ယောက်ကတော့ ထန်လူး၏ လက် နက်ရွေးချယ်မှုကို အံ့ဩခြင်း မဖြစ်ရုံမျှသာမက၊ ကျိတ်ချီးမွမ်း ချီးကျူးမိလေသည်။ ထန်လူး၏ လက်နက် ရွေးချယ်မှုမှာ သုံးဝ မှန်ကန် သင့်မြတ်ကြောင်းကို လက်ခံ ယုံကြည်မိလေ သည်။

ဟုတ်သည်။ ရှေးက လူသားတို့ ဦးစွာ အသုံးပြုခဲ့သော လက်နက်တစ်ရပ်ပင်ဖြစ်၏၊ ယင်းလက်နက်နှင့် အကာအကွယ် ပြု အမဲလိုက်ခြင်းကိစ္စရပ်များတွင် အသုံးပြုခဲ့ကြလေသည်။

ရှေးကျပြီး မရိုးနိုင်သောလက်နက်မှာ တုတ်ပဲဖြစ်၏။ ခေတ် စဉ်နှင့်အမျှ လူသားအတွက် အကျိုးပြုလျက်ရှိသောကြောင့် တုတ်ကိုမမေ့နိုင်ဘဲ ရှိနေကြ၏။

ဓားသမား ထန်လူးသည် ဇနီးသည်ဖြစ်သူအား နောက်ဆုံး တစ်ချက် ကြည့်လိုက်ပြီးသည်နှင့် စိန်နဂါးဓား ချန်းလီသို့ လျှောက်လှမ်းသွားလေသည်။

စိန်နဂါးဓား ချန်းလီကတော့ နေရာမှ လှုပ်ပင်မလှုပ်ဘဲ ဝဲဘက်လက်တွင် စိန်နဂါး ဓားကို ကိုင်ဆောင်ကာ ငြိမ်သက် စွာပင် ရပ်လျက်ရှိ၏။ မျက်နှာအမူအရာမှာတော့ အေးစက်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နိုင်လွန်းလှသည်။ စိတ်လှုပ်ရှားမှု တစ်စုံတစ်ရာမျှ မရှိချေ။

သိုင်းသမားကောင်းတို့မည်သည် သေရေးရှင်ရေး ယှဉ်ပြိုင်နေရသည့် အချိန်အခါမျိုးတွင် စိတ်လှုပ်ရှားမှုမရှိဘဲ တည်ငြိမ်မှုရှိရန် လွန်စွာ အရေးကြီးလှပေသည်။

ချန်းလီ၏ အမူအရာကို မြင်တွေ့ရသောအခါ ထန်လူး၏ စိတ်ထဲတွင် ကျိတ်၍ ချီကျူးလေးစား သွားမိလေသည်။

ချန်းလီမှာ လက်လှမ်းအရှိသည် ထန်လူး၏လက်ထဲမှ တုတ်ကို ရှုးစိုက်ကြည့်၍ ကျရာမှ ရှုတ်ထမ်း စကားကိုစလိုက်သည်။

'ခင်ဗျားရဲ့တုတ်ဟာ တကယ့်လက်နက်ကောင်းတစ်ခုပဲ'

'ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်'

'ခင်ဗျား စနိုင်ပါပြီ ထန်လူး'

ချန်းလီက စတင်ဖိတ်ခေါ်လိုက်သည်။

ထန်လူးသည် ခေါင်းကိုညိတ်ကာ လက်ထဲမှတုတ်ကို စုစည်းယမ်းပြီး သိုင်းကွက်သုံးကွက် တစ်ဆက်တည်း တိုက်ခိုက်လေသည်။ လှုပ်ရှားမှုလမ်းကြောင်းနှင့် အရှိန်အဟုန်တို့မှာ လွန်ဆန်းပြားလှသည်။ အသုံးပြုလိုက်သော အင်အားမှာလည်း အပြင်ကျကျတိ ဖြစ်၏။

သို့သော် ဖားတရ၍ ခရွမ်းလို့ကတော့ အိုင်ပျက်ရုံသာရှိပေမယ်။ တုတ်သတ်နက်သည် မည်မျှ အစွမ်းထက်ထက် ပေါက်ချက်တစ်ချက်မိသွားလျှင် တုတ်မှာ အပိုင်းပိုင်း ပြတ်သွားမည်ဖြစ်၏။



သည်နေရာ ထန်လူးစိုးရိမ်သည့်မှာ သက်ပြင်းကို အခါခါ ချနေမိသည်။

အခြေအနေနှင့် ဖြစ်ရပ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ သူမ ထင်ထားသကဲ့သို့မဟုတ်ဘဲ ချန်းလီ၏ဓားချက်သည် ထန်လူး၏ တုတ်လက်နက်ပေါ်သို့ လုံးဝကျလာခြင်းမရှိဘဲ ထူးခြားသည့် စိတ်ဆင်မတိုက်ကွက်ကို သာ မြင်တွေ့ရ၏။

ချန်းလီသည် ဓားဦးဖြင့် ထန်လူး၏လက်ကောက်ဝတ်ကို ရှိုက်ချရန် အကြိမ်ကြိမ်ဖြင့် ကြိုးစားမှုပြုနေသည်။

ထိုအခြေအနေကို မြင်တွေ့ရသောအခါ စန်းသည်ဖြစ်ပုံမှာ ခင်ပွန်းသည် အဘယ်ကြောင့် တုတ်ကိုအသုံးပြုရကြောင်း နားလည်သဘောပေါက် သွားလေတော့သည်။

ထန်လူး ကြိုတင်တွက်ဆထား၏။ ချန်းလီကဲ့သို့သော ဓား မည်ရ ထိပ်တန်း သိုင်းအကျော်အမော် တစ်ဦးအနေဖြင့် မည်သည့်နည်းနှင့်မျှ ဓားကိုအသုံးပြုကာ မိမိ၏တုတ်အား ပိုင်းဖြတ်ရယူတော့မည် မဟုတ်ကြောင်းကို လက်ခံထား၏။ လက်နက်ပစ္စည်းအရာ၌ ချန်းလီသည် မည်သည့်အခါမျှ သူများအပေါ် အသာယူလိမ့်မည် မဟုတ်ချေ။

ဓားဖြင့် တုတ်ကိုခုတ်ခြင်းမပြုလျှင် ဓားနှင့်တုတ် မထိတွေ့ ချောင်ရှားရပေမည်။ ထိုအခါ ချန်းလီအတွက် အနေသာ အယှက် အဟန့်အတားတစ်ခုရယ် ဖြစ်လာလေသည်။

ထန်လူး တုတ်ကို လက်နက်အဖြစ် ရွေးချယ်လိုက်ခြင်းသည် မှန်ကန်သည်ဟု ဆိုလိုက်ရပေမည်။ အများတကာ သိကြသော ကစားမှု အောင်လွန်သွားသည်ဟု ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့် သိုင်းအကျော်အမော်နှစ်ဦး သိုင်းယှဉ်ပြိုင်ပွဲပြု လုပ်ရာတွင် သိုင်းကွက်တစ်ကွက်တည်းနှင့်အနိုင်အရှုံးကို အဆုံး အဖြတ်ပေးနိုင်သည်။

ထိုအရှုံးကို သိုင်းကွက်ပေါင်း ခုဂဏန်းမှဆယ်၊ ဆယ် ဂဏန်းမှရာ၊ ရာဂဏန်းမှ ထောင်ဂဏန်းအထိမျှင် ဆင်နွှဲကောင်း ဆင်နွှဲရပေလိမ့်မည်။ လွယ်ကူသော ကိစ္စရပ်တော့ မဟုတ်ပါ။

ယခု သူတို့နှစ်ဦး သိုင်းကွက်ပေါင်း မြောက်မြားစွာ ယှဉ် ပြိုင်ခဲ့လေသည်။ ထန်လူးက တိုက်ကွက်ပေါင်း သုံးဆယ့်ခုနစ် ကွက်ဖြင့် တိုက်ခိုက်ပြီး ချန်းလီက တိုက်ကွက် ဆယ့်သုံးကွက် အထိ တိုက်ခိုက်ခြင်း ပြုခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဓားချက်သည် ထန်လူး၏ တုတ်လက်နက်ကို မထိတွေ့ရန် ရှောင်ရှားနေရသောကြောင့် တိုက်ကွက်များများ မဆင်နွှဲခဲ့ရ ခြင်းဖြစ်၏။

မည်သည့်သိုင်းသမားမဆို ယှဉ်ပြိုင်ပွဲတွင် အနိုင်ရခြင်းသည် သူ၏ အဓိကရည်ရွယ်ချက်ပင်ဖြစ်၏။ မည်သည့်နည်းနှင့်ပင်ဖြစ် စေ၊ မိမိအနိုင်ရရှိရေးအတွက် ဥာဏ်အမျိုးမျိုး ပရိယာယ် အဖုံဖုံကိုဆင်ကာ ကြိုးပမ်းကြ၏။

ချန်းလီမှာ ထိုသို့သော လူစားမဟုတ်၊ မတရားသော အောက်တန်းကျသောနည်းမျိုးဖြင့် ပြိုင်ဘက်အား အနိုင်မယူ လိုပေ။ ချန်းလီမှာ သိုင်းသမားကောင်းတစ်ဦး၏ ဂုဏ်သိက္ခာ နှင့် မာန်မာနအပြည့်ရှိ၏။



ထိုအချိန် ထိုခဏမှာပင် တုတ်နှင့်ဓားရိုး ထိရိုက်သံတစ်ချက် ကြားလိုက်ရပြီး စိန်နဂါး ဓားချန်းလီ၏ လက်ထဲတွင် ကိုင် ဆောင်ထားသော ဓားမှာ အထက်သို့မြောက်တက်သွားကာ အဝေးသို့ လွင့်စဉ်ထွက်သွားလေတော့သည်။

အထက်သို့ မြောက်တက်သွားသော ချန်းလီ၏ ဓားမှာ ထန်လူး၏ဇနီးသည် ရှေ့တည့်တည့် နေရာတွင် ကျရောက်သွား ကာ ဓားသွားမှာ မြေကြီးထဲသို့ စိုက်ဝင် သွားလေတော့ သည်။

ချန်းလီသည် သူ၏တစ်သက်တာတွင် စိတ်ကူးထဲ၌ပင် မည် သည့်အခါမျှ မစဉ်းစားခဲ့သော စကားတစ်ရပ်ကို ပြောလိုက် လေတော့သည်။

'ကျုပ် ခင်ဗျားကိုရှုံးပြီ'

စကားဆုံးသည်နှင့် သူသည် လွင့်စဉ်ထွက်သွားသော ဓား ကို ပြန်လည်ဆွဲနုတ်ကောက်ယူကာ နောက်ကြောင်းကို လှည့် ပင် မကြည့်တော့ဘဲ ချာခနဲလှည့်ထွက်သွားလေသည်။

ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသောအခါ ထန်လူး၏ မျက်နှာမှာ ရှုတ်တရက်ပျက်သွား၏။ သူအနိုင်ရရှိခဲ့သော်လည်း မပျော်ခဲ့၊ မဖော်ပြနိုင်သော ခံစားချက်ဝေဒနာတစ်ရပ်သည် သာ သူ၏ရင်ထဲမှာ ကျန်ရစ်ခဲ့လေသည်။

ဆယ်နှစ်ကာလ စောင့်ဆိုင်းခဲ့ရသော မကျေပွဲကြီးကို အနိုင်ရလိုက်သည့်အတွက် ကျေနပ်သွားသည် မှန်သော်လည်း သူ၏စိတ်ထဲတွင် ပေါ့ပါးခြင်းမရှိဘဲ လေးလံလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခံစားမှုကို ဇနီးသည်ဖြစ်သူ ရိပ်စားမိလေသည်။

အမြင်အားဖြင့် စိန်နဂါးခေါ်ချန်းလီသည် ရှုံးသွားသည်ဟုထင်ရလေသော်လည်း သေချာစွာ ခေဖန်သုံးသပ်ခဲ့လျှင် ရှုံးသူမှာ ချန်းလီမဟုတ်ဘဲ ထန်လူးသာလျှင် ဖြစ်ပေသည်။

* *

## အခန်း (၄၄)

အသာယာကြောင့်ဆိုသော် ချန်းလီသည် လက်နက်အရာတွင် အသာမယူလို၍ ခေါ်နှင့်ဓားတ ထိတွေ့ခြင်းကို ရှောင်ရှားခဲ့၏။ ဓားရိုးဖြင့်သာ ထန်လူးအား တိုက်ကွက်ဆင် တုံ့ပြန်မှုပြုခဲ့လေ၏။

နောက်ဆုံး တုတ်နှင့်ဓားရိုးထိတွေ့ပြီး ချန်းလီ၏လက်ထဲမှ လွတ်ထွက်သွားသောဓားသည် အချိန်အဆ ထိတျူမုန်ကန်စွာဖြင့် ထန်လူး၏ဇနီးသည်ရှေ့ တည့်တည့်မှာ ထိုးစိုက်ကျရောက်သွားခြင်းမှာ စဉ်းစားစရာအချက်ပင် ဖြစ်သည်။

အင်အားနှင့် အချိန်အဆကို လိုအပ်သလို ထိန်းသိမ်းမှုမပြုနိုင်သော သိုင်းသမားတစ်ဦးသည် မည်သည့်နည်းနှင့်မျှ ဒီလိုဆက်ချက် မှန်ကန်စွာရောက်အောင် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို ချွန်းလီသည် စကားနှင့်မပြော၊ နှုတ်ဖြင့် ရှင်းလင်းချက်မပြုဘဲ လက်တွေ့နည်းဖြင့်ပြသကာ မည်သူက နိုင်၍ မည်သူကရှုံးသည်ကို ဖာစ်ဖက်သူ ကျေနပ်လက်ခံသွားအောင် စွမ်းဆောင် ပြသသွားလေသည်။

စိန်နဂါးဓား ချွန်းလီမှာ အဝေးဆီသို့ပင် ထွက်သွားခဲ့လေပြီ။ ဇနီးဖြစ်သူက သူမ၏ခင်ပွန်းသည်အား ဝင်ရောက် နှစ်သိမ့်အားပေးမှု ပြုလိုက်လေသည်။

'ယှဉ်ပြိုင်ပွဲဆိုတာ အနိုင်နဲ့အရှုံးကို ဆုံးဖြတ်ဖို့ပဲ၊ အစ်ကို အာမှ စိတ်မကောင်းဖြစ်မနေပါနဲ့၊ ဒီပွဲဟာ အစ်ကို နိုင်လိုက်ပေမယ့် တကယ်တော့ သူကလဲ့ လျှော့ပေးသွားတာပဲ၊ ဒါဟာ သူ့ ရဲ့စေတနာအမှန်ပဲ၊ အစ်ကို စိတ်ထဲမှာ မကျေနပ်တဲ့အချက် ရှိကောင်းရှိနေဦးမယ်'

ဇနီးသည်၏ မှန်ကန်နည်းလမ်းကျသော အားပေးနှစ်သိမ့်စကားကို ကြားလိုက်ရသောအခါ ထန်လူမှာ မျက်နှာ ပြုံးယောင်သမ်းလာပြီး ဇနီးသည်၏ အမြော်အမြင် ကြီးမှုကို ချီးကျူးမိသေတော့သည်။

အင်း...ညီမရဲ့စကားကို အစ်ကို သဘောပေါက်နားလည်သွားတယ်၊ အခုလို ဥာဏ်အမြော်အမြင် ပြည့်ဝတဲ့ ဇနီးချောကလေးကြောင့် အစ်ကို့အတွက် တကယ်ကိုဂုဏ်ယူဝမ်းသာလို့ မဆုံးတော့ပါဘူး'

သူတို့နှစ်ဦး တစ်ယောက်လက်ကို တစ်ယောက် ဆွဲကာ ကျွားတောင်ခြေရင်းမှ ထွက်ခွာသွားကြလေတော့သည်။

* * *



ကျောင်းတောင်ထက်မှာ မိုးသားတိမ်လိပ်များ အုံ့မှိုင်းကာ တက်နေသည်။ လေပြင်းကလည်း ခက်ထန်ကာ မရပ်မနား တိုက်ခတ်နေသည်။

အချိန်မှာ ညနေစောင်း နေဝင်ရီသရောကာလ။

လေဟာပြင်တစ်ခုတွင် ရှိနေကြသူနှစ်ယောက်။

သူတို့နှစ်ယောက် ဆယ့်ငါးပေခန့်ခွာကာ မျက်နှာချင်းဆိုင် ရပ်နေလျက်ရှိ၏။

သူတို့ကား ထိပ်တန်းသိုင်းသမား စိန်နဂါးဓားချွန်းလီနှင့် မာလူးတို့ပင် ဖြစ်ကြလေသည်။ သူတို့သည် ကတိပြုထားသည့် အတိုင်း ချိန်းဆိုပွဲနေရာသို့ တစ်ပြိုင်တည်းလိုလို ရောက်ရှိလာကြခြင်းပင်ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး နှုတ်မဟ။ စကားမဆိုဘဲ မျက်လုံးများဖြင့်သာ တစ်ယောက်ကိုတစ်ယောက် စူးစမ်း၍ အကဲခတ်လေ့လာမှု ပြုနေသည်။

သိုင်းသမားတို့သည် စကားသိပ်မပြော၊ နှုတ်နည်းသူများဖြစ်ကြသည်။ ပရိယာယ်ဖြင့်လည်း ရှောင်ပတ်ပြောဆိုခြင်း မရှိ။ တိုက်ရိုက်တဲ့တိုး ပြောဆိုလေ့ရှိကြလေသည်။

'ကျုပ်တို့နှစ်ယောက် အခုတော့ ပြန်ဆုံကြပြီပေါ့'

မာလူးက စကားကို စတင်လေသည်။

'ဒါဟာ ရှောင်လွှဲလို့ မရဘူးလေ၊ ကျုပ်တို့ တစ်နေ့မဟုတ်တစ်နေ့မှာတော့ တွေ့ကြရမှာပဲ မဟုတ်လား'

www.burmeseclassic.com



မှန်ပါသည်။ သိုင်းလောကသည် နယ်မြေကျဉ်းကျဉ်းလေး ပါ။ ထပ်နေရာရာမှာတော့ ပြန်လည်တွေ့ဆုံကြရမည်သာ ဖြစ်သည်။

သိုင်းသမားတို့သည် သိုင်းပညာကို မြတ်နိုးတန်ဖိုးထားကြသည့်အတိုင်း သူတို့ကိုင်ဆောင်ထားသော ဓားလက်နက်များကို တွယ်တာမြတ်နိုးကြသည်။

အတိုင်းသွားလေရာ ဓားလက်နက်ကို ကိုယ်နှင့်မကွာ ဆောင်ထားကြခြင်းပင် ဖြစ်သည်။ ဓားလက်နက်ကို မခင်တွယ်သော သိုင်းသမားသည် မိမိ၏အသက်ကို အာမမခံနိုင်။ ထို သိုင်းသမားသည် ထူးခြားသောအကျင့်စရိုက်တစ်ခု ရှိပေသေးသည်။ သိုင်းသမားကောင်းတို့မည်သည် မိမိတို့ကိုကိုယ်နှိမ့်သက်ရာ အကျော်အသေး အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်၍ ပြိုင်ပွဲဝင်လေ့ ရှိကြသည်။ ပြစ်ကတတ်ဆန်း ဝတ်စားသော အလေ့အကျင့်မျိုး သိုင်းသမားကောင်းတို့တွင် မရှိကြပေ။

'ခင်ဗျားရဲ့ စိန်နဂါးဓားကောက်ကို ချေဖျက်လို့မရနိုင်တာနဲ့ပဲ အများက လက်ခံထားကြတယ်၊ ဒါကြောင့်မို့ ဒီပွဲကို နိုင်ရပေမယ့် အနိုင်ရမှုတော့ ကျုပ်မထင်ဘူး'

မာလူးက ချန်းလီ၏ဓားကောက်ကို ထုတ်ယူ၍ ချီးကျူးလိုက်လေသည်။

'ဒီတော့ကလဲ မဟုတ်သေးပါဘူး၊ ယှဉ်ပြိုင်မှုဆိုတာ ကြိုတင် ခန့်မှန်းပြောလို့ မရဘူး၊ ပွဲပြီးမှ အနိုင်အရှုံးက ပေါ်လာတာပဲ'



'ဒါဖြင့်လဲ တော်ရည်စမ်းကြရအောင်'

'ကောင်းပြီ—ပွဲကို ခင်ဗျား အရင်စပါ'

မာလူးသည် ဓားအိမ်ထဲမှဓားကို ဆွဲထုတ်လိုက်သည်။

ချန်းလီသည် ချက်ချင်းပင် ဓားကိုထုတ်ကာ တိုက်ခိုက်မှုကို အသင့် စောင့်ကြိုနေလျက်ရှိ၏။ တိုက်ပွဲစရန် ပြင်ဆင်နေလိုက်သည်။

ထိုစဉ်မှာပင် အဝေးဆီမှ မြင်းခွာသံများကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ သူတို့နှစ်ဦးလုံးပင် အသံလာရာသို့ မျှော်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

မြင်းနှစ်စီးနှင့်လူနှစ်ယောက်၊ သူတို့ထံသို့ မြင်းကို တရကြမ်း ဒုန်းစိုင်းမောင်းနှင်လာလျက်ရှိနေသည်။

မိန်းကလေးတစ်ဦးနှင့် လူငယ်တစ်ယောက် တဖြည်းဖြည်း မြင်ကွင်းထဲသို့ ရောက်လာကြသည်။

သူတို့ကို မြင်လိုက်ရသောအခါ အံ့ဩတုန်လှုပ်သွားသူကတော့ စိန်နဂါးဓား ချန်းလီပင် ဖြစ်သည်။

သူ၏ မျက်လုံးကိုပင် မယုံနိုင်အောင်ရှိသွားသည်။

မြင်းနှစ်စီးမှာ သူတို့နှင့် မလှမ်းမကမ်းတွင် ချက်ချင်း ရပ်တန့်ပစ်လိုက်၏။

ချန်းလီ၏ နှလုံးသွေး ဆိုင်းငံ့ ရပ်တန့်သွားသည်ဟုပင် ထင်မှတ်လိုက်ရ၏။



သူမနှင့် ရင်ဆိုင်ရန် မျက်နှာမထားတတ်အောင် ဖြစ်နေသည်။ အပြစ်ရှိသော ကလေးငယ်တစ်ဦးပမာ ချန်းလီသည် မိန်းကလေး၏ရှေ့မှောက်တွင် ရှုံ့တွန့်တွန့် ဖြစ်နေသည်။

သူမ၏အကြည့်သည် ဓားသွားပမာ သူ၏အသည်းစိုင်ထဲသို့ ထိုးဆွနေသည်ဟု ခံစားရမိလေသည်။ ချန်းလီသည် သူမကို ကြာရှည်စွာ မကြည့်ဝံ့တော့ချေ။

သူမ၏မျက်နှာမှာ ပြုံးရိပ်ယောင်သမ်းစပြုလာသည်။

ထူးခြားသော အပြုံး၊ တောက်ပသည့် အပြုံး၊ ချန်းလီ၏ နှလုံးအိမ်ကို ဆွဲကိုင်လှုပ်ရှားလိုက်သည့် အပြုံး၊ ချန်းလီစိတ်တွေ လှုပ်ရှားလာသည်။

သူမ၏အပြုံးသည် ခွင့်လွှတ်သော အဓိပ္ပာယ်ကို ဆောင်သည်။ မိမိအား သူမသည် အမှန်တကယ်ပင်ကျေအေးခွင့်လွှတ်လိုက်ပြီကော။

ထို့ကြောင့် သူမ၏အပြုံးသည် သူ၏ ပူလောင်နေသောစိတ်ကို အေးမြတည်ငြိမ်သွားစေသည်တကတော့ အမှန်ပင် ဖြစ်သည်။

သူသည် မိန်းကလေးအား မျက်တောင်မခတ်ရှုးစိုက်ကြည့်နေမိ၏။

သူမ (သို့) ဖုန်လင်း (သို့) တစ်ချိန်က ဇာနီးချောကလေး။

ချန်းလီ၏ မျက်လုံးထဲတွင် တစ်မူထူးခြား လှပနေသည်ကိုတော့ ချန်းလီကိုယ်တိုင်ပင် မငြင်းဆန်နိုင်တော့ချေ။

"ကဲ…ပွဲစကြရအောင်"

မာလူးက စတင်လို့ ဆော်လိုက်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



နှိုးအခါမှ ချုန်းလီ၏ အတွေးစများသည် ပြတ်သွားပြီး မာလူးအား ရှင်ဆိုင်ရန် အသင့်ပြင်လိုက်၏။

အသင့်ဖြစ် သိုင်းသမားတို့၏ သိုင်းစွမ်းရည် ယှဉ်ပြိုင်ပွဲမှာ စိုးရိမ်လှုပ်ရှားခြင်းမရှိဘဲ စိတ်တည်ငြိမ်မှုရှိရန် အထူးအရေးကြီးလှပေသည်။ စိတ်အာရုံတစ်ချက် ပျံ့လွင့်သွားသည်နှင့် ရန်သူ့ ခေါင်းချက်မိကာ သေပွဲဝင်ရမည်မှာ သေချာ၏။

ဤ အကြောင်းအချက်ကို သိုင်းသမားတိုင်း နားလည် သဘောပေါက်ထားကြသည်။

တိုက်ပွဲဝင်ရန် နှစ်ဦးစလုံး အသင့်အနေအထားဖြင့် ရှိနေကြ လေပြီ။ တစ်ဦးကိုတစ်ဦး မျက်တောင်မခတ်ကြဘဲ လေ့လာ အကဲခတ်ရင်း သိုင်းကွက်ကိုနှင်းကာ စောင်လှုပ်ရှားမှု ပြုလိုက် ကြ၏။

တစ်ယောက်နှင့်တစ်ယောက် အလစ်မပေးကြ၊ အမှားလည်း မခံကြ။

သိုင်းကွက်မှန်မှန်လှုပ်ရှားပြီး တစ်ဖက်သူ၏ အမှားကွက်ကို ချောင်းမြောင်း စောင့်စားနေလျက်ရှိ၏။ တစ်ကွက်မှားသွား လျှင်တော့ အသက်ပါသွားမည်မို့ မည်သူမျှ မပေါ့ဆရဲကြပေ။

သိုင်းကွက်နှင့် လှုပ်ရှားမှုမှာ စေ့စေ့ပနှင့် မတူတော့။ တဖြည်းဖြည်းနှင့် မြန်လာသည်။ သွက်လာ၏။ ခေါင်းချက်တွေ သည်း တချင်ချင် တချွမ်ချွမ်နှင့် မီးပွားများ ဖြာထွက်လျက် ရှိ၏။

လှုပ်ရှားတိုက်ခိုက်မှုမှာ မြန်ဆန်လွန်းလှသည့်အတွက် ခေါင်း ချင်းထိတွေ့သံ လှုပ်ရှားမှုတိုက်သံ ပိုးတဝါး



လောက်သာ မြင်နေရတော့၏။ တိုက်ပွဲမှာ တစ်လောက်တစ် ပြင်းထန်လာ၏။

သိုင်းကွက်ပေါင်းတစ်ရာမျှ ကျော်သွားပြီဖြစ်သည်။ မည် သူမျှ သာကွက်မပေါ် နိုင်ကြတော့ဘဲ ထက်ရည်တူ ဖြစ်နေ ကြသည်။

မာလူးသည် စိန်နဂါးခေါင်း ချုန်းလီ ချေဖျက်နည်းအတိုင်း သိုင်းကွက်ကို ထုတ်သုံးမသော်လည်း ချုန်းလီအား အနိုင်ယူ တိုက်ခိုက်ရန် ထင်သလောက် မလွယ်ကူသောအခြေအနေရှင် ရှိနေသည်။ ယင်းကြောင့် ချုန်းလီ ခေါင်းစွမ်း မည်မျှထက် ကြောင်းကို မာလူး တွက်ဆသွားနိုင်သည်။ ယခုဖက်သူအား လုံးဝအဆင်မသေးဝံ့ရဲတော့ချေ။

မာလူး၏တိုက်ကွက်တိုက်တန်နှင့် အသုံးပြုသေခေါင်းချက် ကို မြင်တွေ့သောအခါ ချုန်းလီခေါက်ချင်းမင် နားလည်လိုက် သည်။ သူသည်မိမိ၏ စိန်နဂါး ခေါင်းကွက် ချေဖျက်နည်း ပညာကို အသုံးပြုနေခြင်းဖြစ်ကြောင်း သိသွားခဲ့ရလေပြီ။ ထို ကြောင့် မိမိပေါ့ဆ၍မဖြစ်တော့ချေ။ သတိပိုထားမှဖြစ်တော့ မည်။ ငြင်းစွမ်း ဖြင့်အား တိုက်ခိုက်မှသာလျှင် ဖြစ်တော့မည် ကို တွေးမိလေသည်။

မာလူးသည်မူ တိုက်နေရင်းမှ ဖုန်လင်းကို သားအမိချက် ကိုတွက်ချက်နေ မြင်ယောင်လိုက်မိသည်။ ဤပွဲတွင် ချုန်းလီ သာ ကျဆုံးခဲ့လျှင် ဖုန်လင်းသည် မုဆိုးမဖြစ်ရပါတော့ သား

www.burmeseclassic.com



ဖြစ်သူမှာလည်း ဖအေ့မဲ့သွားဘ၀သို့ ရောက်ရှိသွားပေတော့မည်။

ပြီးတော့... ချန်းလီသည်လည်း စိတ်ထားနှင့် ခံယူချက်ပြည့်ဝသော သိုင်းသမား တစ်ဦးဖြစ်သည်။ သူ့ကိုလည်း မသတ်လိုပေ၊ သည်တော့ တစ်နည်းပဲရှိတော့သည်။ မိမိအရှုံးပေးပြီး အသေခံလိုက်မည်၊ တစ်ကောင်ကြွက်သမား သေသွား၍လည်း အကြောင်းမထူး၊ ထို့ကြောင့် မည်သူမျှ ထိခိုက်နစ်နာမည်သူမရှိ။

ဤသို့ပင် ဆုံးဖြတ်ချက်ချလိုက်၏။ အဆင့်မြင့် သိုင်းသမားနှစ်ဦး ယှဉ်ပြိုင်ကြရာတွင် စိတ်ပျံ့လွင့်လိုက်သည်နှင့် ပြဿနာဖြစ်လာရလေတော့သည်။ မာလူးစိတ်ခဏ ပျံ့လွင့်သွားသည်နှင့် ချန်းလီ၏ ဓားချက်မိကာ လက်ဝဲဘက်လက်မောင်းတွင် ဓားရှမိ၍ ထိမှန်ကာ သွေးများ ဖြာထွက်လာ၏။

အသားနာ၍ သွေးကိုမြင်မိသောအခါ မာလူးသည် သွေးဆူကြွလာပြန်၏၊ တိုက်ကွက်နည်းမျိုးစုံဖြင့် ချန်းလီထံ စစ်ဆင်ပြီး တိုက်ခိုက်လိုက်လေတော့သည်။

တစ်ဖက်က တရုတ်ကြမ်း ထိုးနှက် တိုက်စစ်ဆင်လာတော့ ချန်းလီ နောက်သို့ မသိမသာ ဆုတ်လာခဲ့ရသည်။ အခြေအနေမှာလည်း မာလူးက အသာဘက်သို့ ယိမ်းစပြုလာလေသည်။ မာလူး၏ပညာသည် မခေလှ၊ ယခုတစ်ဖန် စိန်နဂါးဓားကွက် ချေဖျက်နည်းကိုပါ ပူးတွဲပြီး တရုတ်ကြမ်း မနားတမ်း တိုက်ကွက်ဝင်လာသည့်အတွက် မာလူး တိုက်စစ် မဆင်နိုင်ဘဲ ခံစစ်အသွင်သို့သာ ကူးပြောင်းနေရသည်။



မာလူး၏စိတ်အတွေးသည် ဇနီးသည်နှင့် သားထံသို့ အပြေးကလေး ရောက်သွားမိသည်။ ထိုခဏ စိတ်ပျံ့လွင့် သွားမှုကြောင့် လက်ဝဲဘက်လက်ဖျံတွင် ဓားချက်ထိသွား၍ပြီး သွေးများ ဖြာထွက်လာလေသည်။

ချန်းလီအသားဆတ်ဆတ်တုန်ကာ ဆူပွေသွားသည်။ အံကိုကြိတ်ကာ ပြန်လည်တိုက်စစ်ဆင်ရန် ဟန်ပြင် လိုက်သည်တွင်...

မာလူး၏ လျှင်မြန်ပေါ့ပါးသော ခန္ဓာကိုယ်သည် မြေပေါ်ကြွတက်ကာ ချန်းလီ၏ခေါင်းအထက်ဆီသို့ ခုန်ပျံရောက်ရှိသွား၏။

ချန်းလီသည် စဉ်းစားနေ တွေဝေ မနေတော့ဘဲ လက်ထဲမှ ဓားဖြင့် မာလူးထံဆောင့်ထိုးလိုက်လေလည်း။ အားဟူသော အသံတစ်ချက်ပေါ်လာပြီး မာလူးမြေပေါ်သို့ ပစ်ကျသွားလေတော့သည်။

ချန်းလီ၏ ဓားသည် သွေးများ စွန်းကျန် ခဲ့လေသည်။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ချန်းလီ၏ လက်ချက်ကြောင့် သွေးအိုင်ထဲတွင် သေဆုံးနေသော ဓားသမား တစ်ဦးကို တွေ့လိုက်ရသည့်အတွက် ချန်းလီအဖြစ်မှန်ကို နားလည်သွားလေတော့သည်။

သေဆုံးသူ ဓားသမားမှာ တစ်ချိန်က မိမိအားရှုံးခဲ့ဖူးသော ဓားပြဗိုလ် ကျောက်ကြွပင် ဖြစ်လေသည်။

အဖြစ်အပျက်မှာ ရှင်းနေသည်။ ကျောက်ကြွသည် ချန်းလီအား လုပ်ကြံရန် တောင်ကုန်းတစ်ဖက်ကွယ်၌ ထိုးတစ်

www.burmeseclassic.com

www.burmeseclassic.com



တဆိတ် ချောင်းမြောင်း ရောက်ရှိလာသည်။ မာလူးက ရုတ်တရက် မြင်တွေ့သွားပြီး လျှပ်တစ်ပြက် ခုန်လွှားကာတိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

ချန်းလီက မိမိအား မာလူးတိုက်ခိုက်ရန် ဝင်ရောက်လာသည်ဟု အထင်မှားပြီး ဓားနှင့်ထိုးလိုက်သည့်အတွက် မာလူး သေဆုံးသွားရလေတော့သည်။

ချန်းလီ မှားသွားလေပြီ။ ဝမ်းနည်းစိတ်မကောင်းစွာဖြင့် သွေးအိုင်ထဲတွင် လဲနေသော မာလူးထံ အပြေးအလွှား ရောက်ရှိသွားပြီး ပွေ့ယူထားလိုက်လေသည်။

ထိုစဉ်မှာပင် ဖုန်လင်းတို့သားအမိလည်း အပြေးအလွှား ရောက်ရှိလာကြသည်။

'သူငယ်ချင်း၊ ကိုယ်မှားသွားပြီကွာ၊ သိပ်ကိုမှားသွားပြီ'

စိတ်ထားခိုင်မာသည် ဆိုသော သိုင်းသမား ချန်းလီမှာ ငိုကြွေး မဆည်နိုင်တော့ဘဲ မျက်လုံးအိမ်တွင် မျက်ရည်များ စီး လာသည်။

မာလူးမှာ ဓားဒဏ်ရာပြင်းထန်လွန်းသည့်အတွက် အသက်ကိုပင် အနိုင်နိုင်ကြိုးစားရှူနေရ၏။ သို့သော် အားခဲ၍တစ်ချက် ပြုံးလိုက်ပြီး…

'ခင်…ခင်ဗျား မမှားဘူး မှန်တယ် ချန်းလီ၊ ဒီ…ဒီပွဲမှာ ကျုပ်ရှုံးတာ ကျေနပ်တယ်၊ ဒါ ဒါမှလဲ ခင်ဗျားတို့ မိသားစု ပြန်ဆုံစည်းပြီး အခွင့်အရေး ရရှိတော့မှာပေါ့'



ဖိုးကောင်းကို ကြားလိုက်ရသောအခါ ချန်းလီနှင့် ဖုန်လင်းတို့ သားအမိ စိတ်နှလုံးအိမ်မှာ အလွန်ထိခိုက်သွားကြပြီး တစ်ဆို့ဆို့ကြီး ခံစားလိုက်ကြရလေတော့သည်။ မာလူး၏ မေတ္တာစေတနာကို သူတို့ ကောင်းကောင်း နားလည်သွားကြသည်။

မာလူးသည် လက်ဖြင့် ဝမ်းဗိုက်ရှိ ဓားရာကိုဖိထားရင်း အသက်ကို မနည်းကြိုးစား၍ ရှူနေသည်။

'ခင်ဗျားတို့ဆရာနဲ့ ဘျူဗိတ်ဆရာတမည်တွေ့ခဲ့ပြီးပြီ၊ ခင်ဗျား ဘဝအကြောင်းကို ဆရာကျင်မန်းက ပြောပြခဲ့ပြီ သိပြီးပြီ၊ ခင်…ခင်ဗျား'

'အစ်ကို…အစ်ကိုမာလူး၊ သိပ်စကားမပြောနဲ့ဦး မောနေပါမယ်၊ မပြောပါနဲ့တော့'

ဖုန်လင်းသည် မာလူးကို သတိပေးလိုက်၏။ သူ့ရင်ထဲမှာလည်း ဆို့နင့်နင့်ကြီး ခံစားနေရသည်။

'ခင်ဗျားရဲ့စေတနာနဲ့ ခံယူချက် မြင့်မြတ်တဲ့အကြောင်းကိုလဲ ဖုန်လစ်း နားလည်သဘောပေါက်အောင်လို့ ရှင်းပြပြီးသွားပါပြီ၊ ခင်ဗျားတို့မိသားစု ပြန်ဆုံစည်းတာကို မြင်ချင်တယ်၊ အခုတော့ ကျုပ်ရဲ့ဆန္ဒ တကယ် ပြည့်ဝပါပြီ၊ သိပ်…သိပ်ကို ဝမ်း…ဝမ်းသာပါတယ်၊ သူငယ်ချင်းရေ'

ဖုန်လင်းမှာ ငိုကြွေးမဆည်နိုင်တော့ချေ။ မျက်လုံးအိမ်မှ မျက်ရည်များမှာ တဖြည်းဖြည်း လိမ့်ကာစီးဆင်းကျလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုမာလူးရဲ့ မေတ္တာစေတနာတွေကို ညီမ နားလည်ပါတယ်၊ ညီမတို့မိသားစု ကောင်းကျိုးအတွက် အစ်ကို သက်သက် အနစ်နာခံလိုက်တာ မဟုတ်လား၊ အစ်ကို ကျေးဇူးကို ညီမတို့ ဒီတစ်သက်မှာ မမေ့နိုင်တော့မှာ မဟုတ်တော့ပါဘူး အစ်ကို'

မာလူး၏ စစ်မှန်သော မေတ္တာစေတနာကို နားလည်သဘောပေါက်မိသောအခါ ချွန်းလီမှာ နေသာတော့ဘဲ ရင်ဖွင့်မှ ခံစားချက်ကို ထုတ်ဖော် ပြောဆိုလိုက်ရလေတော့သည်။

'သူငယ်ချင်း...ခင်ဗျားရဲ့ မေတ္တာစေတနာကို ကျုပ်လေးစားပါတယ်၊ ကျုပ် အခုထက် ဒီအထိ သဘောမပေါက်ခဲ့မိဘူး ကျုပ်အပြစ်ကို ခွင့်လွှတ်ပါ၊ တကယ်တော့ ကျုပ်ဟာ နှလုံးသား ခံစားချက်မရှိတဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ ဆရာသမား ကြောင့် ဒီနေ့ လုပ်ဆောင်ရမယ့် တာဝန်တွေပိခနေလို့ အချစ်ရေးကို ကျုပ် လစ်ဟင်းခဲ့ရတယ်၊ ဖုန်လင်း...ဒီအတွက် ကိုယ့်ကို ခွင့်လွှတ်ပါ'

ချစ်သူ ဝန်ခံတောင်းပန်မှုကို ကြားလိုက်ရသောအခါ ဖုန်လင်းမှာ ဖော်မပြနိုင်သော ကျေနပ်နှစ်သိမ့်မှု ရရှိသွားလေတော့သည်။

တစ်ဖန် ချွန်းလီသည် သားဖြစ်သူဘက်သို့လှည့်ကာ...

'မေမေ့ကို ခွင့်လွှတ်ပါသားရယ်'



ဝူးကျူး မည်သို့ ပြန်လည်တုံ့ပြန်ရမည်နည်း၊ သူသည် ကျေနပ်သောအပြုံးနှင့်သာ ဖခင်၏တောင်းပန်ခြင်းကို အသိအမှတ်ပြုလိုက်ရလေတော့သည်။

မာလူး သိပ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်၊ မြင်းထန်သော ဒဏ်ရာဝေဒနာကို ခံစားနေရသော်လည်း သူ၏ မျက်နှာ ပြုံးယောင်သမ်းလျက် ရှိနေ၏၊ ထိုစဉ်မှာပင် ရုတ်တရက် ချောင်းဆိုးကာ အမောဖောက် လာလေတော့သည်။

မိမိ၏ ခန္ဓာအနေ အဖြစ်မှန်ကို ရိပ်စားမိလိုက်သော မာလူးမှာ ချွန်းလီနှင့် ဖုန်လင်းတို့၏ လက်များကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး....

'ကိုယ်... ကိုယ့်အတွက်၊ ဘာ... ဘာမှ... စိတ်မကောင်း မ... မဖြစ်ကြပါနဲ့တော့၊ ကိုယ်... သိပ်... သိပ်ကို... ဝမ်း... ဝမ်းသာ....'

စကားပင်ဆုံးအောင် မပြောနိုင်တော့ချေ။

မာလူး၏ ဆုပ်ကိုင်ထားသော လက်နှစ်ဖက်မှာ ရုတ်တရက် လျော့ရဲပြေကျသွားပြီး ခေါင်းမှာလည်း ဆတ်ခနဲ ငိုက်ကျသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချန်းလီသည် မာလူး၏ အုတ်ဂူရှေ့တွင် မားမားမတ်မတ် ရပ်လျက်။

ဖုန့်လင်းတို့သားအမိသည်လည်း အုတ်ဂူဘေးတွင်ဒူးထောက်လျက် ကန်တော့လိုက်ကြလေတော့သည်။

'အစ်ကိုမာလူး တစ်ယောက် ကောင်းရာသုဂတိ လားပါစေ'

ဖုန့်လင်းသည် ကြေကွဲဆို့နင့်နေသောအသံဖြင့် ဆုတောင်းအံ့က်မိပါတော့သည်။

သူတို့သည် မာလူးကို ကျောခိုင်းလိုက်ကြသည်။

'လင်း ... မြင်းပေါ်ကိုတက်လေ၊ သားလဲမြင်းပေါ်ကိုတက်၊ အချိန်ရှိတုန်း ခရီးဆက်ကြရအောင်'

ချန်းလီသည် ဖုန့်လင်း ထိုင်လျက်ရှိသော မြင်းပေါ်သို့ ပြိုင်တူပင် လွှားခနဲခုန်တက်လိုက်ပြီး မြင်းနှင်စီးမှာ အရှေ့ဘက်သို့ ခရီးထွက်ခွာလာခဲ့ကြလေတော့သတည်း။

ပြီး ပါပြီ။

တက္ကသိုလ် အောင်နေလင်း

www.burmeseclassic.com